www.burmeseclassic.com



www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်ရေးအေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

BURMESE CLASSIC .com

# မမသဒ္ဒါမောင်

## ဆိုးနွဲ့ခွင့်

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၂၇၄၀၃၁၀

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၉၃၉၀၈၁၀

ပုံနှိပ်ထုတ်ဝေခြင်း - ပထမအကြိမ်၊
၂၀၁၁၊ မတ်လ။

ထုတ်ဝေသူ - ဦးအေးလွင် (၀၄၁၅၂)
ရွှေဥစာပေတိုက်
တိုက် ၄၊ အခန်း ၁၀၊
ပြည်တော်သစ်ရိပ်သာ၊
ပုဇွန်တောင်၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ - ဦးအေးလွင် (၀၈၂၁၀)
ရွှေပဒေသာအော့ဖ်ဆက်
အမှတ်၃၁/၃၃၊ ၅၃လမ်း
ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်။

မျက်နှာဖုံးသရုပ်ဆောင် - အိခင်

မျက်နှာဖုံးဓာတ်ပုံနှင့်ဒီဇိုင်း - ယုဝ

ဖြန့်ချေး - ၁၆၀၀ ကျပ်

အုပ်ရေ - ၅၀၀ အုပ်

၈၉၅. ၈၃
မမသဒ္ဒါမောင်
ဆိုးနွဲ့ခွင့် / မမသဒ္ဒါမောင် ။ - ရန်ကုန် ၊
ရွှေဥစာပေ ၊ ၂၀၁၁ ။
၃၁၃ စာ ၊ ၁၂ × ၁၈ စင်တီ
(၁) ဆိုးနွဲ့ခွင့်


# အစ

www.burmeseclassic.com

www.burmeseclassic.com





# "ထိုအရာ"

အချစ်ဆိုသော ထိုအရာ
　　　　ရှုပ်ယှက်ခတ်နေတာ။
အခင်အမင်တွေနဲ့ ဖြူစင်ကာ
　　　　ခပ်ရှင်းရှင်းလေးနေပေးပါ။
တွေလီကာလီ ပြောစကား
　　　　တာ့တာ့ပါပဲ ဝေးဝေးသွား။
စွန့်လွှတ်ရယူ နင်လိုလူ
　　　　ပန်းပွင့်ခြွေမယ့်သူ။
ငါ စိမ်း နီ ပြာ ဘီလူးကြာ
　　　　ငါ့အနား ခုထိ မယောင်ရာ။
အိမ်ထောင်ဆိုတာ ထောင်ဂယက်
　　　　ခုချိန်ဝေးဝေး ရှောင်တယ်ကွယ့်။
တစ်ပွင့်တည်းနေ ပိုးကိုက်သေ
　　　　အပျိုကြီးလည်း မလုပ်ဘူးလေ။
ငါ့အပျိုကြီးဘဝ မကုန်ခိုးသမျှ
　　　　ငါ့အနားကို မကပ်ရ။
ဒီတစ်သက်တာ အပျိုကြီးသာ
　　　　ငါနဲ့အပ်စပ်မှာ။
ထိုအရာကို ရှောင်ခွာပြေး
　　　　အချစ်ဆိုတာ ပိုးသတ်ဆေး။

**ရွှေပဒေသာစာပေ**

www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

## အခန်း ( ၁ )

"တောက်! "

အခန်းထဲမှာမို့ တက်ခေါက်သံက အတော်ပင်ကျယ်သွားပါ၏။ ပရိသတ်ပေးစာထဲမှာ ရောပါလာသည့် စာအိတ်ပြာလေးကို အရင်ဆုံးဖောက်မိတာ မှားပြီလား။ စာအိတ်ပေါ်က လက်ရေးကို သေချာမကြည့်မိတာက စပြီးမှားတာလေ။ နှုတ်ခမ်းကို သွားဖြင့်ကိုက်လိုက်ပြီး ထိုင်ခုံမှ ဝုန်းခနဲထရပ်လိုက်မိသည်။

ဒင်းတော့လား . . . တွေ့ကြသေးတာပေါ့လေ။

အိမ်ပေါ်မှပြေးဆင်းကာ ဘေးခြံအုတ်တံတိုင်းနားရှိ အုတ်ခုံ



www.burmeseclassic.com

www.burmeseclassic.com



ပေါ် တက်ရပ်၍ တစ်ဖက်ခြံကိုချောင်းကြည့်လိုက်မိ၏။ ဘယ်သူမှ မရှိပါလား။ ဒါဆိုရင် ဒီစာကို အိမ်ရဲ့စာတိုက်ပုံးထဲ ဘယ်အချိန်က လာထည့်သွားတာလဲ။ တွေးလို့မဆုံးသေးခင် စက်ဘီးဖြင့်ဝင်လာသည့်ရာဇာ့ကို လှမ်းမြင်လိုက်ရလေ၏။

"ရာဇာ"

"ဗျာ! အန်တီမိုး"

"နင့်ဦးလေးရော"

"မရှိဘူး"

"မရှိအောင် ဘယ်သွားနေလဲ"

ရာဇာ့မျက်နှာ ပြုံးစိစိဖြစ်သွားရပါ၏။ အဲဒီအန်တီအပျိုကြီးနဲ့ လေးလေးလူပျိုကြီးဟာ တစ်ယောက်နဲ့တစ်ယောက် မျက်နှာချင်းဆိုင်တာနဲ့ ရန်ဖြစ်ပြီး၊ မတွေ့ပြန်ရင်လည်း လိုက်ရှာနေတတ်တာလေ။ အခုလည်းကြည့်၊ လေးလေးဘယ်သွားနေလဲ မေးနေပြန်ပြီ။

"ဘယ်သိမှာလဲ အန်တီရ"

"ဟဲ့! ကိုယ့်ဦးလေးနဲ့ တစ်အိမ်တည်းနေပြီး ဒါလေးတောင် မသိဘူးလား"

"ကျွန်တော်က လေးလေးကို အန်တီ့လို စောင့်ကြည့်နေနိုင်





တာမှမဟုတ်ဘဲဗျ။ ကျူရှင်သွားရသေးတယ်။ အခုထိ ထမင်းစားရသေးတာမဟုတ်ဘူး"

"အံမာ! ငါက နင့်ဦးလေးကို ဘယ်မှာစောင့်ကြည့်နေလို့လဲ။ ကိစ္စရှိလို့မေးတဲ့ဟာကို"

ဟော! ကိစ္စရှိလို့ဆိုပဲ။ အကြောင်းမရှိအကြောင်းရှာပြီး မေးနေတာ မသိဘူးထင်နေလားမသိ။ လေးလေးလည်း ဒီအတိုင်းပဲ။ အခန်းထဲမှာ ကဗျာပဲရေးရေး. . . ဆောင်းပါးပဲရေးရေး၊ ပြန်းဆိုထွက်ပြီး အန်တီ့ခြံထဲ ရောက်သွားတတ်တာလေ။ ပြောတော့ဖြင့် ဘာမှမဟုတ်ဘူးဆိုပဲ။

"ဘာကိစ္စလဲ"

"နင်သိဖို့မလိုပါဘူး"

"ဘာလဲအန်တီ၊ လူကြီးတွေကိစ္စမို့လား"

မျက်စောင်းက ဒိုင်းခနဲရောက်လာ၏။ ရယ်ချင်စိတ်ကို ဂလုခနဲ မျိုချလိုက်ရပါသည်။ တော်ကြာ, အသံဗြဲကြီးနဲ့ ဒီအပျိုကြီးက အော်ချင်အော်ထည့်တတ်တာမဟုတ်လား။

"နင့်ဦးလေးလာရင် ငါခေါ်ထားတယ်လို့ပြောလိုက်။ ကြားလား"



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"ဒါ, လေးလေးကို Date တာပဲ"

"အံမာ! ရာရာစစ။ ငါက ဘာကိစ္စ Date...ရမှာလဲ။ နင့်ဦးလေးကို အရေခွံစုတ်ပစ်မလို့ဟော့။ ဒင်းလာရင်သာ ဆက်ဆက်လာခိုင်းချည်။ ဒါပဲ"

ပြောပြီးသည်နှင့် အုတ်ပုံပေါ်မှ ဖျတ်ခနဲဆင်းလိုက်ပါ၏။

ဗလ! နင်, ငါ့ကိုအပျိုကြီးဆိုပြီး စနောက်ခဲ့တာကို ခဏတာပဲ စိတ်ဆိုးခဲ့တာကြာခဲ့ပါပြီ။ ဒီတစ်ခါတော့ မရတော့ဘူး။ နင်သေချာ စိစဉ်ပြီး ဒီကဗျာကိုရေးပို့မှန်း ငါသိနေတာလေ။ လောကမှာ အပျိုကြီးဖြစ်ရုံနဲ့ လူ့တာဝန်မကျေဘူးဆိုတဲ့လေလုံးတွေ ထွားခဲ့တာ ထားလိုက်ပါတော့။ အခုလို အပ်ကျမတ်ကျစော်ကားလိုက်တာတော့ လွန်လွန်းပြီမဟုတ်လား။

"တောက်! ငါနော်"

ဘယ်နှကြိမ်မြောက်မှန်းမသိ တက်ခေါက်ကာ၊ လုံခြည်ကို လက်တစ်ဖက်ဆွဲ၍ အိမ်ဘက်ပြန်လျှောက်ခဲ့စဉ် ခြံထဲဝင်လာသည့် ကိုကြီး၏ကားကိုမြင်လိုက်ရလေ၏။ ခရီးကပြန်လာတာ မြန်သားပါပဲလား။

"ဒါက ဘယ်လိုဖြစ်နေတာတုန်း။ လုံခြည်စွန်တောင်ဆွဲပြီး





ဖြစ်နေတာ မိန်းကလေးတဲ့လား, မိုး"

"ကိုကြီး ဘာသိလို့လဲ။ အဲဒီကောင်ကို ဒေါသတွေထွက်လွန်းလို့ ကျိန်တော်ကျိန်ဆဲချင်နေပြီ"

"ဘယ်သူလဲ. . . ဗလလား"

"ဒင်းပဲရှိတာပေါ့။ ပြောကိုမပြောချင်ဘူး"

ကိုကြီးပါလာသည့်ပစ္စည်းတို့ကို ကူသယ်ပေးရန်ပြင်တော့ ကိုကြီးက လက်ကာပြလေ၏။ အလုပ်သမားတွေရှိတာမို့ သူမကို ဝိုင်းကူမလုပ်စေချင်မှန်း သိပါသည်။ ပြေးကြည့်မှ ဒီမောင်နှမနှစ်ယောက်ပဲရှိတာမို့ အိမ်မှာ ဖူးဖူးမှုတ်အလိုလိုက်ထားခြင်းခံရသဖြင့် သူမဟာ ဆိုးချင်တိုင်းဆိုးနေသည့် ကလေးဆိုးကြီးဖြစ်မှန်းမသိဖြစ်နေတာလေ။ ကိုကြီးနောက်မှ မျက်နှာစူပုပ်လျက် လိုက်လာခဲ့ပြီး အိမ်ထဲရောက်လာရသည်။

"ချစ်စု လာသေးလား"

"လာပြီ, ပြန်ရောက်တာနဲ့ အမောမဖြေသေးဘူး။ သူ့အချစ်တော်ကို အရင်မေးတယ်။ တစ်ယောက်တည်းကျန်နေခဲ့တဲ့ဒီညီမကို ဖြင့် နေကောင်းရဲ့လား တစ်ချက်မမေးဘူး"

"ညည်းကို လူအကောင်လိုက်ကြီး မြင်နေရတာ။ မေးစရာ



www.burmeseclassic.com

www.burmeseclassic.com



လား။ ပြောလိုက်ရင် ကန့်လန့်တိုက်ခွကျလို့ ဒေါသကြီးဖို့ပဲသိတယ်။ ဒါကြောင့် ညည်း,အပျိုကြီးဖြစ်နေတာ"

ကြည့်စမ်း! ပြောပြန်ပြီတစ်ယောက်။ တစ်ဆိတ်ရှိ ဒီဂုဏ်ပုဒ်ကိုပဲ ခလုတ်တိုက်နေကြတာပါလား။ အပျိုကြီးဆိုတာ နည်းနည်းနောနောဂုဏ်ပုဒ်မှမဟုတ်တာ။ သူများတွေလို အပျိုကြီးဇာတာမပါရင် ဖြစ်ချင်တိုင်းဖြစ်ရတာ မဟုတ်မှန်း မသိကြဘူးလား။ အစ်ကိုဖြစ်သူမို့ ရန်မဖြစ်ချင်ပေမယ့် ဒီလိုလျှာခလုတ်တိုက်လာတာကိုတော့ မြင်ပြင်းကပ်လှပါသည်လေ။

"ကိုကြီးနော်. . . အဲဒီလိုမပြောနဲ့"

"ငါပြောတာ မှားလို့လား။ အပျိုကြီးက အပျိုကြီးပဲပေါ့။ ဘာညာချင်သေးလို့လဲ"

"မိုးဖာသာမိုး, အပျိုကြီးဖြစ်တာ ဘယ်သူ့ကိုထိခိုက်နေလို့လဲ။ မပြောနဲ့။ မကြိုက်ဘူး"

"ထိခိုက်တာပေါ့။ ငါတို့အမျိုးထဲမှာ ညည်းလိုအပျိုကြီးဖြစ်တဲ့သူတစ်ယောက်မှမရှိဘူး။ ကိုယ့်မျိုးဆက်လေးဘာလေး ချန်ထားမယ်စိတ်ကိုမကူးတာ ဘာကြောင့်လဲ။ သိပ်ဇီဇာကြောင်မနေနဲ့။ အဲဒီမှာ မဦးတို့အတွက် တစ်ထုပ်၊ ချစ်စုတို့အတွက် တစ်ထုပ်၊ သီးသန့်ဝယ်





လာတာ ဖယ်ထားဦး"

"ကျန်တာ မိုး,ဖို့လား"

ကိုကြီးမျက်စောင်းက ဒိုင်းခနဲရောက်လာပါ၏။ ခုနကောက်ချင်သည့်စိတ်က ပြေစပြုချေပြီ။ အဲဒါပဲ။ မိုးမမတို့က ကောက်စရာမရှိ ရှာကျန်ကောက်ပြီး ပြေချင်လည်း ဘာမဟုတ်ဘဲ စိတ်ပြေလွယ်တတ်တာလေ။

"ကြီးမေပြောထားတာ သတိရရဲ့လား"

"ဘာကိုလဲ"

"မနက်ဖြန်ချိန်းပေးထားတဲ့ကိစ္စလေ"

"အာ. , . လုပ်ပြန်ပြီ။ အဲဒီလို လူချင်းတွေ့နေရတဲ့ကိစ္စက ဘယ်တော့မှရပ်မှာလဲ။ သိပ်စိတ်ရှုပ်တာပဲ"

"ညည်းအသက်မငယ်တော့ဘူး. . . မိမိုးရဲ့။ ဒီအရွယ်မှ အိမ်ထောင်မပြုရင် ဒီတစ်သက်ယောကျ်ားရတော့မှာမဟုတ်ဘူး။ ညည်းကိုယ်ညည်း, ကိုယ်ပိုင်ဝင်ငွေရှာနိုင်တယ်ဆိုပြီး သိပ်ဘဝင်လေဟပ်မနေနဲ့။ အသက်ကြီးလာလို့ အားကိုးဖော်မရှိမှ နောင်တဆိုတာနဲ့ ရင်ဆိုင်ရမှာစိုးလို့ သတိပေးနေရတာ"

"ပြောပြန်ပြီ ဒီယောကျ်ားကိစ္စ၊ မယူနိုင်ပါဘူး။ ယောကျ်ား



www.burmeseclassic.com

www.burmeseclassic.com



တွေကိုမုန်းလွန်းလို့. . . အကျီကိုတောင် ကြောင်ကြောင်ကြားကြား မဝတ်မိအောင် ရှောင်ရှားနေတာ၊ ကိုကြီးတောင် မိုးရဲ့အစ်ကိုရင်းမို့ ဘာမှမပြောမိအောင် နေနေတာနော်"

"အံမာ. . . ဝါးလုံးသိမ်းရမ်းချင်နေပြန်ပါပြီ၊ စကားလုံးနဲ့ ပါးစပ်ဆုံအောင်လည်းပြောပါမိမိုးရဲ့၊ တကတည်းမှ ရေးတဲ့စာအုပ်တွေထဲမှာဖြင့် အချစ်အကြောင်းကို အဏုလုံပဏိလုံ ဋီကာချဲ့ကားပြီး ရေးတတ်လိုက်တာမှ ညွှတ်နေတာပဲ၊ အပြင်မှာဖြင့် ဂေါ်မစွံ့ အပျိုကြီးဖြစ်နေပြီ၊ ညည်းအသက် (၃၀) နှစ်ပြည့်တော့မယ်၊ ညည်းရင်ဘတ်ထဲက အဲဒီကာလနဂါးလေးကို ပုတ်နှိုးလိုက်စမ်းပါ၊ ဒါမှ ငါတို့မျိုးဆက်စစ်စစ်လေးကိုရနိုင်မှာပေါ့။ ဘယ်လိုဖြစ်ပြီး ဒီလောက်ခေါင်းမာနေရတာလဲ။ ရှာပေးလိုက်ရတဲ့ယောကျ်ားလောင်းတွေ အယောက် (၂၀) မကတော့ဘူး။ ဒါကိုတောင် ညည်းအဖြစ်မရှိ အပြစ်ရှာပြီး ပယ်နေတာ အဆုံးမသတ်နိုင်သေးဘူးလား"

"ကြည့်! မိုးကို မှိုချိုးမှုစ်ချိုးပြောနေပြန်ပြီ၊ ကိုကြီးဟာကိုကြီး ချစ်စုကိုယူပြီး မွေးပါလား။ အဲဒီကလေးတွေကို"

"အတွေးခေါင်မနေနဲ့၊ ငါနဲ့မွေးလို့ သူစိမ်းဆီက ရတာထက် ညည်းကိုယ်တိုင်မွေးတာမှ အမျိုးစစ်တာဟဲ့ ဒေါ်ဇီဇာကြောင်ရဲ့၊





သေချာလည်း တွေးကြည့်ဦး၊ တော်ပြီ၊ ငါပင်ပန်းတယ်၊ ရေချိုးဖို့ ပြင်မှပါပဲ"

သူမ ခြေဆောင့်လျက် ညှော်ခန်းမှာကျန်ရစ်ခဲ့ရ၏၊ ဟွန်း! မိုးယောကျ်ားမယူချင်တာကိုဘဲ အပြစ်ကြီးကြီးမားမားကြီးလုပ်ထားတဲ့တရားခံလို အမြင်တွေ စောင်းနေကြတာပါလား။ ဘာဖြစ်လဲ၊ ကိုယ့်ဖာသာကိုယ် လွတ်လွတ်လပ်လပ် ပျော်ပျော်ရွှင်ရွှင်လေး နေနေတဲ့ဟာ၊ ကြည့်မရရင်လည်း မျက်စိမှိတ်ထားပေါ့၊

အမျိုးဆိုလို့ မိုးတို့မှာ ဆွေမျိုးရှားပါးတာတော့ အမှန်ပါပဲ။ ကြီးမေနဲ့ဖေဖေက မောင်နှမနှစ်ယောက်ဖြစ်ခဲ့ပြီး ကြီးမေဆီမှာ မမဦးဆိုတဲ့ ခင်ဦးမေတစ်ယောက်သာ ရခဲ့တာလေ၊ ဖေဖေက ကိုကြီး (ဆောင်းကိုကို)နဲ့မိုးကို နှစ်ယောက်ရခဲ့တာမို့ မိုးတို့အမျိုးဟာ မျိုးဆက်ကလေးနှစ်ယောက်ထက် ပိုမရနိုင်တာ သိသာစေသည်ပဲ။

စီးပွားရေးချောင်လည်ပြီး မိဘအမွေတွေတစ်ပုံကြီးရကြမယ့် သူတွေမို့ တွေ့ကရာလူနဲ့ရသွားမှာ၊ လူလည်တွေပိုင်ဆိုင်သွားမှာကို ကြီးမေနှင့်ဖေဖေက အတော်စိုးရိမ်ကြတာအမှန်ပါ။ မမဦးကိုတော့ ဆရာဝန်နှင့်အိမ်ထောင်ချပေးပြီးပြီမို့ ကြီးမေတစ်ပူငြိမ်းသွားပြီပဲ။ အခု ကိုကြီးနှင့် မိုးကိုရှာပေးတော့၊ မိုးက မိန်းကလေးမို့ အရင်ဆုံး



www.burmeseclassic.com

www.burmeseclassic.com



လေ။ ကိုကြီးကတော့ မိုးရဲ့သူငယ်ချင်း (မိုးထက် (၇)နှစ်ငယ်သည့်) ချစ်စုကိုရွေးချယ်ထားပြီမို့ ဖူးစာရှင်ရှာရမည့်တာဝန်က မိုးရဲ့ခေါင်းပေါ် တည့်တည့်ကြီးကျနေတာပါ။

အချစ်ဆိုတာကို ရှောင်ပြေးဆန့်ကျင်နေသူလို့ လူတွေအမြင်မှာ မိုးကိုသတ်မှတ်ထားပေမယ့် မိုးရင်ထဲမှာ အဲဒီအချစ်ကို တစ်ကြိမ်တစ်ခါကြုံတွေ့ဖူးခဲ့ပါပြီ။ အသက် (၁၈) နှစ်အရွယ်ကောင်မလေးတစ်ယောက်ရဲ့ လှုပ်ခတ်ရင်ခုန်စိတ်လှုပ်ရှားမှုကို အချစ်လို့မသတ်မှတ်ရင် ဘာကိုသတ်မှတ်ရမလဲ။ ကိုယ့်ဘက်က အလေးအနက်ထားပြီး ဖွဲ့ဖွဲ့လမ်းလမ်း နှစ်နှစ်ကာကာချစ်ခဲ့ပေမယ့် မိုးပြန်ရခဲ့တာက ဥပေက္ခာသက်သက်သာလေ။

"အေးဘုံ"

ဟော! ဒင်းပြန်ရောက်ပြီပဲ။ သေပေတော့ ငနာကောင်။ နင်နဲ့ငါတော့ ကြိုးဝိုင်းပေါ်မှာ တွေ့ပြီပဲ။ ဒင်းကို ဗလခေါ်တာနဲ့ပဲ (မိုးအရမ်းလေးစားရတဲ့ အဆိုတော်၊ သရုပ်ဆောင်၊ စာရေးဆရာလေးလေးသုမောင်တို့စုံတွဲလို) မိုးကိုအေးဘုံလို့ပြန်ခေါ်တာပဲကြည့်လေ။ ဗလတို့က အဲဒီလိုအကြောမခံတာ။ နာမည်ရင်း သီဟအောင်ရှိပါလျက် ငယ်ငယ်ကတည်းက မိုးထက်ဂတဲ့ဒင်းကို ဗလလို့ တစ်





ဆွေမျိုးလုံးခေါ်လာခဲ့တာ နှုတ်ကျိုးနေကြတာအမှန်ပါလေ။

"ဗလ"

"နင် ငါ့ကိုခေါ်တယ်ဆို"

"ခြံထဲလာလေ"

"လာစရာလား။ ငါ့ကို စည်တီးသလို နင်တီးမှာမြင်လို့၊ ဝေးဝေးကပဲပြောပါ အေးဘုံရ"

"နင့်အပြစ်နင်သိတယ်မဟုတ်လားအကောင်ရဲ့။ ငါ အပျိုကြီးဖြစ်တာ နင်နဲ့ဘာဆိုင်လို့လိုက်ပြီး ခလုတ်တိုက်နေရတာလဲ။ နင့်ဟာနင် မော်ဒန်ကဗျာဆရာဖြစ်တာ ငါ့ကိုပုတ်ခတ်ဖို့ တော်တော်အားနေသလားဟင်"

သူရယ်ချင်သွားရတာမို့ ပြုံးစိစိဖြစ်သွားရပါ၏။ အဲဒီသူငယ်ချင်းအပျိုကြီးနဲ့သူက ငယ်စဉ်ကတည်းက ရန်ဖြစ်ဖော်မဟုတ်လား။ သူ့မှာသာ ဟောတစ်ယောက်၊ ဟောတစ်ယောက်နဲ့ ရည်းစားတွေမှိုလိုပေါက်အောင်ရှိခဲ့တာပါ။ ဒင်းကဖြင့် ခုထိ သစ်ငုတ်တိုကြီးဖြစ်တုန်းလေ။ ဖေဖေ့သူငယ်ချင်းရဲ့သမီးမို့ သူမကိုဖူးစာဖက်ရှာပေးဖို့တာဝန်ကိုပါ တစ်တပ်တစ်အား ပါဝင်နေရပြီပဲ။

မိမိုးရေ. . . နင့်ကိုယောကျ်ားပေးစားဖို့ ငါပါ လှုပ်ရှားနေ



www.burmeseclassic.com

www.burmeseclassic.com



တာကို နင်သိသွားရင် မိုးမီးလောင်သလိုဖြစ်ကုန်မှာ အသေအချာပါပဲ။

"ငါဘာလုပ်မိလို့တုန်း"

"အံမာ! ဘာမှန်လာဥလုပ်ချင်နေလဲ။ ဒီမှာလေ, ဒီမှာ။ ငါ့ကိုပိုးကိုက်သေမယ့်အပျိုကြီးဆိုပြီး ပျစ်ပျစ်နစ်နစ် ဝေဖန်စော်ကားရေးသားထားတာကို ငါနားမလည်ဘူးထင်နေသလား။ လဒ(ဠင်းဒ)ရဲ့"

"ဟာ. . . ငါက နင် မနက်ဖြန် ရင်ခုန်ဖက်သွားကြည့်မှာကို မေ့နေမှာစိုးလို့ သတိပေးရုံသက်သက်ပါ အေးဘုံရ။ နင့်ရဲ့ Heart လေးကို Beat လုပ်လိုက်ရုံပါပဲ။ တခြားဘာမှမရည်ရွယ်ပါဘူး။ ဘယ်လိုလဲ. . . ဒီတစ်ယောက်ကိုပြန်ချစ်ဖို့ နည်းနည်းစိတ်လှုပ်ရှားလာပြီလား"

"လာပြန်ပြီ။ နင်ပဲချစ်ဟေ့, နင်ပဲချစ်။ ငါ့ကို ကလေးကလားစကားတွေပြောချင်နေ,သိလား။ ဖေဖေနဲ့ဦးဦးတို့ပြန်လာရင် နင့်အကြောင်းတွေအားလုံး ငါတိုင်မှာ။ သတိသာထားနေ"

"နင် အဲဒီလိုစိတ်ပုပ်လို့ ယောကျ်ားမရတာဘဲ"

"ဘာ! "





"ဟုတ်တယ်လေ။ တစ်ဆိတ်ရှိ အာပြဲကြီးနဲ့အော်ဖို့၊ နိုးစပ်ရာနဲ့ကောက်ပေါက်ဖို့ ရန်စောင်စိတ်ကောက်ဖို့ပဲ နင်တတ်တာမဟုတ်လား။ ဒီလိုမိန်းမမျိုးကို ဘယ်လိုယောကျ်ားက စိတ်ဝင်စားမှာလဲ။ ဒီတစ်သက် နင်ယောကျ်ားရဖို့လမ်းကိုမမြင်တော့ဘူး"

"နင်"

"စိတ်ကိုရှည်ရှည်လေးထားပြီး သိမ်သိမ်မွေ့မွေ့ နေပြစမ်းပါ မိမိုးရာ။ မိန်းကလေးဆိုတာ နူးညံ့သိမ်မွေ့ပြီး ချိုချိုသာသာစကားပြောတတ်မှ မိန်းမပီသတာဟ"

"အဲဒီလို, ပဲမမတွေကို နင်ပဲစိတ်ဝင်စား။ ငါကတော့ ဘာယောကျ်ားမှမလိုချင်ဘူး။ မရလို့မယူတာ မဟုတ်ဘူးဟေ့။ မလိုချင်လို့ကို မယူတာ၊ သိပြီလား။ တောက်! နင်နဲ့ပြောရတာ ငါအသက်တိုရုံပဲရှိတယ်။ တော်ပြီ"

ခြေဆောင့်ကာ အိမ်ထဲပြန်ဝင်သွားသည့်သူမကို ကြည့်နေရင်း သူရယ်မောလိုက်မိ၏။ အဲဒီမိုးမမဟာ ရုပ်ကလေးလည်းရှိပါလျက် လူတွေအော့ကျောလန့်စရာဖြစ်အောင်နေတာ ဘာကြောင့်ပါလဲ။ ဆံပင်စင်းစင်းရှည်ရှည်၊ အရပ်က မြင့်မြင့်၊ ကိုယ်ဟန်ကျစ်ကျစ်နဲ့ အလှစာရင်းဝင်တစ်ယောက်ဖြစ်တာအမှန်ပါ။ သူမမှာ နှာ



www.burmeseclassic.com

www.burmeseclassic.com



ကျပုံကအစ ကိုကြီးနဲ့အတော်ကိုဆင်ပြီး အချောစားမဟုတ်လား။ မျက်လုံးလေးတွေက တောက်ပနေပြီး လူတစ်ဖက်သားရဲ့ရင်ထဲထိ ဖောက်ထွင်းမြင်နိုင်သည်အထိ စူးရဲကာ အစွမ်းထက်လွန်းတာလေ။

နှာတံပေါ်ပေါ်၊ နှာသီးထိပ်လေးက ချွန်သလိုနှင့် လုံးသွားပြီး နှုတ်ခမ်းက အနေတော် ဖူးဖူးလေးပါ။ အထူးခြားဆုံးက အခြားမိန်းကလေးတွေလိုပြုံးနေရယ်နေမှ လှသွားတာမျိုးမဟုတ်ဘဲ မျက်နှာစူပုပ်နေရင်ပိုပြီး စွဲဆောင်မှုရှိတယ်ဆိုတာပါပဲ။ ရုပ်ရှင်မင်းသမီးတွေထဲမှာတောင် ဒီလိုမျက်နှာစူပုပ်နေပြီးလှတာ 'ဟန်နီထွန်း' တစ်ယောက်ပဲရှိတာမဟုတ်လား။

ငယ်သူငယ်ချင်းမို့ ဆန်းပြားတဲ့ခံစားမှုမျိုးမဖြစ်ဘဲ သူမကို နည်းလမ်းမျိုးစုံနဲ့နောက်ပြောင်ဖို့ စနောက်ဖို့ကိုပဲ အမြဲတစေပြုလုပ်ဖြစ်ခဲ့တာလေ။ သူမစိတ်ကောက်ပြီး ရန်လုပ်တာ၊ စိတ်ကောက်တာ၊ မျက်စောင်းခဲတာကိုပဲ ကြည်နူးစရာတစ်ခုအဖြစ် သူ့ခံစားတတ်တာအမှန်ပါ။ ကဲ! မိုးမမရေ. . . မနက်ဖြန် နင်တွေ့ရမယ့်လူကို ဘယ်လိုပုံစံနဲ့ သွားတွေ့မလဲဆိုတာကို ငါစောင့်ကြည့်လိုက်ဦးမယ်နော်။

အိမ်ထဲပြန်ဝင်ခဲ့ပြီး အခန်းထဲရှိစာကြည့်စားပွဲထက်မှာ ထောင်ထားသည့်ဓာတ်ပုံလေးကို ယူကြည့်လိုက်မိပါ၏။ ဒါ သူတို့





မူကြိုတက်တုန်းက ရိုက်ထားသည့်ပုံပါ။ ခပ်ဝဝကောင်လေးနဲ့ပိန်သေးသေးကောင်မလေးတို့ ပခုံးဖက်ပြီး ရိုက်ထားသည့်အဖြူအမည်းဓာတ်ပုံက သူ့ဆီမှာရော၊ သူမဆီမှာပါရှိတုန်းပါပဲ။ ဘယ်ရည်းစားနဲ့မှ ဓာတ်ပုံတွဲမရိုက်ဖူးတဲ့ သူ့အခန်းထဲမှာ မိန်းကလေးနဲ့တွဲရိုက်ခဲ့တာဆို၍ ဒီဓာတ်ပုံတစ်ပုံပဲရှိနေတာပါလေ။

◙

"တောက်! "

"ဟော.!. . ခုထိ ဒီဒေါသက မပြေသေးဘူးလား"

ဓာတ်ပုံကို ဖျတ်ခနဲဆွဲမှောက်ပစ်လိုက်ပြီး ခုတင်ထက်ဆောင့်ဆောင့်ထိုင်ချလိုက်စဉ် ကိုကြီးက အခန်းထဲဝင်လာလေ၏။

"ဘာလဲ, ဓာတ်ပုံကြည့်ပြီး ရန်ဖြစ်နေပြန်ပြီလား။ ရှူးပါ့ မိမိုးရယ်"

"ကိုကြီးသိလို့လား။ ဒီကောင်က မိုးကိုငယ်ငယ်လေးကတည်းက အမျိုးမျိုး ပညာစုံပေးခဲ့တာ ခုချိန်ထိပဲ။ နည်းနည်းမှကို မေ့တာမရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ပြောပြန်ပြီ။ ပြီးတော့လည်း ဗလ မပါဘဲ နင်ဘယ်ကိုသွားရမလဲ၊ မြင်တာနဲ့တစ်ယောက်ကိုတစ်ယောက် ရန်လုပ်ဖို့ပဲသိ။ ပြီးတော့ မမြင်ရလည်း မနေနိုင်ပြန်ဘူး။ နင်တို့နှစ်ယောက်ဟာ ခွေးနဲ့ကြောင်လို အမြဲကိုက်နေတဲ့နှစ်ယောက်။ ကလေးတွေလည်းမဟုတ်တော့ဘူး။ လူရှေ့သူရှေ့ ရန်ထဖြစ်ချင် ဖြစ်တတ်သေးတာ။ အဲဒီအကျင့်ဆိုးတွေကိုပြင်ကြစမ်း"

"အဲဒါ သူက အရင်ရန်စတာကိုး"

"သူက ချစ်စနိုးစတာမှန်းသိရင် နင့်ဘက်က ဆင်ခြင်ပေါ့။ ကိုယ်က မိန်းကလေးပဲ။ လူပြောစရာဖြစ်ရင် နင်ပဲဖြစ်မှာ"

"ကိုကြီးစကားက ဘာကြီးတုန်း"

"ဒီလိုပဲပြောတာလေ. . . ဗလကောင်မလေးတွေဟာ နင့်ကြောင့်ပဲ အလိုလိုပြတ်သွားကြတာမဟုတ်လား။ ဒီလောက်ထိ သူ့ကို မနိုင်စားချင်နဲ့။ သူလည်း သူ့စိတ်ကြိုက်ရွေးချယ်ပါစေ"

"မိုးက ဘာလုပ်မိနေလို့လဲကိုကြီးရဲ့"

"ဟ! သူချစ်သူနဲ့ချိန်းတဲ့အချိန်မှာတောင် သူ့ကို နင်မရမကခေါ်တတ်တာလေ။ ဟိုက စုံတွဲအတူ လွတ်လွတ်လပ်လပ်လျှောက်လည်ရင် နင်က ကြားထဲမှာ ကန့်လန့်ပါနေတာ ကောင်းသလား။





စဉ်းစားဦး။ ဒါကို ဘယ်သူက ကြာကြာသည်းညည်းခံမှာလဲ။ နင့်ကြောင့် မျက်နှာများတယ်ဆိုပြီး ဗလပဲနာမည်ထွက်တာ။ နင်သာ အလိုက်သိတတ်ရင် ဗလကို တည်တည်ငြိမ်ငြိမ်လေးမြင်ရမှာ အမှန်ပဲ"

သူမက ခေါင်းအုံးကိုယူ၍ ခုတင်ခေါင်းရင်းမှာ သုံးလေးချက်တဗုန်းဗုန်းရိုက်ပစ်လိုက်မိ၏။ ဒါ သူမဆန္ဒပြနေကျ style ပါပဲ။ သူများကို မလုပ်ရရင် ကိုယ့်ကိုယ်ကို နာကျင်အောင် တစ်ခုခုလုပ်လိုက်မှ စိတ်ပြေတတ်သည့် စိတ်ကြီးလွန်းသူတစ်ယောက်ပါလေ။ အခုကိုကြီးကိုလုပ်ခွင့်မရတာမို့ သူမတစ်ခုခုလုပ်တော့မှာကို ကိုကြီးသိနေလောက်ထင်ပါရဲ့။

"သူ့ဖာသာသူ ရည်းစားတွေ မှိုလိုပေါက်အောင်ထားပြီး မျက်နှာများတဲ့ဟာ။ မိုးနဲ့ဘာဆိုင်လို့လဲ"

"မဆိုင်ဘဲရှိမလား။ ဘယ်ရည်းစားမဆို သူတို့က First ပဲဖြစ်ချင်ကြတာ။ နင်အမြဲပါနေတော့ Second ဖြစ်နေတာပဲကြည့်။ နင့်ကိုပဲ ဗလဦးစားပေးနေတာတွေ့တော့ ဘယ်မိန်းကလေးက ငြိမ်နေမလဲ။ နင့်ကိုအပြစ်ပြောတာနဲ့ ဗလက သူတို့ကို တိခနဲဖြတ်ချခဲ့တာ။ အခု အယောက်(၂၀) မကတော့ဘူး။ အစစအရာရာဆင်ခြင်သင့်



www.burmeseclassic.com

www.burmeseclassic.com



ပြီ မိမိုးရဲ့၊ နေရာတကာ ဗလနဲ့တပူးတွဲတွဲလုပ်မနေနဲ့။ ပတ်ဝန်းကျင်က နင်တို့နှစ်ယောက်ကို ငယ်သူငယ်ချင်းမှန်းသိထားပေမယ့် နင်တို့နဲ့ပတ်သက်လာမယ့်သူတွေက ဒီလိုအမြင်မျိုးရှိမှာမဟုတ်ဘူး။ မနက်ဖြန် ရဲကျော်စွာကိုသွားတွေ့ရင် တစ်ယောက်တည်းပဲသွား။ ဗလကိုခေါ်မသွားနဲ့။ ဘယ့်နှယ်. . . အဓိပ္ပာယ်မရှိ။ အသက်တွေပဲ ဒီလောက်ကြီးနေပြီး နင့်ကိုယ်နင် မူကြိုကလေးထင်မနေနဲ့”

“ဟာ! မိုးမှမတွေ့ချင်တဲ့ဟာ။ မသွားဘူး”

“မသွားလို့မရဘူး။ မနက်ဖြန် မဦးကိုယ်တိုင် နင့်ကိုလာခေါ်ပြီး ပို့ပေးမှာ။ စကားကိုကောင်းကောင်းပြော။ အမြဲတမ်းထော်လော်ကန့်လန့်တွေလုပ်မယ်မကြံနဲ့။ မဦးလည်း အားတာမဟုတ်ဘူး။ မပေါ့မပါးကြီးနဲ့ နင့်ကိစ္စလိုက်လုပ်ပေးရဦးမယ်။ လိမ္မာစမ်း မိမိုးရယ်။ ဒီအရွယ်ရောက်မှ ကိုယ့်အားကိုယ်ကိုးတတ်အောင်ကျင့်။ လူကနာမည်ကြီးစာရေးဆရာမဖြစ်နေပြီ။ စိတ်က နို့နံ့မစင်သေးဘူး။ ကလေးဆိုးကြီးလို လုပ်မနေနဲ့”

“မိုးကိုပဲအပြစ်တွေဖို့နေရလား ကိုကြီးရဲ့”

“ညည်းလုပ်ပုံတွေကရော အပြစ်ကင်းလို့လား။ စာတွေထဲမှာ သိမ်မွေ့နူးညံ့သလောက် အပြင်မှာက ဆန့်ကျင်ဘက်ချည်းပဲ။ ရှက်





စရာ၊ အမျိုးတွေက အကြောင်းမဟုတ်ဘူး။ နင့်အကြောင်း ကကြီးတနေ အ,အထိ သိထားပြီးသား။ သူစိမ်းတွေရှေ့မှာ စိတ်ကြမ်း၊ လူကြမ်းပုံစံကိုထပ်မပြချင်နဲ့တော့။ ငယ်ငယ်တုန်းက အေးဆေးသိမ်မွေ့ခဲ့ပါလျက် ဘယ်လိုဖြစ်ပြီး ဒီပုံစံပေါက်သွားသလဲဆိုတာ နည်းနည်းမှတွေးလို့ကိုမရတာ။ မနက် (၁၀)နာရီချိန်းထားတာနော်။ ပြင်ပြင်ဆင်ဆင်လေးလည်း လုပ်သွားဦး။ အဲဒီလူက ကြီးမေသူငယ်ချင်းရဲ့သားဆိုတာကို နင်မမေ့လိုက်နဲ့။ ခါတိုင်းလို ပွဲစားတွေနဲ့ရှာထားတာမဟုတ်ဘူး။ ဒါပဲ”

ကိုကြီးက ပြောပြီးသည်နှင့် အောက်ထပ်သို့ဆင်းသွားပါလေ၏။ သူမ ခေါင်းအုံးထက် မှောက်လှဲချလိုက်ပါသည်။ နှုတ်ကြမ်း၊ စိတ်ကြမ်းနဲ့ မိန်းမတဲ့လား။ ဘယ်သူက ဒီလိုပုံစံမျိုးနေချင်ပါ့မလဲ။ ဣန္ဒြေကြီးတစ်ခွဲသားနဲ့ ဟန်ဆောင်ပြချင်တာပေါ့။ သိမ်မွေ့ဟန်လေးနဲ့ မပြုံးချင်ပြုံးချင်လေး ပြုံးတုံ့တုံ့လုပ်ပြချင်တာပေါ့။ ဟင့်အင်း၊ ဒါပေမဲ့. . . ဒီလိုဟန်ဆောင်ရမယ့်အလုပ်ကို သူမ,မလုပ်ချင်ပါလေ။

ဘယ်လောက်ပဲ စိတ်ကြမ်းလူကြမ်းနေနေပါစေ။ ရင်ထဲက နူးညံ့တဲ့နှလုံးသားကို ဘယ်သူက မြင်နိုင်မှာတဲ့လဲ။ သိမ်မွေ့ခဲ့ဖူးတာပဲ။ ဟန်ဆောင်ခြင်းမဲ့စွာနဲ့ ဖြူဖြူစင်စင်လေးနေထိုင်ခဲ့ဖူးပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုအမူအရာတွေနဲ့ လူတစ်ယောက်ကို အရိပ်တကြည့်ကြည့်ချစ်မိခဲ့ဖူးတာလေ။ ဒါတွေကို ကိုကြီးတို့သိခဲ့လို့လား။

မေတ္တာဆိုတာ ရောင်ပြန်ဟပ်တဲ့မှန်ကလေးတစ်ချပ်လိုပဲတဲ့။ မိုးအတွက်တော့ အဲဒီမှန်ချပ်လေးဟာ ပြဒါးမဲ့အနေအထားမှာပါ။ ရင်ထဲက ချစ်ခြင်းတွေကို ဖွင့်ပြောရအောင်လည်း ကိုယ့်ကိုယ်ကို မိန်းကလေးဆိုတဲ့အသိက လူကိုဖုံးအုပ်ထားတာမဟုတ်လား။

ငယ်လွန်းသူရဲ့ရင်ထဲကခံစားချက်ကို သူမြင်သာအောင် မပြဝံ့ခဲ့ပါဘူး။ သူ့မျက်တောင်အခတ်ကိုစောင့်ကြည့်ဖို့၊ တင်းတင်းစေ့ထားတဲ့ သူ့နှုတ်ခမ်းလေး ဟလာတာကို စောင့်ကြည့်ရင်ခုန်ဖို့၊ သူ့အပြုံးနုနုကို စောင့်စားမျှော်လင့်ဖို့၊ သူ့လက်ချောင်းသွယ်သွယ် ဖွေးဖွေးလေးတွေကို တစိုက်မတ်မတ်ကြည့်နေဖို့ကလွဲပြီး ဘာကိုမှမမျှော်လင့်ရဲခဲ့ပါဘူးလေ။

"ကိုကို. . ."

တိတ်တခိုးလေးခေါ်ခဲ့မိတဲ့အမည်လေးတစ်ခုပါ။ လေယူရာနွဲ့ယိမ်း စိတ်ကလေးမထိန်းတတ်ခဲ့တဲ့အရွယ်လေးဖြစ်ခဲ့ပေမယ့် ကိုကို့အပေါ် စစ်မှန်တဲ့မေတ္တာနဲ့ချစ်ခဲ့မိတာအမှန်ပါပဲ။ မိုးကို စ, နောက်ရင်း ပြုံးပျော်နေတဲ့ကိုကို့ရဲ့အပြုံးတွေထဲမှာ နစ်မျော ပျော်ဝင်





ခဲ့ဖူးပါတယ်။ ချိုသာတဲ့စကားလုံးတွေနဲ့ ဖျောင်းဖျပြောဆိုခြင်းတွေအောက်မှာ အကျဉ်းကျခဲ့ရဖူးပါတယ်။ ကြင်နာ နွေးထွေးတဲ့အကြည့်တစ်စုံရှေ့မှာ ရှုံးသွပ်ခဲ့ဖူးတဲ့လူပါကွယ်။

အချစ်ဆိုတဲ့ နူးညံ့သိမ်မွေ့လွန်းတဲ့အရာတစ်ခုကို ထိတွေ့ခံစားဖူးတာပါပဲ။ မွေးနေ့အမှတ်တရပေးခဲ့တဲ့ နဖူးပြင်ထက်က ကိုကို့အနမ်းကို တမ်းတ လွမ်းဆွတ်နေတုန်းပါလေ။ ခဏတဖြုတ်မျိုး မဟုတ်ရပါဘူး။ ထာဝရသတိရနေခဲ့တာပါ။

နှစ်တွေဘယ်လောက်ပဲကြာညောင်းသွားပေမယ့် ရင်တွင်းသံယောဇဉ်က ပြတ်တောက်မသွားခဲ့ပါဘူး။ ရင်ခုန်ကြည်နူးခဲ့ဖူးတဲ့ ကိုကို့အပြုံးလေးတွေကို ဒီနေ့ထိမြင်ယောင်မိနေဆဲပါပဲ။ ကလေးတစ်ယောက်လို့ပဲ သဘောထားခဲ့တာလား။ ဒီ့ထက် မပိုခဲ့ဘူးပေါ့နော်။

တည်ငြိမ်ခန့်ထည်တဲ့ ဣန္ဒြေတွေနဲ့ အကြည့်နွေးနွေးတွေဟာ မိုးအတွက် အမြဲတမ်းမက်ခွင့်ရခဲ့တဲ့ အိပ်မက်တွေထဲမှာရှိနေတုန်းပါပဲ။ ချစ်တယ်။ အဲဒီစကားတစ်ခွန်းကို ရင်ထဲက အခါခါဖွင့်ပြောနေခဲ့ပေမယ့် နှုတ်ဖျားကိုသော့ခတ်ခဲ့တာကြာခဲ့ပြီလေ။

ကိုကို. . . မနက်ဖြန် လူတစ်ယောက်ကို မိုး,သွားတွေ့ပြီး



www.burmeseclassic.com

www.burmeseclassic.com



မယ်တဲ့၊ ဒါတွေ ကိုကိုသိပါရဲ့လား။

ဘာကိုစောင့်မှန်းမသိဘဲ မိုး့စောင့်နေခဲ့တာ (၁၂)နှစ်တောင် ကျော်လွန်ခဲ့တာအမှန်ပါလေ။

◘◘◘



## အခန်း (၂)

အိမ်ရှေ့မှာ ကားထိုးဆိုက်သွားသဖြင့် အိမ်ရှေ့သို့ ဝရန်တာမှ ထွက်ကြည့်လိုက်ပါ၏။ ကားအဝါလေးကို မြင်လိုက်ရ၍ မမဦးတော့ ရောက်လာပြီဟုသိလိုက်ပါသည်။

အမယ်လေး. . . တစ်တပ်တစ်အားပါပဲလား။ လူကိုထောင်ချဖို့ အသေအလဲကြိုးစားနေကြတာလေ၊ အခန်းထဲရှိ ခုတင်ထက် ပြန်လှဲနေစဉ် အပေါ်ထပ်တက်လာသည့်ခြေသံတို့ကို ကြားလိုက်ရလေ၏။

"မိုးရော"



www.burmeseclassic.com

www.burmeseclassic.com



"ရှိပါ. . . အခန်းထဲမှာ"

"နင် ကုမ္ပဏီမသွားသေးဘူးလား,ကိုကို"

"ဒင်းလစ်သွားမှာစိုးလို့ စောင့်ကြည့်ထားတာ မဦးရေ့။ သိတယ်မဟုတ်လား, ဒင်းအကြောင်းကို။ ကြီးမေ စိတ်ဆိုးမှာစိုးလို့ သေချာပြောထားရတာ။ မနေ့က ဆူထားလို့ ခုထိကောက်တာ မပြေသေးဘူး"

ရယ်သံသဲ့သဲ့မျှ ကြားလိုက်ရ၏။ အစကတော့ ကလေးပဲဆိုပြီး တုန်နေအောင် ချစ်ခဲ့ကြပါလျက် အခုတော့ ထိုသို့မဟုတ်တော့ပြီပဲ။ နေဦးပေါ့လေ။ အဲဒီ ရဲကျော်စွာနဲ့တွေ့မှ ဘယ်လိုပြဿနာရှာပြီး cancel လုပ်ရမလဲဆိုတာ ရှာရုံပါပဲ။ ပျစ်ပျစ်နှစ်နှစ်အပြောခံရမှတော့ ဒီယောက်ျားလည်း အော့ကျောလန်ပြေးမှာအမှန်ပါပဲ။

"ဒေါက်!. . . ဒေါက်! "

ချပ်ခနဲတံခါးဖွင့်၍ Maternity coat ပန်းနုရောင်လေး ဝတ်ထားသည့်မဦးဝင်လာလေ၏။ မသိချင်ယောင်ဆောင်၍ တစ်ဖက်သို့ စောင်းအိပ်နေသည့် သူမနောက်ကျောကို အသာပုတ်လိုက်ပြီး ခုတင်ထက် ထိုင်ချလိုက်လေသည်။

"ဘယ်လိုလဲ,မိုး။ ဘာမှအဆင်သင့်လုပ်မထားသေးပါလား"





"ဘာလုပ်စရာလိုလို့လဲ မမဦးရဲ့။ မိုးမှစိတ်မဝင်စားတဲ့ ဟာ။ ဒါနဲ့ dull date ဘယ်တော့တဲ့လဲ"

"July လထဲမှာပါ။ ငါ့ကိုစကားမလွှဲနဲ့နော်။ ကဲ! ထ, ပြင်ဆင်စမ်းပေါ့"

သက်ပြင်းချလျက် ငုတ်တုတ်ထထိုင်လိုက်မိ၏။ မထမချင်း အိညှောင်ညှောင်လုပ်နေဦးမှာ မမဦးရဲ့အကျင့်ပေကိုး။ သူမဆံပင်တွေကို ဆွဲယူလိုက်တာမို့ မျက်နှာကိုရှုပ်ထားလိုက်မိပါ၏။

"ငါ့ညီမလေးက ဘယ်လောက်ကျက်သရေရှိလိုက်သလဲ။ ကြည့်ပါဦး. . . ကိုရဲမြင်ရင် သဘောကျမှာသေချာတယ်"

သူမနှာခေါင်းရှုံ့လိုက်တော့ မမဦးက ရယ်လိုက်လေ၏။ ဆံပင်ရှည်တာကို မမဦးလည်း နှစ်ခြိုက်ပေမယ့် ကလေးရတော့မှာမို့ ဒုံးသာသာလေးဖြတ်ပစ်လိုက်ရတာ မဟုတ်လား။ မိုးရဲ့ဆံပင်ရှည်တွေကို ဒီလိုမကြာခဏကိုင်ကြည့်ရင်း ဖြတ်လိုက်ရသည့်ဆံပင်တွေအတွက် ဝမ်းနည်းနေတတ်တာလေ။

"အဲဒီလူကို သွားမတွေ့လို့မရဘူးလား"

"မရဘူး"

"မိုးမှမတွေ့ချင်တာ မမဦးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ကော်ဖီဆိုင်မှာ သီးသန့်လေးသွားတွေ့ရုံပါ မိုးရယ်။ ဘာ
များ ကရိကထများလို့တုန်း။ တော်ကြာ နင်မလာလို့ဆိုပြီး အိမ်ထိ
လိုက်ချလာရင် ငါ့တာဝန်မဟုတ်ဘူးနော်။ နင့်ဟာနင်ရှင်းတော့"

"လိုက်လာစရာလား။ မိုးကို ဖြူလားမည်းလားမမြင်ဖူးသေး
ဘဲနဲ့ ဒီလောက်ဘယ်သူမှအရူးမထဘူး"

"မပြောမရှိနဲ့မိုးရဲ့၊ ကိုရဲက ဖွဲ့ရှိတဲ့ယောကျ်ားတစ်ယောက်
နော်။ ဘယ်အလုပ်ကိုမှ ခပ်ပေါ့ပေါ့မတွေးခဲ့ဘူး။ အခုလည်း မေ
တူမဆိုလို့ အလေးထားပြီး မအားတဲ့ကြားက အချိန်ယူပြီးလာတွေ့
မှာ။ အရင်လူတွေလို နင်ခပ်လွယ်လွယ်နဲ့ ခွာချလို့ရမယ်မထင်နဲ့
ထတော့"

ကိုယ်ဝန်ကြီးနဲ့လူက အတင်းဆွဲထူနေပြီမို့ အမြန်ထလိုက်ရ
၏။ မနက်မိုးလင်းကတည်းက ရေချိုးတတ်လေ့ရှိသလို၊ သနပ်ခါး
ရေကျဲလူးလေ့ရှိတာမို့ မျက်နှာကိုပြင်မနေတော့ပါ။ မမဦးထုတ်လာ
ပေးသည့် blouse အဖြူလက်ရှည်လေးနှင့် အပျော့သားဖြော
အနက်ခံထက် အဖြူပွင့်ကျဲထားသည့်လုံချည်ကိုပင် ဝတ်လိုက်
သည်။

ဆံပင်တွေကို သေချာဖြီးသင်လျက် ဖဲပြားအဖြူပွင့်တစ်ထား





သည့် ဆံညှပ်ခပ်ကြီးကြီးဖြင့် သေသေသပ်သပ်လေး ညှပ်ထားလိုက်
ပါသည်။ မှန်တင်ခုံထက်တင်ထားသည့် ပိုက်ဆံအိတ်အနက်ပြား
လေးကိုယူ၍ လက်ကိုင်ပဝါအဖြူလေးကို ခေါက်ကိုင်ထားလိုက်ပါ
၏။

"တွေ့လား၊ ဘယ်လောက်များ ကျက်သရေရှိလိုက်သလဲ"

"မိုးပြောပြီးသားနော်။ အိမ်ထောင်ရေးကို စိတ်မဝင်စားလို့
ဒီအရွယ်ထိ အေးအေးချမ်းချမ်း အပူမရှာဘဲနေလာခဲ့တာ။ မမဦး
တို့က တွေ့ဆိုလို့ သွားတွေ့ရုံပဲ၊ သူ့ကိုခေါင်းခါ၊ ခေါင်းညိတ်တာက
မိုးရဲ့ကိစ္စ။ ဒီလူ့ကိုပဲယူရမယ်ဆိုပြီး တုတ်ပြဓားပြတော့ အတင်းလုပ်
ဖို့မကြံနဲ့။ မိုးက ငြိမ်နေမယ့်သူမဟုတ်ဘူး"

"အေးပါဟယ်။ ဟိုရောက်လို့ ပြေပြေလည်လည်လေးပြော
လိုက်ရင်ပြီးတာပဲ"

"ဟင်း. . . ယောကျ်ားဆိုတာမျိုးက လိုချင်တုန်းသာ တန်ဖိုး
ထားတတ်ကြတာ။ လိုတာရပြီးသွားရင် အဲဒီမိန်းမကို ခေါက်ရိုးကျိုး
အောင်ချိုးပြီး ထည့်သိမ်းထားတတ်တဲ့အမျိုးပဲဆိုတာကို မိုးသိပြီး
သား"

"ဟဲ့! တွေ့ဖြင့်မတွေ့ရသေးဘူး။ အဖျက်က အရင်ပြေးနေ



www.burmeseclassic.com

www.burmeseclassic.com



ပြန်ပါပြီ။ စိတ်များလည်း ရှည်ပါဦး မိမိုးရယ်။ နင်ပြောသလိုမျိုး ယောက်ျားတိုင်း မဟုတ်ရပါဘူး. . . အစွန်းရောက်နေတဲ့စိတ်ကို အလယ်ဆွဲခေါ်ထားပါဦး"

"မမဦးက ကိုကိုထွန်းကို ရထားတာဆိုတော့ ပြောအားရှိတာပေါ့။ ဒီလိုယောက်ျားကောင်းဆိုတာ ရှာရင် တစ်ရာမှာတစ်ယောက်တောင် ရှိတာမဟုတ်ဘူး"

"အေးပါ. . . အေးပါ။ ငါ့ထက်ပိုတတ်နေပြန်ပါပြီ။ ချဲ့လိုက်ရတဲ့ယောက်ျားငှိုကာ။ လာ,သွားစို့"

"ဗလကိုအဖော်ခေါ်ရရင်ပြီးရော။ အဲဒီကိုကြီးဟာ ညီမဘက်ကမနေဘဲ ဒင်းဘက်ကပဲ အမြဲရှေ့နေလိုက်နေတော့တာပဲ"

ပွစိပွစိရေရွတ်လိုက်ပြီး မမဦးနှင့်အတူ ဆလွန်းနောက်ခန်းထဲ ဝင်ထိုင်လိုက်ပါ၏။ မျက်နှာကို ဒီလောက် သုန်မှုန်စူပုပ်ထားမှတော့ ဒီလူလည်း ဆလံသသွားမှာပါပဲ။ ဟုတ်တယ်၊ ယောက်ျားတွေကိုစိတ်မဝင်စားပါဘူးဆိုမှ တစ်ယောက်ပြီးတစ်ယောက် စီစဉ်ပေးနေတာလေ။ ဒါတောင် ဖေဖေက ယောက်ျားသားမို့ ဒီတာဝန်ကို တမင်ရှောင်နေတာတဲ့။ မေမေများရှိနေသေးရင် ပိုတောင်မှဆိုးနေဦးမလားပင်။





"ကြိုပြောထားတယ်နော်. . . ဆိုင်ထဲမှာ အာပြဲကြီးနဲ့ အော်ပြောမိစေနဲ့ဦး"

"ပြောတော့ ဘာဖြစ်လဲ။ မိုးက ဒီလိုပွင့်ပွင့်လင်းလင်းပဲပြောတတ်တယ်။ ဘယ်သူ့မှ ဂရုစိုက်ဖို့မလိုပါဘူး။ ဒီလိုယောက်ျားတွေရှေ့ ပဲများပြီး အီစီကလီလုပ်တာမျိုး ဝါသနာကိုမပါတာ။ မကြိုက်ရင်မကြိုက်ဘူး, ရှင်းရှင်းပဲပေါ့။ အားတုံ့အားနာနဲ့ ရှက်ကိုးရှက်ကန်းဖြစ်နေရင် သူတို့ဘက် (၄၅)ဒီဂရီ ယိုင်နေပြီဆိုပြီး လိပ်လိုယက်တွေးဦးမှာ၊ သိပ်အလုပ်ရှုပ်တာပဲ"

"ဟယ်. . . မိုးရယ်၊ ပြောနေလိုက်တာများ အသက် (၇၀) အဘွားကြီးအတိုင်း ဗျစ်တောက်ဗျစ်တောက်နဲ့။ နင်မရှက်ဘူးလား။ ယောက်ျားတွေကို နည်းနည်းလောက် အကောင်းမြင်ရှုထောင့်ကနေကြည့်ပြီး ချစ်ကြည့်ပါဦး"

"မချစ်ချင်ပေါင်။ မမဦးက ဘာ့ကြောင့်သိလို့လဲ။ ကိုကိုထွန်းလို ခပ်အေးအေးဆရာဝန်မျိုးနဲ့ရလို့ ဘဝကြီးငြိမ်းချမ်းနေတယ်မှတ်။ အိမ်ထောင်ဆိုတာ တကယ်တော့ ထောင်ပဲ။ ထောင်တောင်မှ တစ်သက်သုံးလွတ်လမ်းမရှိတဲ့ တစ်ကျွန်းထောင်။ မိုးက အနုပညာဝါသနာပါသွန်းလို့သာ စိတ်ကူးယဉ် အလွမ်းဝတ္ထုတွေရေးနေတာ။ အဲဒီအချစ်



www.burmeseclassic.com

www.burmeseclassic.com



တွေအသက်တွေကို သိပ်ယုံချင်တာမဟုတ်ဘူး"

ခင်ဦးမေမျက်နှာမှာ ရယ်ချင်စိတ်ဖြစ်လာ၏။ ပြောနေလိုက်တာများ တကယ့်ဂေါ်မစွံအပျိုကြီး style အပြည့်နဲ့ပါလား။ အမျိုးထဲမှာ ဒီညီမလေးကို အငယ်ဆုံးမို့စုပြုံပြီး အလိုလိုက်ဝိုင်းချစ်ခဲ့ကြတာပါပဲ။ 'ဦး' သိသလောက်ကတော့ မိုးဟာယောကျ်ားတွေကို ဘာကြောင့်မှိတ်နာနေသလိုအပြောမျိုး ပြောနေတယ်ဆိုတာပါလေ။ ဝတ္ထုတွေထဲမှာလည်း အများအားဖြင့် အသည်းကွဲအလွမ်းဇာတ်လမ်းတွေကိုသာ ရေးနေတာမို့ အပြင်မှာ တကယ်ပဲ အသည်းကွဲဖူးသလိုကြီးဖြစ်နေတာမဟုတ်လား။

မှတ်မှတ်ရရ မိုး Seond Year မတက်မီ ကျောင်းပိတ်ရက် 'ဦး' တို့ဇာတိကိုလိုက်လည်တုန်း အဖြစ်အပျက်တော့ရှိခဲ့ပါ၏။ အဲဒီတုန်းကတော့ အိမ်ရှင်ဖြစ်သည့်ဆေးကျောင်းသားကောင်လေး မြင့်မိုရ်ကျော်နဲ့ တရင်းတနှီး ခင်မင်ခဲ့တာပါ။ စိတ်ကစားတတ်သည့်အရွယ်လေးမို့ ကျော့အပေါ်မှာ မိုးမျှား စိတ်ယိုင်ခဲ့လေသလား။ နှုတ်က မည်မျှပင် ပွင့်လင်းတယ်ပြောပြော ဘာကိုမဆိုတစ်ယောက်တည်း ကျိတ်ခံစားတတ်တဲ့အကျင့်က ရှိနေတာပါပဲ။

စိတ်ထဲခံစားနေရရင် ဘယ်သူ့ကိုမှ စကားမပြောတော့ဘဲ





အခန်းတံခါးပိတ်ကာ စာအုပ်ထဲ စာတွေရေးနေတတ်ရာမှ စာရေးဆရာဖြစ်မှန်းမသိဖြစ်လာတာပါ။ စကားပြောရင် ထော်လော်ကန့်လန့်ကြီးဖြစ်နေသော်ငြား မိုးရေးသမျှစကားတွေဟာ လှပေ့၊ ညွတ်နူးဆိုတဲ့စကားလုံးတွေဖြစ်နေတာမို့ ဒီနေ့ခေတ် ဆယ်ကျော်သက်ရွယ်သတ်တို့ရဲ့ အသည်းစွဲစာရေးဆရာဖြစ်နေရတာလေ။

"နင်ပြောနေပုံက ယောကျ်ားတွေကြောင့်ပဲ အသည်းကွဲဖူးသလိုလိုနဲ့ စိတ်နာနေသလိုပဲ"

မျက်စောင်းက ဒိုင်းခနဲရောက်လာပြန်၏။ အရှိက်များ ထိသွားလေသလား။ မရည်ရွယ်ရပါဘူးလေ။

"အသည်းကွဲစိတ်နာတယ်လို့တော့ ဘယ်ဟုတ်ပါ့မလဲ မဦးရဲ့။ ဒါပေမဲ့. . . မယုံရတဲ့စာရင်းမှာ ဒင်းတို့ယောကျ်ားတွေက ထိပ်ဆုံးမှာ, ပါတယ်"

"ဟဲ့! ဦးမြိုင်ကို အားနာပါဦး"

"မနာပါဘူး။ မိုးက ဦးမြိုင်ကိုရည်ရွယ်ပြီး ပြောနေတာမှမဟုတ်တာ။ နေ့ဦး, ဦးမြိုင်ရယ်။ မိုးက လွတ်လပ်စွာပျံသန်းချင်တဲ့ငှက်လေးတစ်ကောင်လိုပဲ ရှင်သန်ချင်တာ။ အဲဒါကို အိမ်ထောင်ပြုစေချင်နေကြတာ ကောင်းသလား။ လှောင်ချိုင့်ထဲထည့်ပြီး ပိတ်ခင်



www.burmeseclassic.com

www.burmeseclassic.com



တဲ့နည်းလမ်းပေါင်းစုံ၊ စည်းမျဉ်းမြောက်မြားစွာနဲ့ ချုပ်ချယ်ခံရမှာ
စိုးလို့ကို ရည်းစားတောင်မထားခဲ့တာပဲကြည့်။ ဒါတွေ မမဦး, နား
မလည်ပါဘူး။ အပျိုစင်တစ်ယောက်ရဲ့ လွတ်လပ်ခြင်းအရသာကို
ဆုံးရှုံးပြီးတဲ့လူကိုပြောပြလို့လည်း သဘောပေါက်လွယ်မှာမှမဟုတ်
ဘဲ"

"အေးပါ. . . အေးပါ, ညည်းပဲသိ၊ ညည်းပဲတတ် သိလား
ဒေါ်တတ်ပုံ့ရေ့။ ကဲ! ရောက်ပြီ၊ ဆိုင်ထဲဝင်သွား။ Table (33)မှာ
အဆင်သင့်စောင့်နေလိမ့်မယ်"

"ဟင်! မမဦး လိုက်မှာမဟုတ်ဘူးလား"

"ဘာကိစ္စလိုက်ရမှာလဲ။ သူများ ဖူးစာဖက်ဆုံတဲ့ကိစ္စမှာ ငါ
ဆေးရိုးသည်အဖြစ်ခံရမလား။ OG နဲ့ချိန်းထားတာသွားရမယ်။
စကားပြောလို့ OK ရင် နင့်ကို သူလိုက်ပို့ပေးမှာပေါ့။ No ဆိုရင်
တော့ (၉၆၉၃-ကက)နဲ့ ပြန်ပေတော့။ မဝင်ဘဲ လှည့်ထွက်ဖို့ မကြံ
နဲ့။ ညည်းဝင်မတွေ့ရင် မေမေက သတ္တိနည်းလို့ဆိုပြီးယူဆမှာ သိ
ထား. . . ဆင်း"

ဟင်းခနဲ သက်ပြင်းချလျက် ကားပေါ်မှ platform ထက်ခြေ
ချသည်နှင့် ခြေကိုအရင်ဆောင့်လိုက်မိပါ၏။





ဝန်းကျင်ကိုဂရုမစိုက်မိ။ မိုးမမဆိုတာ ကိုယ်ဖြစ်ချင်ကိုယ်လုပ်
ချင်တာကို တစ်ဇွတ်ထိုးလုပ်တတ်သည့် ဉာဉ်ဆိုးလေးရှိနေတာလေ။
တစ်မိနစ်မျှစိတ်ကိုငြိမ်စေရန် ခဏရပ်ပြီး စစ်ထွက်မယ့်စစ်သူကြီး
ပိုတန်ပန်ဖြင့် မျက်နှာကို ပင့်မော့လျက် မှန်တံခါးကိုတွန်းလျက်
ဆိုင်ထဲသို့ဝင်ခဲ့ပါ၏။

ခပ်မတ်မတ်လျှောက်လာသည့် အဖြူရောင်အရိပ်လေးကို
သတိထားလိုက်မိပါ၏။ မျက်နှာပင့်လျက် လှမ်းလာနေပုံက ကိုယ့်
ကိုယ်ကို ယုံကြည်စိတ်ချမှုအပြည့်နဲ့ပါလား။ ဒါ့အသက် (၃၀)အရွယ်
အောင်မြင်နေတဲ့စာရေးဆရာမ မေရတနာမိုးပဲထင်ပါရဲ့။ ပုံစံက
တော့ မာန်ဖီနေတဲ့ကျားသစ်ပျိုလို မာန်အပြည့်နဲ့ပါလေ။

စားပွဲအနီးမှာ ခြေလှမ်းတို့ တုံ့ခနဲရပ်သွားပါ၏။ ခုံမှာရှိနေ
သည့်သူ့ကို စူးခနဲစိုက်ကြည့်လိုက်သည့်မျက်ဝန်းတို့က အားအပြည့်
နဲ့ပါလား။ အတော့်ကိုမျက်လုံးလှတဲ့အမျိုးသမီးဟု အမှတ်,စပေးမိ
လိုက်ချေပြီ။

"ကျွန်မ. . . မိုးမမပါ"

"ထိုင်ပါ"

ခေါင်းညိတ်ပြရင်း လက်ဝါးဖြင့် ညွှန်ပြလိုက်သဖြင့် ခုံဆွဲ



www.burmeseclassic.com

www.burmeseclassic.com



ထုတ်၍ ဖျတ်ခနဲထိုင်ချလိုက်လေ၏။ အသံက ဩဩလေးနှင့် တိုတို ပြတ်ပြတ်တတ်ပုံက ဆုံးဖြတ်ချက်ခိုင်မာပြတ်သားမှု ပြည့်နေသလိုပါ ပဲလား။

"ဘာသောက်မလဲ"

"ဘာမှမသောက်ချင်ဘူး။ ကြီးမေက တွေ့ရမယ်ဆိုလို့ လာ တွေ့ရတာပဲ။ ပြောချင်တာရှိရင် ခပ်ရှင်းရှင်းပြတ်ပြတ်ပြောပါ"

"ကျွန်တော့နာမည် ရဲကျော်စွာပါ"

"သိတယ်"

"B.E Archae နဲ့ ကျောင်းပြီးထားပြီးသားဆိုတာရော မိုးမမ သိရဲ့လား"

"ဟင့်အင်း, ကျွန်မ စိတ်မဝင်စားဘူး။ လိုရင်းကိုပဲပြောပါ"

အားပါးပါး. . . အလာကြီးပါလား။ သူနဲ့ဆုံတိုင်း အထာပေး လေ့ရှိတဲ့မိန်းမတွေနဲ့ ဆန့်ကျင်ဘက်ဖြစ်နေတာကိုး။ မင်းက ဘာမို့ ဒီလောက်မာနမိုးထိနေရသလဲ မိုးမမရေ။

"မင်းနဲ့ပတ်သက်မယ့်လူတစ်ယောက်အကြောင်းကို တော် တော်ကြီးလေ့လာထားသင့်တာပေါ့ မိုးမမရဲ့"

"ဘယ်လို! ပတ်သက်မယ့်လူ့,ဟုတ်လား။ ရှင်မှားနေပြီ ကိုရဲ

ကျော်စွာရဲ့။ ကျွန်မ ဒီလိုလာတာ ရှင့်ကိုလက်ခံလိမ့်မယ်မျှား ရှင် ထင်ထားသလား။ အတော့်ကိုချော်တဲ့အတွေးပဲ။ ဒီမှာ! ကျွန်မ ဘယ်ယောက်ျားကိုမှစိတ်မဝင်စားသလို အိမ်ထောင်ပြုဖို့လည်း စိတ် ကူးဘူး။ အဲဒါ တစ်သက်တာအတွက်ပဲ။ ဒီတော့ ရှင့်မိဘတွေကို ရော ကြီးမေကိုပါ ကျွန်မဘက်က ငြင်းတဲ့အကြောင်းပြောပြလိုက် ပါလေ။ လောကမှာ မိန်းမတွေပေါပါတယ်။ အဲ့ဒီအထဲက ရှင့်စိတ် ကြိုက်တစ်ယောက်ကိုသာ ရွေးချယ်လိုက်ပါ။ ဒါပါပဲ"

သူ ဟက်ခနဲ ရယ်ချလိုက်စဉ် ဇင်ယော်တောင်ပံမျက်ခုံးနှစ် ဖက်က ဖျတ်ခနဲချီးသွားပါ၏။ တည်တင်းနေတဲ့မျက်နှာတောင် ဒီ လောက်စွဲဆောင်မှုရှိနေရင် သဘောတကျရယ်မောလိုက်လို့ကဖြင့် ပြောဖွယ်ရာရှိမည်မထင်တော့ပါချေ။

"ကြိုက်တယ်"

"ဘာ! "

"မင်းရဲ့စိတ်ကိုကြိုက်တယ်လို့ပြောတာလေ မိုးမမရဲ့"

"ကျွတ်! "

"အဲဒီလို ဟန်မဆောင်တတ်ဘဲ ပွင့်ပွင့်လင်းလင်းပြောတတ် တာလေးကိုကြိုက်တာ။ မင်းက ရှားမှရှားပါလား မိုးမမရဲ့။ မင်းလို





ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးမျိုး ကိုယ် တစ်ခါမှမတွေ့ဖူးသေးဘူး။ မာမိညွှန်လိုက်တုန်းက တွေ့ကြည့်ရုံသက်သက်ကလွဲပြီး ဘာစိတ်ကူးမှမရှိသေးတာအမှန်ပဲ။ အခုတော့ ကိုယ်စိတ်ဝင်စားမိသွားပြီ"

"ရှင်နော်"

"မင်းရဲ့မာနကိုလည်းကြိုက်တယ်"

သူမ ဝုန်းခနဲထရပ်လိုက်ပါ၏။ ဒီလောက်ကန့်လန့်တိုက်ပြောနေပါလျက် ထိုးစစ်ဆင်ခံနေရပါရောလား။ လူကို သူငယ်နှပ်စားလေးလို အထင်တသေးနဲ့ကြည့်ပြီး ဆက်ဆံနေတာလောက် အခံရခက်တာ မရှိတော့။

မိုးမမကို ဒီလိုစမ်းလို့ရမယ်ထင်နေသလား။ ယောကျ်ားတွေရဲ့စိတ်ကို အတွင်းကျကျသိထားတာကို ဒင်းမသိသေးဘူးထင်ပါရဲ့။

မျက်နှာကိုတစ်ချက်မဲ့လိုက်ပြီး သတိထားလျက် မတ်မတ်ရပ်လိုက်မိသည်။ မိန်းမတစ်ယောက်ကိုချစ်လာဖို့လုပ်ရတာက ခက်ကောင်းခက်နိုင်ပေမယ့် မုန်းအောင်လုပ်ဖို့က အလွယ်လေးပါလား။

"ရှင်, ကျွန်မအကြောင်း ဘယ်လောက်သိထားလို့ ဒီစကားပြောရတာလဲ"

"သိပ်မသိသေးတာတော့အမှန်ပဲ မိုးမရဲ့။ ဒါပေမဲ့ ခုချိန်





တာပြီး မင်းအကြောင်းတွေအကုန်သိအောင်စုံစမ်းဖို့ ကိုယ်ဆုံးဖြတ်လိုက်ပြီဆိုတာပါပဲ"

ဟား! အလကားကြီးပါလား. . .

လွယ်လွယ်နဲ့စိတ်ပျက်မယ့် ယောကျ်ားမဟုတ်တာ သေချာသလောက်ရှိနေတာလေ။ ဒါပေမဲ့ မိုးမကိုလျှော့တွက်လို့မရဘူးဆိုတာကိုတော့ ဒီလူသိအောင်ပြရသေးတာပေါ့။

"ရှင်တကူးတကစုံစမ်းဖို့မလိုပါဘူး ကိုရဲကျော်စွာ။ ရှင်သိချင်ရင် ကျွန်မကိုယ်တိုင်ပြောခဲ့လို့ဖြစ်ပါတယ်"

"OK! မင်းကိုယ်တိုင်ပြောပြတော့ ပိုပြီးပြည့်စုံသွားတာပေါ့ မိုးမရဲ့။ မတ်တတ်ကြီး ညောင်းနေပါ့မယ်။ ခဏလောက်ပြန်ထိုင်ပါဦး"

သူမသက်ပြင်းကျိတ်ရှိုက်လျက် ပြန်ထိုင်ချလိုက်စဉ် waiter တစ်ယောက်ရောက်လာပြီး လက်ဖက်ရည်တစ်ခွက် လာချပေးလေ၏။ ဘုရားရေ! သူမ လက်ဖက်ရည်ကြိုက်တာကို ဘယ်လိုသိနေပါသလဲ။ သူ့ပုံစံကတော့ သက်တောင့်သက်သာနှင့် အေးအေးလူလူပါပင်။

"ကျွန်မ ဘယ်ယောကျ်ားကိုမှအထင်မကြီးဘူး"



www.burmeseclassic.com

"ဒါ့ အကြောင်းပြချက်သက်သက်ပဲလို့ ကိုယ်ယူဆတယ် မိုး မမ"

"ဒါကြောင့် အိမ်ထောင်မပြုဘဲ တစ်ယောက်တည်းရပ်တည် နေတာပါ။ ကိုယ့်လက်ကိုယ့်ခြေနဲ့ ရပ်တည်နေတဲ့မိန်းမတစ်ယောက် အနေနဲ့ ဘယ်လိုအားကိုးဖော်မျိုးမှ မလိုအပ်ဘူးဆိုတာကို ရှင်လည်း သဘောပေါက်မှာပါပဲ"

"ဆက်ပြောပါ။ ကိုယ်စိတ်ဝင်စားပါတယ်"

"ဘဝကို လွတ်လပ်စွာဖြတ်သန်းချင်တဲ့လူအတွက်. . . အိမ် ထောင်ဆိုတာ အတားအဆီးတစ်ခုပါပဲ။ ကျွန်မက ကိုယ့်စိတ်နဲ့ကိုယ် ဆုံးဖြတ်တယ်။ ကျွန်မကို ဆရာလုပ်တာ မကြိုက်ဘူး။ တားဆီးပိတ် ပင်တာမျိုးကို မုန်းတယ်။ ညှိနှိုင်းတာ၊ တိုင်ပင်တာဆိုတာမျိုးတွေက ယုံကြည်မှုကင်းမဲ့တဲ့မိန်းမတွေရဲ့ ပျော့ညံ့ညံ့စိတ်ဓာတ်လို့ပဲ ကျွန်မ မြင်တယ်။ မှန်တယ်လို့ ယူဆထားတဲ့ကျွန်မရဲ့ယုံကြည်ချက်ကို ဘယ် နည်းနဲ့မှစွန့်လွှတ်မှာမဟုတ်သလို ယောကျ်ားတစ်ယောက်ကို ခေါင်း ညိတ်လက်ခံဖို့ဆိုတာ ကိုယ့်လည်ပင်းကို ကြိုးကွင်းစွပ်လိုက်တာနဲ့ အတူတူပဲလို့ ကျွန်မဆုံးဖြတ်ထားတယ်။ အဲဒါ ကျွန်မရဲ့ဘာသာဗေဒ ပဲ ကိုရဲကျော်စွာ။ ဒီတော့ ရှင်သိပ်နောက်မကျခင် အမြန်ဆုံးရုပ်





သိုက်တာ အကောင်းဆုံးပဲလို့ ကျွန်မထင်ပါတယ်။ ကဲ! ဘယ်လိုလဲ"

"စကားလုံးတွေက မြားတံတွေလို စူးရှပြင်းထန်နေတာအမှန် ပဲ မိုးမမ။ ဒါပေမဲ့ ကိုယ်မတုန်လှုပ်ပါဘူး။ ဒါမင်းရဲ့ခံယူချက်သက် သက်ပဲဟာ။ မင်း ဒီလိုပြောနေလေ. . . မင်းအပေါ် ကိုယ့်ရဲ့စိတ် ဝင်စားမှုက ပိုလာလေပါပဲ။ အခုလိုသေချာပြောပြတဲ့အတွက် မင်း ကိုကျေးဇူးတင်ပါတယ် မိုးမမ။ ကိုယ်တို့နောက်ထပ်တွေ့ရဦးမယ် လို့မျှော်လင့်ပါတယ်"

"ရှင်က အတော့်ကိုခေါင်းမာတဲ့ယောကျ်ားပါလား"

"ကိုယ်ကလည်း စိတ်ဓာတ်မာကျောတဲ့မိန်းမကိုမှ စိတ်ဝင် စားမိပြီးသားဖြစ်နေတာကိုး. . . မိုးမမရဲ့"

သူမ မျက်မှောင်ကို အတော်လေးကျုံ့ထားမိလိုက်ပါ၏။ ကြီး မေသူငယ်ချင်းရဲ့သားကို အသာခွာချလို့မရဘူးလို့ မမဦးသတိပေး လိုက်ရဲ့သားနဲ့ သူမ ဘာကြောင့်လျှော့တွက်လိုက်မိတာပါလိမ့်။ ဘာပဲဖြစ်ဖြစ် ပညာတတ်ယောကျ်ားတစ်ယောက်ရဲ့မာနကို ထိခိုက် လိုက်နိုင်ရင် ဒါဟာ နိုင်ကွက်ပဲမဟုတ်လား။

ရှင်. ကျွန်မကို အစမ်းသပ်ခံပစ္စည်းလို့ တွေးမြင်ထားသလား ကိုရဲကျော်စွာ။ မိုးမမဆိုတာ ဘာပဲလုပ်လုပ် မဆုတ်မနစ် ရွှဲနဲ့ပြီး

www.burmeseclassic.com



ဆုံးသည်ထိ လုပ်ဆောင်နိုင်တဲ့မိန်းမတစ်ယောက်ဆိုတာကို ရှင် ကောင်းကောင်းကြီးသိသွားစေရပါမယ်။

"ကြီးမေသူငယ်ချင်းရဲ့မျက်နှာကို ထောက်ထားပြီး ရှင့်ကို အတတ်နိုင်ဆုံးသိမ်မွေ့စွာနဲ့ ကျွန်မပြောဆိုနေတာပါ ကိုရဲကျော်စွာ။ ရှင့်ပညာ၊ ရှင့်အဆင့်အတန်းကိုလည်း ပြန်ငဲ့ကြည့်လိုက်ပါဦး။ ကျွန်မက မိန်းမတစ်ယောက်ရှေ့မှာ ဒူးထောက်ခစားတတ်တဲ့ ယောကျ်ား တွေကို ရွံလေ့ရှိတယ်ရှင့်"

သူ ပြုံးလိုက်မိပါ၏။ ကြည့်စမ်းပါဦး, မြင်မြင်ချင်းဆောက် နဲ့ထွင်းဆိုတဲ့စကားလို ထိုးစစ်တွေ ဆက်တိုက်ဆင်နေတဲ့မိန်းမပါ လား။ ဒီလိုစကားလုံးခပ်ရိုင်းရိုင်းတွေ သုံးနှုန်းပြနေတာကိုများ သိမ် မွေ့စွာ ပြောဆိုနေတာဆိုပဲ။ မင်းဟာ အင်မတန်ပဟေဠိဆန်တဲ့ မိန်းကလေးတစ်ယောက်ဆိုတာ အမှန်ဖြစ်နေတာပါလား။

"ကိုယ်နဲ့စိတ်ချင်းတူတဲ့မိန်းမတစ်ယောက်ကို မြင်နေရတာပါ လား မိုးမမ။ မင်းဘယ်လိုပဲပြောပြော ကိုယ်က မှုမှာမဟုတ်ဘူး။ ပြီးတော့ ကိုယ့်ကို အန်တီမေ့သူငယ်ချင်းရဲ့သားဆိုတဲ့ မင်းရဲ့အမြင် ကို ခွာချလိုက်ပါဦး။ ရဲကျော်စွာကို ရဲကျော်စွာအဖြစ် သီးသန့် သဘောထားပေးပါ မိုးမမ"





"Sorry ပဲ. . . ကိုရဲကျော်စွာ။ ရှင့်ကို ကြီးမေကြောင့် ကျွန်မ ဆာတွေ့တာ။ ကျွန်မနဲ့တွေ့ခဲ့ဖူးတဲ့လူတွေထက် စကားပြောချိန် အတော့်ကိုကြာသွားရပြီ။ ဒီမှာ! ကျွန်မ စကားကုန်ပြောခဲ့မယ်။ ရှင်ဘယ်လိုပဲ ကျွန်မကိုယုဉ်ပြီးပြောပြော ကျွန်မကတော့ လုံးဝစိတ် ဝင်စားဘူးဆိုတာပါပဲ"

"ဒါက မင်းဘက်က အတွေးလေ မိုးမမရဲ့။ ကိုယ်စွက်ဖက် ဆိုမှမရဘဲ။ မင်းရဲ့ခံစားချက်ကို မင်းပိုင်မှန်း ကိုယ်သိရမှာပေါ့။ တစ်ခုပဲ. . . မင်းအပေါ် စိတ်ဝင်စားမှုက Hundred Percent ဖြစ် သွားပြီဆိုတာလေ"

"ရှင်! "

"Smile"

ဒေါသတွေ ဆောင့်ထွက်ခါနီး နောက်ပါးဆီမှ ရုတ်တရက် ထွက်လာသည့်အသံကြောင့် သူမ တုံ့ခနဲဖြစ်သွားလေ၏။ စိတ်ကို လျှော့ချလိုက်ပြီး သူ့ကို သတိဖြင့်ကြည့်လိုက်ရာမှ ဖျတ်ခနဲပြုံးလိုက် လေ၏။

ဘုရားရေ! မင်း,ကိုယ့်ကိုများ ပြုစားနေပြီလား မိုးမမရယ်။ ဒေါသတကြီးအော်တော့မည့်ဟန်ပြင်နေပြီးမှ ရုတ်တရက် ချက်ချင်း



www.burmeseclassic.com

www.burmeseclassic.com



ကြီး အမူအရာပြောင်းသွားတာမဟုတ်လား။

"Sweet"

သူမ သွားတန်းလေးတွေပေါ်လာသည်အထိ ရယ်လိုက်လေ ၏။ မဟုတ်သေးဘူး။ သူမနောက်ကျောရှိခုံမှာထိုင်၍ ဂျာနယ်ဖတ် နေသည့်လူထံမှ ရေရွတ်သံပဲ။ သူမနှင့်ဘယ်လိုများ ပတ်သက်နေ ပါလိမ့်။

"ရှင်နဲ့ကျွန်မ ဘာအကြောင်းကြောင့်မှ တွေ့စရာမလိုတော့ ဘူးလို့ ယူဆပါတယ် ကိုရဲကျော်စွာ။ ကျွန်မ ပြန်တော့မယ်"

သူမ ထရပ်လိုက်စဉ် နောက်ခုံမှာထိုင်နေသည့်လူက ဂျာနယ် ကိုပိတ်၍ ဖျတ်ခနဲရပ်လိုက်လေ၏။ ထိုလူက သူ့ကို တစ်ချက်စို ကြည့်လိုက်ပြီး သူမလျှောက်လာတာကို စောင့်နေသည့်နှယ်။

"သွားစို့ ဗလ။ နင် ဘယ်အချိန်က ရောက်နေတာလဲ"

"သိပ်မကြာသေးပါဘူး"

"ကားပါတယ်မဟုတ်လား"

"ပါတာပေါ့... ဒါပေမဲ့ နင် ဒီအတိုင်း အချောင်လိုက်လို့ မလား။ Taxi ခတော့ ပေးရမယ်"

"အံမာ! "





လက်မောင်းကို ဖျတ်ခနဲထုလိုက်ပုံက တရင်းတနှီးပါလား။ သူဘယ်သူလဲ... မိုးမမ။ သူစိမ်းယောက်ျားတွေနဲ့ နည်းနည်းမှ ရင်းနှီးဘူးဆို။ မင်းရဲ့ဘေးမှာ ဘယ်ယောက်ျားမှ ရပ်ခွင့်မရပါဘဲ ဒီလူကျမှ ဘာလို့ယှဉ်လျှောက်ခွင့်ရှိနေရတာလဲ။

ကိုယ့်ပြိုင်ဘက်လေလား။ ဒါဆိုရင်တော့ ကိုယ့်ဘက်က အများကြီးသာနေတာအမှန်ပါ။ ကိုယ်ပိုင်ဟန်ရှိမနေတဲ့ ပုံခပ်တုံးတုံး ယောက်ျားတစ်ယောက်နဲ့ ကိုယ်က ဘယ်လိုမှယှဉ်စရာအကြောင်း မရှိဘူးလေ။ မင်း၊ သူ့ကို ဘယ်လိုအမြင်မျိုးနဲ့ ရင်းနှီးနေရတာလဲ။

မှန်တံခါးကိုဆွဲဖွင့်၍ သူမထွက်ရန် ကိုယ်ကိုယ့်ပေးလိုက် သည့်လူကို လှမ်းကြည့်နေရင်း မဲ့ပြုံးကိုသာ ပြုံးလိုက်မိတော့၏။

ပူစွာဆန်တဲ့... မိုးမမရယ်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၃ )

"ဒေါက်!. . . ဒေါက်! "

ကျွတ်! အခန်းဝမှာ ချိတ်ထားသည့် Don't distrub (မနှောင့်ယှက်ပါနှင့်) စာတန်းကို မတွေ့ဘူးလား။ ဘာကြောင့် တံခါးခေါက်နေရတာပါလိမ့်။ သူမ အခန်းတံခါး lock ချထားရင် အထဲမှာစာရေးနေတယ်လို့ သိနေရမှာပေါ့။ ဘယ့်နှယ့် တံခါးလာခေါက်နေတယ်လို့။

"ဒေါက်!. . . ဒေါက်! "

"ဘယ်လိုဖြစ်နေလဲ။ ဒီမှာ စာကိုကောင်းကောင်းမရေးရ



www.burmeseclassic.com

www.burmeseclassic.com



ဘူး။ ဘာဖြစ်လို့. . .”

တံခါးကို ချပ်ခနဲဖွင့်လိုက်ပြီး တရစပ်ပြောနေသည့်စကားက တစ်ဝက်မှာ ရပ်သွားရပါ၏။ အခန်းပြင်မှာရပ်နေသည့် ကောင်မလေးက လက်ဖျားလေး လှုပ်ရုံမြှောက်ပြလိုက်ပြီး မျက်နှာချိုသွေးနေလေသည်ကိုး။

“ကိုကြီးဆီလာတာ မဟုတ်လား။ သူဆီသွားပေါ့”

“ဟုတ်ပါဘူး။ မမဆီလာတာ”

“ကျုပ်ဆီ”

“Yes”

“ကျားသားမိုးကြိုး! ကျုပ်ဆီ ဘာကိစ္စနဲ့လာရတာတုန်း”

“အကြောင်းရှိလို့ပေါ့မမရဲ့။ ကိုကြီးက တံခါးခေါက်ကြည့်လိုက်။ စာရေးနေရင် ခေါ်လို့ရမယ်။ အိပ်နေရင်တော့မရဘူးဆိုလို့ ခေါက်လိုက်တာ”

ချစ်စုစုဖွေးက စကားပြောရင်းဖြင့် အခန်းတွင်းဝင်လာကာ ခုတင်ထက် ထိုင်ချလိုက်လေ၏။ သွားပြီ။ ဇာတ်သိမ်းပိုင်းလေးပြီးအောင် ရေးပါမယ်ဆိုမှ အနှောင့်အယှက်က ဝင်ပြီကိုး။ ဒီညတော့ ညဉ့်နက်တော့မှာပါပဲ။





“ဘာလဲ, ချစ်စုရောက်လာလို့ စိတ်ကောက်ချင်နေပြီလား။ စာရေးတာကို မနှောင့်ယှက်ပါဘူးမမရဲ့။ မေးစရာရှိလို့လာခဲ့တာပါ။ အခု ဘာခေါင်းစဉ်ရေးနေတာလဲ”

“ရင်နင့်အောင်မျှ”

“လာပြန်ပြီ။ အသည်းကွဲသွားတဲ့ဇာတ်လမ်းမျိုးပဲလား”

“မဟုတ်ပါဘူး။ ကျုပ်ဟာကျုပ် ဘာဇာတ်လမ်းရေးရေး, ရှင့်ပူလား။ ဘယ့်နှယ်ဝေဖန်ရေးဆရာလေသံနဲ့ ဆရာလာလုပ်ချင်နေတာလဲ”

စိတ်ဆိုးဟန်မပြဘဲ ရယ်နေပြန်လေ၏။ အင်း. . . ကြည့်ရတာတော့ ညနေအေးအေးဆေးဆေးမှ ပြန်မည့်ပုံပါလား။ စာကြည့်စားပွဲမှာ ထိုင်ချလိုက်ပြီး ရေးလက်စစာမူစာအုပ်ကို ဘောပင်ညှပ်ကာ ပိတ်ထားလိုက်ပါသည်။

“ပြော. . .”

“ဘာကိုလဲ”

“ရှင်ပဲပြောစရာရှိလို့ဆို”

“ဟင်းဟင်း. . . ဟုတ်တယ်, စုံအုံ့သြနေတာ. . . မမရဲ့။ ဒီတစ်ခါတော့ မမလူတွေ့သွားတာ အများကြီးအကျိုးရှိသွားပြီ”



www.burmeseclassic.com

www.burmeseclassic.com



"ဘာစကားကြီးတုန်း"

"ဟုတ်တယ်လေ။ ဟိုအင်ဂျင်နီယာကြီးက မမအပေါ် မေတ္တာမိုးပက်ဖြန်းဖို့ ရှာရန်ရာနှုန်းပြည့်ဆိုပဲ"

"ဘာ! "

"အမယ်လေး! လန့်လိုက်တာမမရယ်။ တိုးတိုးလေ၊ အခန်းထဲမှာ မုန့်မမပဲရှိတာကို ဒီလောက်အော်ရလား"

"ရှင်ပြောတဲ့စကားကိုလည်း ရှင်စဉ်းစားကြည့်ဦးလေ။ ကျွန်မ စာရေးနေတာကို တော်ရုံပဲနှောင့်ယှက်ပါဟဲ့။ ကျွန်မစိတ်မသတိစရာ သတင်းအစုတ်အပျက်တွေ သယ်မလာစမ်းပါနဲ့။ စိတ်ရှုပ်မခံနိုင်လွန်းလို့ပါ"

"သတင်းက အတိအကျမှန်နေတာမမရဲ့။ ကိုရဲမာမီ အန်တီဂျူလီယာမွန်းက ကြီးမေဆီမှာ ထောက်ခံမဲပေးပြီးပြီလေ။ မနေ့တုန်းက ပဲ မမဦးနဲ့ဆေးခန်းမှာတွေ့လိုက်လို့ သိရတာ"

"နေပါဦး၊ မမဦးက OG သွားပြတာ။ ရှင်က ဘာရောဂါနဲ့ လို့ ဆေးခန်းသွားရတာလဲ"

"ရိုးရိုးဆေးခန်းပါမမရဲ့။ အန်တီလေးဖျားနေလို့ အဖော်လိုက်ပေးရင်းတွေ့တာ။ တကတည်း. . . ထောင့်စေ့အောင် စစ်နေ ပြန်ပါပြီ"

"မဟုတ်သေးဘူး။ တစ်ခုခုတော့ မှားနေတာ သေချာတယ်"

"ဘာမှားလို့လဲ"

သူမက ထိုင်နေရာမှ ဖျတ်ခနဲထရပ်ကာ အခန်းထဲမှာ ဟိုဒီလျှောက်နေမိ၏။ မျက်မှောင်ကြုတ်လျက် အပြင်းအထန်စဉ်းစားနေသော်ငြား အဖြေက အတိအကျထွက်မလာပါချေ။

ရဲကျော်စွာ. . . ရဲကျော်စွာ. . . မိုးမမကို တရားဝင်စိမ်ခေါ်ချင်ပြီလား။ ဒီလောက် သူမဘက်က မီးနီတွေအခါခါပြနေပါလျက် မြှင့်ကို ဖွတ်တိုးဖြတ်ဖို့ ဟာစူနေတာလေ။ ကောင်းပြီ. . . ရှင်တော့ နာဖို့သာပြင်ပေတော့။

"ကျွန်မဒီလောက်ပြောဆိုခဲ့တာတောင် ဒင်းက လက်မလျှော့ဘူးပေါ့လေ"

"အမှန်ပဲ"

"ဒါဆိုရင် အဲဒီလူ ဦးနှောက်ပျက်နေလို့ပဲဖြစ်မယ်"

"အာ. . . မမကလည်း ပြောတော့မယ်၊ ပေါက်ကရ"

"ဟုတ်တယ်လေ။ ကျွန်မဘက်က မဖြစ်နိုင်ဘူးလို့ ခါးခါးသည်းသည်းပြောခဲ့တာကို အမှတ်မှုမထားတာကိုး"







www.burmeseclassic.com

www.burmeseclassic.com



"ဟင်းဟင်း . . ကိုရဲက သူ့မာမီကို အဲဒီနေ့ညနေကပဲ ပြောခဲ့တာတဲ့။ မိုးမမရဲ့စိတ်ကိုသဘောကျတာမို့ . . . သူ့နှလုံးသားကို ကျွန်တော်ပဲ ပိုင်ပါရစေတဲ့လေ။ ကဲ! ဘယ့်နှယ်လဲ"

"တောက်! "

ဒေါသက အလုံးလိုက်အလိပ်လိုက်ထွက်လာရလေ၏။ ဒင်းက ဖွဲ့မနည်းပါလား။ (၄၅) မိနစ်သာသာ စကားပြောခွင့်လေးရရုံနဲ့ သူမကိုစိတ်ဝင်စားတယ်ဆိုတာ လုံးဝမဖြစ်နိုင်တာကြီးကိုး။ တစ်ယောက် ဉာဏ်စွမ်းအားနဲ့မရရင် နှစ်ယောက်အားနဲ့ စဉ်းစားရမှာပေါ့။ နေဦး. . . ဗလနဲ့တိုင်ပင်ရဦးမှာပါလား။

"သူပြောတဲ့ကိစ္စ ကိုကြီးသိသွားပြီလား"

"Yes"

"ဘယ်သူပြောလို့ သိသွားတာတုန်း"

"ဟီဟိ. . . အခုလေးပဲ စု,ပြောပြီး တက်လာတာ"

မျက်စောင်းခဲလိုက်မိပါ၏။ အပြစ်ပုံချလို့ ဘယ်ရပါ့မလဲ။ ကိုယ့်ယောက်မဖြစ်လာမယ့် ကလေးမဟုတ်လား။ သူငယ်ချင်းလို့ လွယ်လင့်တကူအမည်တပ်လိုက်ပေမယ့် ချစ်စုက မိုးရဲ့စာဖတ်ပရိသတ်တစ်ယောက်ပါ။ မိုးစာရေးတာကို စွဲစွဲမြဲမြဲဖတ်ရင်း ကြာ





တော့ တွေ့ချင်လို့ဆိုပြီး စာပေတိုက်ကို တကျောင်းကျောင်းရောက်ရောက်လာတာလေ။ မိုးလည်း စာမူသွားပို့နေကျမို့ တစ်ကွေ့မကြုံ တစ်ကွေ့တော့ကြုံရင်း တွေ့ခဲ့ရတာပါပဲ။

အဲဒီကနေရင်းနှီးပြီး အိမ်ဝင်ထွက်မှ မေမေ့သူငယ်ချင်းသမီးမှန်း သိလိုက်ရတာ။ မေမေကတော့ မိုး (၈)တန်းနှစ်မှာ ဆုံးခဲ့ပြီမို့ ချစ်စုကိုမသိခဲ့ပေမယ့် မေမေ့ဓာတ်ပုံကိုမြင်မှ ချစ်စုမေမေအန်တီနှင်းနဲ့ငယ်သူငယ်ချင်းဖြစ်ပြီး ဓာတ်ပုံတွဲရိုက်ထားကြောင်းပြောရာမှ ပိုပြီးရင်းနှီးသွားရတာပါ။

ဒီကြားထဲ မြင်ပါများတော့ ကိုကြီးရဲ့အေးခဲနေတဲ့နှလုံးသားကြီး ဗုန်းဆို အရည်ပျော်ကျသွားခဲ့တာပါပဲ။ ဒါတောင် ကိုယ်တိုင်ခွင့်ပြောရဲတာမဟုတ်။ ရှက်ကိုးရှက်ကန်းအမူအရာတွေကြောင့် ဖုံးမိမရပေါ်ကုန်ပြီး ချစ်စုက နားလည်မှုနဲ့ခေါင်းညိတ်ခဲ့တာလေ။ မိုးတို့မောင်နှမနှစ်ယောက်က အချစ်နဲ့ပတ်သက်ရင် တကယ့်အရိုင်းလေးပဲမဟုတ်လား။ အတွေ့အကြုံနည်းတယ်လို့ပဲပြောပြော၊ အရှက်အကြောက်ကြီးတယ်လို့ပဲဆိုဆို မိုးကတော့ အဲဒီအရာကို တမင်ကြီးကျောခိုင်းပစ်ပယ်ထားတာအမှန်ပါပဲ။

"ရှင့်မလည်းနော်, တော်ဖြင့်မတော်ရသေးဘူး။ ကိုကြီးပေါက်



www.burmeseclassic.com

www.burmeseclassic.com



တော်သားဖြစ်နေပြီ၊ နည်းနည်းပါးပါး ကျုပ်ဘက်လည်း လှည့်ကြည့်ဦးမှပေါ့"

"ကိုကြီးက ဘာကိစ္စရှိလို့လဲမေးလို့ ပြောလိုက်ရတာပါ မမရဲ့၊ ရှာမင်ပြောတာ မဟုတ်ရပါဘူး"

"ဩော်! ကိစ္စမရှိဘဲလာလို့မေးရင် ရှင်ဘယ်လိုဖြေမလဲ၊ ပြောလေ၊ တကတည်းမှ အစစအရာရာအကုန်ဖွင့်ပြောနေတော့တာပဲ၊ ငါပြောလိုက်ရမကောင်းတတ်လို့"

ချစ်စုက တဟက်ဟက်ရယ်မောလိုက်ပြီး သူမခါးကိုနောက်မှ သိုင်းဖက်လိုက်လေ၏။

"အာ. . . ဘာလုပ်တာလဲ, ဖယ်စမ်း! ခါးထိရင် ယားတတ်ပါတယ်ဆိုမှ"

"ခါးတင် မဟုတ်ပါဘူး၊ မမကို ဘယ်ထိထိ ယားတာပဲဟာ၊ အဲဒီလိုယားရင် ကုလားကြီးနဲ့ရတတ်တယ်တဲ့"

"အောင်မာ! အဲဒီကုလားကြီးကို ရှင်ပဲယူ၊ လူကိုများ မှီချီး မျှစ်ချီးပြောရတယ်လို့၊ နေနှင့်ဦးပေါ့၊ အဲဒီရဲကျော်စွာဆိုတဲ့လူကို နောက်တစ်ခါတွေ့ရင် ကျုပ်အကြောင်းပြရသေးတာပဲ"

"ဟီဟိ! သူနဲ့ထပ်ချိန်းဦးမယ်ပေါ့လေ"





"ဟဲ့! မတွေ့ပါဘူး၊ ဒင်းက တွေ့ချင်တယ်လို့ ပြောရင်တောင်မှ တွေ့သင့်မတွေ့သင့် ကျုပ်က စဉ်းစားရဦးမှာ"

"စုတော့ မြင်ယောင်တယ်သိလား"

'ဘာကိုလဲ"

"မမရှိနေတဲ့အိမ်ကို ချောင်းပေါက်မတတ်ရောက်လာမယ်ဆိုတာကို ကြိုတွေးမိလို့လေ"

"အိုး! လာရဲလာကြည့်ပေါ့၊ Lesson ကောင်းကောင်းပေးလိုက်ရုံပဲ"

"ဟဲ့! Lesson ဆိုလို့ မမရဲ့အပျိုကြီး lesson လေး နည်းနည်းလောက်ပြောပြပါဦး၊ စုသူငယ်ချင်းတွေကို ပြန်သင်ပေးစရာရှိလို့ပါ"

"အံမာ! ညည်းက အပျိုကြီးလုပ်မယ့်သူမှမဟုတ်ဘဲ၊ ကျုပ်တာ ကျုပ်ဖာသာကျုပ် အပျိုကြီးလုပ်ချင်လုပ်မယ်၊ သူများသားသမီးတွေကို ကျုပ်လိုဂိုဏ်းထဲဝင်ဖို့ မစည်းရုံးပါဘူး၊ အပျိုကြီးဆိုတာ ဖြစ်ချင်တိုင်းဖြစ်ရတာ မဟုတ်ဘူးဟဲ့၊ သူ့ဇာတာနဲ့သူဖြစ်ရတာ၊ ရှင်သာ ကျုပ်ဒဿနတွေလျှောက်ပြောလို့ ကြီးမေ နားပေါက်သွားရင် ကျုပ်ပဲအထုခံရဦးမယ်၊ သိတယ်မဟုတ်လား၊ ယောကျ်ားမယူချင်တာနဲ့ဘဲ လူ့တာဝန်မကျေပွန်ဘူးဆိုပြီး လူသတ်တရားခံနီးနီး



www.burmeseclassic.com

www.burmeseclassic.com



စွပ်စွဲချင်သေးတာ”

ချစ်စုက တဟင်းဟင်း ရယ်မောလိုက်ပြီး သူမ ခုတင်ထ

မှောက်လျှားလေး လှဲချလိုက်ပါ၏။ ခေါင်းအုံးဘေးရှိ Diary နှစ်အ

အနက်မှ အပြာရောင်အဖုံးနှင့်စာအုပ်ကို ကောက်ဖွင့်လိုက်ေ

သည်။

“ဒီထဲမှာထင်တာပဲ”

သူမ ဘာမှမပြောတော့ဘဲ ခုံမှာပြန်ထိုင်လျက် ရေးလက်

စာအုပ်ထဲ ဆက်ရေးရင်း ရှာနိဝင်သွားပါလေ၏။

“လွတ်လပ်ခြင်း၏အနှစ်သာရ”

ခေါင်းစဉ်ကိုကြည့်ရင်း ချစ်စု ပြုံးလိုက်ပါ၏။ ဒီအပျိုကြီး

သဘောထားတွေကိုသိထားမှ မမဦးပြောတဲ့ ကိုရဲကျော်စွာကိုကူ

နိုင်မှာလေ။ ဖတ်ကြည့်ဦးမှပါပဲ. . .

**‘လွတ်လပ်ခြင်း၏အနှစ်သာရ’**

(၁) မနက်မိုးလင်း နေမြင့်ချိန်ထိ အိပ်ရာထဲ ဆက်နှပ်နေသော်ငြား

ဆူပူအော်နိုးမည့်အခွင့်အရေးမရှိ။

(၂) အိပ်ရာထဲ၌ အရုပ်မျိုးစုံသော်လည်းကောင်း၊ ခွေးလေး ကြောင်

လေးများကိုသော်လည်းကောင်း ထည့်သိပ်လျှင်လည်း ကန့်ကွက်

ညည်းသူမရှိ။

(၃) အလှပြင်ပြင်၊ မပြင်ပြင်၊ သနပ်ခါးလိမ်းလိမ်း၊ မလိမ်းလိမ်း စိတ်

ကြိုက်နေနိုင်၏။

(၄) ဝတ်ချင်သည့်အဝတ်အစား ကိုယ်နှစ်သက်ရာကို လိုက်ဖက်မှုရှိ

မရှိ မရှိရှိ ရွေးချယ်ဝတ်နိုင်သည်။

(၅) အိမ်တွင်းအိမ်ပြင်သန့်ရှင်းရေး လုပ်ချင်ချင်၊ မလုပ်ချင်ချင် အပြစ်

ပြောမည့်လူမရှိ။

(၆) အိမ်၌သော်လည်းကောင်း၊ အပြင်၌သော်လည်းကောင်း၊ မိမိ

နှစ်သက်ရာကို အချုပ်အချယ်မရှိ ချက်စား၊ ဝယ်စားနိုင်သည်။

(၇) သူတစ်ပါးလစာကိုတောင်းသုံးရရာမလိုဘဲ မိမိရှာဖွေသည့်ငွေဖြင့်

မိမိစိတ်တိုင်းကျ သုံးနိုင်ဖြုန်းနိုင်၏။

(၈) ဘယ်ကိုပဲသွားချင်ချင်၊ ခရီးပဲထွက်ထွက် စိတ်၏စေညွှန်ရာ

အတိုင်း အလျှင်အမြန်သွားနိုင်၏။ တားမြစ်ပိတ်ပင်မည့်သူမရှိ။

(၉) ဝသည်ဖြစ်စေ၊ ပိန်သည်ဖြစ်စေ ကိုယ့်စိတ်တိုင်းကျနေထိုင်နိုင်၏။

ချစ်တောက်ချစ်တောက်အပြစ်ပြောမည့်သူမရှိ။

(၁၀) မိမိလုပ်ချင်ရာကို မိမိအလိုဆန္ဒအတိုင်း အတားအဆီးမရှိ လုပ်

ဆောင်နိုင်၏။ ခွင့်ပြုချက် တောင်းစရာမရှိ။







www.burmeseclassic.com

ချစ်စုမျက်ခုံးလေးပင့်သွားရပြီး တီးတိုးရယ်မောလိုက်စဉ် သူမက ဖျတ်ခနဲလှမ်းကြည့်လိုက်ပါသည်။

"ဘာကိုရယ်နေတာတုန်း"

"ဒီ (၁၀)ချက်ကို သိရုံနဲ့ပဲ အပျိုကြီးနေရတဲ့ကောင်းကျိုးတွေ တော်တော်သိလာရပြီ"

"ဒီ့ထက်မက အများကြီးရှိသေးတယ် ချစ်စုရဲ့။ ရှင့်ကိုပြော ဖို့မသင့်ပါဘူး။ တော်ကြာ ကျုပ်ကိုကြီး ကျန်ရစ်ဖြစ်နေပါဦးမယ်"

"စု,တစ်ခုမေးမယ်နော်။ မမ,ယောကျ်ားတွေကိုများ မုန်းနေ သလားလို့"

"မမုန်းပါဘူး။ ကျုပ်ဟာကျုပ် သီးခြားကမ္ဘာလေးထဲမှာပဲ ရှင်သန်နေချင်တာပါ။ သူများတကာကို အလကားသက်သက် မျက် မုန်းကျိုးရလောက်အောင် ကျုပ်က လေးထောင့်ကြီးမဟုတ်ပါဘူး နော်"

"သိဘူးလေ, မမများ အစွန်းရောက်နေသလားထင်မိလို့ပါ"

မျက်စောင်းခဲလိုက်ပြန်၏။

ဘယ်လိုပဲနေနေ၊ ဘယ်လိုပဲပြောပြော မမမှာ style လှလှ လေးရှိနေတာ အသိသာကြီးပါ။ မျက်နှာရှစ်ခေါက်ချိုးဖြင့် စိတ်ပုပ်





နေသည်း သူများနှင့်မတူဘဲ ကြည့်ကောင်းနေတာမဟုတ်လား။ ဒါနဲ့များ အိမ်ထောင်မပြုချင်ရတာ ဘာကြောင့်များပါလိမ့်။

"မမ"

"ဘာတုန်း"

"တကယ်လို့ပေါ့နော်။ မမ အိမ်ထောင်ပြုမယ်ဆိုရင်လေ"

"ဩော်, အပျိုကြီးပဲလုပ်ပါမယ်လို့ပြောနေတဲ့ကြားတည်းက စစ်ခန်းထလာပြန်ပြီ"

"မဟုတ်ဘူးလေ မမရဲ့။ စု,စကားခံထားတာပဲဟာ။ အကယ် ၍လို့သုံးထားတယ်လေ။ မမ ဘယ်လိုယောကျ်ားမျိုးကို လက်ထပ် ချင်သလဲ"

"ဘယ်ယောကျ်ားကိုမှ လက်မထပ်ဘူး။ ဒါပဲ"

"ဒီလိုတော့အပြတ်မပြောနဲ့လေ၊ ညီအစ်မချင်းပဲသိမယ့်ဟာ။ ပြောပါ. . . မမရ"

သူမသက်ပြင်းကိုဆောင့်အောင့်ချလိုက်ပြီး စာအုပ်ကို ဆတ် ခနဲပိတ်လိုက်ပါ၏။ ခုံကိုပါ ချစ်စုဘက်လှည့်ကာ မျက်နှာချင်းဆိုင် ကြည့်လိုက်လေသည်။

"မမခုတင်ကိုမြင်လား"

www.burmeseclassic.com



"မြင်တယ်"

"အေး. . . မမက အိပ်ရင် ခုတင်ကျယ်ကျယ်နဲ့ လွတ်လွင် လပ်လပ်အိပ်ရတာကိုကြိုက်တယ်. . . ဘေးနားမှာ တစ်ယော ယောက်ရှိနေတာကို လိုကိုမလိုချင်တာ။ ရှင်လည်း တစ်နေ့အိ ထောင်ကျရင်သိမှာပဲ။ ယောကျ်ားဆိုတာကို ဆောင်းတွင်းလော အတူရှိချင်မှာ။ နွေရာသီမှာ တစ်ခုတင်တည်း ဘယ်လိုမှအတူ နိုင်မှာမဟုတ်ဘူး"

ချစ်စု ပြုံးစိစိလေးဖြင့် ပခုံးတွန့်ပြလိုက်လေ၏။ ပြောမ ပြောတော့လည်း ငေ့ဝိုက်တာမျိုးတောင်မရှိဘဲ ဖွဲ့ကြီးပါလား။

"အိမ်ထောင်သည်တိုင်း အဲဒီလိုထင်မှာမဟုတ်ပါဘူး မမရဲ့"

"အင်းလေ. . . ထားပါတော့။ ကျုပ်ဟာကျုပ် တစ်ယူသ တွေးမိတာလည်းဖြစ်မှာပါ။ အရှင်းဆုံးပြောရရင် ယောကျ်ားတွေ ဝေးဝေးမှာ နေချင်တာတစ်ခုပါပဲ။ ဘယ်ယောကျ်ားနဲ့မှမပတ်သ ချင်လို့ပါ"

"မမ ဘယ်လိုယောကျ်ားမျိုးကို မနှစ်သက်တာလဲ"

"အများကြီးရှိတာပေါ့ချစ်စုရဲ့။ ဒီလိုပြောဖို့တော့ မကောင် မှန်းသိပါတယ်။ ဒါပေမဲ့ စိတ်ထဲပြောပြော ဖခွန်းရောက်တယ်





ဲဆိုဆို မမရဲ့တစ်ဖက်သတ်အမြင်တွေက ဦးနှောက်ထဲမှာ စွဲနေတာ ဆိုး. . ."

". . . ."

"ဒီလိုပြောလို့ ယောကျ်ားကောင်း၊ ယောကျ်ားမြတ်တွေကို ဖော်ကားတာတော့ မဟုတ်ရပါဘူး။ လောကမှာ အကောင်းနဲ့အဆိုး ဆိုတာ အမြဲဒွန်တွဲနေတာ သဘာဝပါ။ ဒီအသက်ဒီအရွယ်ထိ မမ ကိုယ်တိုင် မြင်ခဲ့သိခဲ့ရတဲ့ အိမ်ထောင်သည်တွေရဲ့အတွေ့အကြုံကို ဆက်တွေ့တွေ့စာရင်းပြုစုရင်း ဒီလိုကန့်လန့်တိုက်တတ်တဲ့အကျင့်ရသွား တာပဲ။ ယောကျ်ားဆိုတာမျိုးတွေက မိန်းမတွေကိုမရခင် ဖျာလိုလိပ် ထိပ်ပေါ်တင်ပြီး ရွက်ကောင်းရွက်ထားမယ်။ ရပြီးရင်တော့ ဖျာလို ခင်းခြေနဲ့နင်းတတ်တဲ့အမျိုးပဲလေ။ သားကို သခင်၊ လင်ကို ဘုရား ဆိုပြီး ဦးစားပေးရတာဆိုတော့ မမတို့မိန်းမတွေက ကျွန်ဖြစ်မှန်း သိဖြစ်ရမှာ။ တန်းတူအခွင့်အရေးဆိုတာတွေ၊ မျှတမှုတွေ၊ ငဲ့ညှာ မှုတွေရှိလာနိုင်ပါ့မလား။ ကိုယ့်ဘက်က တစ်ဖက်သတ်လိုက်လျောမှု၊ အနစ်နာခံမှုတွေပဲ ရှိလာမှာတော့ အိမ်ထောင်ဆိုတာ အလကားပါ ပဲ၊ ပေးတာယူ၊ ကျွေးတာစား၊ ခိုင်းတာလုပ်ဆိုတဲ့ စေတစ်လုံးဝန်ထုပ် ရဲ့အောက်မှာ မမ,မနေချင်ဘူး။ ဒီကြားထဲ ကောင်းတဲ့ယောကျ်ား



www.burmeseclassic.com

www.burmeseclassic.com



ရရင် တော်ပါသေးရဲ့။ မတော်. . . လင်ဆိုးမယား တဖားဖားဘ ရောက်ရရင် ကိုယ့်ကိုယ်ကို အဆုံးစီရင်မိမှာ။ တကယ်တော့ အိမ် ထောင်ပြုတယ်ဆိုတာ ဒုက္ခတွင်းထဲ ခုန်ချလိုက်တာနဲ့အတူတူပဲ"

"ဟင်! မမပြောမှပဲ အိမ်ထောင်သည်တွေလည်း ဒုက္ခသည် တွေဖြစ်ကုန်ပါပြီ"

"ဪ။ သုခရတဲ့လူလည်းရှိချင်ရှိမှာပေါ့ ချစ်စုရဲ့။ မမက မမအမြင်ကိုပြောပြနေတဲ့ဟာ"

"ဒါပေမဲ့ ကိုကြီးနဲ့ဘဘကိုတော့ မမချစ်တယ်မဟုတ်လား"

"ဒါက မမရဲ့အဖေနဲ့အစ်ကိုပဲဟာ။ ပြီးတော့ ကိုကြီးနဲ့ဖေဖေ က မမကြည့်မရတဲ့ယောကျ်ားစာရင်းထဲမှာမပါဘူး"

"ဘယ်လို! ကြည့်မရတဲ့ယောကျ်ားစာရင်းရယ်လို့ မမမှာ ရှိ သေးလား"

"ရှင်, ကျုပ်လျှို့ဝှက်ချက်တွေ အကုန်နှိုက်ထုတ်နေတော့တာ ပဲ"

"ပြောပါမမရဲ့။ စုသိချင်လို့ပါဆို"

သူမက ခုတင်ထက် ပြောင်းထိုင်လိုက်တော့ ချစ်စုက သူမ၏ လက်တစ်ဖက်ကို ဆုပ်ကိုင်ထားလိုက်လေ၏။





"မိန်းကလေးမြင်ရင် ငမ်းငမ်းတက်ကြည့်တတ်တဲ့သူ၊ အခွင့် အရေးယူတတ်တဲ့သူ၊ အနိုင်ကျင့်ဗိုလ်ကျတတ်တဲ့သူ၊ ချွေးနံ့နံ့တဲ့သူ၊ ရေမချိုးတဲ့သူ၊ တစ်ကိုယ်ရည်သန့်ရှင်းမှုမရှိတဲ့သူ၊ ပိန်လွန်းဝလွန်းတဲ့ သူ၊ ယောကျ်ားတန်မဲ့ အတင်းပြောတတ်တဲ့သူ၊ အစားကျူးတဲ့သူ၊ အိပ်ရင် ဟောက်တတ်တဲ့သူ။ အဲဒီလူတွေကိုကြည့်မရဘူး"

"ဒါပဲလား. . . ကျန်သေးလား"

"တော်ပါပြီ၊ အများကြီးကျန်သေးပေမယ့် မပြောတော့ပါဘူး"

တံခါးက ပွင့်လာပြီး ကိုကြီးက အခန်းထဲချောင်းကြည့်လိုက် သေး၏၊ ခုတင်ထက် နှစ်ယောက်အတူထိုင်နေတာတွေ့တော့ ပြုံး လိုက်ပါသည်။

"ဗိုက်မဆာကြသေးဘူးလား"

"ကိုကြီး ဆာပြီမို့လို့လား"

"အေးပေါ့။ ခဏပဲဆိုပြီး တက်သွားတာ ဆင်းမလာကြတော့ ဘူး။ မိမိုးစကားတွေ သိပ်နားမယောင်နဲ့ချစ်စုရေ့။ တော်ကြာ အပျို ကြီးစိတ် ဝင်သွားဦးမယ်"

"အံမယ်! ကိုကြီးကောင်မလေးကို မိုးက စည်းရုံးဖို့မလိုပါဘူး နော်. . . အနေသာကြီး"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီး Hand Phone ဝယ်ပေးရတော့မလား"

"ဘာလုပ်မှာလဲ။ အိမ်မှာ Phone ရှိပြီးသားကိုး"

"မဟုတ်ဘူးလေ။ ညည်း Phone လွတ်လွတ်လပ်လပ်ပြော
အောင်လို့ပါ"

"မလိုပါဘူး။ မိုးက တစ်လတစ်ခါ Publisher နဲ့ပဲ ပြောစရာ
ကိစ္စရှိဟဲ့ဟာကို"

"ညည်းလူက သီးသန့်ပြောစရာရှိမှာပေါ့ မိမိုးရ"

"ဘယ်က မိုးလူလဲ"

"ရဲကျော်စွာကိုပြောတာလေ"

"ကိုကြီးနော်"

သူမ အသံစူးခနဲထွက်သွားစဉ် ကိုကြီးက ချစ်စုကိုအချက်ပြ
လိုက်ပြီး အခန်းထဲမှ အရင်ပြေးထွက်သွားလေ၏။ လူကိုများ ဒင်
နဲ့မှ တွဲချင်ရတယ်လို့၊ အောက်ထပ်သို့ဆင်းလာခဲ့ပြီး ထမင်းစား
ခန်းထဲရောက်စဉ် ထမင်းဝိုင်းမှာ ဖလက ရောက်နေလေ၏။

"ဟော့! အေးဘုံ၊ နင် အင်ဂျင်နီယာကြီးနဲ့ Ok ဆို"

"လာပြန်ပြီ တစ်ယောက်။ ဘာ Ok ရမှာလဲ။ ဘာမှ မ Ok
ဘူး။ လာပြောမနေနဲ့"





"ငါထင်တော့ထင်လိုက်သား။ အဲဒီနေ့က နင့်ကိုကြည့်ပြီး
ထိုင်ကျန်ရစ်ခဲ့တာ အသက်တောင်မှ ရှုရဲ့လားလို့"

"ကြည့်စမ်း! ဒီလောက်ပြောထားတဲ့ကြားက ဖလကို အဲဒီနေ့
ခေါ်ဖြစ်အောင်ခေါ်သွားသေးတယ်ပေါ့လေ"

"မခေါ်ပါဘူး. . . ကိုကြီးရ။ ကျွန်တော်က ကိစ္စတစ်ခုရှိလို့
ယ်ချင်းနဲ့ အဲဒီဆိုင်မှာ ချိန်းထားတုန်း မိမိုးတို့စုံတွဲကိုတွေ့လိုက်
ပါ"

"ဘာစုံတွဲရမှာလဲ၊ ဘာမှမစုံတွဲဘူး။ နင်နော်, ကဗျာကိစ္စနဲ့
ကိုသိပ်အစာကြေသေးတာမဟုတ်ဘူး။ အပြောအဆိုဆင်ခြင်
ပါ။ နင်သာ ပုလဲဖြူနဲ့အဆင်ပြေအောင်နေ"

"ပုလဲဖြူလား"

"အေးလေ. . . ကိုယ့်ရည်းစားနာမည်တောင် မေ့နေပြီလား။
omputer Science တက်နေတဲ့တစ်ယောက်လေ"

"အဟင်း! သူနဲ့ပြတ်သွားပြီ"

"ဘာ! "

"ဟာ. . . တိုးတိုးသာသာလုပ်စမ်း မိမိုးရယ်။ သူငယ်ချင်း
ပြောပုံက တရားခံစစ်နေသလိုဖြစ်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီးညီ မျက်နှာများတာတော့ အပြစ်မမြင်ဘူးလား။ ဒါ (၂၁) ယောက်မြောက်ပဲ၊ နေပါဦး. . . အဲဒီကောင်မလေးကို ဘာ အကြောင်းနဲ့ နင်ဖြတ်ပစ်လိုက်ရတာတုန်း"

"ဒီလိုပဲ"

"ဘာဒီလိုပဲလဲ၊ ငါ့ကို ဟိုလိုလိုဒီလိုလိုပတ်မယ်မကြံနဲ့၊ အဲဒ ကြောင့် နင်တို့ယောကျ်ားတွေကို ငါကြည့်မရတာ"

"အစ်ကိုရှေ့ ဒီလိုပြောရသလား"

ကိုကြီးက ချစ်စုပန်းကန်ထဲ ဟင်းတွေခပ်ထည့်ပေးရင်း လှ ယောက်လိုက်တာမို့ မနည်းဘရိတ်အုပ်ရပါ၏။ ချစ်စုဆိုတာက ညီ တော်ရမယ့်သူ၊ အဲ! မဟုတ်သေးဘူး၊ အစ်မတော်ရမယ့်ယောက် မို့ ရှက်မနေနိုင်ပါဘူး။ ပြောစရာရှိတာတော့ ပြောရမှာပါပဲ။

"ဟိုဥစ္စာ. . . နင့်မွေးနေ့တုန်းက ဝယ်ပေးတဲ့နာရီလေ"

"ဟိုရွှေရောင်လေးလား"

"အေး. . . အဲဒါ သူကလိုချင်တယ် ပူဆာထားတုန်း၊ ငါဝယ် တာတွေ့တော့ သူ့ရမယ်ပဲထင်ထားတာတဲ့၊ နင့်ကိုပေးလိုက်မှန်းသိ သွားတော့ ကျိုင်တွေပူပြီး ဖြတ်သွားတာ၊ ငါလည်းမတတ်နိုင်တော့ ဘူး"





"ဖြစ်ရမယ်၊ သူလိုချင်တာ သူ့ကိုမပေးဘဲ ဘာဖြစ်လို့ ငါ့ကို လာပေးရတာလဲ"

"သူက လိုချင်တယ်ပဲပြောရုံရှိသေးတာလေ၊ ပြမှမပြသေး တာ၊ နင်က ချစ်စရာလေးဆိုပြီး လက်ညှိုးညွှန်တော့. . ."

သူမသက်ပြင်းကိုခပ်လေးလေးချကာ ဗလအတွက်ပါ ထမင်း ခူးထည့်ပေးလိုက်ပါ၏။

ကိုကြီးနှင့်ချစ်စုက သူမတို့နှစ်ဦးကိုအကဲခတ်သလို ကြည့်နေ မှန်းသိပါသော်လည်း မသိချင်ယောင်သာ ဆောင်လိုက်မိလေ၏။

ဟဲ! (၅၂၈)နဲ့ (၁၅၀၀)လွန်ဆွဲပွဲမှာ သူမရဲ့ (၅၂၈)က အား ပိုပြင်းတာ လက်တွေ့ပဲမဟုတ်လား၊ စိတ်ထဲမှာတော့ အဲဒီ ဗလ ငတုံးကို မေတ္တာတွေ အတုံးလိုက်အတစ်လိုက်ပို့ပေးနေတာလေ။

မပို့ဘဲနေမလား၊ ဒင်း,ရည်းစားပြတ်ရတဲ့အကြောင်းကို ကို ကြီးရှေ့မှာ လာပြောရတယ်လို့။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၄ )

"မမ . . . ဘဘကြီးတို့ပြန်ရောက်ပြီ"

"အေး . . ."

အိမ်ဖော်မလေး မိဖူး သတင်းလာပို့သည်နှင့် အပေါ်ထပ်မှ အပြေးဆင်းခဲ့ပါ၏။ ဗလမေမေရဲ့ကျန်းမာရေးကြောင့် ချောင်းသာမှာ အပန်းဖြေအနားယူဖို့သွားရန်ပြင်ရာ ဖေဖေ့ကိုပါ အဖော်ခေါ်သဖြင့် လူကြီးသုံးယောက်သွားတာ နှစ်ပတ်တောင် ကြာသွားတာပဲ ကိုး။

"ဘယ်လိုလဲဟေ့ . . . ဖေ့သမီးကိစ္စ ထူးရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေကလည်း မထူးချင်ပါဘူး၊ အတင်းပဲထူးစေချင်နေ"

"ဟုတ်တယ်လေ၊ အဲဒါ သမီးမေမေလုပ်ပေးရမယ့်ကိစ္စ၊ ဖြ မရှိတော့ မမမေကိုပဲ လက်လွှဲထားရတာ၊ နင့်ကြီးမေ Phone ဆက်ရဲ့လား"

"ဆက်သားပဲ"

"ဒီတစ်ခါ ဘယ်သူနဲ့တဲ့လဲ"

"ဖေဖေကလည်း. . . ခရီးရောက်မဆိုက် အမောဖြေဖို့မဖြ ဘူး၊ မိုးကိုပဲ လိုက်ပူနေ"

"ဩော်. . . သမီးကညာ အခါမလင့်စေနဲ့တဲ့လေ၊ ကိုကို (၃၂)နှစ်ပေမယ့် ယောကျ်ားလေးမို့ ကိစ္စမရှိဘူး၊ ဖေ့သမီးက အရွယ် လွန်တော့မယ်. . . ဒီထက်နောက်ကျလို့ မဖြစ်တော့ဘူး၊ တတ်နိုင် သလောက်မြန်နိုင်မှဖြစ်မှာ"

"မလိုချင်ပါဘူးဆိုနေမှ၊ အဲဒီယောကျ်ားပဲ အတင်းပေးစား ချင်နေကြတာပဲ"

ဖေဖေက သူမနဖူးကို ဖတ်ခနဲထုလိုက်လေ၏၊ ပစ္စည်းတွေ ဝိုင်းသယ်ပေးနေစဉ် ဧည့်ခန်းရှိ Phone က မြည်လာလေသည်၊

"ဖူးငုံ. . . ကိုင်လိုက်"





ဖူးငုံက လက်ထဲမှသေတ္တာကို ခဏချထားလိုက်ပြီး စင်ပေါ်မှ Phone ကို ကောက်ကိုင်လိုက်လေ၏။

"ဟယ်လို. . . ဟုတ်ပါတယ်ရှင်၊ ဟုတ်ကဲ့၊ ရှိပါတယ်။ ခဏ နော်၊ မမ. . . Phone"

"ဘယ်သူလဲ. . . ဦးနိုင်လား"

"ထုတ်ဝေသူမဟုတ်ဘူးမမရဲ့"

"ဟဲ့! ဘယ်သူလဲ အရင်မေးကြည့်မှပေါ့၊ အဲဒီ မိဖူးဟာလေ၊ အဲလို. . ."

"မိုး. . . ကိုယ်ပါ"

"ဘယ်က ကိုယ်လဲ၊ ကိုယ်လည်းမသိဘူး၊ ခေါင်းလည်းမသိ ဘူး၊ ဘာတွေပြောနေတာလဲ"

တစ်ဖက်မှ ရယ်သံထွက်လာလေ၏။ ဖေဖေက မိဖူးယူလာ သေးသည့်အအေးကိုသောက်နေရင်း သူမ Phone ပြောနေတာကို နားစွင့်နေပါသည်၊

"စကားကို အဲဒီလိုကန့်လန့်ပဲပြောတတ်လားမိုးရဲ့၊ နည်းနည်း လေပါး ပျော့ပျော့ပျောင်းပျောင်းလေးလည်း ပြောတတ်အောင် ကျင့် ထားဦးမှပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အပိုတွေပြောမနေစမ်းပါနဲ့။ ရှင် ဘယ်သူလဲ။ ဘာကိစ္စနဲ့ Phone ဆက်သလဲ။ လိုရင်းတိုရှင်းပဲပြော"

"ဟင်းဟင်း. . . ကိုယ့်နာမည် ရဲကျော်စွာ။ ကိစ္စက မိုးအိမ်ကို ဒီညနေလာလည်မလို့ ကြိုပြီးအသိပေးတာလေ"

"ဘာ! "

"အားလားလား. . . ကိုယ့်နားတွေ ပင်းတော့မှာပဲ မိုးရယ်။ တိုးတိုးသာသာပြောမှပေါ့"

"မပြောနိုင်ပါဘူး။ ရှင်က ဘာအကြောင်းနဲ့ ကျွန်မအိမ်ကို လာချင်ရတာတုန်း။ မလာနဲ့။ တကတည်းမှ မဖိတ်ဘဲလာလည်ချင်တဲ့လူစားမျိုးကလည်း ရှိသေးတယ်။ ရှင့်မှာ အရှက်မရှိဘူးလား ကိုရဲကျော်စွာ။ ဧည့်သည်ဆိုတာ အိမ်ရှင်ဖိတ်ခေါ်တာတောင်မှ လည်ချင်သလို လည်လို့မရဘူး။ အလိုက်သိတတ်ရတယ်ရှင့်"

"ဒါကတော့ ကြိုက်မရှက်၊ ငိုက်မရှက်လို့ ဆိုရိုးရှိတာကိုးနိုးရဲ့။ မိုးတောင်မှ ကိုယ့်နှလုံးသားထဲကို တံခါးမခေါက်ဘဲ ဝင်လာသေးတာ။ ကိုယ်က မိုးရဲ့အိမ်တံခါးကိုပဲ လာခေါက်ချင်သေးတာပါ"

"သွားပြီ။ ရှင်တော့ ရူးနေပြီ ကိုရဲကျော်စွာ။ အဲဒါ သေချာတယ်"





"မှန်သားပဲ,မိုးရဲ့။ ရဲကျော်စွာဆိုတဲ့ယောကျ်ားတစ်ယောက်ဟာ မိုးရဲ့ရှေ့၊ မိုးရဲ့ခြေရင်းမှာ ဒူးထောက်အရှုံးပေးပြီး ရူးသွားတာ အစ်လကြာနေပြီလေ။ မာနလေး နည်းနည်းလောက်လျှော့ပေးပါအုံးနော်"

"အရှူး. . . တော်ပြီ၊ တော်ပြီ။ ကျွန်မ အလုပ်ရှုပ်နေတယ်ရှင့်၊ ရှင်နဲ့စကားပြောချိန်မရှိဘူး။ ဒါပဲ"

"မိုး,ကိုယ်တကယ်လာမှာနော်။ ဟဲလို. . ."

Phone ကို ဂွပ်ခနဲအသံမြည်အောင်ချလိုက်ပြီး မျက်စောင်းခဲလိုက်မိ၏။ အမြင်ကပ်လိုက်တာနော်။ အိမ်မှာ ဖေဖေပြန်ရောက်နေပြီဆိုမှ ဒင်းက လာလည်မလို့ဆိုပဲ။ မလာချင်နဲ့. . . ရဲကျော်စွာရေ၊ ဧည့်သည်မလာရအောင် မိုးဖိုချောင်က ငရုတ်ကျည်ပွေ့ကို အိမ်ရှေ့ဘက်လှည့်ထောင်ဖို့ကိုရော၊ တံမြက်စည်းကို အိမ်ရှေ့အပြင်ဘက် ခတ်လှည်းဖို့ကိုပါ ကျွန်မ မမေ့မလျော့လုပ်ဦးမှာပါ။

"ရော်! ဘယ့်နှယ်, အပြစ်မရှိတဲ့ Phone ကို ဘာလို့မျက်စောင်းထိုးနေရသလဲသမီးရဲ့။ ဘယ်သူဆက်တာလဲ"

"ဘယ်သူရှိမလဲ။ ကြီးမေပွဲစားလုပ်ပေးတဲ့လူပေါ့"

"ဘာတဲ့လဲသမီး။ ဖေဖေလည်းတွေ့ရအောင်လေ"



www.burmeseclassic.com

www.burmeseclassic.com



"တွေ့ချင်ရင် ညနေလာလိမ့်မယ်ဖေဖေရေ့။ ဖေဖေပဲ ညွှန်း လိုက်ချည်။ မိုးတော့ ညွှန့်ခံမယ်မထင်နဲ့"

"တယ်ဟုတ်ပါလား။ ဒီတစ်ခါတစ်ယောက်ကတော့ ခြေသွင် လက်သွက်ရှိသား။ ဘာလုပ်သလဲသမီး"

"အင်ဂျင်နီယာ"

"မဆိုးပါဘူး။ မမမေ ရွေးပေးတတ်သားပဲ"

"ဖေဖေတို့မောင်နှမ စိတ်ဝင်စားပေမယ့် မိုးကတော့ စိတ် မဝင်စားဘူး။ ဖေ, ရေအရင်ချိုးမှာမဟုတ်လား"

"အေး"

"ဒါဆိုလည်း ချိုးတော့။ ထမင်းစားရဦးမှာ"

သူမ ဖေဖေ့အခန်းထဲလိုက်ဝင်ကာ၊ ရေချိုးပြီး ဝတ်ရမည့် အဝတ်တို့ကို ရွေးပေးလိုက်ပါ၏။ ယောကျ်ားလေးမှန်လျှင် အကျႌ အဖြူဝတ်တာကိုပဲ သဘောကျပြီး အဲဒီအဖြူအောက်မှာ စွပ်ကျယ် ဖြူဝတ်ထားမှ နှစ်သက်တာလေ။ အိမ်မှာ ဖေဖေရော၊ ကိုကြီးပါ ထိုသို့အမြဲဝတ်ရပြီး အကျႌအဖြူတွေကို မိဖူးကိုပင် မလျှော်စေဘဲ သူမကိုယ်တိုင် လျှော်, မဲနယ်ဆိုးပေးတတ်တာမဟုတ်လား။ ဘယ် လောက်ပဲရှုပ်ဆိုး အကျည်းတန်နေပါစေ၊ အဲဒီလို အဖြူရောင်အင်္ကျီ





တော်ရုံရှုပ်ကို ကြည့်ပျော်ရှုပျော်ဖြစ်သွားစေတတ်သည်ဟု သူမ အစွဲရှိသည်ပဲ။

"အဲဒီအလုပ်တွေကို သမီးယူမယ့်ယောကျ်ားကိုပဲလုပ်ပေးရ တော့သမီးရဲ့"

"မလုပ်ပေးချင်ပါဘူး။ ဖေဖေ့ကိုတောင် မေမေမရှိတော့လို့ လုပ်ပေးတာ။ ကိုကြီးကိုလည်း ထိုနည်းတူပဲ။ မိန်းမယူတာ သူတို့ ဖက်လို့မြင်တာကို မခံနိုင်ပါဘူး။ အမြဲတမ်းတစ်ဖက်စောင်းနင်း မြင်တွေပဲ ကြည့်တတ်ကြကဲ့လူတွေ"

"ဖေ့သမီးကတော့လေ. . . ပြောလိုက်ရင် တစ်တစ်ခွခွကြီး အဲဒါလား. . . မိန်းကလေး"

"မိုးက မှန်တာပြောတဲ့ဟာကို"

"သမီးမေမေ ညည်းညူပြောဆိုခဲ့တာတွေကို တရားသေမှတ် ထားသင့်ဘူး. . . သမီးရဲ့။ မိန်းမဆိုတာ ယောကျ်ားတွေအတွက် ပါရမီဖြည့်ဘက်လို့ မှတ်ယူရတယ်။ ဖေဖေတို့ရဲ့ မြတ်စွာဘုရား လောင်းမှ ပါရမီဖြည့်ဘက်ရှိလို့ အမှီပြုပြီး ဘုရားအဖြစ်ကိုရခဲ့တာ။ အတ္တဆိုတာ ကိုးကွယ်သင့်တဲ့အရာမျိုးမဟုတ်ဘူး။ ဘယ်အရာကို ဆို တရားနည်းလမ်းကျကျနဲ့ တွေးတတ်မြင်တတ်ရမှာပေါ့။ သမီး



www.burmeseclassic.com

www.burmeseclassic.com



လည်း ပညာတတ်တစ်ယောက်ပဲ။ သမီးဖတ်ပြီးလေ့လာနေတဲ့ စာအုပ်တွေထဲမှာ ဗဟုသုတမျိုးစုံရှိတာကိုသိရမှာလေ။ လျှပ်စစ်တော်… ဖိုဓာတ်နဲ့မဓာတ်ရှိလို့ ဖြစ်လာရင် အဲဒီမိန်းမနဲ့ယောကျ်ားဆို… အမြင်ကို ဝင်ရိုးစွန်းတစ်ဖက်စီ ခွဲမထားချင်စမ်းနဲ့။ ဖေဖေပြော… တာ နားလည်လား"

သူမက ဖေဖေကမ်းပေးနေသည့် Towel ကိုယူ၍ Ste… တန်းမှာ ဖြန့်လှန်းလိုက်ပါ၏။ မျက်နှာကတော့ စူပုပ်ပုပ်ဖြစ်နေ… ဒါ ယောကျ်ားယူဖို့ တရားချနေတာပဲမဟုတ်ပါလား။

"မိုးက ယောကျ်ားတွေကို အခြောက်တိုက်မုန်းနေတာ… မဟုတ်ရပါဘူးဖေဖေရဲ့။ အိမ်ထောင်မပြုချင်လို့ပြောတာပဲ ရှိ… ပါ"

"အဲဒါကိုက သမီးရဲ့ တစ်ယူသန် တစ်ကြောင်းစွဲ ဒဿန… လေ။ ဝေးဝေးမကြည့်နဲ့။ သမီးတောင်မှ အဖေနဲ့အမေကြောင့် … ဖြစ်လာခွင့်ရတာမဟုတ်လား။ လူ့ဘဝရောက်လာမှတော့ လူတာ… ကျေပွန်အောင် မထမ်းဆောင်နိုင်ရင်. . . လူဖြစ်ကျိုးနပ်တော့… မဟုတ်ဘူး။ အများကြီးလျှောက်တွေးမနေနဲ့။ နည်းနည်းလေး… တွေး။ ကိုယ့်မျိုးဆက်ကလေးတော့ မဖြစ်မနေထားခဲ့ရမှာလေ"





"ဖေဖေကလည်း မိုးကို လင်ယူသားမွေးကိစ္စမျိုး ပြောစရာ လားလို့"

"အေးပေါ့. . . ဖေ့သမီးက ရှက်စရာမရှိ ရာကြံရှက်နေမှာ …ိုးလို့ အသိပေးနေရတာ။ ဘယ်သူ. . . ရဲကျော်စွာနော်။ သူလာ တော့မှပဲ စကားပြောကြည့်ရသေးတာပေါ့"

"ဖေနော်. . . သူ့ကိုမြင်တာနဲ့ ဖေ့သားမက်ဆိုပြီး မမြင်လိုက် နဲ့၊ ဟိုက နဂိုကတည်းကမှ ဖျတ်ဖျတ်လူးဖြစ်နေတာ။ တော်ကြာ ဖေ့ဆီက လိုက်လျောသိတတ်တဲ့အမူအရာကိုမြင်သွားလို့ မိုးကောင်း …င်နဲ့ ခေါင်းတက်ဆောင့်မိသွားဦးမယ်"

"ငါ့သမီးကတော့ စာရေးဆရာမပီပီ စကားကြွယ်ပါ့ကွာ။ …ဒီလောက်တော့ ဖေဖေလည်း ပါးနပ်ပါတယ်ကွယ့်။ သမီးရဲ့အဖေ …ပါ။ ဒီလောက် မအဘူး"

သူမ ပြုံးလိုက်မိပါ၏။ ဖေဖေတောင်မှ မိုးကိုယောကျ်ားယူဖို့ ဆန္ဒပြင်းပြနေပါရောလား။ ဘဝကိုတစ်ယောက်တည်း ဖြတ်သန်း ချင်ပါတယ်ဆိုမှ ဘယ်နှယ်လုပ်ရပါ့မလဲ။ Senior အတိုင်းသွားရင် ထိုကြီးပြီးမှ မိုးက အိမ်ထောင်ပြုရမှာလေ။ ခုတော့ ထိုသို့မဟုတ်ဘဲ …မိုးကိုမှ အရင်ဆုံးပြုစေချင်နေတာကိုး။



www.burmeseclassic.com

www.burmeseclassic.com



ညနေ သုံးနာရီလောက်မှာ ရေချိုးသည့်အလုပ်ကို စိမ်ပြေ
နပြေလုပ်ရင်း ခေါင်းကိုပါ တစ်ခါတည်း လျှော်လိုက်ပါ၏။ ခေါင်း
လျှော်တိုင်း အမြဲပိုင်းကူသုတ်ပေးသည့်ဗလကို သတိရလိုက်သေး
သည်။ မိုးအိမ်ထောင်မပြုဘဲ အသက်ရလာရင် သီလရှင်ဝတ်မည်
ပြောတုန်းက ဒင်းဘာပြောတယ်ထင်လဲ။ 'ကတုံးမတုံးခင် နှင့်ဆံပင်
တွေငါ့ကိုပေး' တဲ့လေ။ ဘာလုပ်ဖို့လဲမေးတော့ 'အချိန်နဲ့ရောင်းစား
မှာပေါ့' တဲ့။ ဗလတို့က အဲဒီလို။

သနပ်ခါးရေကျဲလူးလိုက်ပြီး အဝတ်အစားလဲကာ ခေါင်း
သုတ်နေစဉ် မိဖူးက တံခါးလာခေါက်လေ၏။

"ဘာတုန်း"

"ဧည့်သည်ရောက်နေတယ်"

"ဧည့်သည်, ဗလလား"

"ကိုကိုသီဟ မဟုတ်ပါဘူးမမရဲ့။ တခြားတစ်ယောက်"

"ယောကျ်ားလေးပဲလား"

"ဟုတ်တယ်"

"ကြည့်စမ်း! ဒင်းတကယ်ရောက်လာတာပါလား။ တွေ့
သေးတာပေါ့လေ"





ဆံပင်တွေသုတ်ရင်းဖြင့် အောက်ထပ်သို့ ခပ်သွက်သွက်ဆင်း
ခဲ့ ဧည့်ခန်းမှာ ဖေဖေနှင့်အတူ စကားအဖွဲ့ကျနေသည့်သူကို
တွေ့ရလေ၏။

အံမာ. . . ရုပ်အဖြူနဲ့ပုဆိုးကို ပုံကျကျဝတ်လာတာပါလား။
ဖေဖေမျက်စိကျအောင် ရှင်လုပ်နိုင်တဲ့ပုံပေါ့လေ။

"မိုး"

"ရှင် တော်တော်အရွဲ့တိုက်တာပဲနော်"

"ကိုယ်ဘာလုပ်မိလို့လဲ,မိုးရဲ့"

"ရှင့်ကိုမလာနဲ့လို့ ကျွန်မပြောပါလျက် အရှက်မရှိရောက်လာ
တာကို ပြောနေတာလေ။ နဲ့ချင်ယောင်ဆောင်မနေနဲ့"

"သမီး. . . မရိုင်းရဘူးလေ"

"ဖေဖေ ဒီလူ့အကြောင်း ဘာတစ်ခုမှမသိဘဲနဲ့ သူ့ဘက်ကို
လိုက်မပြောနဲ့လေ။ မိုး ဒီလောက်အတန်တန်ပြောထားရဲ့သားနဲ့"

"သမီးက အငယ်ဆုံးဆိုတော့ အလိုလိုက်ထားလို့ တော်တော်
ဆိုးတယ် မောင်ရဲရဲ"

"ဟုတ်ကဲ့။ ကျွန်တော်နားလည်ပါတယ်. . . အန်ကယ်"

"ဘာကိုနားလည်ရမှာလဲ။ ရှင်နားလည်စရာ ဘာအကြောင်း



www.burmeseclassic.com

www.burmeseclassic.com



မှမရှိပါဘူး"

"သမီး. . . မိုးမမ။ ဖေဖေ မကြိုက်ဘူးနော်"

အန်ကယ်က မျက်နှာတည်ဖြင့် ဝင်ဟန့်နေပြီမို့ သူမထိုင်ခုံမှာ ဆောင့်အောင့်ထိုင်ချလိုက်လေ၏။ ပေါင်ပေါ်သို့ ထွေးခနဲကျလာသည့်ဆံပင်တွေကို နောက်ဘက်သို့ ဖျတ်ခနဲဆွဲယူပို့လိုက်ပုံက တစ်မျိုးလေးစွဲဆောင်နေသည့်နှယ်။

မိုးမမရေ. . . မင်းကိုချစ်တဲ့စိတ်နဲ့ မြင်နေမိလို့ပဲလားမသိ၊ တဖြည်းဖြည်းနဲ့ မင်း ဘယ်လိုပဲလုပ်လုပ်၊ ဘယ်လိုပဲနေနေ ကိုယ့်မျက်စိထဲမှာ ကြည့်လို့ကောင်းနေတာလေ။

"မာမီနဲ့ဒက်ဒီက မိုးကိုမမြင်ဘူးသေးလို့ အန်ကယ်တို့မိသားစုကို တစ်ရက်လောက် ထမင်းစားဖိတ်မယ်လို့ပြောပါတယ်ခင်ဗျ"

"အေးပေါ့။ မိတ်ဖြစ်ဆွေဖြစ်တစ်ခေါက်တော့ ဆုံဦးမှပါပဲ"

"ကျွန်မကိုတော့ လိုက်မယ်မထင်နဲ့ ကိုရဲကျော်စွာရေ့။ အိမ်လည်တာ ဝါသနာကိုမပါတာ။ လမ်းတစ်ခါထွက်ရင် အမြဲစဉ်းစားလေ့ရှိတာက ကိုယ့်အတွက် အကျိုးရှိမရှိ၊ သူတစ်ပါးအတွက် အကျိုးရှိမရှိ။ ဒါမှမဟုတ် နှစ်ဦးနှစ်ဖက်အကျိုးရှိတာမျိုးမှပဲ သွားတတ်တယ်။ အကြောင်းမရှိအကြောင်းရှာပြီး လပ်လျှားလပ်လျှားသွားလာ





တာ၊ အိမ်လည်ပြီး အတင်းအုပ်တတ်တာမျိုး ဘယ်တော့မှမလုပ်ဘူး။ ကျွန်မကို ရှင်တွေ့ဖူးဆုံဖူးတဲ့မိန်းမတွေလို သာမန်လျှံကာမြင်ထားနဲ့"

"ကဲကြည့်! ပြောနေတဲ့ကြားက ပြောချင်တာပြောပြန်ပြီ သမီးရယ်"

"ရပါတယ် အန်ကယ်. . . သူပြောချင်သလို ပြောပါစေ။ ကျွန်တော်က မိုး ဒီလိုပွင့်လင်းပြီး မညာတတ်တဲ့စိတ်ကလေးကိုပဲ သဘောကျတာပါ"

ခပ်ပြုံးပြုံးမျက်နှာဖြင့် အန်ကယ်ဦးနွေဦးကို သူပြောတော့ သူမက သူ့ကိုအသံတိတ်အံကြိတ်ပြလေ၏။ ဘယ်လိုနည်းမျိုးနဲ့စမ်းသပ်ချင်သေးလဲ. . . မိုးမမရေ။ ကိုယ်ကတော့ မင်းအတွက် ခံနိုင်ရည်ရှိအောင် အများကြီးပြင်ဆင်ထားတာပါ။ မင်းရဲ့အစ်မဝမ်းကွဲ ဦးကနေတစ်ဆင့် မင်းရဲ့လျှို့ဝှက်ချက်တွေ၊ သတ်မှတ်စံတွေ၊ ရှောင်ရန်ဆောင်ရန်တွေကို နည်းလမ်းရှာပြီး ယူထားရတာ မနည်းနော့ပါပဲ။

ဒါတွေကိုသိသွားတဲ့နေ့တော့ ဘယ်လောက်ထိ မင်းပေါက်ကွဲသဲဆိုတာကို ကြိုမြင်မိပါရဲ့။ လူယုံတစ်ယောက်ရဲ့ Spy လုပ်ပေးမှု



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ကိုယ်ရှေ့မှာ မင်းတစ်နေ့ လက်နက်ချ အရှုံးပေးရတော့မှာ ပါ။ နည်းနည်းပါပဲ။ အချိန်လေးနည်းနည်းကို ကိုယ်စိတ်ရှည်သည်းခံပြီး စောင့်ရမှာလေ။

အိမ်နေရင်းပင်ဖြစ်လင့်စကား ဘာမှအထူးတလည်ပြင်ဆင်ခြင်းမရှိပါဘဲ ယဉ်ယဉ်လေးလှပနေသည့်မိုးကို ဂရုတစိုက်ကြည့်နေမိပါ၏။ သူမကတော့ ဆံပင်တွေကို မခြောက်သေးသဖြင့် သေ... သုတ်နေပြီး သူ့ကိုအမှတ်ထားပုံပင် မရပါချေ။ ယောက်ျားတွေရှေ့ သတိထားပြီး ဟန်ဆောင်တတ်သည့်မိန်းမတွေနှင့် ဆန့်ကျင်လှချည် လား။ ပြောချင်တာကို ရှေ့နောက်မစဉ်းစား၊ အားနာမှုအလျှင်း မရှိဘဲ ပြောချတတ်တာကိုက သူစိမ်းတွေအတွက် အမြင်ကပ်ချင် စဖွယ်ဖြစ်နေပေမယ့် သူကတော့ ကလေးလိုအပြစ်ကင်းစင်လွန်း သည်ဟုပင် ယူဆပါ၏။

ယောက်ျားတွေကို အထင်မကြီးဘူးတဲ့။ ဘာ့ကြောင့်ပါလဲ။ တစ်ဖက်စောင်းအမြင်နဲ့ သူတို့လိုယောက်ျားတွေကို အလဟဿ ကြည့်မရတာတော့ နည်းနည်းလောက်လွန်နေသလား။ ဘာပဲဖြစ် ဖြစ် သူမအထင်မကြီးသည့်ယောက်ျားအများစုထဲမှာ တစ်ဦးတည်း သောထူးခြားသည့် ယောက်ျားတစ်ယောက်ဖြစ်အောင် လုပ်ဖို့က





...ဘာဝန်ပင်၊ စိတ်ကူးထဲ ခဏလေးဖြစ်ဖြစ်ထည့်ပေးပါလား၊မိုး ...၊ ဒီရင်ဘတ်ကြီးကို လှိုက်ဖိုတတ်လာအောင် မြင်မြင်ချင်း မင်း ...နဲ့ဆင်းပေးခဲ့တာကို ဝန်ခံပါရစေလား။

"မောင်ရဲရော. . . မောင်နှမဘယ်နှယောက်ရှိသလဲ"

"မရှိပါဘူး အန်ကယ်။ ကျွန်တော်က တစ်ဦးတည်းသော သားပါ"

"ဟုတ်လား"

"ဟွန်း! ဘယ်လောက်များ ဥတစ်လုံးစိတ်ရှိလိုက်မလဲ။ မြင် ...နဲ့အသိသာကြီး"

"သမီးနော်"

"ဟုတ်တာပဲ. . . ဖေဖေရဲ့။ တစ်ဦးတည်းသောကလေးတွေ ဟာ မောင်နှမစိတ်ထားမျိုး လုံးဝမှမရှိတဲ့ဟာပဲ။ ငါ့ဖို့၊ ငါ့ဟာ၊ ငါ့ ဥစ္စာဆိုပြီး ...ခြားလူကိုလည်း ဗိုလ်ကျချင်ကြသေးတာ။ ဘယ်တော့ မှ မျှမျှတတမစဉ်းစားပေးတတ်ကြဘူး။ ဘယ်တော့မဆို ကိုယ်ပဲ အနိုင်ရချင်သလို ဘာကိုပဲဖြစ်ဖြစ် လောဘတကြီးနဲ့ အပိုင်လိုချင်ကြ သေးတာ၊ ဒါကြောင့် ဥတစ်လုံးစိတ်ရှိတာလို့ပြောတာပေါ့"

"ခက်တာပဲ. . . မိမိုးရယ်။ ညှော်သည်ကို နည်းနည်းပါးပါး

www.burmeseclassic.com



အားမနာဘူး။ ဒီလိုအပြောတွေကြောင့် နင့်ကိုလူမုန်းများတော့မှာပဲ သမီးရယ်"

"မုန်းချင်လည်းမုန်းပါစေပေါ့. . . ဖေဖေရဲ့၊ မိုးက လူတွေသဘောကျအောင် ဘက်လိုက်ပြောရတာ၊ ကိုယ့်စိတ်နဲ့ဆန့်ကျင်ပြီး သူများကို ဖားရတာမျိုးတွေကို အမုန်းဆုံးပဲ။ ဘယ်သူမှလာမချစ်လည်း သာတောင်မှကောင်းသေးတယ်။ လူဆိုတာ ကိုယ့်ကိုယ်ကိုသာအချစ်ဆုံးပါ။ သူများကိုချစ်တယ်လို့ပြောတဲ့လူဟာ အမှားကိုအမှန်လုပ်ချင်တဲ့ လူလိမ်လူညာတွေရဲ့ ဟန်ဆောင်စကားပဲ။ မိုးကတော့ မိုးကိုယ်မိုးပဲချစ်တယ်။ ဒါပဲ"

သူ ဟက်ဟက်ပက်ပက် ရယ်မောလိုက်မိ၏။ ပွင့်လင်းလွန်းလှချည်လား။ တော်ရုံယောကျ်ားဆို ဒီစကား ကြောင့် အတော်စိတ်ခုသွားမှာမှန်ပေမယ့် သူကတော့ ဘာကြောင့် ကို စိတ်မဆိုးမိတာပါလိမ့်။ သူမဘယ်လိုပဲနာအောင်ပြောပြော နားလည်ခွင့်လွှတ်ပေးနိုင်တာ သူမအပေါ်ထားရှိတဲ့ချစ်ခြင်းတွေကြောင့်ပဲ ထင်ပါရဲ့လေ။

အန်ကယ်က သူ့ရှေ့မှာမို့ သမီးဖြစ်သူကို ဒေါသဖြစ်နေပေမယ့် စိတ်ထိန်းနေပုံပင်။ ဒီသမီးတစ်ယောက်ကို ချစ်စဖွယ်ကောင်း





င် မွေးထားနိုင်ပေမယ့် ချစ်စရာမကောင်းမှာကိုတော့ စိုးရိမ်ပဲ၊ အားလုံးကိုအရွဲ့တိုက်ပြီး ဆန့်ကျင်ပြောဆိုဖို့ လူဖြစ်လာသလား,မိုးရယ်။

"မမမေနဲ့ မောင်ရဲမာမီတို့က ဘယ်လိုရင်းနှီးသွားတာလဲ"

"Class mate တွေပါ,အန်ကယ်"

"ဪ, ဒါကြောင့် အန်ကယ် မသိတာကိုး။ နေစောင်းတော့ ။ ထမင်းစောစောစားကြစို့လေ သမီးရဲ့။ မောင်ရဲလည်း ကြုံ ။ ဝင်စားသွားပါစေ"

"ဖေဖေကလည်း မိုးက ဖေဖေ့အတွက်ပဲ စေတနာထားပြီး ပြုတ်ပေးထားတဲ့ဟာကို၊ ဧည့်သည်ကိုကျွေးစရာလား"

"နေပါစေ,အန်ကယ်၊ ကျွန်တော်ပြန်တော့မှာပါ"

"နေပါဦး,ငါ့ တူရဲ့။ သမီးလက်ရာကိုမြည်းသွားစေချင်လို့ စေချင်တာပါ။ ကွယ်! သမီးရယ်။ အစားအသောက်ကို မတွန့်ကောင်းဘူးလို့ ဖေဖေဆုံးမထားပါလျက်နဲ့။ ထ! သမီးပဲ ပန်ကွေ လုပ်ကျွေးမလို့ဆို"

"အဲဒါ ဖေဖေ့အတွက်ရည်စူးပြီး လုပ်ပေးမှာ။ သူ့ဖို့မပါဘူး"

"ကြည့်ပါလား. . . ပြောရင်းကို ခွတိုက်တဲ့သမီး"



www.burmeseclassic.com

www.burmeseclassic.com



သူမက သူ့ကိုမျက်စောင်းခဲလိုက်ပြီး ဆံပင်တွေကို ဘီးဖြင့် ပတ်ကာ နောက်ဖေးဘက်ဝင်ခဲ့ပါ၏။ ဟင်းတွေက အားလုံးအဆင့်သင့်ဖြစ်နေပြီမို့ ဒီပန်ထွေဖျော် တစ်ခွက်ပဲကျန်တာပါ။ မိဖူး မီးဖုတ်ပေးထားသည့် ခရမ်းချဉ်သီး၊ ငရုတ်သီးစိမ်းအတောင့်ရှည်၊ ကြက်သွန်နီတို့ကို ရေဆေးလိုက်ပါ၏။ ကြက်သွန်ဖြူကိုအရင်ထောင်း၊ ပြီးတော့ ပုစွန်ခြောက်အကောင်ကြီး တွေကိုထည့်ထောင်းကာ ခဏ မီးဖုတ်ပြီး ရေစိမ်ထားသည့်ငရုတ်သီးကိုထည့်၊ ခရမ်းချဉ်သီးနှင့် ကြက်သွန်နီကို အခွံနွှာပြီး အားလုံးကိုရောထောင်းကာ ပန်းကန်လုံးထဲထည့်လိုက်ပါသည်။ ပဲငံပြာရည် အကြကို ဖျစ်အောင်ရောဖျော်ကာ ဟင်းချိုမှုန့်ခတ်၍မွှေလိုက်၏။ နောက်ဆုံးမှရေဆေး၍ ရိတ်ရိတ်လှီးထားသည့် နံနံပင်ကိုရောထည့်၊ ပဲဆီမွှေးမွှေးလောင်းလိုက်ရာ လိုချင်သည့်ပန်ထွေဖျော်လုပ်ငန်း ပြီးလေသည်။

တို့စရာပန်းကန်ထဲမှာ သခွားသီး၊ ပဲသီး၊ ရှောက်ချက်၊ သရက်ကင်းနှင့်ဖန်ခါးသီးကို မြင်ကောင်းအောင်ထည့်ကာ စားပွဲပေါ်၌ မိဖူးနှင့်အတူ ဟင်းခွက်တွေ ပြင်ဆင်ချလိုက်ပါ၏။ ပန်းဂေါ်ဖီကို ကြက်ဥနှင့်ရောကြော်တာကတစ်ခွက်၊ ကြက်သားဆီပြန်တစ်ခွက်၊ ဝက်သားနှင့်အာလူးရောထားသည့် ဆီပြန်တစ်ခွက်၊ ငါးရံ့ခြောက်





မီးဖုတ်ဆီဆမ်းကာတစ်ပန်းကန်၊ ဘာလချောင်ကြော်ကတစ်ပန်းကန်၊ သရက်ချဉ်သုပ်၊ ပဲနီလေးဟင်းချိုက ကြက်သွန်နီဆီသတ်ထားတာမို့ မွှေးမြနေလေ၏။

ထမင်းဝိုင်းကိုပြန်စစ်ရင်း အိမ်ရှေ့ဘက်ကို မမြင်ရပါဘဲ မျက်စောင်းခဲလိုက်မိ၏။ ဟွန်း! ဖေဖေခရီးကပြန်ရောက်လို့ ဖွယ်ဖွယ်ရာရာလေးချက်ကျွေးပါတယ်ဆိုမှ ဒင်းက ခရီးလမ်းကြုံ မုတ်ဆိတ်ဖျားစွဲရတယ်လို့ နည်းနည်းလေးမှကို မသဒ္ဒါပေါင်။

ဟိုကောင်လဒကလည်း ဘယ်သဝေထိုးနေမှန်းမသိ။ ဒင်းအကြိုက် ပန်တွေဖျော်တဲ့နေ့မှ ပေါ်ကိုမလာတော့ဘူး။ မိဘတွေပြန်ရောက်လို့ပဲ အိမ်ကပ်နေလေသလား။ တွေ့တိုင်းရန်ဖြစ်ရပေမယ့် သူငယ်ချင်းဖြစ်သူကိုတော့ စေတနာရှိတာလေ။ ညီ့ခန်းကိုထွက်လာပြီး မျက်နှာတည်ဖြင့် ဖေဖေ့ကိုခေါ်ရ၏။ ထမင်းစားတိုင်း မိုးကဘယ်တော့မဆို ဖေဖေ့ကိုကိုယ်တိုင်ခေါ်နေကျကိုး။

"ဖေဖေ. . . ပြင်ပြီးပြီ"

"အေး. . . လာ,မောင်ရဲ့။ လမ်းကြုံခိုက် ထမင်းလက်ဆုံစားကြတာပေါ့"

ထမင်းစားခန်းရောက်တော့ ဖေဖေနှင့်သူ့ကို မျက်နှာချင်း



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ပြင်ပေးထားသဖြင့် ဖေဖေက အံ့ဩသွားပါ၏။ စားချင်စွ
ပြင်ဆင်ထားသည့်ထမင်းဝိုင်းက သူ့စိတ်ကို အလိုလိုကြည်နူးသွ
စေသည်မှာအမှန်ပင်။

"သမီးရော မစားဘူးလား"

"စောပါသေးတယ်ဖေဖေရဲ့။ မိုးမှမဆာသေးတာ"

"ဘာဖြစ်လဲသမီးရယ်။ မောင်ရဲနဲ့ တစ်ခါတည်းဝင်စားလို
တာမဟုတ်ဘူး"

"နောက်မှပဲ ဗလနဲ့အတူတူစားလိုက်မယ်,ဖေဖေ။ ဒီကော
က မိုး့ပန်ထွေဖျော်ရင် အလိုလိုအနံ့ရပြီး ရောက်လာတတ်လို့"

"အေးဘုံ"

"ဟော! ပြောရင်း. . . လာပြီ။ ဒင်းအသက်ရှည်ဦးမယ်"

သူမနှုတ်ခမ်းထက်မှာ အပြုံးတို့ဖြစ်တည်လေ၏။ အိမ်ရှေ့
ထွက်ရန်ပြင်လိုက်စဉ် ထမင်းစားခန်းဝမှာ ဟိုလူနှင့်ဆုံသွားပါသည်။

"သိပ်ကောင်းတဲ့နှာခေါင်းပဲ။ ငါ့ပန်ထွေဖျော်တာ နင် ဘယ်
လိုအနံ့ရသွားလဲ ဗလရဲ့"

"ဟုတ်လား၊ ငါတော့ ဒီည ဗိုက်ကားပြီ။ ပြန်လာမှပဲစားမယ်
လေ။ ငါ ပန်းဆိုးတန်းသွားမလို့။ နင်ဘာမှာဦးမလဲ"





"ဟယ်! စာအုပ်တန်းမွှေမှာဆို၊ ငါပါလိုက်မှာပေါ့ဟဲ့"

"အပြန်မှောင်ချင်မှောင်မှာဟ"

"မှောင်မှောင်ပေါ့။ ဒီတိုင်းပဲ လိုက်မယ်။ နင် ဗိုက်ဆံပါရဲ့
လား"

"ဩော်. . . စာအုပ်သွားရွေးပါမယ်ဆိုမှ ဗိုက်ဆံမပါလို့ဖြစ်
လား၊ ကြည့်စမ်း! နင် ညနေဘက်ကြီး ခေါင်းလျှော်ထားပြန်ပြီ။
ပြီးတော့ မခြောက်သေးဘဲ ဘီးနဲ့ပတ်ထားရသလား။ ဒီလောက်
အတန်တန်ပြောထားပါလျက်နဲ့ ငါ့စကားဆို အလေးကိုမထားဘူး။
နင်ခေါင်းထဲ သွေးခဲပြီး မသာပေါ်မှ ငါ မကြိုက်တဲ့မုန့်ဟင်းခါးကို
စားရဦးမယ်"

"အဘိုးကြီးကျနေတာပဲဟယ်။ ဗျစ်တောက်ဗျစ်တောက်နဲ့
ငါ့ကိုဆူနေပြန်ပါပြီ။ ငါ လက်ကိုင်ပဝါနဲ့စည်းသွားမှာပါဟဲ့"

"ဆံပင်တွေ မရှင်းရသေးဘူးမဟုတ်လား။ အဲဒါပဲ၊ နင်တို့
မိန်းကလေးတွေဟာ အပြင်ထွက်ဖို့ဆို အလုပ်ရှုပ်ပြီ။ သွား! ကတုံး
သာတုံးလိုက်။ နင့်ဆံပင်တွေ ငါရောင်းစားပစ်မယ်"

"ကောင်းစုတ်! သူ့ငွေလိုချင်တာနဲ့ တစ်ဆိတ်ရှိ ငါ့ဆံပင်တွေ
တို မျက်စောင်းထိုးနေ။ နင်ကြိုက်တဲ့ကောင်မလေးတွေကိုတောင်



www.burmeseclassic.com

www.burmeseclassic.com



ဆံပင်ရှည်လေးတွေ ရွေးကြိုက်တာမဟုတ်လား။ ဟို သက်ငုံဖူးတို့ ခွာဝါတို့၊ ဝင်းပပတို့တွေလေ"

"လာပြန်ပြီ။ ငါမမှတ်မိတော့တဲ့ရည်းစားနာမည်တွေကို နင်ပဲသိနိုင်လွန်း။ ပေးပေး. . . ငါပဲရှင်းပေးမယ်၊ နင်ရှင်းနေရင် အချိန်က တစ်နာရီလောက်ပုပ်ဦးမှာ။ သိပ်အီးလေးဆွဲတာပဲ။ ဒါကြောင့် နင်အပျိုကြီးဖြစ်နေတာ"

"ဘာဖြစ်လဲ၊ ငါ့ဖာသာ ငါအပျိုကြီးဖြစ်နေတာ။ နင့်ခေါင်းပေါ် ရွက်ထားရတာမဟုတ်ဘူး။ စေတနာမရှိရင် မလုပ်ပေးနဲ့ရတယ်"

"ပေးပါ. . . ပေးပါ။ ကြာပါတယ်ဆိုမှ"

"ဖေဖေ. . . မိုး့သွားဦးမယ်နော်။ လိုချင်တဲ့စာအုပ်တွေ အဖော်ရှိတုန်း လိုက်ရှာလို့ရမှာ"

အဖေဖြစ်သူက ဘာမှမပြောနိုင်ဘဲ ထမင်းဝိုင်းမှာ ထိုင်ကျန်ရစ်ခဲ့၏။ သူမက ခေါင်းထက်မှဘီးကိုဖြည်ဖြုတ်ကာ ဟိုလူ့လက်ထဲ ထည့်ပေးလိုက်ပြီး အိမ်ရှေ့သို့ထွက်သွားပါလေသည်။

စားချင်စဖွယ် ထမင်းဝိုင်းက တိတ်ဆိတ်ခြောက်ကပ်သွားသည့်နှယ်။





မိုးရယ်. . .

ဒီလူက မိုးရဲ့ဆံပင်တွေကိုတောင် ခွင့်မတောင်းရပါဘဲ ကိုင်ရှိသတဲ့လား။ မနာလိုဘူး့မိုးရယ်။ ဒီလိုမျိုးပြောရအောင်လည်း ယ်က မိုးနဲ့ပတ်သက်ခွင့်ရအောင်လို့ အခုမှကြိုးစားနေရတဲ့သူပါလေ။

အန်ကယ်က သူ့မျက်နှာကိုအကဲခတ်ကြည့်လိုက်ပြီး လေပြည်အေးဖြင့် ပြောလေ၏။

"မောင်သီဟနဲ့သမီးက ငယ်ပေါင်းကြီးဖော်တွေမို့ တရင်းနှီးရှိတယ်လေ။ အစ်ကိုတွေ၊ အစ်မတွေ အရင်းအချာရှိကြတာတောင်မှ ဒီလောက်မချစ်ဘူး။ သူတို့နှစ်ယောက်ပဲ မတည့်အတူနေ။ ဦးကိုထိရင် မောင်သီဟက မခံသလို၊ မောင်သီဟကိုထိရင်လည်း ဦးကနည်းနည်းမှမခံခဲ့ဘူး။ တွေ့လိုက်ရင်လည်း သူတို့နှစ်ယောက်က ကိုက်နေတဲ့ခွေးနဲ့ကြောင်လိုပဲ။ မတွေ့ရင်လည်း တစ်ယောက်ကို တစ်ယောက်ရှာနေတာလေ။ ဝါသနာလည်းတူကြတဲ့ ပြောမနာဆိုနာ သူငယ်ချင်းတွေပေါ့။ မူကြိုတက်ကတည်းက တွဲလာတာ အခုဆို နှစ်အစိတ်ကျော်နေပြီ"

သူငြိမ်သက်စွာ ထိုင်နေမိလေ၏။



www.burmeseclassic.com

www.burmeseclassic.com



နှစ်အစိတ်တဲ့လား,မိုးရယ်။ ဒီလောက် နှစ်အတိုင်းအ
သံယောဇဉ်ကို ကိုယ် ဘယ်လိုနည်းနဲ့ ယှဉ်ပြိုင်လို့ရပါ့မလဲ။ ကို
ဘက်ကို ငဲ့ကြည့်ပေးပါဦး။ ယောက်ျားတွေကိုကြည့်မရဘူးလို့ ကြေ
ကြော်နေတဲ့မိန်းကလေးက အဲဒီကောင်လေးကိုကျ ချွင်းချက်အ
သတ်မှတ်ထားပါရောလား။ ရင်မောရတာအမှန်ပါပဲ,မိုးရယ်။

◙◙◙



## အခန်း ( ၂ )

"အဲဒီစာအုပ်ဝယ်ဖို့က. . . နင့်အတွက် အတော်အရေးကြီးသလား။ ညွှန့်သည်ရောက်နေတာကို အလိုက်မသိထွက်သွားရတယ်လို့ မိမိုးရယ်"

"သူက မိုးဖိတ်ထားတဲ့ညွှန့်သည်မှမဟုတ်ဘဲ ကိုကြီးရဲ့။ ဆိုင်မှာ စာအုပ်အသစ်တွေရောက်တယ်အကြောင်း, ကြားလို့သွားတာမိုးအပြစ်လား။ ဒီလိုအခွင့်အရေးမျိုးက တစ်ခါပဲရတယ်။ နောက်တစ်ခါဆို ကိုယ်လိုချင်တဲ့စာအုပ်က ရဖို့မသေချာတော့ဘူး"

"နင့်အတွက် ရွေးချယ်ပေးထားတဲ့လူကို နင့်စာအုပ်တွေ



www.burmeseclassic.com

www.burmeseclassic.com



လောက်တောင်မှ တန်ဖိုးမထားဘူးလား"

ကပ်သပ်မေးနေသည့်ကိုကြီးကို ဘာမှပြန်မပြောဘဲ လင်ချောင်းတွေကို ချိုးနေမိ၏။ တစ်ခါလာလည်း ဒီဗလနဲ့အတူ အပြပါသွားတဲ့ကိစ္စကိုပဲ အပြစ်ပြောချင်နေတာပါလား။ ဗလက ဘာမှဖြစ်နေလို့လဲ။ မိုးနဲ့ဘွဲ့လည်းအတူယူခဲ့တာဖြစ်ပြီး အလုပ်လုပ်ထာတောင်မှ တိုက်ကပ်လျက်မှာလေ။

မိုးက ဝတ္ထုရုပ်ပြတိုက်ဖြစ်ပြီး ဗလက ဂျာနယ်တိုက်မှာ ကိုယ်စီဝါသနာပါတာကိုလုပ်ခဲ့တာဖြင့် ကြာနေပြီ။ မိုးတို့နှစ်ယောက်အတူရှိတတ်တာကို လေးလေးဦးနေအောင်ရော အန်တီချိုပါ အာမှမပြောခဲ့။ ကိုကြီးသာ မျက်စိနောက်ပြီး အမြဲပြောနေတတ်ထာပါလေ။

"သမီးတို့လည်းထွက်သွားရော သူမျက်နှာ ကွက်ခနဲပျက်သွားတာပဲ။ ထမင်းတောင်မှ ကောင်းကောင်းမစားနိုင်တော့ဘူး။ အာနာစရာကောင်းတယ်"

"မိုးတို့က သူငယ်ချင်းတွေပါ ဖေဖေရဲ့။ သူ ဘာမှဖြစ်စရာမရှိပါဘူး။ သူနဲ့ဘာများဆိုင်လို့လဲ"

"နင် စကားကို လက်လွှတ်စပယ်မပြောစမ်းနဲ့ မိမိုး။ နင်





သက်ဆိုင်မယ့်သူမို့ သူ့မှာ အခွင့်ရှိတာပဲ။ ဒီလောက်အသွားအလာဆင်ခြင်ပါ ပြောထားလျက်နဲ့ အရွဲ့တိုက်ပြီးသွားစရာလား။ နင် ဗလနဲ့တစ်နေ့မတွေ့ရရင် မနေနိုင်ဘူးလားဟင်"

"ကိုကြီး၊ မိုးကို မဟုတ်တာရုတ်မစွပ်စွဲပါနဲ့။ ဗလနဲ့မိုးက ဒီနေ့အထိ ဖြူစင်တယ်၊ သန့်ရှင်းတယ်။ ကိုကြီးထင်ရာ ပြောစရာလား"

"သမီး. . . တိုးတိုးလေ"

မျက်ရည်က ပေါက်ခနဲကျသွားပါ၏။ ထင်ရက်လိုက်တာ။ ဒီနေ့အထိ ဗလ, သူမအပေါ် သူငယ်ချင်းလို၊ ညီမလိုသဘောထားတာ သူမအသိဆုံးပါပဲ။ နှစ်ယောက်သား မည်မျှပင် စကားများများဖြစ်ကြပါစေ၊ ဘယ်တော့မဆို နောက်ဆုံးမှာ လိုက်လျော အရှုံးပေးလေ့ရှိတာ ဗလပဲမဟုတ်လား။ သည်းခံစိတ်ရှည်ပြီး တစ်ဖက်သားကို လိုက်လိုက်လျောလျောလေး ဆက်ဆံတတ်လို့ မိန်းကလေးအများစုကြားမှာ မျက်နှာပွင့်ခဲ့ရတာ အထက်တန်းကျောင်းသားဘဝကတည်းကပါပဲ။

အားလုံးရဲ့အမြင်မှာ ဗလရဲ့မူပိုင်ရှင်အဖြစ် မိုးကိုသာ လျာထားသလိုဖြစ်နေတာကိုလည်း ဗလက ကျေနပ်စွာဖြင့် မငြင်းဆန်



www.burmeseclassic.com

www.burmeseclassic.com



ပါချေ။ ဒီလို သဘောကောင်းတဲ့ကောင်လေးမို့ ရည်းစားစကား တောင် သိပ်မပြောလိုက်ရပါဘဲ သူ့အပေါ် ပစ်ကျခဲ့တဲ့ကောင်မလေး တွေက ဒုနဲ့ဒေးပါ။ သူချစ်သူတွေ တစ်ယောက်ပြီးတစ်ယောက် ရ တာကိုလည်း သူမက အပြစ်မမြင်တတ်ခဲ့။ ဘာကြောင့်လဲဆိုတော့ သူမအပေါ်မှာ ဘယ်တုန်းကမှ ဗလ မညာခဲ့ဖူးတာကိုး။

ဤမျှထိစိတ်ရင်းစေတနာကောင်းပြီး ရိုးသားလွန်းတဲ့ဗလ ရဲ့စာရိတ္တပိုင်းကို မျက်စိမှိတ်ပြီး မိုးက ယုံကြည်နေခဲ့တဲ့သူပါ။ မိုး ရဲ့မျက်စိရှေ့မှာရော၊ ကွယ်ရာမှာပါ သူ့ရည်းစား(တွေ)နဲ့ မဟုတ် တရုတ်နေရာတွေကို မသွားတတ်တာလည်း မိုး,သိနေတာပါပဲ။ အတူသွား၊ အတူစားချိန်တိုင်းမှာတောင် မိုးကို မကြာခဏခေါ် တတ်သည်လေ။ ရည်းစားနဲ့သူငယ်ချင်းမှာ ဘယ်သူ့ကို ပိုဦးစားပေး သလဲဆိုတာကိုလည်း မိုးအသိဆုံး။ ဒါကြောင့်လည်း သူ့ကိုအူတို ပြီး (မိုးကိုမနာလိုဖြစ်ကြတဲ့) ဗလရဲ့ရည်းစား(တွေ) ဟာ လပိုင်း အတွင်း လွယ်လွယ်နဲ့ပြတ်တောက်သွားကြတာပါပဲ။

ယောကျ်ားတွေကို တစ်ဖက်သတ် အမြင်စောင်းနေမိတဲ့ မိုး အတွက် ဗလကတော့ ချွင်းချက်တစ်ခုပါ။ နှစ်ပေါင်းများစွာ အနီး ကပ်အတူရှိခဲ့တဲ့ကောင်လေးရဲ့အကြောင်းကို သိနေခဲ့သူမို့ မိုးတို့





...တ ကြိုး (မမြင်နိုင်တဲ့ကြိုး) ကို လွယ်လွယ်နဲ့ ဘယ်သူဖြတ်လို့ ...လဲ။ အများကတော့ ဗလကို 'မျက်နှာများတဲ့မောင်' ဆိုပြီး ...စားခေါ်ကာ ရှုံ့ချချင်ကြပေမယ့် အဲဒါကို မိုးက မခံမရပ်ဖြစ်ပြီး ...ဘက်မှာ မဲအပြည့် ရပ်တည်နေတတ်တဲ့သူဖြစ်နေတာပါလေ။

"နင်,ဗလနဲ့သူငယ်ချင်းဖြစ်တာ ငါမပြောလိုဘူး,မိမိုး။ ဗလ ... မိန်းကလေးတွေနဲ့ပတ်သက်ပြီး နာမည်ထွက်နေတဲ့လူ။ အဲဒီ ...ကလေးတွေကြားမှာ နင့်နာမည် အပါခံချင်လို့လား။ ပြောဦး"

"ပါစရာလား။ မိုးနဲ့ဗလ, သူငယ်ချင်းဆိုတာ လူတိုင်းသိ ...သ်"

"အေး. . . အဲဒီလူတိုင်းသိတဲ့အထဲမှာ ရဲကျော်စွာတို့မိသား ...မပါဘူးဆိုတာ နင်ထည့်စဉ်းစားဦးလေ။ ဘယ်သူမဆို ကိုယ်ကြိုက် ...တဲ့မိန်းကလေးနဲ့သူစိမ်းယောကျ်ားလေးရင်းနှီးနေတာကို ကြည် ...ချင်ပါ့မလား။ ပြီးတော့ နင့်ကိုခေါင်းသုတ်ပေးတာ၊ ဆံပင်ကျစ် ...တတ်တဲ့ကိစ္စတွေ ရပ်တော့။ ကလေးမဟုတ်တော့ဘူး။ အဲဒီထိ ...ိုက်ပြောနေရတာတော့ လွန်ပြီ"

သူမ၊ ကိုကြီးကို စူးခနဲကြည့်လိုက်မိပါ၏။ ဒင်းနဲ့ပတ်သက် ...ှင့်မရသေးတာတောင်မှ ထောင့်စေ့အောင် ချုပ်ချယ်ချင်နေပါပေ့



www.burmeseclassic.com

www.burmeseclassic.com



လား။ မုန်းစရာကောင်းလိုက်တာနော်။ ရဲကျော်စွာ၊ ရှင်က ဗလ
နေရာကို ဝင်ယူချင်ရအောင် တူရောတူပါရဲ့လား။ ဒီလောက်နှ
အစိတ်ကျော်ရှိနေတဲ့လူနဲ့ လပိုင်းလေးလောက်သာ သိခွင့်ရတဲ့လူ
ကို ယှဉ်ရလောက်အောင် ရှင့်ဦးနှောက် Memory Card က
loose ဖြစ်နေတာပဲထင်ပါရဲ့။

"မိုးတို့သူငယ်ချင်းနှစ်ယောက်ကို သွေးကွဲအောင်လို့ ကိုကြီး
မပြောပါနဲ့။ မိုးခေါင်းလျှော်တိုင်း ဆံပင်သုတ်ပေးတာ၊ ဆံပင်ကျ
ပေးတာ။ အခုမှ ဗလလုပ်ခွင့်ရတာမှ မဟုတ်တာ။ အထက်တန်း
တုန်းက မိုးကိုသနပ်ခါးပါးကွက်တောင် ကွက်ပေးခဲ့တဲ့ဟာကို။ အနု
မှအထူးအဆန်းလုပ်ပြီး ဝိတ်ပင်တားဆီးချင်ရလား။ မကြိုက်ဘူး
မိုးကိုမပြောနဲ့"

"မိမိုး"

"သား တော်တော့ကွာ။ အေးအေးဆေးဆေးပြောရမယ့်
ဟာ။ အခုအော်ဟစ်ပြီး ဆူညံနေပြီ"

"အဲဒါ ဖေဖေ့သမီး ပြန်ခံပက်နေလို့လေ။ အတော်ခေါင်းမာ
တဲ့ဟာလေး"

"မိုးခေါင်းမာတာ ကိုကြီးသိသားပဲ။ ဘာဖြစ်လို့လာပြောနေ





ဘာလဲ။ အဲဒီလူနဲ့ နောက်တစ်ခါတွေ့မှ မှတ်လောက်သားလောက်
အောင်ကို ပြောဦးမှာ"

"သမီးရာ. . . ဖေဖေတို့က သမီးအတွက်ပြောနေတာလေ။
ဘယ်လိုဖြစ်ပြီး တစ်ဇွတ်ထိုးလုပ်ချင်နေရတာလဲ"

"ဖေဖေနဲ့ကိုကြီးပြောနေတာကရော ဟုတ်နေလို့လား။ သူက
မိုးရဲ့ချစ်သူဆိုရင်တော့ထားပါ။ ပြောပါ။ ရတယ်။ ဒါကို မိုးနားလည်
ပေးနိုင်တယ်။ အခုက ဘာမှမဟုတ်သေးဘဲနဲ့ ခုကတည်းက သူ့
ဘာတိပြနေတာတော့လွန်ပြီ"

"ဟ! အခုပြောနေတာ ရဲကျော်စွာ မကျေနပ်လို့ပြောသွား
တယ်များ နင်ထင်နေလား။ သူ့နေရာက ကိုယ်ချင်းစာပေးပြီးပြော
နေရတာ။ အဲဒီလိုယောကျ်ားတွေကို တစ်ဖက်သတ်အပြစ်မြင်နေ
တဲ့စိတ်ကို. . . လျှော့စမ်း! "

"အဲဒါ မိုးရဲ့ကိုယ်ပိုင်ခံစားချက်ပါ။ ကိုကြီးဝင်ပြောစရာမလို
ပါဘူး။ ကိုကြီးနဲ့ချစ်စုတို့ကိစ္စကိုတောင် မိုးဝင်စွက်ဖက်ဖူးလို့လား။
ကိုကြီးလည်း မိုးရဲ့ကိုယ်ရေးကိုယ်တာကို ဘာအကြောင်းကြောင့်နဲ့
မှ ပြောပိုင်ခွင့်မရှိဘူး"

"ကျွတ်! ပြောနေရင်း ချစ်စုကိစ္စက ဘာလို့ပါလာရတာလဲ။



www.burmeseclassic.com

www.burmeseclassic.com



မဆိုင်လိုက်တာ”

“မဆိုင်ရင် ကိုကြီးလည်း မပြောနဲ့။ အဲဒီ ရဲကျော်စွာကို မိုး မမက အပြတ်ပြောထားပြီးသား။ သူ့ရှေ့ကို ဘာမှဆက်စရာမရှိဘူး။ မိုးနဲ့ဗလကိုအပြစ်မြင်ရင် အဲဒီမြင်တဲ့လူဟာ မိုးရဲ့ရန်သူပဲ။ မိုး, ဒီအရွယ်ထိ ရှင်သန်ကြီးပြင်းလာခဲ့တာ။ ဒီနေ့ဒီအချိန်ထိ ဘယ်လိုအမှားမျိုးမှမလုပ်ခဲ့ဖူးဘူး။ မိုးကိုယ်မိုးထိန်းနိုင်တယ်။ ရပ်တည်နိုင်တယ်။ မိုးရဲ့သမိုင်းကို မိုးကလွဲပြီး ဘယ်သူမှဝင်ရေးပိုင်ခွင့်မရှိဘူး။ မိုးက,ကလေးမဟုတ်တော့ဘူးကိုကြီးရဲ့။ တော်ပြီ။ ပြောစရာမရှိ တော့ရင် မိုး,နားတော့မယ်။ တောက်! ရဲကျော်စွာ. . . ရှင့်ကို တအားမုန်းတာပဲသိလား”

“ကဲ. . . ကြည့်”

သူမအခန်းထဲဝင်သွားတော့ ဖေဖေက သားဖြစ်သူကိုလက်ပြ၍ တားလိုက်ပါသည်။ ဒေါသတွေကြီးနေလိုက်တာများ ပါးဖျဉ်းထောင်နေသည့်မြွေဟောက်နှယ်ပင်။ ခက်သေးတယ်. . . မိမိုးရယ်။ ညည်းကိုဘယ်လိုပုံစံခွက်ထဲမှာထည့်ပြီး ပညာပေးရပါ့မလဲ။ ဖေဖေက သူ့ပခုံးကိုအသာပုတ်၍ နှစ်သိမ့်ပေးပါ၏။

“ဖေဖေ့သမီးက ဖေဖေ မဆုံးမခဲ့လို့ ဒီလောက်ထိ ဆိုးသွမ်း





တာ။ အမေမဲ့သွားတဲ့ကလေးဆိုပြီး ကျွန်တော်တို့အလိုလိုက်ခဲ့ မှားပြီထင်ပါရဲ့”

“ဒီလောက်ထိလည်းကလေးကို အပြစ်မမြင်ပါနဲ့ သားရယ်။ ညီမအကြောင်း သားအသိဆုံးပဲမဟုတ်လား။ သူက သူ့ကို လုပ်တာ ဘယ်တုန်းက ကြိုက်ခဲ့လို့လဲ။ သူ့စိတ်နဲ့သူပဲနေလာ ။ ငယ်ငယ်တုန်းကတောင် သူ့စိတ်ကူးနဲ့သူ စာကျက်ခဲ့တာပဲ ။ လူကြီးက စာကျက်လို့ပြောရင် စာအုပ်ပိတ်ပြီး အိပ်ရာမှာ ပ်ရော။ အဲဒီလိုကန့်လန့်လုပ်တတ်တာ သားလည်းသိရဲ့သား သူများက ဒါဆိုရင် သူက ဟိုဟာဆိုပြီး အရွဲ့တိုက်ပြီးလုပ်တဲ့လူ”

“ဒါပေမဲ့. . . အဲဒါတွေက အကြောင်းမဟုတ်ဘူးလေ ဖေဖေ ။ အခုဟာက သူ့ဘဝအတွက် အရေးကြီးလို့ပြောနေရတာလေ”

“နေပါစေ, ထားလိုက်။ သူကလေးမဟုတ်တော့ဘူးလို့ပြော ဘယ်မဟုတ်လား။ သူ့စဉ်းစားတတ်တယ်”

“မဟုတ်တရုတ်လူစားမျိုးနဲ့ ရသွားမှာ စိုးရိမ်လို့ပြောနေတာ ဖေဖေရာ”

“အဲဒီလောက်ထိတော့ ဖေဖေလည်း ဘယ်အဖြစ်ခံပါ့မလဲ, ရယ်။ သူ့ကိုမောင်သီဟစောင့်ရှောက်နေတာပဲဟာ။ သူမှာ



www.burmeseclassic.com

www.burmeseclassic.com



ရင် မောင်သီဟ တားလိမ့်မယ်"

"အဲဒီဗလကြောင့်ပဲ"

"သူ ဘယ်သူ့ကိုရွေးမလဲဆိုတာ သူကိုယ်တိုင် ဆုံးဖြတ်နိုင် တယ်။ စိတ်ပူမနေနဲ့"

"ဟင်း! ခွစာမ. . . ဖအေနဲ့အစ်ကိုထက် ဗလကိုပိုချစ်တဲ့ ကောင်"

"ဟင်းဟင်း. . . သားတောင်မှ ပိုချစ်လို့ ချစ်စုကိုရွေးထား တာမဟုတ်လား။ သူ့ဘက်ကိုယ့်ဘက်မျှတကြည့်တတ်မှပေါ့ ကိုရ ရယ်"

"အာ. . . ဖေဖေကလည်း"

မျက်နှာရဲသွားသည့်သားဖြစ်သူ၏ကျောကို အသာပွတ်ပေး လိုက်ပြီး ဦးနွေဦး တီးတိုးရယ်မောလိုက်မိ၏။ ဒီသမီးတစ်ယောက် ဟာ ဘိုးအေညဉ်၊ ဘိုးအေစိတ်နဲ့ တစ်ထပ်တည်းကျအောင် မွေးလာ ခဲ့တာလေ။ အရာရာကို သူသိသူတတ်ဆိုပြီး စကြောက်မရွံ့လုပ် တာ၊ ထက်မြက်တာ၊ ဖွဲ့ထက်သန်တာတို့ မိန်းမမှမဆန်တာဘဲ။

မိုးမမရေ. . . သမီးက ဖေဖေ့သမီးပါ။ သမီးရဲ့စိတ်ကို ဖေ ဖေမှ မမြင်တတ်၊ မကြည့်တတ်၊ နားမလည်တတ်ရင် ဘယ်သူက





ဘူး သိနိုင်ဦးမှာတဲ့လဲ။

၉

"တောက်! ခင်းကြောင့်. . . ခင်းကြောင့်။ ခင်းသာ လျှာရှည် ပြီး အိမ်ရောက်မလာရင် ခုလို အဆူခံရမှာမဟုတ်ဘူး။ ငါနော်။ ချစ်ဆိုထဲသာ ခင်းကိုထည့်ထောင်းချင်တော့တာပါပဲ။ အမြင်ကပ် လိုက်တာ"

နှုတ်မှတရစပ်ရေရွတ်ကာ အခန်းထဲမှာ တစ်ယောက်တည်း လှိုင်လျှောက်နေမိ၏။ ဒါတောင် ကြည်ကြည်ဖြူဖြူချိုချိုသာသာလေး ပြောဆိုမိတာမျိုးမရှိပေလို့ဘဲ။ အဲဒီလိုသာပြောမိလို့ကတော့ ဘယ် လောက်ထိ ခင်းကမ်းတတ်လိုက်မလဲမသိ။ ဒီလောက်မနှစ်သက်ပါ ဘူးလို့ အပြတ်ပြောနေတာတောင် ခြေကိုရှေ့လှမ်းလာချင်နေတာ။ နေနှင့်ဦး။ ခင်းရဲ့ရှေ့ရောက်လာမယ့် ခြေနှစ်ချောင်းကို ရိုက်ကိုချိုး ပစ်မယ်မှတ်။

"ကျွစ်! စာမူပို့ချင်တဲ့စိတ်လေးတောင် ဘယ်ရောက်သွားလဲ မသိတော့ဘူး။ အဲဒါပဲ. . . ခင်းလုပ်လို့ ငါဦးနှောက်ထဲရှုပ်ရတာ။



www.burmeseclassic.com

www.burmeseclassic.com



ကောင်းကျိုးတစ်စက်လေးမှမပေးတဲ့လူ။ ရှင့်မှာရှင့်ဂုဏ်ပုဒ်နဲ့
ကလေးတွေအများကြီးဝိုင်းနေမှာပါ. . . ရဲကျော်စွာရဲ့၊ အဲဒီ
စိတ်တိုင်းကျရွေးချယ်ပါတော့လား။ ဘယ့်နှယ်, ခေါင်းမာပါ
ဆိုတဲ့မိန်းမကိုမှ မျက်စိလာကျရတယ်လို့။ ဟိုကောင် ဗလကလ
ခုတလော ပျောက်ပျောက်နေတာကြာပြီ၊ ဘယ်သဝေထိုးနေ
သလဲမသိဘူး။ စာမူပို့ရင်လိုက်မယ်ပြောထားပြီး အလကားပဲ။
တွေကြောင့် နင်တို့ယောကျ်ားတွေကို ငါကြည့်မရတာပေါ့။
လည်း မိုးမမပဲ လွှန်တယ်ပြောကြဦးမယ်"

မှန်ကုပ်ကုပ်မျက်နှာမှာ ကြည်လင်သွားချေပြီ။ ညတုန်
စာလုံးပေါင်းသတ်ပုံစစ်ထားပြီးသွားသည့်စာမူ (စာမျက်နှာ
ဗလာစာအုပ်ထူ) ကို အံဆွဲထဲမှထုတ်လိုက်၏။ Packing Pa
အပြာနုရောင်လေးကို တစ်ဝက်ညီညာအောင် ကတ်ကြေးဖြင့်
ကာ စာအုပ်နှင့်သေချာတိုင်းတာ၍ခေါက်ကာ ဖုံးလိုက်ပါသည်
ပြုတ်ထွက်မလာစေရန် solo tape ဖြတ်၍ ရှေ့နှစ်နေရာ၊ နော
နှစ်နေရာ အထက်နားထောင့်လေးတွေမှာကပ်၍ စာအုပ်ဖုံးခြ
လုပ်ငန်းကိုအဆုံးသတ်၏။ အတွင်းဘက်မှ 'ရင်နင့်အောင်မှ'
သည့်ခေါင်းစဉ်စာလုံးကို ပေတံအဝိုင်းပေါက်နှင့် ခပ်ကြီးကြီး





တာကို မင်စိုအနက်ဖြင့် ထပ်ပြီးပေါ်လွင်အောင် ရေးလိုက်ကာ
တာတ်ထူအိတ်ထဲ ထည့်ပိတ်လိုက်ပါသည်။

မနက်ဖြန်သွားပို့ဖို့ Ready ပဲ. . . ဗလရေ့၊ နင်မလိုက်လို့
ငါတစ်ယောက်တည်းသွားပို့ရင် နောက်မှပွစိပွစိရေရွတ်မယ်မကြံ
နဲ့၊ ငါ့စိတ်က ခုဆိုခုပဲ၊ နောက်ဆိုတာ ဘာမှသေချာတာမဟုတ်ဘူး
သေ၊

"ဒေါက်!. . . ဒေါက်! "

"မမ"

လာပြန်ပြီ။ မိုးအေးအေးနဲ့ တစ်ရေးလောက်မှေးမလားကြံ
တုန်း ခေါ်ပြန်ပါရောလား။

"ဘာလဲ"

"ကြီးမေ phone ဆက်တယ်။ မမဦးမွေးတော့မယ်တဲ့။ အဲ့ဒါ
(. . .) ဆေးရုံကိုလာခဲ့ပါဦး။ မှာလိုက်တယ်"

"ဟင်! ဖေဖေရော. . . ကိုကြီး မရှိဘူးလား"

"ဘဘက ကုမ္ပဏီကလူကြီးဖိတ်လို့ဆိုပြီး ညစာစားဖို့သွားပြီ။
ကိုကိုကြီးက အခုလေးတင်ထွက်သွားတာပဲ"

"ဘယ်သွားမယ်မပြောဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း"

"ဒုက္ခပါပဲ။ အရေးအကြောင်းဆို မရှိကြတော့ဘူး။ နေတော့ ငါ ဗလကိုပဲ ခေါ်သွားလိုက်တော့မယ်။ အိမ်တံခါးတွေ ပိတ်ထား နော်။ မှောင်မှပြန်လာကြမှာ"

"ဟုတ်"

သူမ ထီးတစ်ချောင်းယူ၍ တစ်ဖက်ခြံသို့ကူးလာခဲ့ပါ၏။ နို အေးအေးနဲ့ အိပ်များ ပျော်နေကြပြီလား။ မိုးက မိုးတွင်းမွေးခဲ့ လားမသိ။ မိုးရွာတာကို အင်မတန်နှစ်ခြိုက်ပါသည်။ ဗလကတော့ ယောက်ျားလေးဖြစ်ပေမယ့် မိုးရေစိုစိစိထဲ လမ်းလျှောက်ရမှာ အင်မတန်ကြောက်သည်လေ။

"ဗလရေ. . . ဗလ"

"ဟဲ့! သမီးမိုးလား"

"ဟုတ်ပါတယ်အန်တီ။ ဗလရှိလား"

"မရှိဘူးသမီးရဲ့။ အပြင်သွားနေတာ ပြန်မလာသေးဘူး ဘာပြောချင်လို့လဲ"

"ဩော်. . . အရေးဆို အားကိုမကိုးရဘူး။ မမဦး မွေးတော့ မယ်ဆိုလို့ ဆေးရုံလိုက်သွားမလို့အန်တီရဲ့။ ဗလပြန်လာရင်(. . .





ဆေးရုံကိုလိုက်လာဖို့ ပြောပေးပါနော်"

"အေးအေး. . . သမီးတစ်ယောက်တည်း သွားလို့ဖြစ်ရဲ့ လား"

"ဖြစ်ပါတယ် အန်တီ။ မိုး Taxi နဲ့ပဲ သွားမှာပါ"

"ကြည့်သွားဦးနော်သမီး။ ရေတွေနဲ့ ချော်လဲမယ်"

"ဟုတ်ကဲ့"

လမ်းထိပ်ထိ လမ်းလျှောက်လာခဲ့ရစဉ် တော်တော်မောနေ ချေပြီ။ အဲဒါ ဗလမရှိတဲ့ဒုက္ခလေ။ သူရှိနေရင် သူ့ကားနဲ့ အပြင်ကို အချိန်မရွေးသွားလို့ရတာမဟုတ်လား။ မိုးကလည်း စနေနေ့က တည်းက ရွာနေတာ။ ဒီနေ့ထိ တစိမ့်စိမ့်ဖြင့် မတိတ်သေး။

အိမ်နေရင်း အမြန်ထွက်လာသဖြင့် လက်ပြတ်အကျႌဝတ် ထားရာ လေအဝှေ့ စိမ့်ခနဲအေးသွားရလေသည်။ ဟိုကောင်မြင်ရင် သူမကိုပြောဦးမှာပဲ။

မိုးရွာနေတာမို့ Taxi တွေက တော်တော်နှင့်ပေါ်မလာ။ နံပါတ်အနက်နှင့်တစ်စီးလာနေတာကိုလှမ်းတား၍ မမဦးရှိနေမည့် ဆေးရုံ(ပုဂ္ဂလိကဆေးရုံ)သို့ လာခဲ့ပါ၏။

ရေစိုနေသည့်ထီးကို တံခါးစောင့်ဝန်ထမ်းဆီအပ်ခဲ့ပြီး Lift



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် အပေါ်သုံးလွှာကို တက်ခဲ့ပါသည်။ လူနာလက်ခံရာဌာန စုံစမ်းတော့ သုံးလွှာ၊ အခန်းက (၂၀၈) တဲ့။ အခန်းနံပါတ် ကိုမော့ကြည့်လာရင်း တွေ့မှ တံခါးကိုအသာတွန်းဖွင့်လိုက်ပါ၏

"မမဦး"

"မိုးလား... လာလေ"

"ဘာလေးမွေးလဲ"

"သားလေး"

သူမမျက်နှာလေး ရှုံ့လိုက်မိပါ၏။ အထဲကိုဝင်လိုက်မှ တွေ နေသလိုဖြစ်နေသည့်ခုံမှာ ထိုင်နေသည့် ရဲကျော်စွာကို မြင်လိုက် လေသည်။ ကြည့်စမ်း! ဒင်းက ဘယ်အချိန်ကတည်းက ရောက် တာပါလိမ့်။

"မမဦးကလည်း သမီးလေးမွေးတာမဟုတ်ဘူး။ သား တာ သူများအတွက်တဲ့။ သမီးမွေးမှ ကိုယ့်ဖို့ဖြစ်မှာပေါ့"

"လာပြန်ပြီ၊ ရတာယူရတာပဲ မိမိုးရဲ့။ သမီးလိုချင်ရင် ကို ဟသာကိုယ် ယောကျ်ားယူပြီး မွေးအေ။ ညည်းနဲ့တူရင် ချော လေးရမှာ"

"မမဦးနော်"





သူမမျက်နှာရဲသွားပေမယ့် သူက ကျိတ်ပြုံးလိုက်တာမို့ မျက် စောင်းခဲလိုက်မိ၏။ သံပုခက်တွင်ရှိနေသည့် နီတာရဲလေး ပေါက် စလေးကို လှမ်းကြည့်လိုက်ပြီး အသည်းယားနေမိပါသည်။

"အင်း... ဒီလိုပိစိလေးကနေကြီးလာဖို့ နောက်(၁၅)နှစ် လောက် ပြုစုကျွေးမွေးရဦးမှာ။ ကလေးက လိမ္မာရင် အကြောင်း မဟုတ်ဘူး။ မလိမ္မာရင် အမေက မျက်ရည်ကျရဦးမယ်"

"အမယ်လေးနော်။ ပြောနေပုံက တရားပြည့်ယောဂီလေသံ ။ ညည်းအသက်လည်း ညည်းပြန်စစ်ကြည့်ပါဦး... မိမိုးရယ်။ ငယ်ကတည်း... အမြင်ကပ်အောင်ကိုပြောတတ်တယ်"

"မိုးပြောတာ အမှန်တွေပဲဟာကို"

ရဲကျော်စွာက မအောင့်နိုင်တော့ဘဲ ရယ်ချလိုက်လေ၏။ အဲ ဒါ၊ သူမနဲ့တွေ့ရင် မကြားဖူးတဲ့စကားမျိုးတွေကို အဆန်းတကြယ် ကြားရတတ်တာလေ။ ဆံပင်တွေကို ကျစ်ဆံမြီးတစ်ချောင်းတည်း ကျစ်ထားပြီး အကျႌလက်ပြတ်လေးဝတ်လာကာ လုံချည်အောက် နား ရေစိုနေပုံက ညနေစောင်းမှာ တစ်မျိုးလေးကြည့်ကောင်းနေ တာလေ။ အိမ်နေရင်း အမြန်ထွက်လာပုံပါလား။

"ကြီးမေရော"



www.burmeseclassic.com

www.burmeseclassic.com



"အန်တီဂျူလီယာနဲ့ ခုနလေးတင် ပြန်သွားပြီ။ ညက
က တစ်ရေးမှမမှေးရသေးလို့ ပြန်နားခိုင်းလိုက်တာ"

"ကိုကိုထွန်းက မစောင့်ပေးဘူးလား"

"စောင့်စရာလား။ OG နဲ့အပ်ထားတာ OG ပဲ တာဝ
ပေးတာပေါ့။ Duty ဝင်နေတာ ရောက်လာမှာပဲ"

"ဟွန်း! ကိုယ့်မိန်းမ ကလေးမွေးတာကို တစ်ချက်လေး
ဖော်မရဘူး။ တော်ပြီ. . . ကိုကိုထွန်းကို တစ်မှတ်နှုတ်တယ်"

"ငါသိပါတယ်။ ညည်းက ဘယ်ယောကျ်ားကိုမှ အမှတ်
ပေးမယ့်သူမဟုတ်ပါဘူး"

"မမဦးနော်. . . သူ့သားရသွားတာနဲ့ မိုးကိုမချစ်တော့
အစကတော့ မိုးကိုအငယ်ဆုံး. . . အချစ်ဆုံးဆို"

"ညည်းက ချစ်ချင်စရာကောင်းတာကိုး။ လူကြီးတွေက
ဆိုရင် ညည်းက ဟိုလိုလုပ်ချင်နေတာလေ။ မချစ်ဘူး။ ပြော
နားမထောင်တဲ့ကလေးကို ဘယ်သူမှမချစ်ချင်တာ သဘာဝ

သူမခြေတစ်ဖက်ဆောင့်လိုက်မိ၏။ ကလေးနဲ့အပြိုင်လို
ပြီး စိတ်ကောက်ချင်တာ မှန်ပါရဲ့လား။

အရယ်မျက်နှာဖြင့် လှမ်းကြည့်လိုက်သည့်သူက သူ





လာပြီး တီးတိုးပြောလိုက်လေသည်။

"မမဦး,မချစ်လည်း မိုးကိုချစ်မယ့်သူ ရှိပါသေးတယ်ကွာ"

"ရှင်နော်! ဘာစကားပြောတာလဲ"

"မြန်မာစကားလေ,မိုးရဲ့။ နားမလည်လို့လား"

"ဘာမြန်မာစကားလဲ။ ရှင့်စကားက"

သူမတံတောင်ဖြင့်တွက်လိုက်တော့ သူက ရင်ဘတ်ကိုဖိလိုက်
လိုက်လေ၏။ ဆေးရုံပေါ်မှာ မွေးလူနာလာကြည့်ရင်း ရည်း
ကားပြောတာမျိုး ကြုံဖူးကြရဲ့လား။ သူက တကယ်ပြောဖြစ်ခဲ့
ါလေ။ မျက်စောင်းပါမက လက်စောင်းလည်း ထက်နေတာပါ
မိုးရယ်။

"အေးဘုံ"

"ဟော! ခုမှလာရလား,ဗလရဲ့။ ငါ့မှာ မိုးရေထဲ တစ်ယောက်
ထွက်လာရတာသိရဲ့လား"

"ငါအလုပ်ရှိနေလို့ပါဟာ"

"ဘာအလုပ်လဲ။ နင့်ရည်းစားတွေ လိုက်ပို့နေရတဲ့အလုပ်
လား။ ဟွန်း! အမြင်ကိုကပ်တယ်"

"မဟုတ်ပါဘူးဟ။ နင်ကလည်း ပြောတော့မယ်။ ဗွတ်! ရှော့



www.burmeseclassic.com

www.burmeseclassic.com

အကျႌလက်ပြတ်လေးနဲ့ ထွက်လာပြန်ပြီ။ ဝတ်ထားဦး။ တော်

အအေးမိပြီး ဖျားနေဦးမယ်”

ဗလချွတ်ပေးလိုက်သည့်ဂျာကင်ကို သူမ ယူဝတ်လိုက်

သူ့မျက်နှာက အီလယ်လယ်။ မိုး. . . ကိုယ့်မျက်စိရှေ့မှာ ကိုယ်

အောင့်အောင် ဘယ်နှကြိမ်များလုပ်ဖို့ ရည်ရွယ်ထားပါသလဲ

“ဘာလေးလဲ. . . မမဦး”

“ယောက်ျားလေး”

“တစ်တုံးတစ်ခဲကြီးပါလား။ ဘယ်နှပေါင်ရှိသလဲ”

“ရှစ်ပေါင်နှစ်အောင်စ”

“ဟဲ့! နင့်လက်အေးကြီးနဲ့ မထိနဲ့လေ။ ကလေးနိုးသွား

ပေါ့”

ကလေး၏ပါးလေးကို သွားထိလိုက်တာမို့ ကလေးက အဲ

အော်ပြီး နိုးလေ၏။ ဗလက သဘောကျစွာ ရယ်လိုက်ပြီး က

ကိုပွေ့ချီလိုက်ပါသည်။

“ဟာ! အသံက အငဲလိုပဲ Heavy ကြီးပါလား။ မင်းကြီး

ရင် အဆိုတော်လုပ်ကွနော်”

“ဟယ်. . . ဗလရယ်။ ပြုတ်ကျတော့မှာပဲ။ နင်မလျော်





သူများကလေးကို”

“ပေးပေး. . . မမဦး နို့တိုက်လိုက်မယ်,ဗလ”

“ငါ ကလေးချီတတ်ပါတယ် အေးဘုံရ။ မမနန္ဒာ, ရာဇာ့ကို

န်းက ပိုင်းထိန်းပေးခဲ့တဲ့ဟာပဲကို”

မမဦး ကလေးနို့တိုက်ရန်ပြင်တော့ သူမက ပြတင်းပေါက်

ဆီ မျက်နှာလွှဲ၍လျှောက်လိုက်ပါ၏။ ဗလကတော့ မမဦးနား

ရစ်ခဲ့လေသည်။ အင်းလေ. . . ဗလက အစ်မဖြစ်သူနှင့်တရင်း

နေခဲ့တာမို့ မမဦး ကလေးနို့လှန်တိုက်တာ အဆန်းမှမဟုတ်

တာဘဲ။ ရဲကျော်စွာပါ သူမအနားလာရပ်လိုက်သဖြင့် ခြေလှမ်း

ခပ်ဝေးဝေးသို့ ရွှေ့ရပ်လိုက်ရသည်။

“ဖေ့သားကြီးက ချီချီစို့နေပြီကိုး”

ကိုကိုထွန်းအသံကြောင့် အခန်းဝသို့ လှည့်ကြည့်လိုက်စဉ်

Duty coat ကိုယ်စီနှင့် ဆရာဝန်တွေ လေးငါးယောက် ဝင်လာကြ

သော၏။ ဗလပါ ဆရာဝန်တွေကိုနေရာဖယ်ပေးပြီး ကလေးသံပုခက်

းမှာ ရပ်လိုက်ပါသည်။

“ဂုဏ်ယူပါတယ်အစ်မ”

“ကြော်. . . ရပါတယ်။ ဒေါက်တာတို့ရယ်”



www.burmeseclassic.com

www.burmeseclassic.com



"Duty ထွက်မို့ ဘာမှဝယ်မလာဖြစ်ဘူး။ မနက်ပြန်မှနော်"

"နေပါစေ ဒေါက်တာ. . . မယုတ်တာ"

"ဒေါက်တာ တင်ထွန်းအောင်က သားဦးရပြီဆိုပြီး ကျွန်တော်တို့ကိုကြွားနေတာဗျ"

ရယ်သံ ခပ်အုပ်အုပ်ထွက်လာပါ၏။ ဗလက သူမကိုလှမ်းကြည့်က ပြန်မလားဟု မေးဆတ်ပြလိုက်လေသည်။

"ပြီးရင်ပြန်မယ်လေ။ ခဏစောင့်လိုက်ဦးမယ်"

သူမ တိုးတိုးလှမ်းပြောလိုက်စဉ် (ဆရာဝန်အုပ်နောက်ဆုံးမှာရှိနေပြီး) သူမကိုကျောခိုင်းထားသည့်ဆရာဝန်တစ်ယောက်၏ ဖျတ်ခနဲလှည့်ကြည့်လိုက်လေ၏။

"ဒါ. . . မိုးလေးလား"

"ရှင်! "

လှည့်မေးလိုက်သည့်ဆရာဝန်လေး၏မျက်နှာကို ရုတ်တရက် မြင်လိုက်ရစဉ် သူမတစ်ကိုယ်လုံး အေးစက်တောင့်တင်းသွားရလေ၏။ ဘုရားရေ! ကိုကို. . . မိုးရဲ့ကိုကိုဖြစ်နေပါရောလား။ ဒေါက်တာမြင့်မိုရ်ကျော်အစစ်ဖြစ်နေတာပါလေ။

◙◙◙



# အလေမဲ

www.burmeseclassic.com

www.burmeseclassic.com



# လွမ်းခဲ့သော နှစ်ပေါင်းများစွာက

----တဲ့
နှလုံးသားနှင့်ထုဆစ်
အသည်းကျောက်ဖျာထက် ကမ္ဗည်းတင်။

ချင်း လှပ်ခနဲ
အသည်းလေးလည်း အေးသွားတယ်။
ထက် ဖျတ်ခနဲ
ရှက်သွေးလေးလည်း ဖြာမိတယ်။
ဘတ်ထဲ ထပ်ခနဲ
နှလုံးခုန်သံ မြန်သွားတယ်။
ရောက်ထဲ ဒိန်းခနဲ
သွေးခုန်နှုန်းတွေ ပြင်းထန်တယ်။

သက်ကလေးရယ်က
တစ်ဆယ်ကျော် ရှစ်နှစ်ပိုင်း
အရိုင်းဆန်တဲ့ စံပယ်ငုံ
နှိုင်းယှဉ်စရာ မကျန်နိုင်လို့
သက်ဆုံးတိုင် ရှယ်စူး
ဟန်မဆောင်ဖူးတဲ့ နှလုံးသားနဲ့
ခေါင်းငုံ့ရင်း ရှက်သွေးဖြာ
ဒါဟာ အချစ်တဲ့လား။

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၆ )

ရထားပြတင်းပေါက်မှ အပြင်ရှုခင်းတို့ကို ကြည့်လာခဲ့၏။ လယ်ကွက်တွေထဲမှာ ခြောက်စပြုနေပြီဖြစ်သည့် အောင်စပါးပင်တွေက ကိုင်းတိုင်းတိုင်း။ ညနေဆည်းဆာနေရောင်က ဝါတာတာ။ ကျဆင်းနေသည့်အလင်းရောင်ကြောင့် မြေကြီး၏သဘာဝက ညိုတိုတို။ လှချင်တိုင်းလှနေကြတာပါလား။ စာတွေသာ စီတတ်တဲ့လူအတွက်တော့ ရှုခင်းကဗျာတစ်ပုဒ်ရသွားမှာ အမှန်ပါပဲ။

"မိုး,ကော်ဖီသောက်ဦးမလား"

"သောက်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့. . . မနက်ကတည်းက ဘာမှဟုတ်တိပတ်တိစားခဲ့တာ လည်းမဟုတ်ဘဲနဲ့။ ဒီကလေးတော့"

"မိုးက လမ်းသွားရင် ဘာမှစားလို့မရဘူးကြီးမေရဲ့။ ရေ လှဲပြီး ဗိုက်က ဘာကိုမှလက်မခံတာ။ စားမိရင်လည်း စားသမျှ အံထွက်ကုန်ရော။ ဒါကြောင့်ပါ"

"ကော်ဖီမကြိုက်ဘဲ လက်ဖက်ရည်ကြိုက်တာပါ ထည့်ပေး ဦးလေ,မိုးရဲ့"

သူမ မမဦးကိုလှည့်ကြည့်လိုက်စဉ် မမဦးက မုန့်ဘူးထဲ ကိတ်မုန့်ချပ်ကိုလှမ်းပေးနေသဖြင့် ခေါင်းခါပြလိုက်မိ၏။ မနေ့ အစောကြီးထလာခဲ့ရတာမို့ ဗိုက်ထဲမှာ တော်တော်လေးဆာနေတာ တော့အမှန်ပါပဲ။ တစ်ချက်တစ်ချက် ဂွီခနဲပေါ်ထွက်လာသည့်ဝမ်း ခေါင်းသံက ရိက္ခာလိုအပ်နေပြီဖြစ်ကြောင်း အချက်ပေးနေတာပင် မဟုတ်ပါလား။

"မစားရင် နင် ဗိုက်အောင့်လိမ့်မယ်"

"ရတယ်။ ရွာကိုရောက်မှပဲ ထမင်းပူပူလေး စားချင်လို့ပါ"

"အမယ်လေးနော်။ ဘယ်အချိန်ရောက်မယ်မှန်းမသိနိုင်တဲ့ ဟာကို မမြင်ရတဲ့ထမင်းကိုမျှော်နေသေးတယ်။ နင်ဟာလေ"



"မိုးက ထမင်းစားလိုက်မှ အာသာပြေတာကိုး ကြီးမေရဲ့။ ဟိုရောက်ရင် ရွာနဲ့နီးလား"

"မြင်းလှည်းစီးရဦးမှာ"

"ဟင်. . . ကြီးမေတို့ဇာတိကလည်း ရွာစွန်ရွာဖျား ခေါင် ခေါင်လိုက်တာနော်။ ဘယ်လိုဖြစ်ပြီး အဝေးကြီးမှာ ဖေဖေနဲ့ကြီးမေ တို့ ဘွားက မွေးပေးခဲ့တာပါလိမ့်"

"ဟဲ့! ငါတို့ကိုမွေးတာက မြို့မှာပါအေ။ ညည်းလုပ်မှပဲ ကျုပ် တို့မောင်နှမ တောသူတောသားဖြစ်ရဦးမယ်။ တကတည်း. . . အလုပ်မလို့ ရွာပြန်ပါတယ်ဆိုမှ ဖျတ်ဖျတ်လူးလိုက်ချင်တယ်ဆို တဲ့ခေါ်လာရသေးတယ်။ ပင်ပန်းတော့ ဂျီဂျောင်ကျမယ်မကြံနဲ့"

ကြီးမေက သူမကိုမျက်စောင်းခဲ၍ ကြိမ်းတော့ ဇက်လေးပု ပြီး ကျိတ်ရယ်လိုက်မိ၏။ ကြီးမေက မမဦးတစ်ယောက်ကိုသာမွေး ပြီး ဖေဖေက ကိုကြီးနှင့်မိုးကိုမွေးခဲ့တာလေ။ မမဦးက မိုးထက် (၁) နှစ်ကြီးက ကိုကြီးက (၂)နှစ်သာ ကြီးပါ၏။ အမျိုးတွေကြားမှာ မိုးက အငယ်ဆုံးဖြစ်နေတာမို့ အားလုံးက ဝိုင်းပုံပြီးချစ်ကြတာလေ။ အကြားထဲမှာ ဖေဖေနဲ့ကြီးမေတို့အဖေ (မိုးတို့ဘိုးဘိုး) နဲ့မိုးက စိတ် ထည်းတူ ရုပ်လည်းဆင်နေတာဆိုတော့ ဘိုးဘိုးပဲပြန်ဝင်စားသလိုလို

www.burmeseclassic.com

www.burmeseclassic.com



အယူသည်းကြကာ မိုးကိုဆို ဘာမဆိုလိုတရဖြစ်ရလေအောင်
ပေးကြတာပါ။

အခုက ဘိုးဘိုးနဲ့ဘွားဘွားအတွက် ရည်စူးပြီး ရွာမှာ
လှူထားတဲ့ကိစ္စ ရေစက်ချအလှူပွဲကို သွားလုပ်ပေးဖို့ပါ။
ကုမ္ပဏီကိစ္စနှင့် နိုင်ငံခြားခဏသွားနေရပြီး ကိုကြီးက law
ဆုံးနှစ်စာမေးပွဲကြောင့် မလိုက်နိုင်သည်မို့ ဖေဖေ့ကိုယ်စား မိုးလို
ခဲ့ရတာပါပဲ။ လူကြီးအနေနဲ့လာခဲ့တာမှန်ပေမယ့် မိုးပုံစံက က
သာသာရယ်။ ကျောလယ်ခန့် ဆံပင်စင်းစင်းလေးတွေကို နှ
မြင့်မြင့်လေး စည်းထားပြီး T-shirt အဖြူပေါ်မှာ ဂျင်းဂျာကင်
စားလေး ထပ်ဝတ်ကာ စကတ်နက်ပြာအရှည်နှင့် Walking Sh
အဖြူလေး ဝတ်ထားတာလေ။

"သာယာလိုက်တာနော်။ ရန်ကုန်ကိုတောင် မပြန်ချင်
ဘူး"

"ဟဲ့! ဖွ, လွဲပါစေ။ အဲဒီလိုမပြောကောင်းဘူးလေ,မိုးရဲ့။
တာပဲ"

ဘူတာမှာဆင်းပြီး သစ်ပင်တွေအုံ့ဆိုင်းနေသည့် ရှုခင်း
ကြည့် ပြောလိုက်မိတာကြောင့် မိုးကို ကြီးမေက အလန့်တ





မြစ်လေ၏။ မမဦးပါ မျက်နှာတစ်မျိုးလေးဖြစ်သွားတာမို့ သူမ
လိုက်ရပါသည်။

"မြင်းလှည်းမရှိတော့ဘူးလား"

"ညနေငါးနာရီကျော်ရင် သိမ်းကုန်ပြီဗျ။ မှောင်ရင် သပြေ
ရွာထိပ်ညောင်ပင်က ဖမ်းစားတတ်လို့လေ"

"အမယ်လေး. . . တကယ်ပဲမရှိတော့ဘူးလားမောင်ရင်
ယ်။ မမှောင်ခင် ရွာကိုရောက်မှဖြစ်မှာမို့ပါ"

"ခဏလေးပါ. . . အရီး။ ရုံပိုင်ကို ကျူပ်မေးကြည့်ပါဦးမယ်"

"အေးကွယ်. . . ကူညီပါဦး"

ကြက်ဥ၊ ငုံးဥ၊ မြေပဲဆားလှော်ရောင်းသည့် ဦးလေးကြီးက
ရထားဘူတာရုံးခန်းထဲသို့ ဝင်သွားပါ၏။ ခဏအကြာမှာ ကျောမိုး
တ်လွယ်လားသည့် လူငယ်တစ်ဦးနှင့်အတူ ပြန်ထွက်လာလေ
သည်။

"ဒီသူငယ်ကိုလာကြိုမယ့်လှည်းတော့ရှိတယ် အရီးရဲ့။ လမ်း
ကြုံလိုက်သွားလို့ရတာပေါ့"

"သပြေကုန်းကပဲလား"

"ဟုတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"တော်ပါသေးရဲ့။ ကျေးဇူးတင်လိုက်တာကွယ်"

ဦးထုပ်လျှာကို ခိုက်ငိုက်ငိုက်ဆောင်းထားသည့်လူငယ်က ဘာမှမပြောဘဲ မလှမ်းမကမ်းမှာ မတ်မတ်ရပ်နေပါ၏။ မိုးလိုပင် ဂျင်းဂျာကင်ဝတ်ပြီး၊ ဂျင်းဘောင်းဘီနှင့် ရှူးဖိနပ်စီးထားတာမို့ တော်သားတော့ဖြစ်မည်မထင်ရပါချေ။ တအောင့်အကြာမှာ ခြေသံတချွင်ချွင်နှင့် လှည်းတစ်စီးရောက်လာလေ၏။

"ဖိုးကျော်ရေ. . . စောင့်နေရတာကြာပြီလား"

"သိပ်မကြာသေးပါဘူး"

တိုးလျှလျှပြန်ဖြေသံက ကြားသာရှိပါလား။ ယောကျ်ားလေးဖြစ်ပြီး မိုးလောက်ပင် အသံမကျယ်ပါချေ။ သူက လှည်းသမားဆီ လက်လှမ်းပြလိုက်ပြီး လွယ်ထားသည့်ကျောပိုးအိတ်ကိုဖြုတ်ကာ မြင်းလှည်းပေါ် လှမ်းတင်လိုက်လေသည်။

"လှည်းကြုံလိုက်မလို့တဲ့"

"ဘယ်သူလဲ"

သူမေးဆတ်ပြလိုက်ရာဘက်သို့ လှည်းမောင်းသူက လှမ်းကြည့်လိုက်ပြီး သူမတို့ဆီ လျှောက်လာလေသည်။

"အရီးတို့လိုက်မယ်ဆို"

"အေးကွယ်, အားနာလိုက်တာ။ နွေခင်းကတည်းက ရောက်ရမယ့်ဟာ။ ရထားကြာနေတာနဲ့ နေစောင်းသွားရတယ်"

"ဒီလိုပဲ တစ်ခါတလေဖြစ်တတ်ပါတယ်,အရီးရဲ့။ လာလေ၊ အွန်တော် ဘာဝိုင်းကူသယ်ပေးရမလဲ"

"နေပါစေ"

ကောင်မလေးနှစ်ယောက်က ဆွဲအိတ်နှစ်လုံးကို ဖျတ်ခနဲဆွဲယူထားလိုက်သဖြင့် လှမ်းကြည့်နေရာမှ သူပြုံးလိုက်မိ၏။ သူစိမ်းတွေကို မယုံသလိုပါလား။

"ဘာဖြစ်လို့လဲဗျ"

"ဩော်, လုံချည်တွေပါလို့ ရေကြီးမှာစိုးလို့ပါ,သားရယ်။ ဒီမြင်းလေးပဲ ကူဆွဲရင်ရပါပြီ"

ပစ္စည်းတွေတင်ပြီး တက်ကြတော့ အန်တီကြီးနှင့် အစ်မဖြစ်သူတာ အရင်တက်လိုက်ပြီး သူမက နောက်မြီးမှာ ခြေတွဲလောင်းချ၍ တက်ထိုင်လိုက်လေ၏။ အလို! သူနဲ့အကြံတူနေတဲ့ချာတိတ်ပါလား။

"မိုးလေး. . . အထဲဝင်ထိုင်လေ,သမီး။ ပြုတ်ကျဦးမယ်"

"ရပါတယ် ကြီးမေ။ မိုး ဒီလိုပဲလိုက်ချင်လို့ပါ"





www.burmeseclassic.com

www.burmeseclassic.com



သူ တက်ထိုင်လိုက်တော့ လှည်းက အိခနဲ သွက်သွက်ပြေး လေ၏။ နေက တဖြည်းဖြည်းစောင်းနေပြီမို့ ကုက္ကိုလ်ပင်တန်းကြား မှာ ပြောက်တိပြောက်ကြားသာပေါ်နေတော့သည်။ မြေဝါလမ်း ဖုန်တသောသော။ လေက ညနေစောင်းမို့ အနည်းငယ်အေးစပြု လာချေပြီ။ ဟော! ရေကန်ကြီးတွေလည်း ရှိနေတာပါလား။ ဟိုနား မှာ တဲလေးတွေ အစီအရီ။ လယ်ကွက်ထဲရှိနေတာမို့ စပါးရိတ်သိမ်း ယာယီထိုးထားတာပဲဖြစ်မည်ထင်ပါရဲ့။

ခေါင်းကိုဟိုငဲ့ဒီစောင်းလျက် ကြည့်နေသည့်သူမလက်မောင်း ကို သူ ဖျတ်ခနဲဆုပ်ကိုင်လိုက်လေ၏။

"ဘာလဲ"

"ပြုတ်ကျတော့မှာပဲ။ ငြိမ်ငြိမ်ကြည့်မှပေါ့။ ဒါမျိုးမမြင်ဖူး ဘူးလား"

"မမြင်ဖူးလို့ကြည့်တာပေါ့။ ဘယ်လောက်သာယာတဲ့ရှုခင်း လဲ။ ဟော! ဟိုမှာ ကျီးကန်းအုပ်လားမသိဘူး"

"ဗျိုင်းပါကွာ... ဘယ့်နှယ်ကျီးကန်းရမှာလဲ"

"သိဘူးလေ။ မည်းနေတာကိုး"

မော့ကြည့်နေရင်း ခေါင်းပေါ်တည့်တည့်မှ ဖြတ်ရော့နှင့်





ပါ ရှည်ကာ ဘော်ငွေရောင်တောက်နေသည့် ဗျိုင်းတစ်အုပ်ကို လက်ညှိုးလေးညွှန်လျက် ရေတွက်လိုက်မိသည်။

"အား... ကိုးကောင်တောင်မှပါလား။ ဘယ်ကိုပြန်အိပ်ကြ မလဲသိဘူးနော်"

ရယ်သံသဲ့သဲ့ထွက်လာသဖြင့် သူ့ကိုမျက်စောင်းလှည့်ခဲလိုက် ၏။ လူကိုများ ရယ်စရာထင်နေလေသလား။

"ဟင်းဟင်း... သိချင်ရင် မင်း Glider စီးပြီး သူတို့နောက် လိုက်ကြည့်ပေါ့ ချာတိတ်ရဲ့"

"ဒါတော့ ရှင်ပြောမှလား။ ဖြစ်နိုင်ရင် မိုးလည်းလုပ်လိုက်ချင် ပေါ့။ ရန်ကုန်မှာဆို ဒီလိုမျက်စိပသာဒဖြစ်စေတဲ့မြင်ကွင်းမျိုး မြင်ရတာမဟုတ်ဘူး။ အား... မွှေးလိုက်တာ။ ဘာပန်းနံ့ပါလိမ့်"

"မိုးလေး... ငြိမ်ငြိမ်နေလေ။ ဘယ်လိုဖြစ်ပြီး တစ်ကိုယ်လုံး လိမ်ဒီလှုပ်ဖြစ်နေလဲ"

"ပန်းနံ့ရလို့... ကြီးမေရဲ့။ ဘာပန်းလဲ လိုက်ကြည့်နေတာ။ ဟာ! ဟိုမှာလိမ္မော်ရောင် အဆုပ်လိုက်ကြီး။ သူ့အနံ့ပဲထင်ပါရဲ့"

သူ မအောင့်နိုင်တော့ဘဲ တဟားဟားအော်ရယ်လိုက်မိတော့ သည်။ မရယ်ရဘဲရှိမလား။ အပင်ထက် အဆုပ်လိုက်၊ အခဲလိုက်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေသည့်ပေါက်ပွင့်တွေကို အနံ့ရှိတယ်လို့ထင်နေပြန်တာ
အတော်ရယ်ရတဲ့ချာတိတ်ပါပဲ။ မြင်မြင်သမျှစူးစမ်းပြီး ရေရွတ်
တော့တာကိုး။

"ဘာလို့ရယ်တာလဲ။ မိုးစကားထဲမှာ ဘာရယ်စရာမှမပါ
ရှင်ရဲ့"

"ဟင်းဟင်း. . . မင်းဘယ်နှတန်းရောက်ပြီလဲ"

"အမယ်. . . မိုးက မြန်မာစာအဓိကနဲ့ ဒုတိယနှစ်တတ်
တော့မှာ"

"ဟုတ်ပါပြီ။ အထက်တန်းတုန်းက သင်ခဲ့ဖူးမှာပါပဲ။ 'အဆ
လှဆန်း လှူပေါက်ပန်း' ဆိုတဲ့ကဗျာစာသားလေးလေ။ မှတ်မိလား"

"အင်း. . . မှတ်မိတယ်"

"အေး. . . အဲဒီပန်းပဲ"

"ဟင်! ဟုတ်လား။ ဒါဆို ဒီပန်းက အနံ့မရှိဘူးပေါ့။ အရော
အသွေးက လှလိုက်တာမှလွန်ရော"

"ကဲ! တော်ပါတော့ မိမိုးရယ်။ ညည်းပါးစပ်ကိုပိတ်ထား
ကောင်းမယ်။ နို့မို့ရယ်စရာတွေပဲ ငါတို့ကြားနေရဦးမှာ"

"မမဦးကလည်း"





သူမ မကျေမနပ်ရေရွတ်လိုက်မိပြီး ပြုံးစိစိလေးဖြစ်သွားရ
။ ဟုတ်တော့လည်း ဟုတ်ပေသားပဲ။ ဘာမှဂယနဏာမသိဘဲ
ရွှက်ရွတ်နေမှတော့ သူများရယ်စရာဖြစ်ကုန်တာပေါ့။ ဘာဖြစ်
. . . ရယ်ကြပါစေ။ မိုးက မရှက်တတ်ပါဘူး။

"ကြီးမေ"

"ဘာတုန်း"

"ဒီမှာ တစ်ပတ်နေမှာလား"

"သြော်. . . အလှူပြီးတာနဲ့ပြန်မှာပေါ့ဟဲ့။ ဘာဖြစ်လို့အကြာ
ကြီးနေမှာလဲ"

"ဟင်. . . ကြီးမေကလည်း မိုးက ရွာကိုပတ်ပြီး လေ့လာချင်
သေးတာ။ ပြီးတော့ ခဲတံကျည်တောက်လည်း စားချင်သေးတယ်။
. . . မည်းမည်းငချိတ်လေ။ ငါးခြောက်ကြော်လေးနဲ့ ဝါးရရင်
Very Good ပဲ။ ရောက်တုန်းရောက်ခိုက် ဗဟုသုတရှာချင်လို့ပါ
ဆိုမှ"

"နင်အစားကြီးပုံနဲ့ ဘယ်သူက ကြာကြာလက်ခံချင်မှာလဲ။
အလကားရရင် ပါးဖြနားဖြစားချင်ဦးမှာ။ စားသလောက်လည်း
အသားက မဖြစ်ဘူး။ မလိုချင်ဘူး။ တစ်ပတ်တောင်လွန်လှပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ကြီးမေကလည်း ကြီးမေအိတ်ထဲက ဆိုက်ထုတ်ပေးရတာ မဟုတ်ဘဲ ကပ်စေးနဲ့နေပြန်ပါပြီ။ ပြောတော့ဖြင့် ကြီးမေအမျိုးတွေ အားလုံးက သူဌေးတွေပဲဆို၊ ဒီလောက်ကျိကျိတက်ချမ်းသာမှတော့ မိုးဗိုက်ကလေးပြည့်အောင်တော့ ကျွေးကြမှာပါ. . . ကြီးမေရ"

သူ့မပြုံးဘဲ မနေနိုင်ပါ။ ရွာကိုမရောက်သေးပါဘဲ စားချင်တာတွေ တောင့်တနေတာကိုး။ ငယ်ရွယ်စိတ်နဲ့ ရှက်ရမှန်းကြောင်ရမှန်းလည်းမသိ။ သူစိမ်းရှေ့မှာလည်း ဂရုမစိုက်ဘဲ ပြောနေတာ ဘာကိုမဆို ပွင့်လင်းဖော်ရွေသည့် ဖြူစင်လွန်းသောစိတ်ထားကို သိသာစေလေသည်ပဲ။

"ညည်းဗိုက်က သေးသေးလေးမှမဟုတ်တာ၊ ကျွေးတိုင်းစားထည့်တိုင်း ဆန့်နေတာချည်းပဲ"

"မိုးက အစာချက်တာမြန်လို့ ခဏခဏဆာတာပါ ကြီးမေရဲ့ တစ်ခါစားမှ ကြောင်စာလောက်လေးကို"

"ဘာကြောင်စာလောက်ကမလဲ။ Steel ဇလုံနဲ့အမောက်ကြီး ထည့်ထည့်စားနေ။ ပြီးတော့. . . ဟင်း, သူများရှေ့ ငါမပြောလိုက်ချင်ဘူးနော်"

"မိုးပြောတဲ့ကြောင်က ဆဒ္ဒန်ဆင်မင်းကိုခုတ်တဲ့ကြောင်လေ ကြီးမေရဲ့။ ဒီလောက်တော့ရှိမှာပေါ့"

"မိမိုးနော်. . . ငါခေါက်လိုက်ရ"

သူ တဟားဟားအော်ရယ်တော့ သူမက သူ့ကိုငဲ့ကြည့်ပြီး ပြုံးပြလေ၏။ တကယ့်ကိုအပြစ်ကင်းသည့်ကောင်မလေးပါပဲ။ 'မိုး' ဆိုတဲ့နာမည်။ မင်းနဲ့အခုလိုသိခွင့်ရတဲ့အတွက် ဝမ်းလည်းသာ၊ ကျေးဇူးလည်းတင်မိပါတယ်။ ပြီးတော့. . . ကိုယ့်ကိုပြုံးပျော်စေတဲ့အတွက် ဆက်စပ်သက်တော့ မင်းကို ဘယ်တော့မှမေ့မှာမဟုတ်ဘူးဆိုတာ သေချာပါတယ်လေ။

ရွာကိုရောက်တော့ မှောင်စပျိုးနေချေပြီ။ လှည်းက ခြံဝင်းထဲသို့ ဝင်ရပ်လိုက်တာမို့ သူက ဖတ်ခနဲခုန်ဆင်းလိုက်ပါ၏။

"ဟယ်. . . သားနဲ့မမမေတို့ ရထားတစ်စီးတည်းပါလာကြတာကိုး"

"အပြုံး. . . ဒါအပြုံးသားလား"

"ဟုတ်တယ်လေ. . . မမမေရဲ့။ မန္တလေးမှာ ဆေးကျောင်းသွားတက်နေတဲ့ သားတော်မောင်လေ။ ရွာမှာအလှူရှိလို့ ကျောင်းပိတ်ရက်လေးပြန်လာခိုင်းလိုက်တာ။ လာလာ. . . ဝင်ကြ။ အပြုံးက ဒီအချိန်ထိရောက်မလာတော့ မမမေတို့ ဒီနေ့မလာဖြစ်ဘူးလို့





ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ပဲ ထင်လိုက်တာပေါ့"

အိမ်ထဲသို့လိုက်ဝင်တော့ မှန်အိမ်ထွန်းထားသည့် မီးရော
အောက်မှာ သူ့ကိုခိုးကြည့်လိုက်သည့်ကောင်မလေးကြောင့် ဦး
ကိုချွတ်ရင်း ပြုံးလိုက်မိပါ၏။ စူးစမ်းပြန်ပြီ။ ဆေးကျောင်းသား
သည်နှင့် လူကိုစေ့စေ့စပ်စပ်ကြည့်တော့မယ်ထင်ပါရဲ့။

"ဘာကြည့်တာလဲ။ ကိုယ့်မှာ ဂျို(ချို)ပါတယ်များထင်နေ
လား"

"မဟုတ်ပါဘူး။ ဆေးကျောင်းသားဆိုလို့ သနားစရာသတ္တ
လေးလို့ တွေးလိုက်မိလို့ပါ"

"ဘယ်လို"

"ဟုတ်တယ်လေ, ရှင်ပဲစဉ်းစားကြည့်ပေါ့။ သူများတွေထ
လည်း ကျောင်းအကြာကြီးတက်ရတယ်။ စာတွေလည်း အများကြ
ကျက်ရတယ်။ စာတွေကျက်ရလွန်းလို့ အမေမွေးကတည်းကပါလ
တဲ့မျက်လုံးလေးက မွဲဦးမှာ။ ပြီးရင်. . . ဦးနှောက်သုံးရလွန်းလို့
ဘရောင်ချိန်း Brain ချောင်ဦးမယ်။ အင်း. . . ဒီလက်တွေက ဓား
ကိုင်ပြီး သွေးရဲရဲသံရဲရဲတွေလှီးပြီး သူများအသက်ကို အရင်သတ်
ဦးမှာ"





ပခုံးလေးတွန့်၍ပြောနေသည့် ချာတိတ်မကို ကြည့်ပြီး သူ
တော့ မိဘတွေက တအံ့တသြ။

ဟုတ်တယ်လေ။ မြင့်မိုရ်ကျော်ဆိုတာ တစ်နေ့နေလို့ စကား
ယ်ခွန်းပြည့်အောင်ပြောတဲ့လူမှမဟုတ်တာ။ မျက်နှာမှာ အရယ်
နည်းပါးပြီး စာအုပ်နဲ့မျက်နှာမခွာဘဲ အခန်းထဲအောင်းနေ
တဲ့ စာကြွမ်းပိုးလေးမဟုတ်ပါလား။

"အံ့သြစရာပဲ။ ကျွန်တော်တို့သားကို ဒီလိုပြုံးရွှင်တဲ့မျက်နှာ
တစ်ခါမှမတွေ့ခဲ့ရဘူး။ မမမေရဲ့တူမလေးက အသွက်လေးပဲ
. . ."

"ပြောမနေနဲ့. . . မောင်ကောင်းကျော်ရေ့။ သူက ဖော်ရွေ
ကိုရှိတာ။ တွေ့တဲ့လူနဲ့လည်း မြင်ရုံနဲ့ခင်လိုက်တာပဲ။ ဘွဲ့ရပြီး
င်တော့ ဘာလုပ်မယ်မသိသေးဘူး။ အမျိုးထဲမှာတော့ ပေါက်
ကလေ့ော်တာ သူတစ်ယောက်ပဲပါတယ်လေ"

"အဲဒါလေးတွေကပဲ သူ့ကိုချစ်စဖွယ်ဖြစ်စေတာပဲလေ မမ
ရဲ့"

ခရီးပန်းလာတာကြောင့် ညစာပင်သိပ်မစားနိုင်ဘဲ ခပ်စော
စောလေးအိပ်သွားသည့်သူမကို လူကြီးတွေက အပြစ်မပြောကြပါ



www.burmeseclassic.com

www.burmeseclassic.com



ချေ။ တစ်နှစ်မှနှစ်ကြိမ်သာပြန်နေကြသည့် ဘိုးဘိုးအိမ်ကြီး၏ ဝရန်
တာမှသူထွက်ရပ်နေမိသည်။ ဝင်းပစွာ သာနေသည့်လမင်းကြီး
မော့ကြည့်လိုက်ရင်း ပြုံးမိသွားရ၏။ လမျက်နှာပြင်ပေါ်မှာ သူ
မျက်နှာလေးကပေါ်လာတာကိုး။

မိုးမမတဲ့လား. . . မိုးလေးရယ်။ တစ်ခါမှမတွေ့မကြုံဖူး
သေးတဲ့ ဆန်းသစ်တဲ့တွေ့ဆုံမှုမျိုးနဲ့ ရင်းနှီးခွင့်ရခဲ့တာအမှန်ပါ။
နောက်နေ့၊ နောက်နေ့တွေမှာ မင်းထံမှ ဘယ်လိုစကားမျိုးတွေ
ကြောင့် ကိုယ်ပြုံးရယ်ရမလဲဆိုတာကို မျှော်လင့်နေမယ်နော်။

⊡⊡⊡

## အခန်း ( ၇ )

မနက်အစောကြီးနိုးနေပြီမို့ မမဦးဘောမှအသာထကာ ထွက်
လာခဲ့၏။ ဝရန်တာရှိရာဆီ လျှောက်လာခဲ့ပြီး အပြင်ရှုမျှော်ခင်းတို့
ကြည့်နေမိသည်။ အိမ်ရှေ့မှာ ရွာလမ်းမကြီးက ဖြူးလို့။ အိမ်တိုင်း
အိမ်တိုင်းမှာ မြေကွက်လပ်လေးတွေရှိကြပြီး ပြောင်နေအောင် ရှင်း
ထားကြတာလေ။ နှစ်ထပ်အိမ်မြင့်မြင့်ဆောက်ကာ အောက်ထပ်မှာ
ထိုက်ကြီးတွေဖြင့် စပါးတွေသိမ်းကြတာကိုတွေ့ရသည်။

ခြံဝင်းလေးတွေကို ဝါးဖြင့် သေသပ်စွာ ကာထားကြလေ၏။
ချွမ်းခံကြွလာသည့် ဦးပဉ္စင်းတွေ၊ ကိုရင်လေးတွေ စီတန်းကြွလာ



www.burmeseclassic.com

www.burmeseclassic.com



တာကို လှမ်းမြင်နေရသည်။ ဘုန်းကြီးကျောင်းသားလေးတွေ
ကြေးစည်ထုတာက ရှေ့မှနှစ်ယောက်။ နောက်ဘက်မှခံတောင်း
ရွက်လာတာကနှစ်ယောက်။ တောင်းရွက်လာတာက တစ်ယော

"ဆွမ်းတော်ခင်ဗျ"

အနက်တိပြုးနှင့်မိန်းကလေးတစ်ယောက်က ခြံဝင်းအပြင်ထွ
၍ ဆွမ်းဟင်းဘူးနှင့်ဆွမ်းပန်းကန်ကိုင်ကာ ရပ်စောင့်နေ
နေရောင်က ရွာရှေ့ဘက်မှလမ်းမကြီးမှာ ဖြာကျနေတာကြေ
ဆလိုက်ထိုးထားသည့်နှယ် ကြည့်ကောင်းလွန်းလှ၏။ အရုဏ်
နေနှင့် ကြေးစည်ထုသံက နံနက်ခင်းကို ပို၍သာယာမှုပြည့်စုံ
သည်ပဲ။

"ဩော်. . . မင်း,နိုးနေပြီကိုး"

လက်နှစ်ဖက်မြှောက်၍ သန်းဝေလိုက်မိစဉ် နောက်နား
မှအသံကြောင့် လန့်သွားရပါ၏။ သူက ပြုံးတုံ့တုံ့မျက်နှာဖြင့်
ဘေးမှာ လာရပ်လိုက်လေသည်။

ကြည့်စမ်း! မနက်အစောကြီး သူ ရေတောင်ချိုးထားပြီ
ကိုး။

"မျက်နှာသစ်တော့လေ။ ထမင်းကြမ်းစားရအောင်"

"ကြီးမေတို့မှမထသေးတာ"

"ခရီးပန်းလို့အိပ်နေတာ အိပ်ပါစေပေါ့။ နောက်မှ သူတို့
သိမ့်မယ်။ အခု ကိုယ်တို့ ထမင်းအတူစားပြီးရင် ရွာထဲလျှောက်

"ကိုကိုလိုက်ပို့ပေးမယ်ပေါ့"

"ဒါပေါ့"

နှုတ်မှလွှတ်ခနဲထွက်လာသည့်အမည်ကြောင့် စိတ်ထဲမှ သူ
ဗိုက်မိ၏။ အိပ်ရာနိုးနိုးချင်း ဘာမှမပြင်ဆင်မခြယ်သထားသည့်
နှာဖူးဖူးလေးက တစ်မျိုးလေးလှနေသည့်နှယ်။ ဆံပင်တွေက
သင်ရသေးပေမယ့် သိပ်ပြီးရှုပ်ထွေးပွယောင်းမနေပါချေ။

မိန်းကလေးတစ်ယောက်ရဲ့ အလှဆုံးအချိန်ဆိုတာ မနက်
စောအိပ်ရာထအလှကိုခေါ်တာဆိုပဲ။ သူကြားဖူးနားဝရှိခဲ့တာ
နေပါရောလား။

"ဒါဖြင့် မိုး မျက်နှာသစ်,သွားတိုက်ပြီး ရေချိုးလိုက်တော့မယ်။
လေးစောင့်နော်"

"OK"

သူမ ခပ်သွက်သွက်လုပ်ကာ အဝတ်အစားလဲလိုက်ပါ၏။



ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဂျင်းဘောင်းဘီရှည်ကို ဒူးအောက်ထိခေါက်ဝတ်ကာ Sport shirt အပြာနုဝင့်တွဲဝတ်လိုက်သည်။ ဆံပင်တွေကိုထုံးစံအတိုင်း ဖက်စည်းနှောင်ထားပါ၏။ အိမ်အောက်ကိုဆင်းတော့ မိုးဖိုဆောင်ဘက် ဝင်သွားသည့်သူကိုလှမ်းမြင်လိုက်ရသဖြင့် နောက်မှလိုက်မိသည်။

"ဘာလုပ်နေတာလဲ"

"ထမင်းခူးဖို့လေ"

"ဟာ. . . တကယ်ပဲ Steel ဇလုံကြီးနဲ့ ခူးမလို့လား"

"ဒါပေါ့၊ မင်းရော၊ ကိုယ်ရောစားနိုင်တဲ့ဟာပဲ။ ငါးပိတည်မလား။ ကြိုက်ရဲ့လား"

"ကြိုက်တာပေါ့။ ထမင်းခဲပေါ်မှာပဲ ဆမ်းလိုက်လေ။ အရိုးဖတ်လေးတွေပါထည့်ပေး"

"အရိုးငြိကုန်လိမ့်မယ်"

"ရတယ်၊ မိုးစားတတ်တယ်။ အဲဒီမှာအသားဖတ်တွေအများကြီးပဲ တွေ့လား။ မိုးက ငါးလေးအိုးကပ်ဆို သိပ်ကြိုက်တာ"

"ငရုတ်သီးမှုန့်ရော"

"အပေါ်ကပဲ ဖြူးလိုက်ရင်ရပြီ"





"လာ"

နှစ်ယောက်သား အိမ်ရှေ့ကို ဇလုံကိုယ်စီနဲ့ထွက်လာခဲ့စဉ် အန်တီပြုံးက မျက်လုံးပြူးသွားပါ၏။

"ဟဲ့! ထမင်းကြမ်းတွေစားမလို့လား။ ကြော်ပြီးမှစားပါလား အမိုးရယ်၊ ဒါမှမဟုတ် ထမင်းပူကျက်နေပြီဟာ။ စားလိုက်လေ"

"ရပါတယ်အန်တီပြုံးရဲ့။ မိုးက ထမင်းကြမ်းခဲကို ပိုကြိုက်တာပါ"

"အလိုလေး. . . ထူးဆန်းတဲ့မြို့သူပါလား။ ကဲကဲ. . . အဲဒီမှာ အကြော်နဲ့မြေပဲဆားလှော်ရှိတယ်။ မိစန်းရေ. . . နင့်အစ်ကိုနဲ့ အစ်မကို လက်ဖက်ရည်ကြမ်းထည့်ပေးလိုက်ဦး"

"အား. . . မွှေးနေတာပဲ။ ငါးပိမွှေးမွှေးနဲ့ စားရချည်သေးရဲ့"

ထမင်းဇလုံကိုအရင်ငုံ့နမ်း၍ အနံ့ခံပြီးမှ လက်ဖြင့်ပယ်ပယ်ယယ်နယ်စားနေသည့်ကလေးနှစ်ယောက်ကိုကြည့်ပြီး သက်ပြင်းရှိုက်ချင်းခါလိုက်မိ၏။ အံ့ပါရော. . . ဘယ်လိုကလေးတွေမှန်းကို မသိဘူးပါလားနော်။

"လက်ကိုသေချာဆေးဦး"



www.burmeseclassic.com

www.burmeseclassic.com



"အင်းပါ"

"မေမေ. . . ကျွန်တော်တို့ ရွာထဲလျှောက်ကြည့်လိုက်ဦးမယ် ကြီးကြီးတို့နိုးလာရင် ပြောထားပေးနော်"

"အေးပါ သားရဲ့။ ရွာပြင်တော့မရောက်စေနဲ့"

"ဟုတ်ကဲ့"

နှစ်ယောက်သား ခြေညှပ်ဖိနပ်စီးကာ ထွက်လာခဲ့၏။ ဘီးစီးသည့်လူတွေလည်းရှိတာပါပဲလား။ ကလေးတွေကတော့ ပြေးလွှားကစားနေကြလေသည်။

"ဘာဖြစ်လို့ ရွာပြင်မရောက်စေနဲ့လို့ပြောတာလဲ"

စလာပြီ။ စပ်စုမှုကို မနက်မိုးလင်းတာနဲ့အစပျိုးချေပြီ။ တကယ့်ချာတိတ်ပါပဲလား. . . မိုးလေးရယ်။

"ပျောက်မှာစိုးလို့ပေါ့"

"ဒီအရွယ်ကြီးပျောက်စရာလား ကိုကိုရ"

"မနေ့ကကြားတယ်မဟုတ်လား။ ရွာထိပ်ညောင်ပင်က စားတယ်ဆိုတာလေ။ အဲဒီမှာ သရဲဆိုလား သဘက်ဆိုလား ရှိတယ် ပြောတာပဲ"

"ဟာဟ. . . ကိုကိုကယုံသလား"





"ယုံတယ်လည်းမဟုတ်ပါဘူး။ ဒီလိုပဲ လူကြီးတွေက အယူကြီးနေတော့လည်း လူငယ်ပီပီ နားထောင်ရတာပေါ့"

"မဟုတ်သေးပါဘူး။ ကိုကိုက ခေတ်လူငယ်ပဲဟာ။ စဉ်းစားကြည့်ရမှာပေါ့။ ဖြစ်နိုင်မဖြစ်နိုင်ဆိုတာလေ။ မိုးကတော့ ကြားရတဲ့အရာမှန်သမျှ ဘာတစ်ခုမှမကြောက်တတ်ဘူး"

"တကယ်လား"

"တကယ်ပေါ့"

"မိုးလေး ရေစက်ချမယ့်ဇရပ်ရှိတဲ့ ဘုန်းကြီးကျောင်းမှာက သရဲရှိတယ်"

"လာပြန်ပြီ သရဲ၊ သဘက်၊ ပြီးတော့ တစ္ဆေတဲ့။ မကြောက်ဘူး"

"အဟုတ်ပြောတာ. . . ကျောင်းထိုင်ဘုန်းဘုန်းကြီးက သူ့ကျောင်းကိုစွဲလမ်းပြီး ပျံလွန်တော်မူတော့ အဲဒီမှာ တစ္ဆေဖြစ်ရော။ လပြည့်လကွယ်လိုညမျိုးတွေမှာ ကျောင်းဆောင်စင်္ကြံပေါ်မှာ လမ်းလျှောက်နေတာကိုတွေ့ရတတ်တယ်"

"အဲဒါလည်း ယုံတာပဲလား"

"ဟိုတစ်ခါက အရက်သမားဖိုးတေ ကျောင်းဝင်းထဲက ကျ



www.burmeseclassic.com

www.burmeseclassic.com

ပျစ်မှာ တတ်အိပ်တာ။ မနက်ကျတော့ ဖုတ်တောထဲ ဆွဲချခံထား
တယ်တဲ့။ ငါ့ဟာဆိုပြီးပြောတာကို ကြားတယ်ဆိုလားပဲ။ အဲဒါ
ဘူးဆိုပြီး နောက်တစ်ည သွားထပ်အိပ်တာ ထန်းပင်ပေါ်ရောက်
ပြုတ်ကျလို့ ရှုးသွားပါရော။ အခု အရူးဖိုးတေပေါ့"

"ဟင်းဟင်း. . . ဒါက ရှင်းရှင်းလေးပါ ကိုကိုရ။ အ
သမားမို့ အရက်ကြောင်ပြီး ဂေါက်သွားတာ။ ဒါကို လူတွေက
ဖူးနားဝ လျှောက်ပြောတာပဲဖြစ်မှာ"

"မင်းက တယ်မလွယ်တဲ့ချာတိတ်ပဲ။ ဘယ်လိုပြောမှယုံမှာ

"မိုးရဲ့မျက်စိရှေ့မှာ ဘွားခနဲ လာပြလိုက်။ အဲဒါဆိုယုံမ
တကယ်တော့ မမြင်ရတဲ့အရာတွေက ကြောက်စရာမကောင်းပါ
ကိုကိုရဲ့။ မြင်ရတဲ့အရာမှ ကြောက်ဖို့ကောင်းတာပါ။ ဥပမာ
ပေါ့။ လူဆိုတာ ဆိုးမှန်းကောင်းမှန်း မြင်ရုံနဲ့မသိနိုင်ဘူးလေ။ ဒီ
ကြောက်ဖို့ကောင်းတာက လူတွေပဲရှိတယ်။ သိရဲ့လား"

သူပြုံးလိုက်မိပြန်၏။ ဤကလေးမ ဘယ်လိုမှမကြောက်တ
ပုံပါလား။ ဒါလား မိန်းကလေး။ တစ်နယ်တစ်ကျေးသို့ရောက်တ
ဆိုပြီး အကြောက်အကန်မရှိပြောနေပုံက ခပ်ပေါ့ပေါ့ပင်။ ရွာ
မှာ ပြေးလွှားဆော့နေသည့်ကလေးအုပ်ကိုမြင်တော့ သူမစိတ်





နေပြန်၏။

ကုက္ကိုလ်ကိုင်းခြောက်တစ်ချောင်းကို အဝေးဆုံးသို့ရောက်
င်ပစ်လိုက်ပြီးနောက် လိုက်ရမည့်သူက ထိုတုတ်ချောင်းကိုပြေး
ကာက်စဉ် ပုန်းမည့်သူတွေက အမြန်ပြေးပုန်းကြရခြင်းဖြစ်ပါ
ည်။ ကုက္ကိုလ်ပင်နောက်၊ ချုံပင်တွေနောက်၊ လှည်းလမ်းကြောင်း
ာင်းကျင်းချိုင့်တွေပါမက ကောက်ရိုးပုံထဲကိုပါ Diving ထိုး၍
နေကြတာမို့ သူမရယ်လိုက်လေသည်။

"သူတို့ဆော့တာ တူတူပုန်းတိုင်းနဲ့မတူတော့ဘူး"

"ဘာနဲ့တူနေလို့လဲ"

"မျောက်လေးတွေ ဆော့တာနဲ့တူလို့ပါ။ ဟင်းဟင်း. . ."

ငှက်ပန်းရနံ့က သင်းခနဲလွင့်လာလေ၏။ ချုံတွေမှာ သဘာဝ
ျာက်ပေါက်နေတာမို့ တွယ်တက်နေသည့်ငှက်ပွင့်တွေက ဖွေး
ာ် ပွင့်နေကြပါသည်။

"ဟော! ဒီအနံ့ပဲ"

"ဘာလဲ"

"လှည်းစီးတုန်းကရတဲ့ပန်းနံ့လေ။ ဟိုပန်းလေးတွေထင်တာ



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်။ အဲဒါ ဖွန်းပန်းလို့ခေါ်တယ်"

"ဖွန်ပန်း"

"အင်း၊ သူက စပယ်ထက်အပွင့်သေးပြီး မွှေးတယ်။ အပွင့် အဖြူထက် အဝါဘက်ကိုသွေးတယ်။ လာကြည့်"

"အပွင့်က သေးသေးလေးတွေနော်"

"အင်း"

သူမ ဖွန်ပွင့်လေးတွေကိုခူး၍ လက်ဝါးထဲထည့်ပြီး မွှေးကြ စဉ် ခေါင်းပေါ်သို့ အသီးဝါဝါလေးတွေ လာထိလေ၏။

"အာ. . . ဘာလဲ"

"ဟင်းဟင်း. . . အဲဒါ ညောင်သီးလေ။ ကလေးတွေ ပစ်တို ဆော့နေတာ"

ကလေးတွေဆော့တာကို ရပ်ကြည့်မနေတော့ဘဲ ရွာထဲသ ပြန်လှည့်လာခဲ့သည်။ ရွာသူရွာသားအချို့က သူမကိုအထူးအဆ လှမ်းကြည့်နေကြပေမယ့် ဂရုမစိုက်ပါချေ။ သူတို့ရွာမှာက စေတ တွေ၊ ဘောင်းဘီရှည်တွေကို ဘယ်မိန်းကလေးမှ မဝတ်ကြဘဲ

"ဟိုးမှာလေ. . . ကြီးကြီးဦးဆောင်ပြီးလှူတဲ့ဇရပ်။ အဲဒါ ရေစက်ချလှူမယ့်ရက်နဲ့ ရှင်သာမဏေပြုပွဲအလှူကြီးကို တစ်





ည်းလုပ်မှာ"

"ပျော်စရာကောင်းမှာပဲနော်"

"ဒါပေါ့။ တစ်ရွာလုံး စည်းစည်းလုံးလုံးနဲ့လုပ်မယ့်အလှူပဲ လေ၊ မီးခိုးတိတ်ပေါ့"

"ဘာလဲ. . . မီးခိုးတိတ်ဆိုတာ"

"ဩော်. . . မီးခိုးတိတ်ဆိုတာ အိမ်တိုင်း ဘယ်သူမှထမင်း င်းချက်စရာမလိုဘဲ အလှူမှာ လာစားကြတာကိုပြောတာလေ"

"ဟင်! ဒါဆို မိုးတို့လည်း အလှူမှာပဲစားရမှာပေါ့"

"ဒါပေါ့"

"အမယ်လေးနော်"

"ဘာဖြစ်လို့လဲ၊ မင်းအစားကြီးတာကို လူသိမှာစိုးလို့လား"

သူမ ပြုံးတုံ့တုံ့လေးဖြစ်သွားရပါ၏။ ဒီအရွယ်မှာယောက်ျား လေးပဲဖြစ်ဖြစ်၊ မိန်းကလေးပဲဖြစ်ဖြစ် အစားမက်ကြတာ သဘာဝ လေ၊ ဒါကို အထူးတလည်ကြီး ရှက်ကြောက်နေစရာမလိုပါဘူး။

"မဟုတ်ပါဘူး။ လူများရင် မနေတတ်ဘဲ စိတ်ရှုပ်တတ်လို့ပါ။ တာ အစားနဲ့အအိပ်မျိုးတို့ပတ်သက်ရင် ပိုတောင်မှ မရှက်တတ် သေးဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ဘာမျိုးကိုမှ ရှက်တတ်သလဲ"

သူမမျက်နှာလေးပြုံးစိစိလုပ်နေတာကို သူအသည်းယားစွာ ဖြင့် ရယ်မောလိုက်လေ၏။ ငေးခနဲကြည့်မိသွားသည့်အကြည့်တို့ ဖျတ်ခနဲလွှဲလိုက်မိသည်။ ကြည့်ပါဦး... သူမှာ သွားတက်လေး လည်းရှိတယ်။ ဆံပင်လေးတွေကလည်း ပျော့ပျော့စင်းစင်းလေး မျက်ခုံးကြီးကလည်း အရမ်းလှတာပဲ။ အသားကလည်း ယောကျ်ား လေးတန်မဲ့ ဖြူလိုက်မှလွန်ပါရော။

နှလုံးသားဆီမှ တဒိတ်ဒိတ်တိုးဆောင့်ခုန်လာသည့်နှလုံးခု သံတို့ကြောင့် ကိုယ့်ကိုယ်ကို အံ့ဩနေမိသည်။ ဘာကြောင့်များ လိမ့်။ ဒီလိုခံစားမှုမျိုး မိုးရဲ့ဘဝမှာ တစ်ကြိမ်တစ်ခါမှမကြုံဖူးတာ လေ။ ဘုရားရေ! တကယ့်ကိုမှ တစ်မျိုးကြီးပါပဲလား။

"မိုးလေး"

"..."

"မိုးလေး"

"ဟင်"

"ကိုယ်ခေါ်နေတယ်လေ။ ဘာတွေစဉ်းစားနေတာလဲ။ ခေ နေတာကိုဖြင့် မဖြေဘူး။ ငြိမ်ကျသွားလိုက်တာ အရုပ်ဖြစ်သွား





း မှတ်ရတယ်။ ပြောပါဦး"

"ဘာကိုပြောရမှာလဲ"

"မိုးလေးက ဘာကိုရှက်တတ်လဲဆိုတာလေ"

"အဲဒါလား"

"ဒါပေါ့"

"အဲဒါက ဘာမှသိပ်မရှိလှပါဘူး။ ဒီလိုပဲ"

သူတိုးတိုးရယ်လိုက်ပြန်လေ၏။ ဘာကိုများ ရယ်ချင်နေရတာ မိုးကို ရယ်စရာလေးလို့ပဲသဘောထားလေသလား။

"ဘာလို့ရယ်တာလဲ"

"ရယ်ချင်လို့ပေါ့"

"ဟင်! မိုးက ရယ်စရာကောင်းနေလို့ ကိုကိုက ရယ်တာလား"

"ဟင်းဟင်း... မဟုတ်ပါဘူး။ မိုးလေးက သိပ်ကလေးဆန် ဘာကိုး"

"ကလေးဆန်တာနဲ့ပဲ ရယ်စရာဖြစ်ရောလား ကိုကိုရ"

"ဩော်... ကလေးစိတ်လေးနဲ့ ဖြူစင်တာဆိုတော့ ပွင့်လင်း ဖော်ရွေသလို၊ စိတ်ထဲမကွယ်မဝှက်နဲ့ အရှိအတိုင်းပြောတတ် ဘာလေးကို သဘောကျမိလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"မိုးလိုကောင်မလေးမျိုး ကိုကိုမတွေ့ဖူးဘူးလား"

"အင်း"

"တကယ်"

"တကယ်ပေါ့"

"မယုံပါဘူး။ ကိုကိုတို့ဆေးကျောင်းမှာတော့ မိုးလို ပွင့်ပွင့် လင်းလင်းပြောတတ်တဲ့မိန်းကလေးမျိုး တစ်ယောက်တလေတော့ လောက်မှာပါ။ ကိုကို ညာမပြောချင်ပါနဲ့"

"အဟုတ်ပြောနေတာပါ ချာတိတ်ရဲ့။ မင်းလို ပွင့်လင်း ဖော် ရွေတတ်တဲ့၊ ဟာသဉာဏ်ရွှင်တတ်တဲ့မိန်းကလေးမျိုးဆိုလို့ အခု တစ်ယောက်တည်းပဲ တွေ့ဖူးသေးတာ။ တကယ့်ကိုအံ့ဩဖို့ကောင်း တယ်"

သူမ တဟားဟားအော်ရယ်မိတော့ သူက ပြုံးစစဖြင့်ကြည့် နေလေ၏။ လူကိုများ အံ့ဩဖို့ကောင်းတယ်တဲ့လေ။ ဟန်မဆောင် တတ်တာမှန်ပေမယ့် အဲဒီစရိုက်တွေက သူနဲ့ဆုံချိန်မှာ တစ်စစ ပြောင်းလဲစပြုလာပြီပဲ။

သူ့မျက်နှာကို ဦးထုပ်ကွယ်ထားတုန်းက ဤသို့မဟုတ်လေခဲ့ မိုးရဲ့မအူမလည်စကားတွေကြောင့် မအောင့်နိုင်တော့ဘဲ ရယ်မော





မိတ်မှ သူ့မျက်နှာကိုမြင်ခွင့်ရခဲ့တာလေ။

လေအဝေ့မှာ သူ့ဆံပင်ပျော့ပျော့လေးတွေ လွင့်ဝဲသွားတာ ကို ငေးခနဲကြည့်မိပြီး အငိုက်မိသွားရတာလေ။ မိုးအရွယ်ဆိုတာ ကောင်ပေါက်ဘာမှမသိတတ် နားမလည်သေးတဲ့အရွယ်လေးပါ။ အရာရာကို စူးစမ်းချင်စိတ်နဲ့စပ်စုတတ်လေ့ရှိတဲ့ သဘာဝနဲ့သူ့ကို အတဲခတ်မိမှုင်း ရင်ထဲထိတ်ခနဲဖြစ်သွားမှုကမှ ဆန်းကြယ်နေတာ လေ။

ဒီလိုမျိုးတစ်ခါမှ မဖြစ်ဖူးသေးတာအမှန်ပါ။ သူ့မျက်နှာကို ကြာခဏခိုးကြည့်ဖြစ်တာကို သူသိသွားမှာကိုလည်း စိုးရိမ်မိပါ ၏။ သူဆတ်ခနဲကြည့်လိုက်ချိန်မှ ဖျတ်ခနဲအကြည့်ကိုလွှဲရတာလည်း ကြာခဏပါပဲ။

နှလုံးသားဆီမှ တဒုတ်ဒုတ်နဲ့ အဆက်မပြတ်မြည်ဟီးလာတာ ဆို သူကြားသွားမှာစိုးရိမ်ပြီး သူနဲ့လက်တစ်ကမ်းအကွာမှာ အမြဲ နေရတာလေ။

သူ့အကြည့်နွေးနွေးတွေနဲ့ အကြည့်ချင်းဆုံချင်သော်လည်း ငြိုးထိတ်မှုတွေနဲ့ ကိုယ့်ကိုယ်ကို သတိတွေအထပ်ထပ်ပေးနေရတာ တာ အဆက်မပြတ်ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒါဘာဖြစ်တာတဲ့လဲကိုကိုရယ်။

မိုးရင်ထဲက ခံစားမှုတွေကို ဘာရောဂါလဲလို့ ဘယ်သူ့ကို ဖွင့်ပြောပြီး မမေးရဲတာ တကယ်ပါလေ။

⊡⊡⊡



## အခန်း ( ၈ )

"လုပ်အားပေး. . . ဟုတ်လား"

"ဒါပေါ့။ မနက်ဖြန်အလှူနေ့ပါဆိုမှ ဒီနေ့ကတည်းက ကြိုပြီး လုပ်အားပေးရမှာလေ"

"တစ်ရွာလုံးပဲလား"

"အင်း. . . အလုပ်အားတဲ့လူငယ်တွေပဲ များမှာပေါ့"

"ဒါဆိုလည်း သွားမယ်လေ။ နေဦး၊ မမဦးကိုခေါ်လိုက်ဦး မယ်"

သုံးယောက်သား အိမ်မှထွက်လာကြစဉ် ရွာလမ်းမကြီးမှာ



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



လျှောက်လာကြသည့်လူစုကို မြင်လိုက်ရပါ၏။ သူတို့လက်ထဲမှတို ထားသည့်ဓားမတွေကိုမြင်ဟော့ မမဦးက မိုးလက်ကိုဆုပ်ကိုင်လိုက် လေသည်။

"မိုး"

"အာ. . . မမဦးလက်ကလည်း လူသေလက်လို အေးစက်နေ တာပဲ။ ဘာဖြစ်လို့လဲ"

"ဟိုမှာမမြင်ဘူးလား။ ဒီလူတွေ ဘာလုပ်ကြမလို့လဲမသိဘူး လေ"

"ဩော်, အဲဒါ ရွာဦးဘုန်းကြီးကျောင်းကို လုပ်အားပေးမယ့် သွားကြတာပဲလေ။ ဘာဖြစ်လို့လဲ မဦးရဲ့"

"အဲဒါ လုပ်အားပေးဖို့လား"

"အင်းလေ"

"လုပ်အားပေးသွားမယ့်လူတွေက လက်ထဲမှာ ဓားမကြီးတွေ ကိုင်ထားရလား"

"ဩော်. . . ချင်းတို့၊ ကြက်သွန်တို့နွာဖို့ ယူသွားကြတာလေ ဒီမှာက ဓားသေးသေးလေး ကိုင်လေ့မရှိကြဘူး။ ဒါကြောင့်ပါ"

"မသိပါဘူး။ ပုံစံတွေက မသိရင် စစ်ချီတက်မယ့်လူတွေ





ဘူးနေလို့"

"မမဦးကတော့ ဟာသပဲ"

"နင်နော်"

ဘုန်းကြီးကျောင်းရောက်တော့ နေရာကိုယ်စီယူ၍ အလုပ် လုပ်ကြလေ၏။ မိုးတို့သုံးယောက်က ဓား ယူမလာကြသူတွေမို့ ချက် ပြုတ်ဖို့တာဝန်ကိုမယူဘဲ သောက်ရေအိုးတွေဖြည့်၊ ကြမ်းခင်းတိုက်၊ အမှိုက်စည်းလှည်းသည့်အလုပ်ကို လုပ်ပေးကြပါသည်။

ရေတွင်းမှာ မြေသောက်ရေအိုးတွေ ဆေးတော့ သူက တွင်း ခင်ပေးပါ၏။ လုံချည်ကိုခပ်တိုတိုဝတ်ထားတာမို့ ခြေသလုံးမွေး နုရေးတို့က ပေါ်နေလေသည်။

"မြင့်မိုရ်က အားရှိသားပဲ"

"ဘာလဲ။ မဦးက ကျွန်တော့်ကို ငပျော့လို့ထင်နေလား။ တော သားပါဗျာ။ ဒီလောက်က Easy ပါ"

"မပြောတတ်ဘူးလေ။ မြို့က ဆေးကျောင်းသားတွေမြင်ရ တာတော့ ဘဝင်ကြီးတစ်ခွဲသားနဲ့ကိုး။ တော်ရုံလူဆို စကားမပြော ချင်သလို၊ အဖတ်ပဲမတန်သလိုလိုလည်း ချိုးတတ်ကြသေးတယ်"

"ဟုတ်ရဲ့လား မဦးရ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်. . . ဟုတ်ပါတယ်ဆိုမှ"

"ဒါဆိုသေချာပြီ။ မမဦးတော့ ဆရာဝန်နဲ့ညားမှာပဲ"

"ဟဲ့! ငါ့ကိုဒီလိုပြောစရာလား"

"အဲဒီလိုပဲ မမဦးရဲ့။ ကိုယ်ကြည့်မရတဲ့လူနဲ့ပဲ ရတတ်တယ် ဆိုလား။ လူကြီးတွေပြောကြတာပဲလေ"

"လျှာရှည်ပြန်ပြီ။ ကလေးက ကလေးလိုမနေဘူး"

"အမယ်! မိုးအသက် (၁၈)နှစ်ကျော်နေပါပြီနော်။ မှတ်ပုံတင် ရှိပြီးရင် လူကြီးဖြစ်ပြီ။ နော်,ကိုကိုရယ်"

"ငါပြောလိုက်ရ မကောင်းတော့ဘူး"

သူက ရယ်လိုက်ပြီး သူမလက်ထဲမှ သောက်ရေအိုးပြည့်ပြီး သယ်လိုက်လေ၏။

"နေပါစေ။ မိုးရွက်ပါ့မယ်"

"မလုပ်ပါနဲ့မမရယ်။ တော်ကြာ လူလည်းပစ်လဲ၊ အိုးလည်း ကွဲမှ လူရယ်စရာဖြစ်ကုန်ဦးမယ်။ ဟိုမှာ. . . ရွာကကာလသားတွေ ဝိုင်းကြည့်နေတာ မြင်တယ်မဟုတ်လား"

"အဲဒါမျှား ဂရုစိုက်လို့"

"ညည်းအသံ ဒီလောက်စာစာ၊ စာစာဖြစ်နေတာ ကြည့်ပြီး





မှာပေါ့ မိမိုးရဲ့။ ပြောလည်းမရဘူး။ မိန်းကလေးပီပီ တိုးတိုးသာသာ ပြောလို့, သင်ပေးလည်း ဒီတိုင်းပဲ"

"ဘာဖြစ်လဲ။ မိုးက သူများအတင်းတုပ်နေတာမှမဟုတ်တာ။ ကျယ်ကျယ်ပဲ။ လူကိုမျှား မတ်ပဲမှတ်နေ"

"ဘာလဲ. . . မိုးလေးရဲ့။ မတ်ပဲဆိုတာ"

"ဩော်. . . ပဲမျှားတာကိုပြောတာလေ။ ကိုကိုက တော်တော့ ကို ပိန်းသေးတာကိုး"

"ကဲ! ပြောပြန်ပြီ၊ နင်ဟာလေ"

ရေအိုးငါးလုံးကို ကျောင်းပေါ်ရှိစဉ်တွေမှာ သူနေရာနှင့်သူ ထားပြီးတော့ ကျောင်းပေါ်မှာ တံမြက်စည်းလှည်းကြပါ၏။ ပြီးမှ ဇြမ်းတိုက်ကြပါသည်။

"အစ်ကိုဖိုးကျော်"

"ဝေ့"

ကောင်လေးတစ်အုပ်ပြေးတက်လာစဉ် သူမက ဖျတ်ခနဲရပ်၍ ကျုံးအော်လိုက်ပါ၏။

"ဟော့ဟော့! တက်မလာနဲ့လေ။ နင်တို့ခြေထောက်တွေက ဖုတ် လက်တစ်သစ်နဲ့ ငါတိုက်ပြီးသားကြမ်းကို လာနင်းရလား။ သွားကြ"



www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးတွေက ဘာပြန်ပြောရမည်မှန်းမသိဘဲ မျက်လုံးလေး ပေကလပ်၊ ပေကလပ်နှင့် ပြန်ကြည့်နေကြလေ၏။ သူမက ကြမ်းတိုက်ဝတ်ကိုကိုင်၍ ခါးထောက်ကာ ကြည့်နေသည်ကို။

"မသွားကြသေးဘူးလား"

"နေပါဦး မိုးလေးရယ်, ကိုယ်မေးပါရစေဦး။ ဘာပြောချင်လဲ ကြွက်နီ"

"ဟိုလေ. . . ဦးပဥ္စင်းက မြို့က ဧည့်သည်မမတို့ကိုကျွေး ပြောင်းဖူးရော၊ မြေပဲရော၊ ကန်စွန်းဥပါ ပြုတ်ထားတယ်တဲ့။ အဲဒါ"

"အေးအေး. . . ပြီးရင်လာခဲ့မယ်"

"မဟုတ်ဘူး, အခုလာခဲ့တဲ့။ ကျန်တာ ကျွန်တော်တို့လုပ်ပေးမယ်လေ"

"အံမာ! နင်တို့လုပ်လို့ ဘယ်လိုစင်မှာတုန်း။ ဒီလောက် ဖုန်တွေအထပ်ထပ်လူးပြီး ချေးထူနေတဲ့ဟာ။ ကိုယ်တိုက်တဲ့ကြမ်း၊ ကိုယ်ကြောင့်ပဲ ပြန်ညစ်ပတ်မှာ မသိကြဘူး"

သူမ ပွစိပွစိရေရွတ်တော့ ကောင်လေးသုံးယောက်က ရယ်ကျဲကျဲလေးဖြစ်သွားပါ၏။ ထိုသုံးယောက်ကပဲ ဧည့်သည်တွေစားဖို့ ပြောင်းဖူးချိုး၊ မြေပဲခြွေ၊ ကန်စွန်းဥတူးပေးတာကို မရွှေချောလေးက





သိဘဲကိုး။ ရွာကလူတွေ ဖိနပ်သိပ်မစီးကြမှန်းမသိဘဲ ခြေညစ်ပတ်တာကို စကားထဲထည့်ပြောနေသဖြင့် သူ့အားနာသွားရပါသည်။

"ရတယ်ကြွက်နီရေ့. . . မင်းတို့ကူညီချင်ရင် ကျောင်းဝင်းထဲမှာရှင်းမှပဲကူကြ။ အမှိုက်ကောက်ပြီး ရှင်းရမှာလေ။ ညကျမှ မီးရှို့မှာ"

"ဟာ! ဒါဖြင့် အစ်ကို မီးပုံပွဲလုပ်ဦးမှာလား"

"အေး"

"ဟေး. . ."

ကလေးအုပ်ပြေးဆင်းသွားတော့မှ သူမက ကြမ်းတိုက်သည့်အလုပ်ကို ဆက်လုပ်ပါ၏။

"ကိုကို"

"ဟင်"

"မီးပုံပွဲလုပ်တာ ဘာလဲ"

"အမှိုက်တွေစုပြီး မီးရှို့တာပါ မိုးလေးရဲ့။ ပြီးတော့ တစ်ခုခုလုပ်စားကြတာပေါ့"

"ဘာလုပ်စားကြတာလဲ"

"ဩော်. . . ကန်စွန်းဥဖုတ်တာတို့ဘာတို့ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါကိုများ မီးပုံပွဲတဲ့"

"ပျော်စရာကောင်းတယ် မိုးလေးရဲ့၊ ညကျ လာဦးမယ[...] သူများတွေချက်ပြုတ်တာကို အားလည်းပေးရင်းလေ"

"လာချင်ပါဘူး"

"ပြောမနေနဲ့ မြင့်မိုရ်ရေ၊ ဒင်းက အစားနဲ့အအိပ်မှာ [...] တာကို ပိုဦးစားပေးတယ်"

"မမဦးကလည်း"

"မဟုတ်လို့လား။ ရောက်စညက ရေပြောင်းမြေပြောင်း[...] ငါရောမမေပါ တော်တော်နဲ့အိပ်မပျော်ဘူး။ နင်က အိပ်လိုက်[...] သိုးလို့။ ခေါင်းကိုဆင်နင်းသွားတောင် နိုးမှာမဟုတ်ဘူး"

"ဆင်နင်းမှတော့ နိုးမလား မမဦးရဲ့၊ နတ်ပြည်ရောက်[...] ပေါ့"

"အံမာ! သူကျ နတ်ပြည်ရောက်မယ်ထင်နေ၊ ဒီလော[...] ငှစကာလို စမန်းကျနေတာ နင့်ကို နတ်ပြည်ရော ငရဲပြည်[...] လက်ခံမှာမဟုတ်ဘူး"

"ဟင်းဟင်း . . . ဒါဆိုလည်း လူပြန်ဖြစ်မှာပေါ့ မမဦးရဲ့"

မမဦး ပြောမနိုင်တော့သဖြင့် သူမကိုမျက်စောင်းသာခဲလို[...]





[...]သ၏၊ ကြမ်းတိုက်ပြီး ခဏနားရန်ခြေလက်ဆေးစဉ် သူက သူမ [...]သို့ကပ်ကာ တိုးတိုးလေးမေးလိုက်ပါသည်။

"ညကျလိုက်ဦးမလား"

"မီးပုံပွဲကိုလား"

"အင်း"

"မလိုက်ပါဘူးဆိုနေမှပဲ"

"လိုက်မယ်ဆို မင်းစားချင်တာ လုပ်ကျွေးမလားလို့၊ မလိုက်ချင်လည်းနေပါ၊ ရပါတယ်"

"မိုးစားချင်တာ,ဟုတ်လား"

"အင်း"

"ဘာလဲဟင်"

"ကောက်ညှင်းကျည်တောက်"

"တကယ်"

"တကယ်ပေါ့"

"အား! အဲဒါ စောစောကပြောပါလား။ မိုးလိုက်မှာပေါ့လို့"

ဝမ်းသာအားရဖြင့် ထခုန်လျက် သူ့လက်မောင်းကိုဆွဲလိုက် [...]ာမို့ ရေဖလားကိုင်ထားသည့်လက်က စောင်းသွားပြီး သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



ပက်သလိုဖြစ်သွားရပါသည်။

"ဟာ! "

"အာ. . . ကိုကိုကဖြင့် စောစောစီးစီး မိုးကိုသကြိန်ကျနေပြီ မမဦးရေ့။ ဟားဟားဟား. . ."

"ဟဲ့! ရယ်ပြန်ပြီ၊ ဝါးလုံးကွဲသံနဲ့၊ နင်တော့နော်။ မမေ့ရှေ့သာဆို ပေါင်ကြောပြတ်တော့မှာပဲ"

ကျောင်းဝင်းထဲမှာ အမှိုက်ကောက် တံမြက်စည်းလှည်းတော့ ဖုန်တသောသောကြားမှာ နာချေချောင်းဆိုးရင်း သူမ ပျော်နေပုံက အထင်းသားပင်။ ဟန်မဆောင်တတ်တာ၊ အရှက်မသည်းတတ်တာ၊ အပြစ်ကင်းစင်လွန်းတာတို့က သူတွေ့ဖူးသည့်မိန်းကလေးတွေနှင့် လုံးဝကွဲပြားထူးခြားလွန်းသည့်ကောင်မလေးကြောင့် ရင်ထဲမှာ ဘာမှန်းမသိသည့်ခံစားချက်က အဆန်းတကြယ်။

ဩော်. . . မြင့်မိုရ်ကျော်ဆိုတဲ့ ခပ်အေးအေး ဆေးကျောင်းသားလေးရဲ့ ခဏတာ ရွာပြန်လည်တဲ့ခရီးက ဘဝမှာ အမှတ်တရဖြစ်စေခဲ့တာလေး။

အိမ်ပြန် ရေချိုး ထမင်းစားကြပြီး တရေးတမောမှေးကာ ညနေစောင်းမှာ ညနေစာစားကြ၏။ ငါးပိရည်နှင့် တို့စရာကို မြိန်





ရှက်စွာစားနေသဖြင့် မေမေတို့က သူမကိုကြည့်ရင်း ရယ်ကြလေသည်။

"ဒါဘာရွက်လေးလဲဟင်"

"ကန်စွန်းညွန့်လေ သမီးလေးရဲ့။ ဘာဖြစ်လို့လဲ"

"ဟင်! ကန်စွန်းညွန့်ကလည်း မိုးတို့ဆီမှာလို တရုတ်ကန်စွန်းမျိုးမဟုတ်ဘူး"

"ဒီမှာ အဲဒီလို ကန်စွန်းမျိုးမရှိဘူး မိုးလေးရဲ့။ အလေ့ကျပေါက်တာတွေပဲရှိတယ်။ စားကြည့်. . . ရေနွေးဖျောပေးထားတာ ကန်စွန်းရွက်နဲ့အတူတူပဲ"

"ဒီအချောင်းလေးတွေကရော"

"အဲဒါ စာကလေးခြေထောက်လို့ခေါ်တယ်"

"ကောင်းလို့လား"

"ကောင်းတာပေါ့။ ကျွတ်ကျွတ်ဝါးရပြီးစိမ့်တယ်"

"ဒီဖောင်းဖောင်းလေးကရော"

"အဲဒါက ကြက်ပေါင်သီး။ သူက ချဉ်တယ်"

"ဟုတ်လား။ ချဉ်ရင် မိုးကြိုက်တယ်"

"ကြိုက်ရင် စားစား. . . သမီးလေး"



www.burmeseclassic.com

www.burmeseclassic.com



အန်တီပြုံးက ကြက်သားနှင့်ဘူးသီးကာလသားချက်နှင့် ဝတ်သားဆီပြန်ကို သူမပန်းကန်ထဲ ခပ်ထည့်ပေးလေ၏။ ဟင်းမန္တိက်ဘဲငါးပိရည်ဆမ်းစားနေသည့်တူမတော်ကို ကြီးမေက မျက်စောင်းခဲနေချေပြီ။ မခဲဘဲနေမလား။ ဒင်းစားတာ နှစ်ပန်းကန်ရှိနေပြီကိုး။

"ယူဦးမလား. . . မိုးလေး"

"ခုဟင်း. . . မိုး ဒီနွယ်ပင်တွေ မစားရသေးဘူး။ နည်းနည်းထပ်ယူမယ်"

"မိမိုး တော်လောက်ပြီနော်။ ညည်းတော့ စားပိုးနင့်ဦးမယ်"

"မဖြစ်ပါဘူး. . . ကြီးမေရဲ့။ မိုးဗိုက်က ဘေးတိုက်မို့ ထည့်သလောက်ဆံ့တာဆို။ ကြီးမေပဲ ခဏခဏပြောထားပြီး"

"နင်တော့နော်"

"စားပါစေ မမမေရယ်. . . ဒီအရွယ်က ဒီလိုပဲ အစားမက်အအိပ်မက်ကြတာပဲ။ ဒါ ကောက်ရိုးနွယ်လေ သမီးရဲ့။ ကြိုက်လား"

"အင်း. . . စိမ့်တယ်"

"ကြည့်လည်းကျွေးဦး မေမေရေ့။ တော်ကြာ လမ်းဘေးတွေ့သမျှအပင်ကို တို့စရာထင်ပြီး စားနေမှဒုက္ခ"

"အမယ်. . . ဒီလောက်တော့ မိုးကြည့်တတ်ပါတယ် ကိုကိုမှ လူကိုများ အထင် Small လို့"

ထမင်းစားပြီး တအောင့်နားစဉ် အန်တီပြုံးက လက်ဖက်သုပ်ပေးလေ၏။ ရေနွေးကြမ်းပူပူကို မှုတ်သောက်နေသည့်သူမက စိတ်ရှည်ဘဲ ရေအိုးစင်မှ သောက်ရေကို မတ်ခွက်ဖြင့် ထခပ်လေသည်။

"အဲဒါဘာလုပ်တာလဲ။ အအေးတွေနဲ့ အပူတွေနဲ့ နင်တော့ဗိုက်နာတော့မှာပဲ"

"အာ. . . ကြီးမေရေနွေးက အရမ်းပူတာ မသောက်နိုင်ဘူး။ သူ့ကိုအေးအောင်မှုတ်နေရတာနဲ့ မိုး လက်ဖက်ကို ကောင်းကောင်းစားရတော့ဘူးလေ"

"ညည်းဗိုက်လေးကလည်းနော်, ထည့်သလောက်ဆံ့ဆံ့လွန်းလွန်း"

ကြီးမေ လှည့်မာန်လိုက်တော့ သူမမျက်နှာက မှုန်ကုပ်ကုပ်။ သူတ သူမရေခွက်ကိုယူလိုက်ပြီး သွန်ပစ်ကာ ရေနွေးကိုအအေးခံပေးလိုက်ပါသည်။

"ဘာလုပ်တာလဲ"

"မိုးလေး ဗိုက်နာမှာစိုးလို့ပေါ့။ လက်ဖက်သုပ်ဆိုတာ ရေနွေးနဲ့လိုက်ဖက်တယ် ချာတိတ်ရဲ့။ သောက်. . ."







www.burmeseclassic.com

www.burmeseclassic.com



သူမက သူအအေးခံပေးထားသည့်ရေနွေးကြမ်းကို တစ်ငုံ သောက်လိုက်၊ လက်ဖက်ပန်းကန်ထဲမှ အကြော်စုံနှင့် ခရမ်းချဉ်သီး ကိုရွေးစားလိုက်နေရင်း ဖျတ်ခနဲသတိရသွားရပါ၏။

"ကြီးမေ"

"ဘာတုန်း"

"မိုးမွေးနေ့ကို ဘယ်လိုလုပ်ပေးမှာလဲ။ အလှူပြီး နောက်တစ် ရက်ဆို ရောက်ပြီ။ အာ. . . ကိုကြီးက မိုးအတွက် Jean Pan ဝယ် ထားပေးမယ်ပြောတာ မေ့တော့မှာပဲ"

"ညည်းပဲ ဖျတ်ဖျတ်လူးလိုက်ချင်တယ်ဆိုလို့ ခေါ်လာရတာ လေ။ ခုမှ ဂဏှာဂဏှာင်ကျမနေနဲ့။ စိတ်ကလည်း တတ်တတ်နိုင်လွန်း တဲ့မျောက်စိတ်"

"သွားပါပြီ. . . ဟိုကောင်ဗလက မိုးအတွက် ကိတ်မုန့် Spe- cial မှာပေးမှာ. . . ကြီးမေရ"

"နားညည်းတယ်အေ။ ပြန်ချင်ရင် ညည်းဖာသာညည်းပြန်။ ကျုပ်တို့သားအမိက အလှူပြီးမှပြန်ဖြစ်မှာ"

သူမမျက်နှာလေး စူပုပ်သွားပါ၏။ သာနေသည့်လကလေး တိမ်မည်းကွယ်သွားသလို လငပုပ်ဖမ်းမိပါရောလား။ ကျောင်းမှာ





ဆုံးဖွဲ့လုပ်တာကို လိုက်ခဲ့ပေမယ့် စိတ်က တယ်မပါလှ။ ကျွေးသမျှ ကိုတော့ နည်းနည်းစီစား၍ တော်ပါသေးသည်။

လမင်းကိုငေးကြည့်ရင်း ငြိမ်သက်နေသည့်သူမကြောင့် သူ နေတတ်။ အမြဲသွက်လက်တက်ကြွနေသည့်ကောင်မလေးကို ငြိမ် ငြိမ်သက်သက်မြင်ရတော့ ရင်ထဲမှာတစ်မျိုးကြီးဖြစ်နေရတာပါလေ။ သူကိုယ်တိုင်လုပ်ပေးသည့် ကောက်ညှင်းကျည်တောက်ကို နှမ်းနှင့် အုန်းခြောက်ကင်နှင့် ရောစားနေပေမယ့် အပြုံးက ပျောက်နေသေး သလေ။

"မိုးလေး"

"ဟင်"

"တကယ်ပဲ မွေးနေ့လုပ်ချင်တာလား"

"လုပ်ချင်တာပေါ့ ကိုကိုရဲ့။ မိုး (၁၈)နှစ်ပြည့်မို့ ကိုကြီးက သေချာလုပ်ပေးမယ်ပြောထားတာကိုမေ့ပြီး ကြီးမေတို့နဲ့ပါလာခဲ့မိ တာ။ မှားပြီထင်ပါရဲ့"

"မမှားပါဘူးကွာ။ ကိုယ်လုပ်ပေးမှာပေါ့"

"ဘယ်မလဲ Cake"

"အပ်ချလောင်းဆိုပြီး ဖုတ်ပေးမယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



သူမထံမှ မျက်စောင်းတစ်ခုထွက်လာလေ၏။

မယုံဘူးပေါ့ လေ။

စောင့်ကြည့်ပေါ့. . . ချာတိတ်ရယ်။

▣▣▣



အခန်း ( ၉ )

မမဦး ဆံပင်ကျစ်ပေးနေတာမို့ ငြိမ်နေရ၏။ အလှုမှာဝတ်ရန်အတွက် ခုတင်ထက်ရှိနေသည့် ဖဲသားနှင့်ဇာပေါက်စပ်ချုပ်ထားသည့် ခါးတင်လက်ဖောင်းပန်းရောင်နှင့် ချိတ်လုံချည်ပန်းဆီရောင်ဆိုင့်ကြည့်ကာ နှာခေါင်းရှုံ့လိုက်မိသည်။

“ဒီအရောင်ကြီးလား။ အဖြူလေးဆို ဟုတ်တုတ်တုတ်”

“ဟယ်. . . ကလေးက ပန်းရောင်နဲ့ပိုလိုက်တာပေါ့ မိမိုးရဲ့။ င်ဟာလေ. . . ဒီလိုဂျိုဂကောင်ကျပုံနဲ့တော့ အပျိုကြီးဖြစ်တော့မှာပဲ”



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်တော့ကောင်းတာပေါ့ မမဦးရဲ့။ စိတ်ရှုပ်စရာကောင်း
သေးတယ်။ နို့မို့ လင့်ကျင့်ဝင်၊ မယားကျင့်ဝတ်တွေကို သည်းခံပြ
ကျက်ရမှာ"

"ခက်တော့တာပဲ။ ညည်းဟာလေ သိကိုသိနိုင်လွန်းတယ်
ဒီအပေါက်ဆိုးပုံနဲ့ နှင့်ကို ဘယ်သူက ကြိုက်မှာလဲ"

"ကြိုက်စရာလား မမဦးရဲ့။ ကျောင်းမှာလိုက်တဲ့ကောင်ေ
များ တစ်ပြုံကြီး။ ဗလ ရှင်းပေးနေလို့နေ၁်။ နို့မို့ ဟောတစ်ယော
ဟောတစ်ယောက် ရည်းစားတွေမှိုလိုပေါက်အောင်ထားလို့ရတယ်
မှတ်။ မိုးက အဲဒါတွေကိုစိတ်ရှုပ်လွန်းလို့ ပျော်ပျော်ပဲနေနေတာ"

"အေးပါ. . . ပြောထား။ နောက် ညည်း ဘယ်လိုလူမျိုးနဲ့
လဲဆိုတာ ငါစောင့်ကြည့်ဦးမယ်။ ကဲ! အဝတ်လဲပြီး အောက်
စောင့်နေချည်"

"ကိုကိုဒေါက်တာနဲ့ရမှာပေါ့' လို့ စိတ်ထဲမှာ တီးတိုးရွတ်
ပြုံးစိစိလေးဖြစ်သွားရပါ၏။ ချိတ်လုံချည်က တောင့်တောင့်ကြီးဖြ
နေတာမို့ ကျွတ်မကျစေရန် ခါးမှာ ခပ်တင်းတင်းလေးစည်းလို
ပြီး အောက်ထပ်သို့ဆင်းလာခဲ့ပါသည်။ လှေကားအဆင်းမှာ အိမ်
ဝင်လာသည့်ကိုကိုနှင့် တန်းတိုးလေ၏။





"အားပါးပါး. . . တယ်လှနေပါလား"

"မနာလိုဘူးလားရှင်"

"နာလိုပါတယ်ဗျာ။ ရော့. . . ဒီမှာ, မိုးလေးပန်ဖို့ ကိုယ်ပန်း
ဘာတယ်"

"ပန်း"

"အင်းလေ. . . မပန်ဘူးလား"

သူ့လက်ထဲမှာ အဆုပ်လိုက်လေးရှိနေသည့်ပန်းခက်လေးကို
ကြည့်ရင်း ရယ်ချင်သွားရပါ၏။ မိုးဖြင့် ဒီအရွယ်ထိ တစ်ခါမှပန်း
န်ဖူးခဲ့တာလေ။ အံမယ်! ပန်းကလည်း မိုးဘာဝတ်မယ်သိလို့လား
၏၊ ပန်းရောင်လေးပါလား။

"ဘာဖြစ်လို့လဲ မိုးလေးရဲ့"

"မိုးက ပန်းမပန်တတ်ဘူး"

"ဟောဗျာ! မိန်းကလေးဖြစ်ပြီး ပန်းမပန်တတ်ဘူးတဲ့။ အံ့
ာ! လာ, ကိုယ်ပန်ပေးမယ်"

ကျစ်ဆံမြီးနှစ်ဖက်ကို ရှေ့သို့ချကာ ကွပ်ပျစ်မှာ ထိုင်လိုက်ပါ
သူက အန်တီပြုံးတို့အခန်းထဲဝင်ကာ ကလစ်ယူ၍ ပြန်ထွက်လာ
သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ့ပြော . . . အပျိုကြီးလုပ်မှာလား၊ ယောကျ်ားယူမှာ

"ကိုကို့စကားကြီးက. ဘာကြီးတုန်း"

"ဟုတ်တယ်လေ။ အပျိုကြီးလုပ်မယ်ဆိုရင် ဘယ်ဘ ပန်ရတယ်။ ယောကျ်ားယူမယ်ဆိုရင် ညာဘက်က ပန်ရတယ်

"ဟုတ်လား"

"ဟုတ်တယ်"

သူမ ခစ်ခနဲရယ်လိုက်မိ၏။ ဒီလောက်တော့ မိုးတို့က ပြီးသားပါနော်။ ကိုကိုစမ်းသပ်တာလောက်ကတော့ အပျော့ ပဲ။ မိုးတို့က အရှောင်အတိမ်း ဂျက်စီကိုမ်းပါ။

"ကိုကို ပန်ပေးချင်တဲ့ဘက်က ပန်ပေးပေါ့ရှင်"

"ကြည့်စမ်း! အတော့်ကိုလည်တဲ့ချာတိတ်ပါလား"

"သိတယ်မဟုတ်လား။ မိုးက ကိုကို့ညီမလေးလေ"

"ဟုတ်ပါပြီဗျာ။ ပန်ပေးပါ့မယ်"

သူက ရယ်ရယ်မောမောဖြင့် သူမ၏ဘယ်ဘက်ခြမ်းမှာ ခိုင်လေးကို ပန်ပေးလိုက်ပါသည်။ သူ မှန်ထောင်ပြနေသဖြင့် ကိုမြင်အောင် ခေါင်းငဲ့စောင့်လျက်ကြည့်လိုက်တော့ ပန်းလေး က အဆုပ်လိုက်လှနေလေ၏။





"လှလား"

"လှတယ်။ အဲဒါဘာပန်းလဲဟင်"

"ဟင်းဟင်း . . . လက်ထပ်ပန်းလို့ခေါ်တယ်"

"ကြည့်စမ်း! လက်ထပ်ပန်းဆိုပြီး မိုးကိုအပျိုကြီးဖြစ်အောင် ရလား။ အဲဒီကိုကိုကတော့လေ"

နှစ်ယောက်သား ရယ်မောလိုက်စဉ် အန်တီပြုံးက ငွေဖလား ကိုင်၍ နောက်ဖေးမှ ထွက်လာလေသည်။

"သားရေ . . . ပေါက်ပေါက်ထုပ်တွေရော"

"ကြောင်အိမ်ထဲက သံပုံးထဲမှာလေ မေမေ"

"သားပဲယူခဲ့လေ။ မေမေတို့လူကြီးတွေ သွားနှင့်မယ်"

"ဟုတ်ကဲ့ပါမေမေ"

"အမယ်! အန်တီ့သမီးလေးက ပန်းတွေဘာတွေနဲ့ တယ်လှ ပါလား"

"အဟင်း . . . ကိုကိုခူးလာပေးတာ အန်တီရဲ့။ မိုးကတစ်ခါမှ မပန်ဖူးလို့ တစ်မျိုးကြီးဖြစ်နေသလားလို့"

"လှပါတယ်သမီးလေးရဲ့။ သမီးက ဘာမှမပြင်ဆင် မခြယ်သ ည်း ယဉ်ယဉ်လေးနဲ့လှတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"သိပ်မကြောက်နဲ့ မေမေရေ့၊ တော်ကြာ အပျိုကြီးလုပ်ချ
စိတ်လေး ပျောက်သွားဦးမယ်"

"ကိုကိုနော်"

လူကြီးတွေနှင့်အတူ မမဦး လိုက်သွားသဖြင့် နောက်ဆုံး
သူနှင့်အတူလိုက်ရန် မိုး,ကျန်ရစ်ခဲ့ရပါ၏။ ပေါက်ပေါက်ထုပ်ရေ
ယူလာတော့ သူ့ကိုစပ်စုလိုက်မိသည်။

"အဲဒီပေါက်ပေါက်တွေက ဘာလုပ်ဖို့လဲဟင်"

"ပိုက်ဆံကျဲဖို့လေ မိုးလေးရဲ့၊ ပေါက်ပေါက်ရယ်၊ သကြားလုံ
ရယ်၊ ပြီးတော့ သေးသေးလေးခေါက်ထားတဲ့ ပိုက်ဆံခေါက်တွေရယ်
ပေါ့။ မိုးလေးရော ကွမ်းတောင်၊ ပန်းတောင်ကိုင်ချင်လား"

"မကိုင်ပါဘူး။ ပန်းတောင်ကိုင်ရတဲ့လူက မိစုံဖစုံရှိရတယ်
ဆို။ မိုးက မေမေမှမရှိတော့တဲ့ဟာ။ မိုးရဲ့မေမေက မိုး (၈)တ
နှစ်ကတည်းက ဆုံးသွားတာလေ"

"ဒီတော့လည်း ရပါတယ်,မိုးလေးရဲ့၊ ကိုယ့်မေမေကို အ
ခဏတော်လိုက်လေ"

"အဲဒါ ဘာစကားကြီးတုန်း"

သူမက လက်သီးဆုပ်နှစ်ဖက်ဖြင့်ထုတော့ သူက ရှောင်ရ





ပေါက်ပေါက်ထုပ်တွေကို အိတ်တစ်ခုထဲ စုထည့်လိုက်ပါ၏။

"ကိုယ်ပြောတယ်လေ. . . ခဏတော်လို့"

"တော်နိုင်ပေါင်၊ အဲဒီပေါက်ပေါက် နည်းနည်းလောက်ဖယ်
ထားပါလားဟင်"

"ဘာလုပ်ဖို့လဲ"

"အဲဒါကို ထန်းလျက်နဲ့လုံးပြီး စားချင်လို့ပေါ့။ မိုးက ပေါက်
ပေါက်ဆုပ်ကြိုက်တယ်"

"ဒါများ မိုးလေးရယ်၊ အသင့်လုပ်ပြီးသား ပေါက်ပေါက်ဆုပ်
တွေ ရှိပါတယ်ကွ။ ကိုယ်ဝယ်ကျွေးမှာပေါ့"

"ဒီမှာရောင်းလို့လား"

"ရောင်းတာပေါ့"

"ပြီးရော"

သူမတို့ထွက်လာတော့ ရွာလယ်ရှိရွာလူကြီးအိမ်ရှေ့မှ မဏ္ဍပ်
ကြီးနှင့် လော်စပီကာသံကို အဝေးကြီးမှပင်ကြားရ၏။ ရှင်သာမဏေ
ပြုမည့် မောင်ရင်လောင်းနှင့် သီလရှင်ပြုမည့်ကလေးတွေက စုစု
ပေါင်း (၂၇)ဦးမို့ စည်စည်ကားကား။

စုပေါင်းလုပ်ကြသည့်အလှူမို့ တစ်ရွာလုံး အုတ်အုတ်ကျက်



www.burmeseclassic.com

www.burmeseclassic.com



ကျက်စည်ကားလှပါ၏။ ရွာပြင်ဘက်သို့ပတ်ပြီးမှ ရွာဦးဘုန်းကြီး ကျောင်းသို့ဦးတည်မှာမို့ ရွာလူကြီးအိမ်မှ စထွက်ကြလေသည်။

"လိုက်ကြည့်ချင်သေးလား။ နေတော့ပူမယ်"

"အာ. . . ဒီအဝတ်အစားကြီးနဲ့ လိုက်ချင်ပါဘူး။ ရေစက်ရှ ဖို့ ကြီးမေတို့ ဟိုမှာစောင့်နေမှာမဟုတ်လား။ အဲဒီကိုပဲသွားကြမယ် လေ"

"ကောင်းပြီလေ. . . သွားစို့"

နှစ်ယောက်သား ရွာလမ်းမကြီးအတိုင်း လျှောက်လာခဲ့ကြ၏။ အလှူရှိတာမို့ အိမ်တိုင်း လူမရှိကြချေ။ ပြီးတော့ ဒီရွာမှာ တစ်ခု ထူးခြားတာက သူခိုးသူဝှက်မရှိသဖြင့် အိမ်တိုင်းတံခါးတွေကို သော့ မခတ် ကြခြင်းပင်။

"ကိုကို"

"ပြော"

"ဒီရွာမှာပဲ ငယ်ငယ်ကတည်းက နေလာခဲ့တာလား"

"မဟုတ်ဘူး မိုးလေးရဲ့။ ကိုယ်က ဖေဖေ့ဘက်က ဘိုးဘိုးရဲ့ နဲ့ ငယ်ငယ်ကတည်းက နေခဲ့ရတာလေ။ ကျောင်းရက်ရှည်ပိတ်ရင် နဲ့ နွေရာသီပဲ ဒီမှာလာနေဖြစ်တာ။ ဒါကြောင့် ရွာကလူတွေ ကိုယ့်





အိပ်မစိမ်းတာပေါ့"

"ဆရာဝန်ဖြစ်သွားရင်ကော"

"အင်း. . . ပြောလို့မရဘူးလေ။ လူကြီးတွေ လုပ်စေချင်တဲ့ နေရာမှာလုပ်ရမှာပေါ့ မိုးလေးရဲ့။ ဘာဖြစ်လို့လဲ။ ရန်ကုန်မှာ လာ လုပ်စေချင်လို့လား"

"ဟုတ်ပါဘူး"

"မိုးရော. . . ကျောင်းပြီးရင် ဘာလုပ်မလဲ"

"မိုးလား"

သူမက သူ့ကိုမော့ကြည့်ကာ ပြုံးတုံ့တုံ့လေးဖြစ်သွားပြီးမှ ချက်နှာလွှဲသွားလေ၏။

"ဘာလဲကွ. . . ဘာမှလည်းမပြောဘဲ ပြုံးစိစိလုပ်နေတယ်။ ဘယ်လိုလေးလဲမသိ"

"ပြောမှာပါ ကိုကိုရ။ မိုးပြောရင် ကိုကိုက လှောင်မှာစိုးလို့"

"ဘာလုပ်မှာမို့ ကိုယ်ကလှောင်ရမှာလဲ မိုးလေးရဲ့။ ပြောပါ [illegible]"

"မိုးက စာရေးဆရာမလုပ်မှာ"

"ဘယ်လို! "



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်။ အခု ဗလရော မိုးပါ မဂ္ဂဇင်းတွေထဲမှာ ရေးနေပြီ။ ဗလက, ကဗျာလေ။ မိုးက ဝတ္ထုတိုပေါ့။ ဗလရဲ့ဖေဖေ ဦးမြင့်မင်းအောင်ရဲ့မိတ်ဆွေတိုက်မှာ ရေးနေတာ။ ခုဆို သုံးလေးပုဒ်ရှိနေပြီ"

"ဗလ. . . ဟုတ်လား။ မိုးလေးနှုတ်က ဒီဗလဆိုတဲ့နာမည်ကို မကြာခဏရွတ်တာ ကြားကြားနေရတယ်။ အဲဒီဗလဆိုတာ ဘယ်သူလဲ"

"သူငယ်ချင်း"

"Best friend လား၊ Boy friend လား"

မျက်စောင်းက ဒိုင်းခနဲရောက်သွားပါ၏။ ဗလကိုများ boy friend လို့ထင်စရာလား။ ဗလ၏ပြောင်ချော်ချော်မျက်နှာကို ကွင်းခနဲမြင်မိစဉ် သူမပြုံးစိစိဖြစ်သွားရလေသည်။ ဒင်းကတော့ သုံးလေးရက်လောက်ဝေးနေတာ ဘယ်လောက်တောင် ပျင်းနေပြီလဲ မသိတော့ပါလေ။

"Best friend မဟုတ်ဘူး။ Bad friend ကိုကိုရ"

"ဟောဗျာ! ဘယ်လိုကြောင့် သူငယ်ချင်းဆိုးဖြစ်သွားရတာတုန်း"





"ဗလနဲ့မိုးက ငယ်သူငယ်ချင်းတွေလေ။ ဗလက မိုးထက် ခရက်ပဲကြီးတာ။ ဒီကောင်က ငယ်ငယ်ကတည်းက Fatty လေး လေ။ ဒါကြောင့် သူ့ကို ဗလလို့ခေါ်တာ။ ဗလက အရမ်းအစသန်တယ်။ မိုးကို တစ်နေ့တစ်ခါမစရရင် မနေနိုင်တဲ့အမျိုးလေ။ ဒါကြောင့် နည်းနည်းမှ မျက်နှာကြောမတည့်တာ။ ဒါကိုများ ကိုကိုက Boy friend ထင်စရာလား"

သူက သူမကိုလှည့်ကြည့်ရင်း ပြုံးလိုက်မိပါ၏။ မတည့်သည့် သူငယ်ချင်းရဲ့အကြောင်းကိုပြောနေတာ မျက်နှာက ချိုမြနေတာ ဟုတ်လား။ အင်းပေါ့လေ. . . ငယ်သူငယ်ချင်းဆိုတော့လည်း သံယောဇဉ်အတော်ကြီးရှာပေမပေါ့။

"ဗလက ကြည့်ကောင်းလား"

"ဘာလဲ"

"ကြည့်ကောင်းလားလို့မေးတာလေ,မိုးလေးရဲ့။ ယောကျ်ားပီသတာ၊ မိန်းမဆန်ဆန်ချောတာ၊ အပြစ်ကင်းစင်ပြီး ချစ်ဖို့ကောင်းတာတို့ ကြားဖူးတယ်မဟုတ်လား။ အဲဒါကိုပြောတာ"

"အင်း. . . ကိုကိုမေးမှပဲ တွေးမိတော့တယ်။ မိုးဖြင့် တစ်ခါမှမတွေးဖူးပါဘူး။ ဗလက ငယ်ငယ်တုန်းကသာ ဝတာ။ ကြီးလာ



www.burmeseclassic.com

www.burmeseclassic.com



တော့ ယောက်ျားပီသသားပဲ။ ခန့်တယ်လို့ပြောလို့ရမှာပေါ့။ ဝတ်တာစားတာရိုးတယ်။ စိတ်ရင်းကောင်းတယ်။ တခြားလူအပေါ်ကူညီရိုင်းပင်းတတ်တဲ့စိတ်ရှိပြီး သဘောကောင်းတယ်။ ဒါကြောင့်သူ့ကို ကောင်မလေးတွေ ပစ်ကျကြတာပေါ့"

"ဒါဆို မိုးလေးနဲ့သူ တစ် Major တည်းလား"

"အင်း"

"ကောင်မလေးတွေ ကြွေတယ်ဆိုတော့ သူ့ရုပ်က ဘယ်ခေမလဲကွ"

"ကိုကို့လောက် မချောပါဘူးနော်"

"ဘာရယ်"

သူ့အံ့ဩစွာဖြင့် ကြည့်လိုက်စဉ် သူမက နှာခေါင်းရှုံ့ပြကာကျောင်းဝင်းထဲသို့ ပြေးဝင်သွားလေ၏။ ဒီကောင်မလေးကတော့မလွယ်ပါလား။ ဘာပဲပြောပြော သူမသူငယ်ချင်းအပေါ်မှာတော့အတော်လေး သံယောဇဉ်ရှိပုံပါပဲလေ။

အိုးစည်သံ၊ ဗုံသံတွေ ဆူဆူညံညံနှင့်အတူ ရှေ့ဆုံးမှဝင်လာသည်က ဦးရွှေရိုး၊ ဒေါ်မိုးနှင့် သူငယ်တော်ဝိုင်းပင်း၊ ကျောင်းဝင်းဇရပ်ရှေ့ကွက်လပ်မှာ အချိန်တော်တော်ကြာ ကပြီးမှ ရပ်လေ၏။





ရှင်လောင်းတွေအပ်၊ ဆံချအပြီးမှာ ကြီးမေနှင့် အလှူ့ရှင်လူကြီးငါးဦး၏ စုပေါင်းဆောက်ပြီးသည့်ဇရပ်အတွက် ရေစက်ချလေ၏။

အားလုံးပြီးမှ ထမင်းကျွေးသည့်အလုပ်ကို စလေသည်။ သူမက ဘာလုပ်ပေးရမှန်းမသိ ပျာနေစဉ်၊ သူက ဟင်းရည်ချိုင့်ကိုလှမ်းပေးလိုက်လေ၏။

"ဒါ ဘာလုပ်ရမှာလဲ"

"ကလေးဝိုင်းမှာ သွားဖြည့်ပေးလေ။ လူကြီးတွေက ဖြည်းဖြည်းချင်းစားလို့နိုင်တယ်။ ကလေးတွေက အရမ်းမြန်တာ။ သွားထည့်ပေးနှင့်။ ကိုယ် လိုက်ပွဲဇလုံချပြီးမှ လိုက်လာမယ်"

သူမ ကလေးတွေဝိုင်းနားရောက်တော့ တကယ့်ကိုပင် ထည့်လောက်စားနေကြသည်ကို တွေ့ရပါ၏။ ချဉ်ပေါင်ရွက်ဟင်းချိုကိုယောက်ချိုခွန်းဖြင့် ကြွေရည်သုတ်ဇလုံတွေထဲ ထည့်ပေးစဉ် ကြွက်နီအာ မျက်လုံးပြူး၍ မော့ကြည့်လိုက်လေသည်။

"ဘာလဲ"

"အု. . . အု"

"ဟဲ့! နင်နေတာလား။ ဒုက္ခပါပဲ, ဖြည်းဖြည်းစားလေ။ နင့်ထမင်း ဘယ်သူလုစားမှာမို့ နင်းကန်စွတ်ထည့်နေရလား"



www.burmeseclassic.com

www.burmeseclassic.com



ရေခွက်ဖြင့် ရေအပြေးခပ်လာပြီးတိုက်ကာ ကျောကိုလာထု ပေးရင်း ရယ်ရသေး၏။ ငါးပေါင်းဟင်း၊ ငါးခြောက်ထောင်းကြော် ငါးပိကြော်၊ ပဲတီချဉ်ပတ်နှင့် ဟင်းချိုသာ ပါပေမယ့် ခွေးမများဘဲ စားနိုင်ကြတာပါလား။

"အစ်မ"

"ဘာတုန်း"

"သကြားလုံး စားဦးမလား"

"ဘယ်မလဲ. . . သကြားလုံး"

"ဒီမှာ"

ပုဆိုးခါးပိုက်ထောင်ထဲမှာက သကြားလုံး၊ အလုံးအစိတ် လောက် ရှိနေသဖြင့် အံ့ဩသွားရပါ၏။ ဘယ်လိုများရလာပါသလဲ။

"စားပါရှင်, စားပါ။ အစ်မက အချိုမကြိုက်ဘူး ကြွက်နီရဲ့"

"ဒါ. . . ပင်ပင်ပန်းပန်းရှာထားရတဲ့ သကြားလုံးတွေဗျ။ လူ ကောက်ရတာရော၊ ခေါင်းကိုထိလို့နာတာရော ခံရသေးတာ။ အစ်မ နဲ့အစ်ကိုဖိုးကျော် တစ်ယောက် နှစ်လုံးတော့ စားပါဗျာ။ ရော့"

လှမ်းပေးနေပြီမို့ ဘာလီသကြားလုံးလေးလုံးကို ယူလိုက်ရပါ ၏။ တကယ့်ကို ရိုးစင်းတဲ့မောင်လေးတွေပါပဲလား။





"မိုးရေ. . . သမီးလေး၊ လူရှင်းတုန်း စားကြစို့။ အဲဒါတွေ အားမာတို့သိမ်းပေးလိမ့်မယ်. . . လာ"

အန်တီလှမ်းခေါ်နေပြီမို့ ကျောင်းပေါ်ကိုပြန်တက်ခဲ့ပါ၏။ မိုးတို့အတွက် ထမင်းဝိုင်းက ပြင်ပြီးနေချေပြီ။

"ဗိုက်တောင် ဆာရမှန်းမသိတော့ပါဘူးအန်တီရယ်။ ကလေး တွေ အားပါးတရစားတာ ကြည့်ရုံနဲ့တင် ဗိုက်ပြည့်နေပါပြီ"

"နည်းနည်းတော့စားပါ မိမိုးရဲ့။ တော်ကြာ. . . ညည်း ဗိုက် အောင့်ဦးမယ်"

"အေးလေ။ ဒီမှာ နင်သိပ်ကြိုက်တဲ့ ငါးခြောက်ထောင်းကြော် လေ. . . စား"

"ဟာ. . . အများကြီးပါလား"

"ဟုတ်ပ။ သမီးကိုကိုက သမီးကြိုက်တယ်ဆိုတာသိလို့ သက် သက်ဖယ်ပေးထားတာလေ။ စားပါသမီးရဲ့"

သူမ လက်ကို ဆပ်ပြာဖြင့် သေချာဆေး၍ ဝိုင်းထဲဝင်ထိုင် တော့ ကိုကိုက သူမဘေးမှာ နေရာယူလိုက်လေ၏။ ပြီးနောက် ဟင်းတွေတစ်မျိုးပြီးတစ်မျိုး ခပ်ထည့်ပေးလေသည်။

"စားနော်. . . ဖြည်းဖြည်းလည်းစားဦး။ တော်ကြာ ကြွက်နီ



www.burmeseclassic.com

www.burmeseclassic.com



လို ထမင်းနင်နေဦးမယ်"

"နင်စရာလား. . . ကိုကိုနော်"

"စကားမများနဲ့လေ၊ နင့်ရဲ့ကြောင်စာမိုက်လေးထဲ အပြည့်သာထည့်၊ အလျှမ်ဖို့ ဆူမယ့်သူမရှိဘူး၊ စား. . ."

မမဦးကို မျက်စောင်းခဲလိုက်ပြီး ငါးခြောက်ထောင်းပန်းကန်ကိုလှမ်းနှိုက်ရာ သူနှင့်လက်ဆုံသွားရပါ၏၊ သူက ပြုံးလိုက်ပြီး ဟင်းကိုခပ်၍ သူ့မပန်းကန်ထဲသို့ထည့်ပေးလိုက်လေသည်။

ဩော်. . . အလျှမ်ဖို့ ပီတိနဲ့အတူ စားလို့ဝင်ခဲ့တာအမှန်ပါ ကိုကိုရယ်။

ဨဨဨ



## အခန်း ( ၁၀ )

နောက်တစ်နေ့ပြန်ရမည်မို့ ရွာရိုးကိုးပေါက်လျှောက်၍ နှုတ်ဆက်ရလေ၏၊ လက်ဆောင်ပေးသမျှ မသယ်နိုင်၍ ငြင်းပြန်တော့ ရွာခံတွေက မျက်နှာမကောင်းကြ၊ ရွာထိပ်ရှိ ထုံးစေတီလေးတည်ရာ ကုန်းတော်ပေါ်သို့တက်တော့ ညနေစောင်းနေချေပြီ။

မြေလှေကားထစ်တွေကို ဖြည်းဖြည်းချင်းနင်း၍ တက်ခဲ့စဉ် ညနေစောင်း လေနွေးနွေးတို့က တဖြူးဖြူးတိုက်ခတ်လာလေ၏၊ စေတီလေးကို လက်ဝဲရစ်သုံးပတ်ပတ်၍ ဦးချပြီးမှ ကျောက်ခုံလေးပေါ်မှာ ထိုင်ချလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ. . . ပြန်ရမှာမို့ လွမ်းချင်နေပြီလား"

"မိုးက ဘယ်သူ့ကိုလွမ်းရမှာလဲ"

"ဒီရွာလေးကိုပေါ့"

ပြုံးမိ၏။ အမြင့်မှာရှိနေသည်မို့ ကုက္ကိုလ်ပင်တန်းတွေ၊ လယ်ကွက်ဝါဝါတွေ၊ ပြောင်းခင်းတွေကို ရှင်းရှင်းကြီးမြင်နေရတာပင်။ ရိုးပြတ်ကွက်လပ်မှာ ကောက်ရိုးပုံမြင့်မြင့်ကြီးတွေ ရှိတာကအစ မျက်စိပသာဒဖြစ်စေတာပါလေ။

"အင်း. . . လွမ်းသလိုလိုပါပဲ။ ဒါပေမဲ့ နောင် ဘယ်တော့ရောက်ဖြစ်မယ်ဆိုတာကို မိုးမှ ခန့်မှန်းလို့မရတာလေ"

"ကိုယ်ကတော့ တစ်နှစ်ကို နှစ်ကြိမ်ရောက်နေကျပါ။ ရောက်တိုင်းလည်း အမြဲပျော်ရပါတယ်"

"ရန်ကုန်ရောက်ရင် မိုးတို့အိမ်ကိုဝင်လေ။ အင်းကြီးမေတို့အိမ်ဝင်လည်း ဖြစ်တာပဲ။ မမဦးတို့နဲ့ မိုးတို့အိမ်က နှစ်လမ်းပဲခြားတာပါ"

"ကိုယ်လည်းချင်ပါတယ် မိုးလေးရယ်။ ဒါပေမဲ့ စာတွေများတော့ အားမှာမဟုတ်ဘူး"

ရင်ထဲမှာ နွမ်းလျသွားမိ၏။ အင်းပေါ့လေ။ မိုးနဲ့ကိုကို





သူစိမ်းတွေပဲဟာ။ ဘာကြောင့်များ လာလည်ဖို့ မျှော်လင့်မိလိုက်တာပါလိမ့်။

"မိုးလေးကတော့ ကိုယ့်ကိုသတိရလိမ့်မယ်မထင်ပါဘူး။ အိမ်မှာ အစ်ကိုလည်းရှိတယ်၊ ပြီးတော့ ရန်ဖြစ်ဖက် သူငယ်ချင်းလည်း ရှိတာဆိုတော့လေ"

"ဟုတ်တယ်။ ဟိုပြန်ရောက်ရင် မိုးက အားလုံးကိုမေ့ပစ်မှာ။ ဘာကိုမှ စွဲစွဲလမ်းလမ်း မထားတတ်ဘူး။ ပြီးတော့ လွမ်းရမှာကိုလည်းသိပ်ကြောက်တယ်"

"ဘာဖြစ်လို့လဲ"

"မျက်ရည်ကျမှာစိုးလို့လေ"

"ဘယ်လို"

"ဟုတ်တယ်။ မိုးက မျက်ရည်ကျရင် အသက်ရှုကျပ်တတ်သွန်းလို့ ငိုရမှာကို သေမတတ်ကြောက်တာအမှန်ပဲ။ မေမေဆုံးတုန်းက တစ်ခါ နာနာကြည်းကြည်းငိုခဲ့ရတာ။ အဲဒီကစပြီး အဲဒီလိုဝေဒနာမျိုးကို ခံစားခဲ့ရဖူးတာလေ။ တစ်ခါတလေ မေမေ့ကိုသတိရရင် မျက်ရည်ကျမှာစိုးလို့ အမြဲသတိထားရတယ်။ မိုးကလေ၊ မိုးကြောင့် တခြားလူတွေကိုလည်း မခံစားစေချင်သလို၊ မိုးကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုဝေဒနာမျိုးတွေ မပေးစေချင်ဘူး။ အလွမ်းဆိုတာ မိုးအတွက်တော့ သတိပေးတားမြစ်ထားကဲ့ဆိုင်းဘုတ်တစ်ခုလို့ပဲယူဆတယ်။ မိုး့မလွမ်းချင်ဘူး။ ပြီးတော့. . . ငိုလည်းမငိုချင်ဘူးလေ”

နှစ်ယောက်သား တိတ်သွားပါ၏။ ရှာထိပ်ရှိ သောက်ရေကန်မှာ ရေလာခပ်ကြသည့် လုံမေတစ်သိုက်ကို လှမ်းမြင်နေရသည်။ ကန်ဘောင်မှာထိုင်၍ တစ်ယောက်ကိုတစ်ယောက် ရေတောက်ကာ ပျော်မြူးနေကြသည့်ရယ်သံသဲ့သဲ့က လေထဲမှာ လွင့်ပျံလာလေ၏။ ဗလသာရှိရင် ကဗျာကောင်းတစ်ပုဒ်တော့ စပ်ဖြစ်မည်ထင်ပါသည်။ ဗလက ကဗျာမျိုးစုံ စပ်တတ်သည့်လူလေ။

“တကယ်ပဲ မေ့လွယ်တတ်သလား”

ညည်းညူသလိုရေရွတ်သံကြောင့် သူမ ငဲ့ကြည့်လိုက်မိ၏။ သူ့အကြည့်တွေက လက်ပံပင်ထက်မှ ကျီးအုပ်ကိုငေးကြည့်နေလေသည်။

“အင်းပေါ့လေ။ မိုးလေးက ကလေးပဲကိုး”

“ဘာဆိုင်လဲ”

“မဆိုင်ဘူးလား”

ဖျတ်ခနဲလှည့်ကြည့်လိုက်သည့်သူ့ကို ပြုံးစစဖြင့်ကြည့်လိုက်





တာ ပခုံးချင်းတိုက်လိုက်လေ၏။ ဘယ်လိုလေးပါလိမ့်။ ဆယ်ကျော်သက်ချာတိတ်မလေးနဲ့စကားပြောနေရတာ သူ့အတွက်တော့ အထူးအဆန်းတွေချည်းပါပဲလား။

“မိုးကို ကလေး့ကလေးဆိုပြီး မနှိမ်ချင်ပါနဲ့ကိုကိုရဲ့။ မိုးက Second Year ကျောင်းသူဖြစ်နေပါပြီနော်”

“ဟုတ်ပါပြီမမရယ်။ နှိမ်တဲ့သဘောမျိုး လုံးဝမပါပါဘူး”

“ကိုကိုသာ ဆေးကျောင်းသူမမတွေကြောင့် ရင်ကွဲပက်လက်နဲ့ မျက်ရည်စက်လက်မဖြစ်အောင် သတိထားပါ။ မိုးကတော့ ဝေးဝေးရှောင်တယ်နော်”

“ဒါက ဘယ်သူ့ကိုမှ မချစ်ရဲသေးဘူးဆိုတဲ့သဘောပဲ”

“ပြောစရာလား။ စာတွေထဲမှာသာ ထည့်ရေးချင်ရေးမယ်။ အပြင်မှာတော့ မိုးက No ဆိုပြီး ခေါင်းခါပြမှာအမှန်ပဲ”

သူဟက်ဟက်ပက်ပက်ရယ်လိုက်မိပါ၏။ တက္ကသိုလ်ကျောင်းသူပေါက်စလေးရဲ့ဒဿနတွေက ရယ်ချင်စရာတွေပဲဖြစ်နေတာကိုး။ ဒါဆို ဘာကိုမှလေးနက်စွာ စဉ်းစားချင်ပါသလဲ မိုးလေးရယ်။

“ဘယ်နှနှစ် အာမခံနဲ့လဲ”

“အမယ်. . . လူလည်ကျပြီး လိုက်အစ်နေပြန်ပါပြီ”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ၊ မေးထားရတာပေါ့။ တော်ကြာ ကိုယ်လည်း လာလည်ရော၊ ဒီမှာလေ မိုးရဲ့ချစ်သူဆိုပြီး လက်ချိတ်ကြွားရင် ဘယ့် နှယ်လုပ်မလဲ"

သူမက ခေါင်းမော့ကာ တဟားဟားအော်ရယ်လိုက်မိ၏။ အိမ်ကိုရောက်ရင် အလွမ်းဝတ္ထုတိုတစ်ပုဒ်တော့ ရေးဖြစ်မယ်ထင် တာပါပဲ။ 'တစ်ရံရောအခါက' ဆိုတဲ့ခေါင်းစဉ်လှလှလေးနဲ့ပေါ့လေ

"ဒါရယ်စရာလား"

"ကိုကိုက မိုးထက်ကြီးတဲ့လူလေ။ ကြွားချင်းကြွားရင် ကိုယ့် သာကြွားမှာပေါ့"

"ဟုတ်လို့လား"

"စိမ်ခေါ်ချင်လို့လား။ မိုးတို့က မာပြီးသားနော်။ ကိုကိုသာ ရည်းစားအရင်ရရင် မိုးကိုဘာဝယ်ပေးမလဲ၊ပြော"

"ဒါကတော့. . ."

"ကဲ! မပြောနိုင်ဘူးမဟုတ်လား"

"မဟုတ်ဘူးလေ. . . ရည်းစားရရုံနဲ့ဝယ်ပေးရမှာဆိုတော့ မမျှတဘူးလား တွေးမိလို့ပါ"

"ဩော်! ကိုကိုကပါ ဗလလို မျက်နှာများချင်တဲ့သဘောနဲ့





လေ၊ အမြင်ကပ်စရာကြီး"

"ဗလမှာ ရည်းစားရှိလို့လား"

"ရှိတာပေါ့။ ခုဆို သုံးယောက်တောင်ရှိနေပြီ။ ဒင်းက ဘာမှ သာမဟုတ်တယ်၊ စွံတာတော့ပြောမနေနဲ့။ နေပါဦး။ သူ့ရည်းစား တွေနာမည်တောင် မိုးကိုပြောပါသေးတယ်။ ဩော်. . . အိမ့်ဖူးချစ် တဲ့၊ ငယ်နုသွေးနဲ့ ရိုစီကျော်ထွန်းဆိုပဲ"

သူငယ်ချင်းဖြစ်သူ၏ရည်းစားတွေနာမည်ကိုတောင် အလွတ် [illegible]က်ထားတာပါကလား။ မိုးတို့နှစ်ယောက်ရဲ့ သံယောဇဉ်အတိမ် အနက်ကို ခန့်မှန်းလို့မရပါလား မိုးလေးရယ်။

"ဗလမျက်နှာများတော့ မိုးလေး စိတ်မဆိုးဘူးလား"

"ဟင့်အင်း. . . မဆိုးပါဘူး။ ဒါက သူ့စိတ်နဲ့သူ လွတ်လွတ် [illegible]ပ်လပ်ထားတာလေ။ မိုးက လိုက်ပိတ်ပင်ရင် မတရားရာကျမှာ [illegible]ါ"

"တကယ်လို့ ကိုယ်သာ သူ့လိုကောင်မလေးတွေ ထည့်လဲတွဲ [illegible]ရင်ရော"

မျက်စောင်းက ဒိုင်းခနဲရောက်လာ၏။ ပြုံးမြမြနှုတ်ခမ်းက [illegible]တူဖြစ်သွားလေသည်။ မနာလိုများဖြစ်လေသလား။



www.burmeseclassic.com

"ဒီလိုတော့ ဘယ်ဖြစ်မှာလဲ"

"ဘာဖြစ်လို့လဲ"

"ကိုကိုက လူတိုင်းအားကျရတဲ့ဆရာဝန်ဖြစ်မယ့်သူလေ... တော့ လူတွေအပြစ်တင်ပြီဖြင်အောင် မျက်နှာများလို့ ဘယ်ဖြစ်... လဲ။ ဘဝလက်တွဲဖော်အဖြစ် သတ်သတ်မှတ်မှတ်တစ်ယော... ရှိသင့်တယ်"

"အတော်တရားတာပါလား။ ဒါဖြင့် ဗလကျတော့ရော"

"ဗလက အကြောင်းလား။ သူယူထားတာ ရိုးရိုး M... လေ။ ပြီးတော့ သူ့အကြောင်းကို မိုးကအကုန်သိထားပြီးသား။ ... မရှိ ဘူး။ သူဘာလုပ်လုပ် မိုးကိုအသိပေးပြီးမှသာ လုပ်တတ်တ... သူ့ရဲ့ Baby တွေက Last, မိုးက First"

သူ့မျက်ခုံးအစုံ ပင့်သွားရပါ၏။ မိုးက First ဆိုပါလား။ ... ဘာသဘောနဲ့များပါလိမ့်။ သူမက ခြေနှစ်ချောင်းကိုလွှဲဆော့... ပေါ့ပေါ့ပါးပါးလေးဖြစ်နေတာပါပင်။

"အဲဒါဘာလဲကွ။ First ဆိုတာ"

"ဟင်းဟင်း. . . ကိုကို မသိသေးပါဘူး။ ဗလက သူ့ကော... မရွှေလေးတွေနဲ့ ဘယ်လိုပဲချိန်းချိန်း မိုးက မကြာခဏပါတတ်တယ်...





"ဟောဗျာ"

"ဘယ်သူနဲ့ဘယ်လိုပဲ Date, Date။ မိုးက သွားစရာရှိတယ် ...ပြောလိုက်တာနဲ့ အဲဒီ Date တွေ Cancel ဖြစ်ရော။ အဲဒီလိုပြော ...ဘာ"

"မိုးလေးတော့ ဝဋ်လည်တော့မှာပဲ"

"လည်စရာလား။ မိုးက အတင်းလိုက်ဖျက်တာမျိုးမှမဟုတ် ...။ သူ့ဟာသူ မိုးကိုဦးစားပေးတဲ့ဟာကို"

"အဲဒီဗလကို ကိုယ်မနာလိုတော့ဘူး"

"တကယ်လား"

"အင်း"

သူမ ဟက်ဟက်ပက်ပက်ရယ်မောပြန်လေ၏။

ဩော်, ငယ်သူမို့အပူအပင်မရှိဘဲ ပျော်မြူးနိုင်သည်ပဲ။ သူ့ ...ဘာ ရင်ထဲအေးခဲ၊ နွေးခဲနဲ့ဖြစ်ပြီး ရှိန်းတိမ်း၊ ဖိန်းတိမ်းဖြစ် ...နေရတာပါလေ။ ချာတိတ်မကတော့ စိတ်လက်ပေါ့ပါးစွာရယ်မော ...ကျသား။

"ဘာဖြစ်လို့ မနာလိုတာလဲ"

"သူက ရည်းစားတွေ အများကြီးထားခွင့်ရလို့လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်းဟင်း. . . သူက ကိုကို့ထက် အများကြီးငယ်တဲ့သူ
နားလည်ပေးရမှာပေါ့။ ကိုကိုက လူကြီးဆိုတော့ လိမ္မာရတယ်"

"ဒါဖြင့် ရည်းစားတစ်ယောက်ပဲထားရမှာလား"

"ဟုတ်တယ်"

"အဲဒီသူကိုပဲ လက်ထပ်ရမယ်ပေါ့။ ဒီလိုလား"

"ဒါပေါ့"

"ဒါဖြင့် ကိုယ်သေချာစဉ်းစားပြီးမှ ထားရမှာပေါ့။ တကယ်
လို့ မိုးလေးက အရင်ဆုံးရည်းစားရသွားရင် ဘယ့်နှယ်လုပ်မယ်"

"ဟာဟ! မိုးက အပျိုကြီးလုပ်မှာ"

"သေချာလို့လား"

"Dead Sure"

သူရယ်မောလိုက်မိ၏။ ရင်ထဲမှာ ပေါ့မသွားပါလား။ ဘာနှ
သေချာမသိသည့်ခံစားမှုက ရင်ထဲမှာ တင်းကျပ်နေစေသည်လေ
ကလေးတစ်ယောက်ရဲ့စကားကို အတည်ယူဆသတ်မှတ်လို့မရ
မယ့် ဘာကြောင့်များ သူအလေးအနက်ထားနေမိတာပါလိမ့်။

"တကယ်လို့ ကိုယ့်ထက်ဦးပြီး မိုးလေး,ချစ်သူရသွားရင် ဘယ်
လိုပြန်လျော်မလဲ"





"လျော်ရမယ်"

"ဒါပေါ့။ ကိုယ့်ဘက်က မိုးလိုချင်တာကိုပေးမယ်လို့ ကတိရှိ
ရင် မိုးဘက်ကလည်း တစ်ခုခုပြန်ပေးဖို့ အလျော်အစားရှိသင့်တယ်
လေ"

"မိုးဆိက ကိုကိုဘာလိုချင်လဲ။ ကိုကိုတောင်းတာပေးမယ်"

"သေချာလား"

"သေချာတယ်"

"ကတိနော်"

"I promise..."

နှစ်ဦးသားရယ်မောလိုက်ကြပါ၏။ အပြန်လမ်းမှာ နေရောင်
တ ဝင်နေချေပြီ။ နေညိုချိန်ဆိုတာ ဒါကိုခေါ်တာပဲထင်ပါရဲ့။ လိမ္မော်
ရောင်သွေးနေသည့်ကောင်းကင်ကိုမော့ကြည့်ရင်း ကြည်နူးစိတ်ဖြင့်
ပြုံးလိုက်မိသည်။ တိမ်တောက်ချိန်လား သို့မဟုတ် အကျည်းတန်
လှချိန်ဆိုပြီး အနုပညာသမားတွေတင်စားတဲ့ ညနေစောင်းအလှကို
တသိမ့်သိမ့်ခံစားနေရတာလေ။

"ဟဲ့! ဟိုမောင်နှမနှစ်ယောက် မနက်စောစောထရမယ့်၊
အိပ်ရာစောစောဝင်မယ်မရှိဘူး။ ထမင်းသွားစားကြ။ သာ့တွေ



www.burmeseclassic.com

www.burmeseclassic.com



ယောက်ပဲ ကျန်တော့တယ်”

ထမင်းဝိုင်းထဲမှာ နှစ်ယောက်သားစကားမပြောဘဲ တိတ်ဆိတ်ခြောက်ကပ်စွာ စားနေကြ၏။ ကိုကိုမေ့နေပြီလားဟုလည်း သူမက မမေးပါချေ။ ဒီနေ့ဟာ နောက်ဆုံးနေ့ပဲမဟုတ်ပါလား။ မနက်ဖြန်ပြန်တော့ စီးရမည့်ရထားက အချိန်မတူသဖြင့် အတူတူ သွားရဖို့မှာမဟုတ်ပေ။ တစ်ညလုံးမအိပ်ဘဲ စကားပြောရအောင်ဟုပြောချင်ပေမယ့်လည်း သူမပြောရဲ။ သူမ အိပ်ရေးဖျက်မှာကိုလည်း စိုးရိမ်သည်လေ။

“ကိုကိုမေ့နေပြီ”

“ဘာကိုလဲ”

“ဘာမှမဟုတ်တော့ဘူး”

“ကိုယ်က မှတ်ဉာဏ်ကောင်းပါတယ် မိုးလေးရဲ့၊ ပြောပြီးသားစကားကို လွယ်လွယ်နဲ့မမေ့တတ်ဘူး”

“မိုးကိုစောင်းပြောတာလား”

“စောင်းပြောတာ မဟုတ်ပါဘူး”

“ဒါဖြင့် ဒွဲပြောတာပေါ့လေ”

လို့ပြန်နှုတ် လက်ဆေးရင်း ပြုံးလိုက်မိ၏။





ဒီညနေ သူမ ထမင်းကောင်းကောင်းစားလို့မဝင်တာကို သူ သိနေသည်ပဲ။

“(၉)နာရီထိုးရင် ဝရန်တာကိုထွက်ခဲ့နော်”

“ဘာပြောမလို့လဲ”

“အဲဒီတော့သိမှာပေါ့”

“မိုးကို ဗဟေဠိဖွက်တာပေါ့လေ”

“ကိုယ်စောင့်နေမယ်နော်။ မိုးလေး အိပ်ပျော်သွားရင်တော့ ...ိုယ့်အပြစ်မဟုတ်ဘူး”

သူမ ဇဝေဇဝါကြည့်တာကို မသိချင်ယောင်ဆောင်၍ ထွက် ...ာခဲ့၏။ ဧည့်ခန်းမှာ လူကြီးတွေစုပြီး စကားပြောနေသည့်ဝိုင်းမှာ ...အောင့်ထိုင်ဖြစ်သည်။ (၇)နာရီထိုးတော့ မနက်မနိုးမည်စိုးပြီး ...ားဝိုင်းသိမ်းကြပါ၏။ ဝရန်တာရှိစားပွဲခုံပေါ်မှာ Cake ဗန်း ...းကိုတင်လိုက်ပြီး ဖယောင်းတိုင်သေးသေးလေး သုံးတိုင်ကို ထွန်း ...းလိုက်ပါသည်။ မြို့မှာလို Special Cake မှာလို့ မရပေမယ့် ... Cake သေးသေးလေးကိုတော့ သူဖြစ်အောင် ဝယ်ထားရတာ ...ုတ်လား။ သူမ ကျေနပ်ပါစေလေ။

ဝရန်တာတံခါးကိုတွန်းဖွင့်သံနှင့်အတူ သူမထွက်လာတော့



www.burmeseclassic.com

www.burmeseclassic.com



လက တစ်ခြမ်းသာရှိနေ၏။ လရောင်က မှုန်ပြပြသာ ဖြာကျနေသော
မို့ cake က မီးရောင်က ပိုလင်းနေလေသည်။

"မိုးမေ့ပြီး အိပ်ရာဝင်တော့မလို့။ ဟာ! Cake တွေဘာတွေ
နဲ့ပါလား"

"Happy Birthday ပါ မိုးလေး. . . ဖယောင်းတိုင်မှုတ်ပါ
မိုးလေးရဲ့ အသက် (၁၈)နှစ်ပြည့်မွေးနေ့မှသည် နှစ်ပေါင်းတစ်ရာ
ကျော်သည့်တိုင် ထာဝရပျော်ရွှင်ခြင်းတို့ရရှိပါစေ"

"Thanks ပါ ကိုကို"

သူမက ခါးလေးကိုင်း၍ ဖယောင်းတိုင်မီးတို့ကို မှုတ်လိုက်ပါ
၏။ ပြီးမှ လက်ခုပ်ကို ခပ်အုပ်အုပ်လေး တီးကာ တီးတိုးရယ်မော
လိုက်ကြသည်။ သူမက ဖယောင်းတိုင်လေးတွေကို ဖယ်လိုက်ပြီး
ဓားလေးဖြင့် Cake ကိုလှီးကာ ပန်းကန်လေးထဲထည့်လိုက်ပါ၏
ဇွန်းဖြင့် ခပ်ရွယ်ရွယ်ဖဲ့ပြီးမှ သူ့ကိုခွံ့လေသည်။ သူပြန်ခွံ့ကျွေးတော့
သူမနှုတ်ခမ်းထက်မှာ ချိုမြိန်သည့်အပြုံးတို့က ခိုတွဲလျက်။

"နောက်ထပ်ပေးစရာရှိသေးတယ်"

"ဘယ်မှာလဲ"

"မိုးလေးတစ်သက် ဘယ်တော့မှ ပျောက်ပျက်မသွားမယ့်
လက်ဆောင်ပေါ့"

သူမက သူ့လက်ထဲ ဘာမှမတွေ့ရသဖြင့် မျက်လုံးလေးဝေ့
ကာ ရှာနေစဉ် သူက သူမအနီးသို့ရွေ့ကာ ဖျတ်ခနဲပွေ့ဖက်လိုက်
ပါ၏၊ အချိန်တော်တော်ကြာသည်ထိ ဘာမှမပြောဘဲနေသည်မို့
သူမငြိမ်နေမိလေသည်။

"ဒီရက်လေးကို ကိုယ် မမေ့သလို မိုးလေးလည်း အမြဲသတိ
တရရှိပါစေ"

သူ့စကားအဆုံးမှာ နဖူးပြင်ထက် နွေးခနဲဖြစ်သွားရလေ
သည်။ ဖျန်းခနဲရဲသွားသည့်မျက်နှာ၊ ပူနွေးသွားရသည့်ရင်ခွင်၊ လှိုက်
ခနဲခုန်သွားသည့်ရင်ခုန်သံတို့နှင့်အတူ ဖော်မပြနိုင်သည့်ခံစားမှုတို့
ဖြင့် သူမ ရပ်နေခဲ့ရလေ၏။

အမြဲတမ်းသတိတရရှိစေဖို့အတွက် အနမ်းဦးတဲ့လား ကိုကို
ရယ်။







www.burmeseclassic.com

www.burmeseclassic.com



အဆုံး

www.burmeseclassic.com

www.burmeseclassic.com





သောက်မြစ်ဆိုတာ
ရေအောက်က တစ်ဆင့်တက်လာခဲ့ရင်
ငယ်သူရဲ့ချစ်ခြင်းဆိုတာ
အမှန်တကယ်ရှိခဲ့တာပါ။
ကြည်လင်တဲ့အပြုံးနုနုနဲ့
နှလုံးသားရဲ့လျှို့ဝှက်ခြင်းတွေကို
ဘယ်သူမှ မသိမမြင်အောင်
ဖုံးကွယ် သိုသိပ်ခဲ့ဖူးတယ်။
ခါမှ မဖြစ်တည်ဖူးတဲ့
ရင်ခုန်လှုပ်ရှားခြင်းတွေနဲ့
အနက်ရှိုင်းဆုံး တစ်နေရာထိ
မျက်စိမှိတ် ချစ်ခဲ့ဖူးပါတယ်။
ဆုံစည်းခြင်းဆိုတာ
ဘယ်နေရာမှာလဲလို့
မသိနိုင်ခဲ့ပေမယ့်
စမ်းတဝါးမျှော်လင့်ခြင်းတွေနဲ့
အရှုးအမူး မျိုသိပ်ရင်းပေါ့
ယနေ့ထိတိုင်
(ငါ------)
အဆိုးမဲ့လွမ်းနာကျနေခဲ့တာလေ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၁ )

"မိုးမြန်တော့မယ် မမဦး"

"တစ်ခုခုလိုက်စားပါလားဟင်,မိုးလေး"

"ကိုယ်လိုက်ပို့ပေးမယ်,မိုး"

"သွားကြစို့, အေးဘုံ"

စကားလေးခွန်း ပြိုင်တူထွက်လာတာမို့ အားလုံးအံ့ဩသွားရပါ၏။ ကိုကိုထွန်းတို့အုပ်စုထွက်သွားကြပေမယ့် မမဦးရဲ့အနီးမှာ သူရပ်ကျန်နေခဲ့တာလေ။ အမျိုးသားသုံးယောက်တို့ တစ်ဦးမျက်နှာကို တစ်ဦးကြည့်နေကြပြီပဲ။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့! ဘယ်လိုဖြစ်ကြတာတုန်း"

မမဦးက ပြုံးစိစိမျက်နှာဖြင့် လူငယ်တွေကိုကြည့်လိုက်ပါ၏။ ကောင်လေးသုံးယောက်မျက်နှာက အီလယ်လယ်လေးဖြစ်နေပေ မယ့် သူမကဖြင့် ခပ်တည်တည်ဖြစ်နေတာလေ။

"နှင့်လုံချည်အောက်ပိုင်း စိုရွဲနေတာနော် အေးဘုံ၊ မြန်မြန် မပြန်ရင် ဖျားလိမ့်မယ်"

"အေးပါ"

"ကိုယ်နဲ့မိတ်ဆက်ပေးဖို့လိုပြီလို့ မထင်ဘူးလား မိုးလေး"

ကိုကို့စကားကြောင့် သူမမျက်နှာ အနည်းငယ်ပန်းရောင် သန်းသွားရပါ၏။ အတိတ်က ကတိတွေကို သတိရသွားလို့ပါပဲ။

ဟင့်အင်း. . . ကိုကိုအထင်မလွဲလိုက်ပါနဲ့၊ မိုးဘေးမှာရှိနေ တဲ့လူဟာ (ဗလကလွဲပြီး) ရင်းနှီးတဲ့သူမဟုတ်ရပါဘူး။

"ခဏလာဦး"

လက်ဖျားကိုဆတ်ခနဲဆွဲခေါ်သွားတာမို့ အခန်းထဲမှ Corn-der ကိုရောက်သွားရပါ၏။

ကောင်လေးနှစ်ယောက် ပါးစပ်အဟောင်းသားဖြင့် ကျန်ရစ် ခဲ့မှန်း ကိုကိုမြင်မှာပါလေ။





"ဘယ်တစ်ယောက်လဲ"

"ဘာကိုလဲကိုကိုရဲ့"

"မိုးလေးရဲ့ချစ်သူလေ"

"ဘာရယ်. . . ချစ်သူ"

"အင်း"

သူမဟက်ဟက်ပက်ပက်ရယ်ချလိုက်တော့ သူက မျက်မှောင် ကြုတ်၍ကြည့်နေလေ၏။ သူ့ရှေ့မှာ ကောင်လေးနှစ်ယောက်နှင့် အတူ ယှဉ်တွဲလျှောက်သားရှိနေတာမို့ ထင်လည်းထင်ချင်စရာပဲကိုး။

"ရယ်မနေနဲ့လေ၊ ကိုယ်အကောင်းမေးနေတာ"

"ဘယ်သူ့လို့ ကိုကိုထင်လဲ"

"ဘယ်ပြောလို့ရမလဲကွ၊ နှစ်ယောက်စလုံးက သည်းသည်း ညည်းနေတာကိုး"

"ဟုတ်လား"

"မိုးလေးနော်. . . ယောကျ်ားတွေကို ကစားစရာထင်ပြီး နှစ် ယောက်ပြိုင်တွဲနေတာလား"

"ဟင်းဟင်း. . . ကိုကိုကတော့လေ၊ မြင်တာနဲ့ ဆုံးမဖို့က လွယ်ရင်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"မိုးလေးက ဆိုးတာလား"

"အမယ်. . . မဆိုးပါဘူးနော်။ မိုး,လိမ်လိမ်မာမာနေ
အားလုံးသိပါတယ်။ မမဦးတို့ ကြီးမေတို့ ဖေဖေတို့ကသာ မို
မိုက်တွင်းထဲ ဆင်းစေချင်နေကြတာ"

"ဘယ်လို"

"အပျိုကြီးလုပ်မယ့်သူကို အတင်းယောကျ်ားပေးစားချင်
ကြတာလေ"

"ဪ"

အခန်းထဲမှ နှစ်ယောက်ထွက်လာတော့ ရဲကျော်စွာ၏မျက်
က ခပ်တင်းတင်း။ ဗလက သူ့ပုံစံအတိုင်း ခပ်အေးအေးပင်

"ဗလ, ငါမိတ်ဆက်ပေးမယ်။ လာ. . . ဒါ ဒေါက်တာ
မိုရ်ကျော်တဲ့။ ကိုကို, ဒါ မိုးပြောဖူးတဲ့ မိုးရဲ့အချစ်ဆုံးသူငယ်
ဗလပေါ့၊ သီဟအောင်တဲ့"

"ဟုတ်ကဲ့. . . တွေ့ရတာ ဝမ်းသာပါတယ်ဒေါက်တာ"

"ကိုယ်လည်းထပ်တူပါပဲ"

"ကိုကိုက နင့်ကိုမနာလိုဘူးတဲ့ဗလရဲ့"

"ဘာရယ်"





"ဟိတ်! ရှုတ်! Top Secret လေ"

ကိုကိုပိတ်ပေမယ့် သူမက ရင်ထဲကလိကလိဖြစ်လာတာမို့
၏အကျႌလက်မောင်းကိုဆွဲကာ နားနားကပ်၍ တိုးတိုးလေးပြော
ပါ၏။

"နင့်မှာကောင်မလေးတွေ အများကြီးရှိနေလို့လေ"

"အာ. . . အေးဘုံကတော့ လုပ်ချလိုက်ပြန်ပြီ။ ငါ့အတင်း
တို လူတကာလျှောက်ပြောစရာလား"

"ဟုတ်တာပြောတာပဲဟာ. . . ဘာဖြစ်လဲ။ နင်မကျေနပ်ဘူး
"

တရင်းတနှီးလေးရှိနေသည့်မြင်ကွင်းကို ခပ်ငေးငေးလေး
ကြည့်နေသည့် နောက်မှလူထံ အကြည့်ရောက်သွားပါ၏။ ဒါလည်း
လေးရဲ့သက်ဆိုင်သူပဲထင်ပါရဲ့။

"သူကရော"

"မသိဘူး။ မိုးရဲ့ဧည့်သည်မှမဟုတ်တာ"

ဂျစ်ကန်ကန်မျက်နှာပေးနှင့် မျက်စောင်းလှည့်ထိုးလိုက်ဟန်
တိုတုန်းကပုံစံအတိုင်း။ မိုးလေးရေ. . . နှစ်ပေါင်းတစ်ဆယ်
လာတာတောင် ကလေးဆန်တဲ့ဟန်ပန်ပုံရိပ်လေးတွေက ခုထိ



www.burmeseclassic.com

www.burmeseclassic.com



ပျောက်မသွားသေးတာ တတယ်ပါပဲလား။

"ကိုယ်. . . မြင့်မိုရ်ကျော်ပါ"

လက်ကမ်းနေပြီမို့ သူ ရှေ့ကိုဆက်လှမ်းရင်း လက်ဆွဲနှု

ဆက်လိုက်ရပါ၏။ 'ကိုကို'ဟု ဝိသေသထား ခေါ်ဝေါ်ခံရသ

ပုဂ္ဂိုလ်တစ်ဦး ထပ်တိုးလာပါရောလား။ မြိုင်ဘက်တွေများလှ

လား. . . ရဲကျော်စွာ။

"ကျွန်တော်, ရဲကျော်စွာပါ. . . ဒေါက်တာ၊ သစ္စာဆော

လုပ်ရေးက GM ပါ"

"သစ္စာဆိုတာ အန်ကယ်ကောင်းသစ္စာနဲ့ဘာများတော်ပေ

"ကျွန်တော့်ဘကြီးပါ"

"ဒါဆို အန်ကယ်ကောင်း,ညီရဲ့သားပေါ့"

"ဟုတ်ပါတယ်"

"ဒါဖြင့် ထားရဲ့. . ."

"ဝမ်းကွဲမောင်ပါ,ဒေါက်တာ"

"ဪ. . . ဆုံလည်းဆုံတတ်တယ်၊ ဒါနဲ့မိုးလေးနဲ့က"

"လူကြီးတွေ Engage လုပ်ပေးမယ့်သူပါ ဒေါက်တာ"

"အံမာ! ရှင့်ကို ဘယ်သူကလက်ခံလို့ မဏ္ဍပ်တိုင်တက်ပြ





နေရတာလဲ၊ မဆိုင်ဘူးနော် ကိုကို. . . မိုးဘက်က အရှင်းကြီး"

ဖတ်ခနဲလက်မောင်းကိုထုရင်း ဝင်ပြောလိုက်သည့်သူမကို

ရဲကျော်စွာက ပြုံး၍ကြည့်လိုက်လေ၏။ နည်းနည်းလေးမှ တင်စီးမခံ

ပါလား,မိုးရယ်။

"ဟဲ့! အေးဘုံ. . . ဆေးရုံပေါ်မှာ လူတွေရှိတယ်လေ"

"ရှိရှိပေါ့၊ မဟုတ်တဲ့နဲ့တော့ ငြိမ်မနေနိုင်ပါဘူး"

"ကိုယ်က မှန်တာပြောတာပဲ မိုးရဲ့"

"ဘာမှန်ရမှာလဲ၊ ရှင့်ကို ဟိုတစ်ခါတွေ့ကတည်းက အပြတ်

ပြောခဲ့ပြီးသားလေ၊ ရှင်မှတ်မထားဘူးလား"

"ကိုယ့်ဘက်က မိုးကိုစွဲလမ်းနေလို့ခက်နေတာပေါ့,မိုးရဲ့။ မိုး

နဲ့ထပ်တွေ့ဖြစ်ဦးမယ်လို့ ကိုယ်ပြောခဲ့တာပဲလေ"

"ဘာရှင့်"

"အေးဘုံ. . . တိုးတိုး"

"ဒီမှာ နင့်ယောက်ဖ တင်တင်စီးစီးပြောနေတာ မကြားဘူး

လား"

"ခက်တာပဲ. . . အေးဘုံရာ"

ကောင်လေးနှစ်ယောက်ကို ရန်လှည့်စောင်နေသည့်သူမကို



www.burmeseclassic.com

www.burmeseclassic.com



ကြည့်၍ မြင့်မိုရ်ကျော် ပြုံးလိုက်မိ၏။ ဒီလောက် ခပ်စွာစွာကောင်မလေးကို အတော့်ကိုစိတ်ဝင်တစားရှိနေကြတာပါလား။ ဆံပင်တိုကျစ်ဆံမြီးကျစ်ထားပေမယ့် ဒူးခေါင်းထိရှည်နေကာ တစ်ပတ်နွမ်းဝတ်စုံကပင် သူမကို မှိန်မသွားစေပါလေ။ အမြဲတက်ကြွဖျတ်လတ်နေသည့်ပုံစံက နည်းနည်းမှပျောက်မသွားဘဲကိုး။

“ပြန်ကြစို့. . . အေးဘုံ။ နင်ဖျားရင် သိပ်ဂျီဂျောင့်ကျတာပဲ။ ဦးဦးနဲ့ကိုကြီးက သူတို့ပြောမနိုင်ရင် ငါ့ကိုပဲ လွှဲချတာ။ နင်သိတယ်နော်”

“ပူမနေနဲ့။ ငါဖျားရင် ကိုကိုလာကုပေးလိမ့်မယ်။ နော်,ကိုတို့ရယ်”

“ကိုယ် Phone ဆက်လိုက်မယ်”

“ဟုတ်ကဲ့ကိုကို”

“ကိုယ်ထပ်လာခဲ့ဦးမယ်,မိုး”

“ရှင့်ဟာရှင် လာလာမလာလာ, အကြောင်းလား။ ကျွန်မကမျှော်နေမယ့်သူမဟုတ်ဘူး။ မိုးတို့ပြန်ပြီကိုကို။ တာ့တာ”

“ဘိုင်း! မိုးလေး”

အိမ်ပြန်လမ်းတစ်လျှောက် တစိမ့်စိမ့်ရွာနေသည့်မိုးရေတော





မှာ ကားကို ဂရုတစိုက်မောင်းခဲ့ရပါ၏။ အေးဘုံတစ်ယောက်ကော့ မရှိဘူးဆိုပြီး ဒီဆရာဝန်က ဘယ်ချောင်ကနေ ထွက်လာတာလိမ့်။ ‘ကိုကို’ လို့ ချွဲချွဲနွဲ့နွဲ့ခေါ်သံက သံယောဇဉ်အတိုင်းအဆကိုဖော်ပြနေသည်ပဲ။

“အေးဘုံ”

“ဘာလဲ”

“အဲဒီဒေါက်တာနဲ့က ဘယ်တုန်းကတည်းက ခင်ခဲ့တာလဲ။ နင့်ငါ့ကိုတစ်ခါမှပြောမပြခဲ့ဘူးနော်”

ဘယ်တုန်းကတည်းကတဲ့လား။

ကြာခဲ့ပြီပဲ. . . ကိုကိုရယ်။ မိုးမမက်ဖြစ်တော့တဲ့အိပ်မက်ကိုတစ်ခါပြန်လည်အသက်သွင်းဖို့ ဖန်ဆင်းပေးပြန်ပြီလား။ ကိုကို့အပေါ် စွဲစွဲလမ်းလမ်းရှိခဲ့တဲ့သံယောဇဉ်ကို လူမြင်အောင်မပြဝံ့တာကိုယ်တိုင်ပဲ သိနေပါတယ်လေ။

“ကြာပါပြီဟာ။ Long Long ago...က”

“နင်မတရားတာပဲ။ ငါဆို ငါနဲ့ပတ်သက်တဲ့သူမှန်သမျှ တစ်ယောက်မကျန် နင်နဲ့မိတ်ဆက်ပေးခဲ့တယ်။ နင့်အလှည့်ကျတော့ဒီဒေါက်တာနဲ့”



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့! ကိုကိုနဲ့ငါသိတုန်းက သူဆေးကျောင်းတက်နေတုန်း နေတာက မန္တလေးမှာ။ ငါ (၁၈)နှစ်ပြည့်တုန်း ရွှာပြန်အလှူလုပ်တုန်းက ခဏတဖြုတ်ခင်ခဲ့တဲ့လူတစ်ယောက်အကြောင်းကို ပြောပြရအောင် ငါမရှူးနှမ်းသေးဘူး"

"မယုံဘူး"

"ဘာကိုမယုံတာလဲ"

"ခဏတဖြုတ်ခင်တယ်ဆိုတာလေ"

"ဟဲ့! အမှန်ပြောနေတဲ့ဟာ"

"အဲဒီကိုကိုလို့ခေါ်သံက နှုတ်ဖျားက ပေါ့ပေါ့လေးလာတဲ့ အသံမျိုးမဟုတ်မှန်း ငါသိတယ်"

"အံမာ. . . ငါ့ကိုများ လိုက်အစ်နေတယ်။ ဗလနော်"

"နင်ဝန်ခံလိုက်စမ်းပါဟာ"

"ငါက ဘာကိစ္စနဲ့ဝန်ခံရမှာတုန်း"

"သွားပါပြီ"

"ဘာသွားတာလဲ"

"ဟိုအင်ဂျင်နီယာတော့ ကျန်ရစ်ဖြစ်ပြီလို့ပြောတာလေ"

"အံမာ. . . သူဟာသူ ကျန်ရစ်ဖြစ်ဖြစ်၊ မဖြစ်ဖြစ် နင့်အဖူ





လား။ တကတည်းမှ. . . သူယောက်ဖဘက်ကပဲ လိုက်ပြီးနာနေ။ ဟွန်း. . ."

သူပြုံးစိစိဖြစ်သွားရပါ၏။ ရဲကျော်စွာနဲ့တော့ နည်းနည်းမှ စလို့မရတာပါလား။

"နင်ကြည့်ပြောနော်။ နင်က ငါ့ထက်နှစ်ရက်ငယ်တဲ့ဟာ။ ဒီလူကို ငါ့ခဲ့ဟောင်ဖဆိုရင် နင်ပဲရမှာ"

"ကဲ! "

လက်မောင်းကို ဆတ်ခနဲဆွဲဆိတ်တော့ သူမျက်နှာရှုံ့တွသွားရပါ၏။ သူ့ကို ဒီလိုဆက်ဆံတာအကြောင်းမဟုတ်။ ဟိုလူကို ရိုက်လားပုတ်လားလုပ်တာကိုတော့ သိပ်ဘဝင်မကျပါလေ။

"နင် ဒီလူ့ကိုမကြိုက်တာသေချာလား"

"လာပြန်ပြီ။ မာတ်ပြားဟောင်းကြီး ခဏခဏဖွင့်ချင်နေ"

"အဲဒါဆိုရင်လည်း သူနဲ့ဝေးဝေးနေပြီး စကားပြောပါ အေးဘုံရာ။ ငါ့ကိုဆက်ဆံသလို တရင်းတနှီးကြီးမလုပ်ပါနဲ့။ တော်ကြာ နင် ဒီလိုပြုမူတာလေးတွေကိုသဘောကျပြီး Feeling တက်နေမှ သနားစရာတွေဖြစ်နေပါဦးမယ်"

"ဗလနော်. . . နင်နာဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



ခြံထဲထိ ကားဝင်ကာ တိုက်ရှေ့ရပ်ပေးလိုက်၏။ ကားပေါ်မှ ဆင်းတော့ ဗလပါ တိုက်ထဲလိုက်ဝင်ခဲ့လေသည်။

"နင့်အကျီ ငါပြန်လျှော်ပြီးမှယူနော်"

"ရတယ်။ အခုပေးလည်းဖြစ်ပါတယ် အေးဘုံရာ။ ကိစ္စမရှိပါဘူး။ အဝတ်မြန်မြန်လဲတော့"

"အေး. . . ခဏစောင့်နော်။ ထမင်းစားကြရအောင်။ ဒီနေ့ နင်ကြိုက်တဲ့ငါးသလောက်ဥကြော်ထားတယ်။ ကင်ပွန်းရွက်ကို ပုစွန်ကျော့လေးနဲ့ ဟင်းချိုလေးချက်ထားတယ်လေ"

"ဒါဖြင့် ငရုတ်သီးဆားထောင်းရော"

"ပါသပေါ့"

"ဗိုက်,ခွေးနမ်းပြီဟ. . . ဟေဟေ့"

အပေါ်ထပ်ပြေးတက်လာစဉ် လှေကားထိပ်မှာ ကိုကြီးနှင့် ဆုံမလေ၏။ လက်ထဲမှာကိုင်ထားသည့်ဂျာကင်ကိုကြည့်ရင်း မျက်မှောင်ကြုတ်သွားလေသည်။

"ကြည့်! ဝတ်ပြန်ပြီလား. . . ဗလအကျီကို"

"ဘာဖြစ်လဲကိုကြီးရဲ့"

"နင်ဟာလေ. . . အနေအထိုင်ကိုမတတ်ဘူး။ အဲဒါကြောင့်





ဗလ, ကောင်မလေးတွေနဲ့ပြတ်တာ"

"ဘာဆိုင်လို့လဲ"

"ဟာ! သူ့ကောင်မလေးတွေရှေ့မှာ နင်က ပိုင်စိုးပိုင်နင်းနဲ့ အကျီယူဝတ်လိုဝတ်နဲ့ဆိုတော့ ဘယ်သူကကြည်မလဲ။ စဉ်းစားကြည့်လေ။ သူသူကိုယ်ကိုယ် အူတော့တိုကြမှာပေါ့"

"တိုပါစေပေါ့။ ဂရုစိုက်စရာလား။ မိုးက ဗလနဲ့အရင် ရင်းနှီးတာ။ မိုးက First၊ သူ့ကောင်မလေးတွေက Seond, Third, Last ဒါပဲ"

အိပ်ခန်းထဲပြေးဝင်သွားသည့်ညီမဖြစ်သူကြောင့် သူခေါင်းခါလိုက်မိ၏။ မိမိုးတို့လုပ်လိုက်ရင် ပြောမနိုင်ဆိုမနိုင်လေ။ အဲဒီအကျီကိုလျှော်ပြီးရင် ဗလရည်းစား(တွေ)ရှေ့မှာ အလိုက်မသိပေးဦးမှာ။ ဒါကိုသိလျက်သားနဲ့ အဲဒီဗလဆိုတဲ့ငတုံးကလည်း ပေးဝတ်တာပဲ။ ဒင်းတို့နှစ်ကောင်ကို ဘယ်လိုပြောရမှန်းပင်မသိတော့ပေ။

"ကိုကြီးစားပြီးပြီလား"

"ဟင့်အင်း, အတူတူစားကြမယ်လေ။ ခုတစ်လော ပျောက်နေသလားလို့။ ညီ,ဘာတွေလုပ်နေလဲ"

"အေးဘုံမသိစေနဲ့နော် ကိုကြီး။ သိရင် ဒီကောင်က အားနာ



www.burmeseclassic.com

www.burmeseclassic.com



ပြီး ကျွန်တော့်ကိုအကူအညီမတောင်းဘဲနေမှာစိုးလို့”

“ဘာလုပ်နေလို့လဲ”

“ဖေဖေ့မုန့်တိုက်မှာ ကျွန်တော်ဦးစီးနေပြီ”

“အဆင်ပြေလား”

“ဟုတ်ကဲ့”

“စာရော ရေးဖြစ်ရဲ့လား”

“ရေးတယ်ကိုကြီးရဲ့၊ ညဘက်ပေါ့”

“အေးအေး. . . ကောင်းတယ်”

“ဟိုကောင် ရာဇာရော၊ အခြေအနေဘယ်လိုလဲ”

“မမနန္ဒာက သူ့သားကို (၈)တန်းပဲရောက်သေးပေမယ့် ခုတ တည်းက Special မောင်းနေတာလေ၊ အင်ဂျင်နီယာဖြစ်စေချင် လို့တဲ့”

“ဩော်! အင်ဂျင်နီယာဆိုလို့ ဟိုညီရဲတစ်ယောက် အခြေ အနေဘယ့်နှယ်လဲ”

“အေးဘုံကတော့ No တဲ့”

သက်ပြင်းကိုယ်စီချလိုက်မိကြ၏။ ဒေါက်တာမြင့်မိုရ်ကျော် အကြောင်းပြောလိုက်ရင်ကောင်းမလား။ တော်ကြာ မယ်ဝဏ္ဏဆိုင်း





အေးဘုံ ထသောင်းကျန်းမှာ အခက်ပါလေ၊

“ဆာနေပြီလား၊ ငါ, ရေပါတစ်ခါတည်းချိုးလိုက်လို့ နည်း နည်းကြာသွားတယ်”

“ရပါတယ်”

“ထမင်းစားကြမယ်လေ၊ ကိုကြီးလည်း တစ်ခါတည်းဝင်စား အဟုတ်လား၊ ဖေဖေက Dinner သွားတာ မိုးချုပ်မယ်”

ထမင်းစားခန်းထဲရောက်တော့ ထမင်းပွဲပြင်ဆင်ပြီး အစ်ကို ဖြစ်သူကို ဟင်းဦးဖယ်ကာ ကျန်သည့်ဟင်းရံအစုံက ဗလပန်းကန် ထဲတစ်ခုပြီးတစ်ခုရောက်လေ၏၊ သူငယ်ချင်းဖြစ်သူကို စေတနာ ထွေးပိုတာမို့ အပြစ်မပြောသာပေမယ့် ရဲကျော်စွာကို ခေါင်းခါသည့် အမူကိုဖြင့် စိတ်ခုချင်နေပါသည်၊

“နင် ကဗျာထည့်ဖြစ်သေးလား”

“အေး. . . ဒီလထုတ် ရင်ခုန်သံမဂ္ဂဇင်းမှာပါလာသေးတယ်”

“ငါမဖတ်ရသေးဘူး၊ ဘာခေါင်းစဉ်လဲ”

“အသည်းကွဲကျောက်ရုပ်”

“အမယ်လေးဟဲ့. . . နင့်အသည်းက ကွဲ,ကွဲနိုင်လွန်းတယ်။ ဒီလောက်ရည်းစားတွေ မှိုလိုပေါက်အောင်ထားနေပြီး. . . ဟွန်း



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကိုမပြောပါနဲ့။ နင်အခုရေးနေတာကရော ဘာခေါင်း

လဲ။ ပြော"

"ပေးဆပ်ချင်သည့်နှလုံးသား"

"ကဗျာက ဆန်ပါ"

"အဲဒါ နင့်ဘော်ဒါပဲလေ"

မချိုမချဉ်မျက်နှာပေးနှင့် ထမင်းဆက်စားနေသည့်ညီမ သူ့နှင့် တစ်ချက်တစ်ချက်လှမ်းကြည့်တတ်သည့်ဗလကို အကဲခ ၍ မရပြန်။ ဒီနှစ်ကောင်ဘာများလဲဟု သံသယဝင်ချင်သည့် က ဗလရည်းစား နောက်တစ်ယောက်ရပြီဆိုသည်နှင့် ဖြယ် ရတာလေ။ ဗလအပေါ် အူတိုသည့်အရိပ်လည်း မိမိုးမှာမတွေ့ မိမိုးကိုစေ့စပ်ပေးဖို့ကိစ္စကျပြန်တော့လည်း ဗလက တစ်တစ် အားပါဝင်နေပြန်တာလေ။ ဒီနှစ်ကောင်ကြောင့် ခေါင်းခဲနေရ ဘယ်တော့မှပျောက်ပါ့မလဲ။

◙◙◙



## အခန်း ( ၁၂ )

တစ်ဖက်ခြံသို့ကူးခဲ့စဉ် ခြံထဲမှာပန်းခူးနေသည့် မမနန္ဒာနှင့် ဆုံလေ၏။ ဗလတစ်ကောင် အရိပ်တောင်မတွေ့ရပါလား။

"မမနန္ဒာ. . . ဗလရော"

"အပြင်သွားတယ်မိုးရဲ့"

"အာ. . . ဒီကောင်တော့ ဒီနေ့ မမဦးဆေးရုံဆင်းမှာလို့ အတန်တန်ပြောထားရဲ့သားနဲ့။ မေ့ပြန်ပြီထင်ပါရဲ့"

"မမေ့ပါဘူး ညီမလေးရဲ့။ ညနေမှဆို"

"ညနေဆိုပေမယ့် သိမ်းစရာပြစရာတွေရှိလို့ စောစောသွား



www.burmeseclassic.com

www.burmeseclassic.com



ရမှာလေ၊ ဒါဖြင့် မိုးသွားနှင့်ပြီ။ ဗလပြန်လာရင် လိုက်မလာနဲ့တော့ လို့ပဲ ပြောလိုက်တော့"

"ပြောပြန်ပြီ။ မိုးနောက် သူ မလိုက်ဘဲ ဘယ်နှခါကျန်ခဲ့လို့ တုန်း"

"သိနိုင်ဘူးလေ။ သူ Lady တွေနဲ့ Date နေလို့ပဲဖြစ်မယ်။ ကောင်စုတ်. . . မေတ္တာကိုမရှိဘူး"

ပြုံးစစမျက်နှာဖြင့် မမနန္ဒာအောင် ကျန်ရစ်ခဲ့တာကို တော နိုင်းခဲ့ပြီးထွက်လာစဉ် ဖြုံရှေ့ရပ်လိုက်သည့်ကားတစ်စီးကြောင့် အံ့ဩသွားရပါ၏။ ဝုဒ္ဓေါ! ဘယ်သူပါလိမ့်။

"မိုး"

"ဟာ. . . ကျွတ်"

ဒီကားကိုမြင်ပါလျက် မမှတ်မိတာ မိုးဦးနှောက်ကပဲ မေ့ နိုင်လွန်းတယ်။ ကားတံခါးဖွင့်ကာ ဆင်း၍ရပ်စောင့်နေသည့် ကျော်စွာကိုမျက်စောင်းခဲလိုက်ပုံက ပြာကျလုလုပါပဲ။

"ဘာလာလုပ်ပြန်တာလဲ"

"မိုးကလည်း ကိုယ့်ကိုမြင်တာနဲ့ ရန်သူလိုဆက်ဆံတော့တာ ပဲ။ နည်းနည်းပါးပါးလေးတော့ ငဲ့ညာပါဦး"





"ဘာကိစ္စ ကျွန်မက ငဲ့ညာရမှာလဲ။ မညာနိုင်ပါဘူး။ အရှက် ...တဲ့မျက်နှာနဲ့ ဒီကိုထပ်ပြီးလာရဲတာ အံ့ပါရဲ့"

"ဟင်းဟင်း. . . မိုးဘယ်လိုပဲ ရွဲ့ပြပြ ကိုယ့်ဘက်က မုန်းဖို့ ...နှုန်းမရှိဘူးနော်"

"ရှင်နော်! စလာပြီ။ အဲဒီလိုပရောပရီပြောတတ်လို့ ရှင့်ကို ...ညီနေညီးမှုကြည့်မရတာရှင့်။ သိရဲ့လား"

"ဟုတ်လား။ ဒါဆိုလည်း ကိုယ်ဆင်ခြင်ရမှာပေါ့။ ကိုယ့်စိတ် ...င် မိုးတစ်ယောက်တည်းကိုပဲ ဒီလိုပြောမိတာပါကွာ။ ကိုယ်က ...ယ်မိန်းကလေးတွေနဲ့မှ တံရင်းတနှီးမရှိပါဘူး"

အပိုတွေပြောနေပြန်ပြီ။ Y.I.T (၆)နှစ်တက်လာခဲ့တဲ့လူက ...းကလေးအပေါင်းအသင်းမရှိဘူးဆိုတာနဲ့ ယုံလိုက်ရမှာလား။ ...မတို့က သူများလှည့်ရုံနဲ့ အလွယ်တကူလည်တတ်တဲ့ အကြွေ ...မှမဟုတ်တာဘဲ။ ဒီလိုအပြောလောက်ကတော့ ဖျင်းတောင်ဖျင်း ...းတယ်။

"ပါးစပ်ထဲ လက်ထည့်တောင် မကိုက်တတ်ပါဘူးလို့ ရှင်လိမ် ...င်သေးလား ကိုရဲကျော်စွာ။ မိုးမမကို လျှော့တွက်လှချည်လား"

"အဲဒီလောက်ထိတော့ ကိုယ်မရိုးပါဘူး၊မိုးရဲ့။ မိုးရဲ့သူငယ်



www.burmeseclassic.com

www.burmeseclassic.com



ချင်းလောက် မျက်နှာမများတာကိုတော့ ဝန်ခံချင်ပါတယ်"

"ဘာ! "

ကြည့်စမ်း! ဒင်းက ဗလကိုမှ Direct တီးပါရောလား။ မိုး

ကိစ္စမှာ ဘယ့်နှယ်ကြောင့် ဗလကိုဆွဲထည့်ချင်ရတာပါလိမ့်။

ယောက်ျားတန်မဲ့ မိန်းမလို မိန်းမရပြောတတ်တာကို မိုး

သိပ်မြင်ပြင်းကပ်တယ်ဆိုတာ ဒင်းမသိသေးဘူးထင်ပါရဲ့။

"နေစမ်းပါဦး။ ရှင် ယောက်ျားမဟုတ်ဘူးလား။ ယောက်ျား

ဆိုရင် ယောက်ျားလို တည်တည်တံ့တံ့ပြောရှင့်၊ မိန်းမဆန်ဆန်

အတင်းပြောစရာမလိုပါဘူး"

"ကိုယ်ပြောတာ အမှန်ပဲလေ၊မိုးရဲ့၊ မင်းက အဲဒီကောင်

ပတ်သက်ရင် နည်းနည်းမှအထိမခံဘူးဆိုတာ တကယ်ပါပဲလား

မင်းရဲ့လူကဖြင့် Plaza မှာ ကောင်မလေးချောချောလေးနဲ့တွဲ

Shopping ထွက်နေလေရဲ့"

"အဲဒါ ရှင့်အပူမပါပါဘူး။ အနေသာကြီးပါရှင့်"

တောက်! ဒါကြောင့် ဒင်းပျောက်နေတာကိုး. . . ဗလ

နင်အသုံးမကျလို့ အခုလိုအပြောခံနေရတာ။ နေ နှင့်ဦး။ တွေ့

ဗိုက်ကြောပြတ်အောင် လိမ်ပြလိုက်မယ်။ ကောင်စုတ်ဗလ။





"မမဦးကိုသွားကြိုမယ်ဆိုလို့ မိုးကိုလာခေါ်တာပါ"

"မလိုပါဘူး။ ရှင့်ကားကိုလမ်းကြုံစီးရလောက်တဲ့အထိ ကျွန်မ

နဲ့ရင်းနှီးတာမှမဟုတ်တဲ့"

"ဒီလိုတော့ အပြတ်မပြောပါနဲ့မိုးရဲ့၊ နောက်ဆို ကိုယ့်လက်

တွဲရတဲ့အထိ မင်းရင်းနှီးလာရမှာပါ"

"ဘာပြောတယ်"

"တီ! "

လမ်းထဲဝင်လာသည့်ကားဟွန်းသံကြောင့် လှမ်းကြည့်လိုက်

ဆို ဗလ ကားကိုတွေ့လိုက်ရလေ၏။ ဒင်းတော့ သေခဲဦးမှာပဲ။

"အေးဘုံ"

"ဘာအေးဘုံလဲ၊ အခုမှပြန်လာရသလား။ အတော်သဝေထိုး

ို့ ကောင်းနေတယ်ပေါ့လေ"

"မဟုတ်ပါဘူးဟ. . . ငါ"

"ဘာမဟုတ်ရမှာလဲ၊ ဒီလောက်ကြိုပြောထားရဲ့သားနဲ့ နင်

ါ့စကားကို အလေးမထားတဲ့သဘောလား၊ဗလ"

"ဟာ. . . မဟုတ်ရပါဘူး အေးဘုံရာ"

"တော်ပြီ။ ဒါကြောင့် နင်တို့ယောက်ျားတွေကို ငါကြည့်မရ



www.burmeseclassic.com

www.burmeseclassic.com



တာ။ ဒီမှာ! မိုးမမမှာ ခြေတွေလက်တွေ အစုံရှိပြီးသားပါ။ သူ့ ကို အားကိုးမှဖြစ်တာမဟုတ်ဘူး။ ကိုယ့်အားကိုယ်ကိုးတတ်ပြီးသား နောက် ငါ့ကိုလာမခေါ်နဲ့တော့။ ဒါပဲ! ဖယ်"

"ဟာ! အေးဘုံ. . . နေဦးလေ"

"မိုး. . . ကိုယ်ပို့ပေးပါ့မယ်ဆို"

"မလိုပါဘူး။ ဘယ်သူ့ကားနဲ့မှမလိုက်ဘူး။ ငါ့ကိုလိုက်နှော ယှက်ရင် ငါ ခဲနဲ့ကောက်ထုလိုက်မှာနော်။ မလုပ်ဘူးမထင်နဲ့ စိတ်ကိုသိတယ်မှတ်လား"

"ပြဿနာပဲ. . . အေးဘုံရာ"

တရှုံ့ရှုံ့ဒေါသထွက်ကာ ခြေဆောင့်နင်းလျက် လမ်းထိ လျှောက်လှာခဲ့၏။ Taxi တစ်စီးကိုတားလိုက်ပြီး တက်လိုက်ခဲ့ မျက်ရည်က ဝဲချင်လာလေသည်။ ဗလ. . . ဗလ။ နင့်ကောင်မလေး တွေကို ငါ့ထက်အရင် ဦးစားပေးနေပါရောလား။ အင်းပေါ့ ငါ့ကြောင့် နင် အသည်းခဏခဏကွဲရတယ်လို့ ကိုကြီးပြောခဲ့ အမှန်ပဲကိုး။ သူတို့ကို နင် တကယ်ချစ်၊ မချစ်ဆိုတာ ငါမှမသိ ဗလရယ်။ သိလည်းမသိချင်ဘူး။ စိတ်လည်းမဝင်စားလို့ပါ။ နင်ချေ တတ်တဲ့ကောင်မလေးတွေရဲ့ နာမည်ကို ငါအလွတ်ရနေတာတာ





ထွကြုထဲထည့်ရေးမယ့် ဇာတ်ကောင်နာမည်ရှာနေတတ်တဲ့အကျင့် ကြောင့်ပါလေ။ ပြောတော့ဖြင့် ငါက First ဆို။ ဒါပေမဲ့ ငါသိနေပါ သယ်၊ အဲဒီ First ဆိုတာ Number One တော့ ဘယ်နည်းနဲ့မှ ဖြစ်နိုင်တော့ဘူးဆိုတာပါပဲ။ ဖြစ်ခြင်းဖြစ်ရင် One ရှေ့က Zero သာ ဖြစ်နေမှာပါလေ။

回

"အမယ်လေးနော်၊ ငါ့ကိုလာကြိုတဲ့ရုပ်တဲ့။ ငါးခြောက်ကို ဖုတ်ပြီး ထုထားသလို ရှုံ့တွနေတာပဲ။ ကဲ! ပြောပါဦး။ ဘယ်သူနဲ့ နှန်ဖြစ်လာတာသလဲ. . . ကောက်ချိတ်မရယ်"

"မဖြစ်ပါဘူး မမဦးရဲ့"

"မဖြစ်ဘဲနဲ့ ညည်းမျက်နှာက ဒီလိုမှုန်ကုပ်ကုပ်ဖြစ်မနေဘူး မိုးရဲ့။ မသိရင်ခက်မယ်"

"မမတစ်ယောက်တည်းလား"

"တစ်ယောက်တည်းလာတာမြင်ရဲ့သားနဲ့ ညည်းမျက်စိကန်း နေသလား။ ငါမပြောလိုက်ချင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့! ဘယ့်နှယ်. . . ချစ်စုကို ရမ်းနေတာလဲ၊ ဟိုတ နှင်း ပင်ပန်းမှာစိုးလို့ ကြိုပြီးလာသိမ်းပေးနေတဲ့ဟာ၊ ကျေးဇူးတင်ရော ကိုမရဘူး။ နင့်လိုဂျစ်တဲ့မိန်းမမျိုး ဘယ်သူက ယောက်မတော်ချင် ပါ့မလဲ"

"အို! ကိုကြီးနဲ့ကြိုက်ပြီးမှ မိုးကိုမတော်ချင်လို့ ရမလား။ ဒီ လောက်သုံးနှစ်လောက် ပေါင်းလာတာကြာပြီ၊ မိုးအကြောင်း သူသိ သွားပဲ။ မတော်ချင်ရင်လည်း စောစောစီးစီးပွင့်ပွင့်လင်းလင်းပြော မိုးကြောင့်လို့တော့ အပြစ်ပုံမချနဲ့၊ မိုးက ငြိမ်ခံနေမှာမဟုတ်ဘူး"

"ကြည့်! ပြောနေတဲ့ကြားက ကန့်လန့်တိုက်နေပြန်ပြီ"

"အဲဒါ မမဦးပြောတာနော်။ စုမပါဘူး။ စုက မမကိုအရင် ချစ်တာ။ ကိုကြီးက နောက်မှ။ မမက ပထမပဲ"

"လာပြန်ပြီ တစ်ယောက်။ ပြောလိုက်ရင် ငါ့ကိုပထမဆိုပြီး အချိန်တန်တော့ ချောင်ထဲထိုးထည့်မယ်ဆိုတာ. . . ငါသိပြီးသား လျှောက်ပြောမနေနဲ့၊ ငါ့ကို ဘယ်သူမှ လာချစ်စရာမလိုဘူး။ မဦး လည်း ကိုကိုထွန်းကို မိုးထက်ပိုချစ်ပြီးယူခဲ့တာပဲ။ အခုဒီပိစိလေး တိုးလာတော့ မိုးက နှစ်မဲတစ်မဲနဲ့ရှုံးပြီ။ ညည်းလည်း ဒီလိုပဲလာမှာ ပဲ။ ဟိုတစ်ကောင်လည်း ဒီတိုင်းပဲ"





စကားအဆုံးမှာ ငိုသံပါသွားတာကို သတိထားလိုက်ရပါ၏။ မျက်ရည်ဝဲလာတာကို ချက်ချင်းပင် မျက်တောင်တဖျတ်ဖျတ်ခတ် လျက် သိမ်းဆည်းလိုက်ရပါသည်။

"အဲဒါကြောင့် ညည်းကို ယောကျ်ားယူလို့ပြောနေတာလေ။ သူများတွေ သူ့အိမ်သူ့တည်ထောင်တာ မစွံရိယပွားပြီး ဒေါသဖြစ် နေနဲ့၊ အမှု ဗလနဲ့ရန်ဖြစ်လာတာမဟုတ်လား။ ညီရဲရော"

"ဘာ. . . ညီရဲလဲ"

"ရဲကျော်စွာ နင့်ဆီလာမကြိုဘူးလား"

"ကြည့်စမ်း! သူ့ကို မမဦးလွှတ်လိုက်တာလား"

"ဒါပေါ့။ ဒါအရိုးရှင်းဆုံးနည်းသုံးလိုက်တဲ့ဟာပဲ"

"အဲဒီ မမဦးဟာလေ၊ မိုးမကြိုက်မှန်းသိလျက်နဲ့ ဒီလိုလုပ်ရ သလား"

"ဟဲ့! ညည်းကောင်းစားဖို့ပဲလေ"

"မုန်းလိုက်တာ။ ဒင်းကို မျက်နှာတောင်မကြည့်ချင်ဘူး"

"မျက်နှာမကြည့်ချင်လို့ ညည်းက ဘာကြည့်ချင်တာတုန်း"

"မမဦးနော်"

သူမ အသံစူးခနဲထွက်သွားစဉ် အခန်းထဲသို့ Duty Coat



www.burmeseclassic.com

www.burmeseclassic.com



ဖြူဖြူနှင့် ဆရာဝန်လေး ဝင်လာလေ၏။

"ဘယ်လိုဖြစ်ပြီး အော်ရတာလဲ မိုးလေးရဲ့၊ ကလေးလန့်သွားမယ်လေ။ မဦး ဆင်းတော့မှာဆို။ ကိုထွန်းက duty ချိန်မို့ လာရှေ နိုင်ဘူး"

"ရပါတယ်မြင့်မိုရ်ရယ်။ သားက ဒင်းတူလို့မပြောရဘူး။ ဒီ မောကျနေရင် တော်ရုံနဲ့မနိုးတတ်ဘူးလေ။ သူ့အဒေါ်လို အထွန်လေးဖြစ်နေရင်တော့ ဒုက္ခပဲ"

"တွေ့လား။ အဲဒါ မိုးရဲ့ကလေးမှမဟုတ်တာကို၊ မမဦးနော်"

"မိုးလေးကလည်း. . . ဘယ့်နှယ် ကလေးနဲ့ပြိုင်ကောက်ချင်နေတာလဲ"

"ကိုကိုပါ မမဦးဘက်သားဖြစ်နေပြီလား"

"ဟောဗျာ! မဖြစ်ပါဘူး. . . မိုးလေးဘက်ကပါ။ ဒုက္ခပဲ ကျွန်တော်ပါ စက်ကွင်းမလွတ်ချင်ဘူး မဦးရေ့။ ပေး၊ ဝိုင်းကူသယ်ပေးမယ်"

"ဟဲ့!နေပါစေ။ မင်း Uniform ကြီးနဲ့ လူမြင်မသင့်တော်တာလုပ်စရာလား။ မသယ်ပါနဲ့"

"ဒါဖြင့် သားကိုချီပေးမယ်လေ"





ကိုကိုက ပုခက်ထဲမှကလေးကို အသာအယာပွေ့ချီလိုက်ပါ၏၊ ကလေးမျက်နှာလေးကိုပြုံးကြည့်ကာ နဖူးလေးကိုခပ်ဖွဖွနမ်းလိုက် သူမနှုတ်ခမ်းစူသွားရလေသည်၊ ကြည့်ပါလား၊ ဒီပိစိလေးကိုဝိုင်းချစ်ကြတော့မှာလေ။

"ကျွန်တော်ရောက်ပြီ မမဦး"

"ပေား! အတော်ပဲ ဗလရေ့၊ အိမ်ထိအရောက်နော်"

"ရပါတယ်ဗျ"

"ကျွန်တော် ဘာဝိုင်းကူပေးရဦးမလဲ"

"ဩော်. . . ညီရဲပါ ရောက်လာတာကိုး"

ပစ္စည်းတွေဝိုင်းသယ်ကြတော့လည်း မြန်သွားပါပဲ။ ကလေးကို ကိုကိုပင် သယ်ခဲ့မှာမို့ သူမက ဓာတ်ဘူးတွေ၊ ချိုင့်တွေထည့်သည့် ခြင်းတောင်းကို သယ်လိုက်ပါ၏။

"ပေး. . . ငါပဲသယ်မယ်"

ဗလလာလုတာကို ပြန်ဆွဲလိုက်ပေမယ့် ယောကျ်ားအားနှင့်မို့ ဗလလက်ထဲသို့သာ ပါသွားရလေ၏။ သူမလက်ထဲ ဘာမှသယ်စရာမရှိတော့ ချစ်စုက ပြုံးစိစိဖြင့်လှမ်းကြည့်ရင်း ရှေ့မှ သုတ်ခြေတင်ပြေးချေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါပဲ. . . လောကမှာ အဖော်မရှာဘဲတစ်ယောက်တည်း နေချင်တဲ့လူဟာ လူပိုပဲဆိုတာ သက်သေပြတာလေ"

"မမဦးနော်"

ပြန်ပြောသံက အားမပါလှ။ ရှေ့မှသွားနေသည့်လူစုလေး နောက်မှ ခပ်ဖြည်းဖြည်းလိုက်ခဲ့ရင်း ပါးပြင်ထက်မျက်ရည်က ဖေါ်ခနဲကျသွားရပါ၏။ လူပိုတဲ့။ မိုးက ဒီကမ္ဘာပေါ်မှာ တကယ်ပဲ လူပိုသက်သက်ဖြစ်နေခဲ့ပြီလား။ အိမ်ထောင်မပြုချင်တာလေးတစ်ခုနဲ့ပဲ သီးခြားကမ္ဘာမှာ တစ်ယောက်တည်းကျန်ခဲ့ရပြီလား။

မိုးမှာ ဘာအပြစ်များရှိလို့ပါလဲ။ မမဦးပြောစကားက ခါတိုင်းလိုပဲဖြစ်ပါလျက် ဒီနေ့မှ မိုးရဲ့ရင်ထဲ ထူးထူးခြားခြားခံစားနေရတာလေ။ အမှန်ပဲလား။ လူ့ဘဝရောက်လာပြီး လူ့တာဝန်ကျေပွန်အောင် မထမ်းဆောင်နိုင်ဘူးဆိုပြီး ပြစ်တင်ဝေဖန်ကြဦးမှာလားဟင်။

မိုးက. . . မိုးက. . . မိုးကိုယ်မိုး အမြဲဂုဏ်ယူမော်ကြွားနေတတ်ခဲ့တဲ့မိန်းမတစ်ယောက်ပါလေ။ ဒီလိုမိန်းမကိုမှ သုံးမရတဲ့လူပိုအဖြစ် မမဦး သတ်မှတ်လိုက်တာက ရင်ထဲမှာနာကျင်ရတာ အမှန်ပါ။

"အညော်ရှောင်ဦးနော်။ ရေသိပ်မကိုင်နဲ့၊ အလေးအပင်တွေ မမိစေနဲ့"

"အေးပါ. . . ကျေးဇူးပဲ မြင့်မိုရ်"

ကလေးကိုလက်လွှဲယူပြီး ကားပေါ်တက်သွားသည့်မမဦးနှင့်အတူ ချစ်စု လိုက်တက်လိုက်လေ၏။ ပစ္စည်းတွေကို ဗလကားပေါ်သာ စုတင်လိုက်တာမို့ ရဲကျော်စွာကားက လွတ်နေလေ၏။

"ဟဲ့! မလိုက်ဘူးလား"

"မလိုက်ဘူး။ မိုးက လူပိုပဲ၊ လိုက်စရာမှမလိုတာ"

"တွေ့လား၊ ရှာကြံပြီး ကောက်ပြန်ပြီ။ နင်ဟာလေ, အသက်သာ (၃၀)ကျော်လာပြီ၊ ကလေးစိတ်ကို မကုန်ဘူး။ လေးလေးနဲ့ကိုတိုင်ဦးမယ်"

"တိုင်တိုင်. . . မိုးကိုအားလုံးဝိုင်းဆူဖို့ မေမေမွေးခဲ့မှန်း သိတယ်"

"ဟဲ့! ဪ. . . ခက်တော့တာပဲ၊ မိမိုးတစ်ယောက်ဟာလေ"

ပြောလည်းပြော ဖျတ်ခနဲထိုင်ချကာ ငိုလိုက်တာမို့ အားလုံးအံ့ဩသွားရပါ၏။ သူမ ဘာကိုများဝမ်းနည်းပြီး ငိုချလိုက်တာပါလိမ့်။

"အေးဘုံ"






www.burmeseclassic.com

www.burmeseclassic.com



"သွား! ငါ့ကိုလာမထိနဲ့"

ဗလလာဆွဲသည့်လက်ကို လက်ပြန်ရိုက်ချလိုက်သံက ဖြန်း ခနဲကျယ်သွားလေ၏။ ရဲကျော်စွာက နောက်ကျောမှာရပ်နေပြီး မခေါ်ရဲ။ ယုံရတာမဟုတ်။ ဗလကိုတောင် ဒီလိုဆက်ဆံနေရင် သူ့ ကိုဆို ဘယ်လောက်တောင် အော်ထည့်လိုက်မည်မသိပါလေ။

"မိုးလေး မငိုနဲ့လေ။ တော်ကြာအသက်ရှူကျပ်လာဦးမယ်။ ထထ. . . ကိုယ်ပြန်လိုက်ပို့ပေးမယ်"

"မပို့နဲ့"

"ဟော! မိုးလေး စိတ်ကောက်တဲ့အထဲမှာ ကိုယ်ပါ ပါလို့လား"

"ကိုကိုလည်း သူတို့နဲ့အတူတူပဲ"

"ဟောဗျာ"

"ကဲ! လိုက်မှာလား။ မလိုက်ဘူးလား ဂျစ်တူးမ"

"မလိုက်ဘူးဆိုမှ"

"မောင်းတော့ ဗလရေ။ ဒင်းကို ပစ်သာထားခဲ့။ ကျွားပဲဆွဲ ဆွဲ၊ ခွေးပဲဆွဲဆွဲ။ ထားခဲ့ချည်"

"မမဦးနဲ့မခေါ်တော့ဘူး"

"မခေါ်ရင် ပိုကောင်းသေးတယ်။ ငါနားပူသက်သာတာပေါ့။





သွားမယ် မြင့်မိုရ်"

"ဟုတ်ကဲ့ မဦး"

"သူ့မှာ ကလေးပေါက်စနလေးရောက်လာတာနဲ့ လူကိုမှိုချိုး နှစ်ချိုးပြောရတယ်လို့"

နှုတ်မှပွစိပွစိရေရွတ်လျက် ကျန်ရစ်ခဲ့သည့်သူမကို နောက် ကြည့်မှန်မှတစ်ဆင့် ကြည့်လိုက်ကြစဉ် ဒေါက်တာမြင့်မိုရ်ကျော်က ရယ်ရယ်မောမောဖြင့် မျက်ရည်သုတ်ပေးလျက် ချော့နေလေ၏။

သက်ပြင်းကိုယ်စီချလိုက်သည့် လူငယ်လေးနှစ်ဦး၏ကျိတ် မှိတ်သံကို အကယ်၍ သူမ ကြားခဲ့မည်ဆိုပါလျှင်။

◙◙◙



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၃ )

"သမီးငယ်ရေ. . . မောင်သီဟလာတယ်ဟေ့"

မလာနဲ့၊ ဘယ်သူနဲ့မှမတွေ့ချင်လို့ အခန်းအောင်းနေပါတယ်ဆိုမှ၊ တော်ပြီ၊ ဗလလည်း မမြင်ချင်ဘူး။ ဟိုလူဆို ပိုတောင်ဆိုးသေးတယ်၊

"ဒေါက်!. . . ဒေါက်! "

"မိမိုး. . . Phone လာနေတယ်"

"အာ. . . ဒီမှာစာရေးနေတယ်၊ မအားဘူး"

"မအားလို့ရမလား၊ အောက်မှာ ဗလစောင့်နေတာလည်း



www.burmeseclassic.com

www.burmeseclassic.com



သိဦးမှပေါ့။ ညည်းတော့မဟုတ်တော့ဘူးနော်။ ဗလကိုရှောင်နေတာ ဘယ်လောက်ကြာပြီလဲ။ ပြဿနာရှိရင် သေချာရှင်းမှပေါ့။ ဟိုအ နေ့စဉ်ရက်ဆက်လာနေတာ (၁၀)ရက် မကတော့ဘူး"

"ပြဿနာက ဒင်းတို့နဲ့မတွေ့ချင်တော့တာပဲ။ မမဦးလည်း တယ်။ ချစ်စုရောပဲ"

"ဖေဖေ့သမီးကိုကြည့်ပြောဦး။ ဘာကိုကောက်နေမှန်းမသိ ဘူး"

ဖေဖေတက်လာပြီထင်ပါ၏။ ကိုကြီး၏တီးတိုးတိုင်တော ကိုကြားရသည်။ မပြောချင်ဘူး။ ကိုကြီးတို့လိုအိမ်ထောင်ပြုမည့်သူ တွေက တစ်ဂိုဏ်းဆိုရင် မိုးက သင်းကွဲဂိုဏ်းဖွဲ့မည်။ ဒါပဲ။

"သမီးငယ်. . . ဂေါက်တေးမ။ သီဟ အပေါ်ထိတက်လာရင် မကောင်းဘူးနော်။ ဆင်းတွေ့လိုက်"

"အဲ့ဒီဖေဖေက ဘာမှန်းလဲမသိဘူး။ မိုးဘက်မှာ ဘယ်တော့ မှမရှိဘူး။ အားအားရှိ ဗလဘက်ကပဲ"

"ကြည့်! မဆီမဆိုင် ငါ့ကိုထည့်ရမ်းနေပြန်ပါပြီ"

ခြေသံကို တဒုန်းဒုန်းမြည်အောင်ဆင်းလာတော့ ဧည့်ခန်းမှာ မတ်တတ်ရပ်စောင့်နေသည့်ဗလကို မြင်လိုက်ရပါ၏။ ဗလက ထုံးစံ





အတိုင်း ရှပ်အဖြူနှင့်ယောပုဆိုးအနက်လေးကို ဝတ်ထားလေသည်။

ဟွန်း! အဲဒီပုံစံကိုပဲ ဒင်းကောင်မလေးတွေ ပစ်ကျကြတာ နေမှာပေါ့။

"ဘယ်လိုဖြစ်ပြီး ငါ့ကိုမျက်စောင်းခဲ့တာလဲ အေးဘုံရဲ့"

"နင့်အပြစ်နင်သိပေါ့"

"အဲဒီနေ့က နင်မလိုက်ဘူးပြောလို့ မမဦးက မောင်းခိုင်းတာ လေ။ ငါက ဘယ်ထားခဲ့ချင်ပါ့မလဲ"

"အဲဒါနဲ့မဆိုင်ပါဘူး။ အဲဒီနေ့က ငါ့ဖာသာငါ တမင်သက် သက်နေခဲ့တာ။ နင့်အပြစ်က နင့်ကောင်မလေးနဲ့နှစ်ယောက်တည်း Plaza သွားတဲ့ကိစ္စပဲ"

"အဲဒါက. . ."

"ငါက အဲဒါကိုစိတ်ဆိုးတာမဟုတ်ဘူး။ ငါသွားမယ့်အချိန်ကို သိသိကြီးနဲ့ နင်တမင်မေ့ထားလို့ အဲဒါကိုစိတ်ဆိုးတာ။ ဒါပေမဲ့ ငါ့ ခေါင်းထဲမှာ အခု အဲဒီကိစ္စမရှိတော့ဘူး။ ဒီတော့ နင်နဲ့ဘာမှပြော စရာမရှိဘူးမှတ်လား။ နင်ပြန်တော့"

"မိမိုး"

"မိုးကိစ္စ ကိုကြီးနဲ့မဆိုင်ဘူး။ ဝင်မပါချင်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အေးဘုံ. . . ငါ"

"နင့်ခေါင်းထဲမှာ ငါ့ကိုသူငယ်ချင်းလို့ မသတ်မှတ်ချင်တော့ဘူးမဟုတ်လား။ ရတယ်။ ငါလည်း အားလုံးကို ခေါင်းထဲကရော ရင်ထဲကပါ ထုတ်ပစ်လိုက်ပြီ။ ဒါပဲ"

"ဟာ. . . အေးဘုံရာ"

ခပ်တည်တည်မျက်နှာဖြင့်ပြောနေပုံက အပြတ်ပါလား။ ဘာဖြစ်မှန်းတောင်ရေရေရာရာမသိဘဲ အခုလိုဥပေက္ခာပြုခြင်း ခံရတာမို့ ရင်ထဲမှာ မခံချိမခံသာဖြစ်နေရတာ ဘယ်လောက်ကြာပြီလဲ။ ရည်းစားတွေ တစ်ယောက်ပြီးတစ်ယောက် ဖြတ်စဉ်တုန်းကဖြင့် စားဝင်အိပ်ပျော်ပြီး ဘာမှန်းတောင်မသိလိုက်တာလေ။ ခါတိုင်းဆို ဘာမှသိပ်မချော့လိုက်ရပါဘဲ အလိုလိုစိတ်ပြေလွယ်တတ်သည့်အေးဘုံတစ်ယောက် ခုတစ်ကြိမ်မှာဖြင့် သံမဏိချောင်းလို မာနေပါရောလား။

"မိမိုး! သူငယ်ချင်းကိုဘယ်လိုပြောလိုက်တာလဲ"

"ကိုကိုကြီး. . . မမ Phone "

"အေး. . . ဘယ်သူတဲ့လဲ ဖုးငုံ"

"ကိုကိုလို့ပြောတာပဲ"





"ဘာ! "

ကိုကြီးအော်သံက စည့်ခန်းမှာ ဟိန်းခနဲဖြစ်သွားပါ၏။ လာပြီ။ ကိုကိုဆိုတာနဲ့ မိုးထံကို သံသယအကြည့်တွေရောက်လာပြီလေ။

"ဘယ်ကကိုကိုလဲ"

"ကိုကြီးမသိပါဘူး"

မျက်စောင်းခဲဖြေလိုက်သည့်ညီမဖြစ်သူကို နားရင်းသာ အုပ်ထည့်လိုက်ချင်တာပါပဲ။ ဗလမျက်နှာက တဖြည်းဖြည်းပျက်ယွင်းလာတာကိုတောင် ဂရုမစိုက်ဘဲ Phone ကိုကောက်ကိုင်နေပြီလေ။ အတော်ခွကျတဲ့မိမိုးပါလား။

"ကိုကို. . . မိုးပါ"

"ဘယ်မှမသွားဖြစ်ဘူး။ အိမ်မှာပဲစာရေးနေတာ"

"အင်း. . . ပထမရေးလက်စစာမူကို တစ်ဝက်မှာရပ်ထားပြီး အသစ်စရေးနေတာ သုံးပုံတစ်ပုံပြီးနေပြီ"

"ခေါင်းစဉ်လား 'ကမ္ဘာမကျေသူရဲ့အမုန်း' တဲ့။ ဟင်းဟင်း, ကိုကိုသဘောကျလို့လား။ တစ်ခါမှဖြင့် မဖတ်ဖူးဘဲနဲ့များ"

"သတိလား. . . ရချင်ပေမယ့် တမင်မေ့ထားတယ်"

"ဘာဖြစ်လို့လဲဆိုတော့ မိုးရဲ့ဒေါသတွေ ခုထိမပြေသေးဘူး။



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုသိပါတယ်"

"မချော့နဲ့. . . မိုးမပျော့ချင်တော့ဘူး။ မိုးက မကြာခဏစိတ်ကောက်ပြီး အလိုလိုစိတ်ပြေလွယ်တတ်လို့ လူတွေအလေးမထားတာကို ခံရတာပေါ့။ တော်ပြီ။ ခုချိန်ကစပြီး မိုးမမ စိတ်သစ်လူသစ်ဖြစ်ပြီ"

"ဟုတ်! မိုး တစ်ရက်လာခဲ့မယ်လေ။ ဒါပဲနော်. . . အင်း"

Phone ကိုချလိုက်သည်နှင့် ကိုကြီးက လက်မောင်းမှဆွဲခေါ်ကာ ဗလရှေ့ဆက်တီမှာ ထိုင်ခိုင်းလိုက်လေ၏။ မပြင်ချင်ပါဘူးဆိုမှ တည့်တည့်ကြီးဖြစ်နေရပြီ။

"ပြောစမ်း! အဲဒီကိုကိုဆိုတာ နင့်ရည်းစားလား"

"အာ. . . ဟုတ်ပါဘူး"

"ဒါဖြင့် ဘယ်သူလဲ။ မှန်မှန်ပြော"

"ကြီးမေတို့သိတယ်။ ကိုကြီးတို့ကို တစ်ယောက်ချင်း လိုက်မရှင်းပြနိုင်ဘူး။ ဒီအရွယ်ပဲ မိတ်ဆွေသူငယ်ချင်းတွေရှိမှာပေါ့။ ဘယ့်နှယ်. . . အတင်းလိုက်စစ်နေတာလဲ"

"ဗလရောသိလား"

"ဟုတ်ကဲ့. . . သိပါတယ်ကိုကြီး။ ဆရာဝန်ပါ"





"တွေ့ဖူးလား"

"ဟုတ်ကဲ့။ မမဦး ကလေးမီးဖွားတုန်းက မြင်ဖူးလိုက်တယ်"

ညီမဖြစ်သူက ချိတ်မယ့်ချိတ်တော့လည်း အင်ဂျင်နီယာရော ဆရာဝန်ရောပါလား။ ဒီကြားထဲ ဗလပါ ကြွေဆည်မရအောင် ချော်နှာပျက်နေတာမို့ ဗလလည်းပါမည်ဟု တွက်ဆမိ၏။ သူစိမ်းတွေထက် ဗလက အတွင်းသိအစင်းသိမို့ ဗလနဲ့ဆိုရင်လည်း ငြင်းမလိုပါချေ။ ခက်တာက ဒီဂေါက်တေးမရဲ့ မဖွာမလည်ဇာတ်လမ်းဆို ဘယ်လိုအစကောက်ရမှန်းမသိတာလေ။

"နေစမ်းပါဦး၊ ညည်းအချိုးက ဘာလဲမိမိုးရဲ့။ ညီရဲ့ဖြင့် ညီရဲ့ပေါ့။ ဒါမှမဟုတ် ဒီဆရာဝန်ဆိုလည်းဆရာဝန်။ ပြတ်ပြတ်သားသား ရွေးစမ်း။ ဒါမှ တစ်ဖက်ကို အပြတ်ငြင်းလို့ရမှာ"

"လာပြန်ပြီ။ အဲဒီလူကို စတွေ့ကတည်းက အပြတ်ငြင်းထားပြီးသားလေ။ ကိုကိုက မိုးကိုရိုးရိုးသားသားခင်တာကို တစ်မျိုးထင်ရောလား။ မိုးဘက်က အရှက်မရှိစပြောရမလိုဖြစ်နေပြီ။ ယောက်ျားတွေကို စိတ်မဝင်စားပါဘူးဆိုနေမှ"

"မဝင်စားလို့မရဘူး။ နင်တစ်ယောက်ယောက်ကိုတော့ ရွေးရမယ်။ နင်မြန်မြန်မင်္ဂလာဆောင်ပြီးမှ နောက်နှစ် ငါယူလို့ရမှာ"



www.burmeseclassic.com

"ဩော်! ကိုကြီးဟာကိုကြီး ချစ်စုကိုယူမှာဖြင့်ယူတာမဟုတ်ဘူး။ ဘာလို့ မိုးကိုအတင်းယူခိုင်းနေရတာလဲ"

"ယူရမှာပေါ့။ နင့်အတွက်ကြောင့် ဖေဖေစိတ်မအေးနိုင်တာ။ သေချာစဉ်းစား. . . ဆရာဝန်လား၊ ညီရဲလား။ ဒါမှမဟုတ် ထင် ယောက်ယောက်ပေါ့။ ဗလပဲဖြစ်ဖြစ် ထည့်စဉ်းစား"

"ဟာ! ကိုကြီး"

"ကိုကြီး"

နှစ်ယောက်သား အလန့်တကြားထအော်သံက ဖြိုင်တူပင်။ ဒေါသကြောင့်လား၊ ရှက်တာလားမသိ နှစ်ယောက်စလုံး မျက်နှာနီ သွားတာတော့ အမှန်ပါလေ။

"ကိုကြီးနော်, ဒီလိုပြောစရာလား။ မိုး အရမ်းစိတ်ညစ်လာပြီနော်။ အိမ်မှာကို မနေချင်တော့ဘူး"

"မနေချင် မနေနဲ့. . . မင်္ဂလာဆောင်ပြီးရင် နင့်ယောကျ်ား နောက်လိုက်နေ။ သွား"

"ကိုကြီး"

"ကိုကြီး. . . တော်ပါတော့ဗျာ"

"မင်းသိတဲ့အတိုင်းပဲညီရေ့၊ ဒင်းက ဘယ်လိုမှပြောဆိုဆုံးမ





ရတဲ့ဟာလေ။ ဖေဖေလည်း ဘယ်လိုနားချရမှန်းမသိလို့ လက်လျှော့ထားတာနဲ့ ဒင်းက ဆိုးချင်တိုင်းလွှတ်ဆိုးနေတာ. . . နားထောက်မ"

သူမခြေဆောင့်၍ အိမ်ပြင်သို့ထွက်သွားတော့ သူမျက်လုံးပြူးသွားရပါ၏။ မှောင်ရိပ်ဖုံးစပြုနေလည်း အဲဒီမိစ္စာလေးက ဘာမှမကြောက်တတ်တာလေ။

"အေးဘုံ. . . နေဦး"

"ငါ့နောက်လိုက်မလာနဲ့"

"နင်ဘယ်သွားမှာလဲ"

"ဘယ်သွားသွား, နင့်အပူမပါဘူး"

"နင်ကလည်း အိမ်ကိုပဲလိုက်ခဲ့ပါဟာ။ မေမေတို့လည်း နင်နဲ့တွေ့ရတာကြာနေပြီ။ နင်က လိမ္မာပါတယ်"

"မလိမ္မာချင်ပါဘူး။ ငါလိမ္မာအောင်နေလည်း ငါ့ကိုဆိုးတယ်လို့ပဲပြောနေတဲ့ဟာ"

"လာပါ. . . အေးဘုံရာ"

လက်ကောက်ဝတ်ကိုကိုင်၍ ဆွဲခေါ်နေသည့်ဗလနောက် ပါလေ၏။ သူစိမ်းနဲ့တောင် ဘာအမျိုးမှမတော်ရသေးမီ သွေးသား



www.burmeseclassic.com

www.burmeseclassic.com



ရင်းအစ်ကိုက အခုလို စိမ်းစိမ်းကားကားပြောတာတော့ လွန်တယ်
ထင်တာပါပဲ။ အရင်က ကြင်နာဖေးမခဲ့ပါလျက် ဒီနှစ်အစောပိုင်း
ကစပြီး ဘာကြောင့်များ မိုးကို ကြည့်မရဖြစ်နေကြတာပါလိမ့်။

"ဟယ်! မိုးပါလာတာပါလား။ မေမေရေ. . . ဗလနဲ့မိုးလိုက်
လာတယ်"

"ဟုတ်လား"

"ပြောသားပဲ. . . သူတို့စကားမပြောတာ လက်(၁၀)ချောင်း
တောင် ပြည့်အောင်မချိုးလိုက်ရဘူး"

"ဟိုကောင်. . . ကလေးက ကလေးလိုနေစမ်း! "

အိမ်ထဲရောက်သည်အထိ လက်မလွှတ်သေးသည့်သားဖြစ်သူ
နှင့် လက်ကိုရှုန်းဖယ်မထွက်သေးသည့်သူမကို လူကြီးတွေက သင်
ထားကြည့်မိကြသလို ရာဇာ့မျက်နှာက စပ်ဖြဲဖြဲ ပြောင်စပ်စပ်။

"ဟဲ့! သမီးမိုး၊ ငိုလာတာလား"

"အခုပဲ ကိုကြီးနဲ့စကားများလို့ခေါ်လာခဲ့ရတာ"

"နင်လည်း ပါတယ်"

"ငါက ဘာလုပ်လို့လဲ"

"နင်နော်။ နင့်အိမ်ရောက်ပြီဆိုပြီး ငါ့ကိုဗိုလ်မကျချင်နဲ့"





"ရော! ငါမှ နင့်ကိုဘာမှမပြောတဲ့ဟာ"

"ကိုကြီးပြောတုန်းက နင်ငြင်းပါလား။ အဲဒီပါးစပ်ကြီးက
ဘာလို့ပိတ်နေတာလဲ"

"ဟ! ကိုကြီးက ဘာသဘောနဲ့မှမဟုတ်ပါဘူး။ ဒီလိုပဲ တစ်
ဘက်ယောက်လို့ ပြောလိုက်တဲ့ဟာကို။ နင့်ဟာနင်ကောက်ပြီး
သာပြီးတော့"

"မသိဘူး။ နင်လည်း ကိုကြီးတို့နဲ့ တစ်ဂိုဏ်းတည်းသားပဲ။
သိတယ်"

လက်ကိုဆောင့်ရုန်း၍ ထိုင်ချလိုက်သည့် နှစ်ယောက်ထိုင်ခုံ
ပေါ်မှာင် နှစ်ယောက်အတူထိုင်လိုက်သည့် သူတို့နှစ်ဦးကို လူကြီးတွေ
ပြုံးတဲ့ခတ်နေတာကိုလည်း သတိမမူမိ။ မှုန်ကုပ်ကုပ်၊ ငိုမဲ့မဲ့မျက်နှာ
ကို ပြေအောင်ချော့ဖို့ ပျာယာခတ်နေသည့်ဗလပုံစံကြောင့် အားလုံး
မျက်နှာမှာ ပြုံးနေရလေပြီ။

"နေပါဦး။ သမီးကိုကြီးက ဘာပြောလိုက်လို့လဲ"

"ကိုကြီးက. . . အား! "

"မပြောနဲ့လေ"

ဗိုက်ကြောကိုလိမ်ဆွဲခံလိုက်ရတာမို့ သူ့မျက်နှာရှုံ့တွသွား၏



www.burmeseclassic.com

www.burmeseclassic.com



ပါ၏။ အဲဒါပဲ။ သူ့ရည်းစား(တွေ)ရှေ့မှာလည်း မထင်ရင်မထင်သ
ဒီလိုပဲ သူမအမြဲလုပ်တတ်လို့ ပြဿနာအမျိုးမျိုးတက်ခဲ့ရတာ
စကားများကြတိုင်း ရည်စားဘက်မနေဘဲ သူမဘက်က နာတတ်
ဆိုပြီး သူ့ကိုခေါက်ထားခဲ့ကြပေမယ့် သူက မမှုခဲ့ပါချေ။ အေး
မျက်နှာမသာမယာဖြစ်နေတာကို သူ မနေနိုင်တာ ဘာကြောင့်
ပါလိမ့်။

"မေးတာကိုဖြေဦးမှပေါ့သမီးရဲ့။ ဒါမှ ဦးဦးတို့ ဝိုင်းရှင်း
လို့ရမှာလေ"

"သူ့ကိုယောက်ျားယူဖို့ပြောတာ"

"ဒါစိတ်ဆိုးစရာမှမဟုတ်ဘဲ သမီးရဲ့။ အသက်လည်း
တော့တာမှမဟုတ်တာ။ တကယ်ဆို မိန်းကလေးတစ်ယောက်
ထောင်ပြုသင့်တဲ့အရွယ်က (၂၅)နှစ်ပဲ။ သမီးက အခုဆို. . .(
တောင်ရှိနေပြီ"

"ဟုတ်တယ်။ သမီးက အရွယ်တောင်လွန်နေပြီ။ ယောက်
လေးက အသက်ဘယ်လောက်ကြီးကြီး အကြောင်းမဟုတ်ဘူး သ
ရဲ့။ မိန်းကလေးက အရွယ်ရင့်ရင် ယူမယ့်သူရှိတော့မှာမဟုတ်ဘူး
ကိုယ့်ကိုလိုချင်သူရှိတုန်း ခေါင်းညိတ်ရတယ်"





"အန်တီနဲ့ဦးဦးကပါ မိုးကိုဖိအားပေးနေတာလား"

"အဲဒီလိုတော့ ဘယ်ဟုတ်မလဲမိုးရဲ့။ မမတို့မှာ ပူရတာဆိုလို့
သီဟနဲ့မိုးပဲ ရှိတော့တာလေ။ ညီမလေးတစ်ယောက်တည်း တစ်
သက်လုံး ဒီလိုနေသွားလို့မရဘူးဆိုတာ သိသင့်တာပေါ့"

သူမမျက်နှာက စူပုပ်သွားလေ၏။ ပါးပြင်ထက်မှ မျက်ရည်
တို့ကို လက်ဝါးဖြင့် ပွတ်သုတ်လိုက်သော်လည်း အလှက ပျက်မသွား
။ အေးဘုံတစ်ယောက်ဟာ သနပ်ခါးမလူး၊ မိတ်ကပ်မလိမ်း
ည်းဘဲ အမြဲကြည့်ကောင်းနေတာပါပဲလား။

"အခု သီဟကိုထပ်ပြီးကောက်တာ ဘာကြောင့်လဲ"

"အဲဒါက. . ."

"နှင်မပြောနဲ့ဆိုနေမှ"

ဇလပ်ပါးစပ်ကို အလျင်အမြန်လှမ်းပိတ်လိုက်စဉ် ကားရပ်သံ
ကြားလိုက်ရပြီး အိမ်ထဲသို့ ရာဇာ့ဖေဖေ ကိုသက် ဝင်လာလေ၏။

"ဘာတွေဖြစ်နေတာလဲ"

"ဒီမှာလေ. . . မိုးငိုလာလို့ အကျိုးအကြောင်းမေးနေတာ
သက်ရဲ့"

"ဖြစ်ရပြန်ပြီ။ နှင်တို့နှစ်ယောက်ဇာတ်လမ်းက ဘယ်တော့မှ



www.burmeseclassic.com

www.burmeseclassic.com



ပြီးမှာလဲ။ လေးလေးနဲ့ကိုကိုလည်း ခေါင်းကျိန်းနေတာကြာပြီ

"ကိုသက်နော်"

"ဘာ,ကိုသက်နော်လဲ။ အသက်တွေဖြင့် မငယ်ကြတော့ဘူး တစ်ယောက်နဲ့တစ်ယောက် စိတ်ကောက်တတ်တုန်းပဲ။ နင်က... ထစ်ခနဲရှိ ကောက်၊ ဟိုကောင်ဗလကလည်း အစက သန်၊ ပြီး... ပြန်လိုက်ချော့ရတာ အလုပ်တစ်လုပ်။ ဗလ, ဟိုနေ့က Plaza... သွားတဲ့ ငါ့သူငယ်ချင်းမျိုးနိုင်ရဲ့ညီမ ဖြူဖြူသန့်နဲ့အခြေအနေ ... လိုလဲ"

"ဘယ်လိုမှမလဲဘူး"

"တွေ့လား... ပြောလိုက်ရင် မထုံတတ်တေးနဲ့။ မကြိုက်... ဘာကြောင့်လျှောက်တွဲနေသေးလဲ။ အလကားနာမည်ပျက်... ခုထိ ချစ်ရမယ့်သူမတွေ့သေးဘူးလား။ ယူစရာရှိ မြန်မြန်ယူ... တို့နှစ်ကောင်ကိုကြည့်ရတာ မျက်စိစပါးမွေးစူးတယ်"

ကိုသက်ဖိဟောက်တာကို နှစ်ဦးသားငြိမ်နေကြ၏။ ကို... နဲ့မမနန္ဒာက ဗလထက် (၇)နှစ်ကျော်ကြီးပြီး ကိုသက်က အရာ... တာကတစ်ကြောင်းမို့ လန့်ရှိန်ဖြင့် ကြောက်ရသေးတာလေ။ ... နန္ဒာကို သိပ်အလေးမထားပေမယ့် ကိုသက်ကိုတော့ လေးစား...





...ဘာအမှန်ပဲကိုး။

"ခုထိ မျက်ရည်လွယ်တုန်း။ နင်မရှက်ဘူးလား"

"ရှက်ပါဘူး"

"ကြည့်! ပြောလိုက်ရင် ဒီတိုင်းပဲ။ ကိုကိုမှိုသည်းခံတယ်မှတ်။ ...ါသာဆို နားရင်းနှစ်ချက်လောက်အုပ်ပြီးပြီ။ အခု ကိုကိုဘာပြောလို့ ...ငိုရပြန်တာတုန်း"

နှစ်ယောက်သားတုပ်တုပ်မျှမလှုပ်ဘဲ နှုတ်ဆိတ်နေစဉ် ရာဇာ ... ကာတွန်းကားကြည့်နေရင်း ထအော်လိုက်လေ၏။

"မဟုတ်မှလွဲရော... ဦးကိုက လေးလေးနဲ့ အန်တီမိုးကို ...ဘောတူတယ်ပြောလိုက်လို့ဒေါ်ပွပြီး ထွက်လာတာပဲဖြစ်လိမ့်မယ်"

"ရာဇာ..."

"ဟုတ်လား"

မျက်လုံးပြူးဖြင့် နှစ်ယောက်သားအော်လိုက်သံက ပြိုင်တူ ...ဖြစ်နေပြန်၏။ လူကြီးတွေက တအံ့တဩဖြင့် ပါးစပ်အဟောင်းသား ...ဖြစ်သွားရလေသည်။ ရဲရဲနီသွားသည့်မျက်နှာတွေက သက်သေပါပဲ။ ...ါဖြင့် အတိအကျမှန်နေပြီပေါ့။

"ဟုတ်လားမိုး"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူးမမရဲ့"

"ဟ! ဟုတ်နေလည်း ဘာဖြစ်လဲ၊ မေမေတို့ဘက်က ဘာမှ သဘောမတူစရာ မရှိဘူး။ နင်တို့နှစ်ယောက်ကမှ အကြောင်းသိ၊ ဒီတော့ ပေါင်းသာကြည့်တော့... ဗလရေ့"

"ဟာဗျာ! ကိုသက်ကလည်း"

"ဘာ... ဟာဗျာလဲ"

"တော်ပြီတော်ပြီ... ကိုသက်တို့အိမ်ကို ဘယ်တော့မှမလာ တော့ဘူး၊ မိုးပြန်မယ်"

"နင်လာဖို့လည်း မလိုပါဘူး၊ အချိန်တန် ငါတို့ဗလအတွက် လာတောင်းပေးမယ်"

"အေးဘုံ... နေဦး၊ ငါလိုက်ပို့မယ်၊ နင်ပျောက်သွားရင် ငါ့ကို ကိုကြီးသတ်မှာ"

"သတ်ပါစေ၊ သေ,အေးတာပဲ"

ရယ်သံအကျယ်ကြီးဖြစ်သွားသည့်ဧည့်ခန်းမှ သူမ ထခဲ့ တော့ သူ့ခြေသံက နောက်မှထပ်ကြပ်မကွာ လိုက်ပါလာလေ တော်ပြီ၊ ကိုသက်တို့ကိုလည်း မခေါ်တော့ဘူး၊ ဒါပဲ၊

▣▣▣



## အခန်း ( ၁၄ )

"အဲဒီမှာ တစ်ယောက်တည်း အခန်းထဲအောင်းပြီး ကောက် ချိတ်ဖြစ်နေတာ... ချစ်စုရေ့"

လာပါပြီ ဂိုဏ်းတော်သားတစ်ယောက်၊ ပြောလိုက်ရင် မိုးက ပဲ မိုးကြိုက်တဲ့ကောက်ညှင်းငချိတ်လို အမြဲမည်းတူးကောက်ချိတ် နေတာကျနေတာပဲ၊ သူတို့လုပ်သမျှကျ အမြဲမှန်တယ်ပေါ့၊ မိုးလို အပျိုကြီးလုပ်တာကျ တစ်ဖက်စွန်းရောက်တယ်ဆိုတာမျိုး ကန့်လန့် တိုက်တယ်၊ ဝကျတယ်ဆိုတဲ့ပြစ်ချက်များစွာနဲ့ ပယ်ချချင်နေကြတာ လေ။



www.burmeseclassic.com

www.burmeseclassic.com



"မမ"

"မလာကြနဲ့။ ငါ ဘယ်သူနဲ့မှမတွေ့ချင်လို့ အခန်းအောင်းနေတာလေ။ အလိုက်သိ၊ ဒါပဲ"

တဟိဟိရယ်သံကို ကြားရပါ၏။ အဲဒီကောင်မလေးဟာ စိ ဆိုးဒေါသထွက်တာ တစ်ခါမှမတွေ့ရ။ စိတ်တောင်မှကောက်တ ရဲ့လားမသိ။ အမြဲပြုံးချိုနေတဲ့မျက်နှာလေးနဲ့ ချစ်စုဆိုတဲ့နာမည် သူ့အတွက် ပိုလိုက်ဖက်ပါတယ်လေ။

"မမ,မသွားဘူးလား"

"ဘယ်ကိုတုန်း"

"မမဦးရဲ့သား တစ်လပြည့်ကင်ပွန်းတပ်နေ့လေ"

ဟွန်း! လုပ်ချလိုက်ပြန်ပြီ။ ပိုက်ဆံကုန် အချိန်ကုန်ခံပြီး တဲ့ လူကုံထံတွေရဲ့ထုံးတမ်းစဉ်လာအတိုင်းပါပဲလား။ မသွားချင်ဘူ အဲဒီပိစိပေါက်စကို လူတွေဝိုင်းချိုဝိုင်းနမ်းကြတာကိုလည်း မကြ ချင်ဘူး။ စိတ်ပုပ်တယ်ပဲပြောပြော၊ မနာလိုဘူးပဲဆိုဆို၊ မိုးထ ချစ်တဲ့လူ ပေါ်လာကတည်းကကို မကြိုက်တာလေ။

"မသွားပါဘူး။ ဘာကိစ္စ ကျုပ်ကသွားရမှာလဲ"

"ဟယ်. . . အဲဒါ မမတူလေးလေ"





"ဘာတူလဲ။ အမျိုးလာစပ်ပြမနေနဲ့။ တူဆိုရင် သံရိုက်တဲ့တူ တိုလည်း ဝေးဝေးရှောင်တယ်၊ ခေါက်ဆွဲကြော်စားရင်တောင် တူနဲ့ မစားဘဲ ဇွန်းခက်ရင်းပဲကိုင်တာဟဲ့။ ဘာတူမှမကြိုက်ဘူး"

"အမယ်လေးလေ. . . မမအသည်းက ဒီလောက်ထိမာရ သလား"

"အေး. . . မာမာပဲ"

"တံခါးဖွင့်ပါဦး"

"ရှုပ်ကိုရှုပ်တယ်၊ အရှုပ်ထုပ်"

ပွစိပွစိရေရွတ်ကာ တံခါးဖွင့်ပေးလိုက်ရ၏။ ခုတင်ထက်ပြန် ပြီး မှောက်လျက်လှဲလိုက်တော့ ချစ်စုက အခန်းထဲဝေ့ကြည့်ရင်း ပခုံးတွန့်ပြလေသည်။

"ဟင်! စာရေးနေတယ်မှတ်တာ။ သူက အိပ်ရာထဲမှာအပျင်း ထူနေတာကိုး။ ဘယ်လိုဖြစ်ပြီး အိပ်နေတာလဲ၊ အိပ်ရာတစ်ခုလုံး လည်း တွန့်ကြေနေတာပဲ"

"ဘာဖြစ်လဲ၊ ကျုပ်ဟာသာကျုပ် ဘယ်လိုအိပ်အိပ် ညည်းအပူ မပါဘူး။ စာမရေးချင်လို့ အပျင်းထူချင်ထူမယ်။ ကျုပ်အချိန် ကျုပ် ကြိုက်သလိုဖြုန်းချင်လို့ တစ်ကိုယ်တည်းအပျိုကြီးလုပ်နေတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ စာရေးတယ်ဆိုတာ စာရွက်ပေါ် ဘောပင်ထိလိုက်တာ
ဖြစ်လာတယ်ထင်နေသလား။ ရင်ထဲက ခံစားချက်ရှိမှ ဦးနှောက်
ကစီပြီး ချရေးလို့ရတယ်မှတ်။ ဒါတွေ ညည်းမသိပါဘူး။ အလတား
ရည်းစားပဲထားတတ်တဲ့ဟာလေး"

ချစ်စုက တဟိဟိနှင့်ရယ်နေပြန်လေ၏။ အဲဒီပြောမနေ
မနာ ယောက်မတော်ကိုစိတ်ကောက်ချင်ပေမယ့် အကြောင်းပြချ
က ရေရေရာရာမရှိ။ ကိုကြီးတို့က မိုးစိတ်ကောက်နေရင် ဖြစ်ချ
ရာဖြစ်ဆိုပြီး ပစ်ထားတတ်တာမှန်ပေမယ့် ချစ်စုကတော့ မိုး စိတ်
ကောက်လေ ဘေးနားကပ်ပြီး အိညှောင်အိညှောင်နှင့် တယော
လာချွဲတတ်သည့်အကျင့်လေးရှိတာလေ။ ဒီလို ပိတ်ချွဲနှပ်ချွဲလာလှ
ရင် မိုးရင်ထဲ ကလိကလိဖြစ်၊ အသည်းတွေယားပြီး စိတ်ကို မြန်မြ
ပြေခဲ့ရတာမဟုတ်လား။

အခုလည်းကြည့်. . . မမဦးသား တစ်လပြည့်ပွဲကိုမသွားဘဲ
နေမည်စိုးပြီး,ရောက်လာပြီ။ အမေကိုစိတ်ဆိုးတာနဲ့ သားလေး မွေး
နေ့ကိုမသွားဖြစ်တာ သိပ်တော့သဘာဝမကျဘူးပေါ့လေ။

ဒါပေမဲ့. . . သိတယ်မဟုတ်လား။ မိုးက ဗိုလ်ပါဆို။

"ကဲပါ. . . ထတော့။ ရေချိုးအဝတ်လဲပြီး စုနဲ့အတူသွား





အောင်"

"မသွားပါဘူးဆိုနေမှ။ ကျုပ်သီချင်းနားထောင်ပြီး အိပ်တော့
မှာ။ လူများစကားများတဲ့နေရာမျိုး မိုးမမက ဝေးဝေးရှောင်တယ်
မှတ်။ ပြီးတော့ ရှင်တို့ပွဲစားလုပ်တဲ့ဟိုလူလေ"

"ကိုရဲကို ပြောတာလား"

"အေး. . . ဒင်းမျက်ခွက်ကြီးနဲ့မဆုံချင်လို့ကို မလိုက်တာ။
ရှင်းပြီလား"

"ဟင်းဟင်း. . . ဒါဆို မမက သတ္တိနည်းရာကျမှာပေါ့။ ကိုယ့်
ကိုကြိုက်နေတဲ့လူကို တမင်ရှောင်ရှားနေရင် သူ့ဘက်က မမ မရိုး
သားဘူးလို့ တွက်ဆသွားလိမ့်မယ်"

"အံမာ! လာလာချည်သေး။ ဒင်းကိုမျှား ခေါင်းထဲတောင်
ယောင်ပြီးမထည့်ဘူး"

"ဒါဖြင့် ရင်ထဲထည့်တယ်ပေါ့လေ"

"ဝေးလေးစွ"

"ကိုကိုထွန်းတို့ဆေးရုံက ဆရာဝန်တွေပါ လာကြမှာတဲ့။ မမ
နဲ့ မိတ်ဆက်ပေးချင်လို့ ရအောင်ခေါ်လာခဲ့လို့ စုကိုမှာလိုက်တယ်"

"လာပြန်ပြီ။ ကျုပ်ကို ရောင်းမကုန်တဲ့ Date out ပစ္စည်းကြီး



www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီ လူပုံအလယ်မှာ အရှက်ခွဲဦးမှာ၊ မလိုက်ဘူး . . . လုံးဝ”

“ဩော်၊ ကိုရဲတစ်ယောက်လုံးလာမယ့်ဟာ၊ မမကိုဒီလိုပြော ပါ့မလား”

“ဒင်းလာမယ်မှန်းသိလို့ကို မလိုက်တာလေ”

လွှတ်ခနဲပြောလိုက်ပြီးမှ သတိရမိသွားပါ၏။ ကိုကိုထွန်းဦး အုပ်စုဆုံတော့ ကိုကိုလည်းပါမှာပေါ့။ ဟုတ်တယ်၊ ကိုကိုလာမယ့်ပွဲ ကို ဒီလိုမှမသွားရင် ဘယ်ဖြစ်ပါ့မလဲ၊ တကူးတကချိန်းပြီးလည်း သွားမတွေ့ရဲ။ ကိုကို့လိုဆရာဝန်တစ်ယောက်ရဲ့ဂုဏ်သိက္ခာကို ဇေ စိုက်ရတာရော၊ မိုးရဲ့သိက္ခာကိုငဲ့ကွက်ရတာကြောင့် ကိုကိုခေါ်ထား တာကို သွားမတွေ့ဖြစ်ခဲ့တာလေ၊ အရင်လိုချာတိတ်မလေးသာဆို ရင် ဖြိုးဖြတ်ဆိုပြီး သွားလိုက်လို့ တင့်တယ်မှုရှိပါရဲ့၊ ခုတော့ ဟင်း! အပျိုကြီးဖြစ်ရတာ အရာရာဘာမှမလွတ်လပ်ပါလားနော်၊

“နင် ကလေးဖို့ ဘာဝယ်သွားပေးလဲ”

“မမလိုက်တော့မှာလား”

“အင်း”

“လမ်းမှာပဲတစ်ခုခုစဉ်းစားပြီး ဝယ်သွားကြမယ်လေ၊ ထ. ရေချိုး။ စု အကျီရွေးပေးမယ်၊ အဝါရောင်လေးဝတ်ချင်လား”





“မဖြစ်ဘူး၊ အဝါရောင်ဝတ်ရင် အပျိုကြီးရောင်ဆိုပြီး မမဦး ဒေါ့တိုလူကြားထဲခေါက်ဖြုတ်ဦးမယ်။ ငါ့ဟာငါ စိတ်လွတ်လက် လွှတ် ဘာမှကိုကြိုက်လို့မရဘူး”

“ဒါဆို အဖြူလေးဝတ်လေနော်၊ မမက အဲဖြူနဲ့ပိုလိုက်တယ်”

“ညာပြန်ပြီ၊ ဗလကပြောတော့ ပန်းရောင်တဲ့”

“ကိုကြီးကတော့ မမကိုအပြာနုလေးနဲ့ ပိုလိုက်တယ်ပြောတာ ဒါ”

အပြာနုဆို၍ ကိုကို့ကို ပြန်သတိရမိသွားရပြန်၏။ အိုလေ၊ အတိတ်ကိုမေ့ထားတာပဲကောင်းပါတယ်။ ရေချိုးအခန်းထဲဝင် ရေ ချိုးအပြီးမှာ ချစ်စုရွေးပေးသည့်ဝတ်စုံကိုကြည့်လိုက်မိ၏။

“ဟဲ့! အဲဒါ မမအသက်(၂၅)နှစ်ပြည့်တုန်းက ဗလဝယ်ပေး ထားတဲ့အကျီလေ၊ ဒုက္ခပါပဲ”

“ဘာဖြစ်လဲမမရ။ လှပါတယ်”

“မဖြစ်ဘူး။ ကလေးကလားဆန်တယ်”

“ဩော်၊ မဆန်ပါဘူးမမရယ်။ ဖဲကြိုးရှည်ရှည်နှစ်ချောင်းပါ တာလေးကိုက မမကို နုသွားစေမှာ။ ဒါပဲဝတ်”

“တွေ့လား၊ အဲဒါကြောင့် ငါအပျိုကြီးပဲဖြစ်ချင်တာ။ လူကို



www.burmeseclassic.com

www.burmeseclassic.com



ဟိုလိုဒီလိုအမိန့်ပေးတာလောက်မှန်းတာ မရှိတော့ဘူး"

မျက်နှာပေါ် မိတ်ကပ်ပါးပါးလေးလူးကာ Cream puff ဘေး အသာဖို့လိုက်၏။ နှုတ်ခမ်းထက် ပန်းနုရောင် ခပ်ဖျော့ဖျော့သေး ဆိုးလိုက်ပြီး Tissue ဖြင့် ပါးစပ်ဖိပိတ်ကာ ဖျက်တော့ ချစ်စု ထငြော ပြန်လေသည်။

"ဘာလုပ်တာလဲ. . . အဲဒီလိုပြန်ဖျက်မှတော့ နှုတ်ခမ်းနီက အလကားဖြစ်ရောပေါ့မမရဲ့၊ ဒီလောက်လှတာကိုး"

"ကျုပ် အသက် (၃၀)ကျော်ပြီ ဒေါ်ချစ်စုရဲ့၊ လူတွေရဲ့မျက်စိ ရှေ့ လှချင်နေလို့မဖြစ်ဘူး။ ဝိုင်းကဲ့ရဲ့ခံရမယ်ရှင့်၊ အထူးသဖြင့် ရှင်တို့ပွဲစားရှင်ကြီး မျက်စိမကျဖို့ အရေးကြီးတယ်"

"အမယ်လေး. . . ကိုရဲက မမဘာမှမလိမ်းဘဲ ဘီးဆံပင် ကြီးနဲ့နေလည်း ချစ်မှာပဲ၊ အချစ်က လှမှချစ်တာမဟုတ်ဘူး"

"လာတယ်, လာတယ်။ ငါ့လိုစာရေးဆရာမထက် ပိုတတ်နေ ပြန်ပြီ။ ဟွန်း. . ."

အဝတ်လဲပြီး ဆံပင်တွေကို သေချာရှင်းပြီး ခေါင်းစည်းကြိုး အနက်လေးဖြင့်စည်းကာ လက်ကိုင်ပဝါအဖြူလေး ထပ်စည်းလိုက် ၏။ အနက်ခံမှာ အဖြူစင်းလေးတွေပါသည့် ထဘီအပျော့သားကို





အွတ်မကျစေရန် ခါးမှာခပ်တင်းတင်းစည်း၍ ဝတ်လိုက်ပါသည်၊ ခံအွဲထဲမှ အနက်ရောင်ပိုက်ဆံအိတ်ပြားလေးကို ယူကိုင်တော့ ဗလ ဗိုသတိရပြန်၏၊ ဒါလည်း ဗလဝယ်ပေးတာပဲလေ၊ အောက်ထပ် မှာ ကွင်းထိုးဖိနပ်ဖြူလေးစီးစဉ် စိတ်မကောင်းဖြစ်သွားမိလေသည်၊

အင်း. . . ဗလဝယ်ပေးထားတဲ့ဖိနပ်ပါပဲ၊ ဒင်းဘယ်ပျောက် နေလဲမသိ၊ မိုးစိတ်ဆိုးနေတာကို လာမချော့ဘဲ ပျောက်ချက်သား ဆောင်းနေတာ အတော်သတ္တိကောင်းတဲ့ဗလပါလား။

Taxi ငှားစီး၍ Plaza တစ်ခုထဲဝင်ကာ ကလေးပစ္စည်းတန်း ဘက်လျှောက်ခဲ့ကြပါသည်။

"ဘာဝယ်မလဲဟင်၊ Packing ထုပ်လို့လှမယ့်ပစ္စည်းဆိုတော့ ခက်သားပဲ"

"မလိုပါဘူး. . . ချစ်စုရယ်၊ ကိုယ့်တူကိုပေးတဲ့ပစ္စည်းပဲ၊ လက်ဆောင်လို ထုပ်သွားစရာအကြောင်းမရှိဘူး၊ ဝယ်စရာတွေ ဒီလောက်ပေါနေတဲ့ဟာပဲ၊ လာ. . ."

"မမက ဘာလိုအပ်သလဲသိလို့လား"

"ငါ နင့်ထက် ထမင်းအရင်စားတာပါဟယ်"

ချစ်စုက ဇက်လေးပု၍ငြိမ်သွားတော့၏၊ ဟုတ်တယ်။ မိုးကို



www.burmeseclassic.com

www.burmeseclassic.com



ဆရာလာလုပ်ရင် စကားလုံးလှလှလေးတွေ တစ်ခါတစ်မျိုး ဖော်အောင် ထွက်လာပြီမှတ်။ ထမင်းအရင်စားရတာ၊ လူအရင်ဖြစ်တာအသက် (၇)နှစ်ပိုကြီးတာဆိုပြီး နိုင်ရာဖိပြောကျင့်က အမိုးစွဲနေပြီ။ ခုလည်းကြည့်၊ အပျိုကြီးဆိုပြီး ကလေးပစ္စည်းမဝယ်တတ်ဘူးလို့ အထင်သေးနေပြီလေ။ ဒါလည်း မိုးကျွမ်းကျင်တာမဟုတ်။ ရာဇဝင်ကိုမွှေးတုန်းက ဗလနှင့်အတူ စာရင်းစာရွက်ကိုင်ပြီး ဝယ်ဖူးတာမို့ သိနေရတာပါပဲ။

"ရေချိုးဆပ်ပြာရယ်၊ ပေါင်ဒါရယ်၊ ကလေးရှမ်ပူရယ်၊ အင်္ကျီခြေထောက်အတိုင်းမသိတော့ ဖိနပ်ဝယ်လို့မဖြစ်ဘူး။ အင်္ကျီ One set ကတော့ မှန်းပြီးဝယ်သွားလို့ဖြစ်မယ်။ လာ..."

"ဟင်! အနီရဲရဲကြီး ယူမလို့လား"

"ကလေးက အသားဖြူတော့ အနီနဲ့လိုက်ပါတယ် ချစ်စုရဲ့။ ညည်းလည်းမှတ်ထား။ ကလေးဆိုတာ အရောင်တောက်တောက်လေးကိုမြင်မှ သဘောကျတယ်မှတ်"

"အင်းပါ... ဟုတ်ပါပြီ"

အသားလေးအိပြီး အေးသည့်ဝတ်စုံကိုရွေးကာ အိတ်တစ်ခုထဲ ပေါင်းထည့်လျက် ထွက်ခဲ့ကြ၏။ ကြီးမေခြံထဲရောက်တော့ လူ





တော်တော်စည်နေချေပြီ။

"ဟယ်... လူအများကြီးဖိတ်ထားတာလား။ စိတ်ရှုပ်စရာကြီး"

"ဟော! ဟိုမှာ ယောကျ်ားတွေမြင်ရင် လန့်ပြေးတဲ့အပျိုကြီး ပါလာပါပြီ"

"ကြီးမေနော်"

ခြေဆောင့်လိုက်မိစဉ် လူတွေ၏အကြည့်တို့က သူမထံပြုံကျသာ၍ မျက်နှာရဲသွားရပါ၏။ လူကိုမြင်တာနှင့် ကြီးမေက အရင်စပြောတော့တာကိုး။

"ပြောပါဦး။ အပျိုကြီးပီပီ ဘာပေါက်ကရတွေ ဝယ်လာသေးလဲ"

"မမဦးနော်... မိုးကိုများ အသုံးမကျဘူးထင်နေ... ရော့"

"ဟဲ့! ဘယ်လိုဖြစ်ပြီး ပြေးလာတာလဲ ဗလရဲ့"

"ကျွန်တော်ဝယ်ပေးတာကို အရင်ဆုံးဝတ်ပေးချင်လို့ပေါ့ မမဦးရဲ့"

"ဘာမို့လို့လဲ"

"ဒီမှာ"



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုထွန်းချီထားသည့်ကလေးကို ဦးထုပ်ဆောင်းပေးလိုက်ပြီး၊ ကွင်းထိုးကြိုးသိုင်းဖိနပ်ပါ ဝတ်ပေးစဉ် ချစ်စုထံမှ အာမေဋိတ်သံထွက်လာလေ၏။

"ဟယ်! မမနဲ့တိုင်ပင်ပြီး ဝယ်လာသလားပဲ"

"ဘာဖြစ်လို့လဲ"

"မမက ကလေးဝတ်စုံအနီလေး ဝယ်လာပေးတယ်လေ"

"တွေ့လား။ ပြောတော့ဖြင့် ဒင်းတို့နှစ်ကောင် မခေါ်မပြောစိတ်ကောက်နေကြတာတဲ့"

"တကယ်ပါ မမဦးရဲ့။ သူ့ ကျွန်တော့်ကို စကားမပြောတာနှစ်လရှိနေပြီ"

"အဟုတ်"

"ဟုတ်တယ်"

ဗလထံမျက်စောင်းက ဒိုင်းခနဲရောက်သွားရ၏။ ကလေးတာကျောကော့၍ ချီခိုင်းနေပြီမို့ ဗလလက်ထဲရောက်သွားချေပြီ။

"ငါ့ညီမက ဒီဝတ်စုံနဲ့ဆိုတော့ အသက်အစိတ်လောက်ပဲထင်ရတယ်။ တော်တော်နုသွားတာပဲကိုး"

"မြှောက်မပြောပါနဲ့. . . ကိုကိုထွန်းရဲ့။ ကလေးဖို့ အများကြီးဝယ်လာပေးပါတယ်နော်"





"လာလေ. . . ကိုကိုထွန်းဘော်ဒါတွေနဲ့ မိတ်ဆက်ပေးမယ်"

"မခင်ချင်ပါဘူး။ ဆရာဝန်တွေကိုကြည့်ရင် ဆေးထိုးအပ်တွေပါတွဲမြင်ပြီး ကျောချမ်းလွန်းလို့"

"ဟောဗျာ"

ရယ်သံခပ်အုပ်အုပ် ထွက်လာပါ၏။ ဗလဘေးနားမှာပဲ ရပ်နေဖြစ်တာမို့ ကိုကိုထွန်းသူငယ်ချင်းတွေ ဝိုင်းလာတော့ မိုးနှင့်ဗလတာ အလယ်မှာရောက်နေသလိုဖြစ်သွားလေသည်။

"သားနာမည်က ဘာတဲ့လဲ"

"ကောင်းတယ်။ ကိုယ့်တူအရင်းခေါက်ခေါက်နာမည်တောင် ခုထိမသိသေးတဲ့အဒေါ်တဲ့။ အံ့ပါရဲ့။ ပြောပြလိုက်စမ်းပါဗလရယ်"

"ဝသန်မိုးတဲ့"

"ဟင်! အဖေနဲ့အမေ နာမည်တစ်လုံးမှလည်းမပါဘူး။ ဘယ်လိုကြီးတုန်း"

"ကလေးက ညည်းနဲ့ပိုတူလို့ ညည်းနာမည်ပဲပါအောင် ပေးတာလေ။ ဒေါ်အပျိုကြီးရဲ့"

"ပေါက်ကရတွေ။ ဘာမှမတူဘဲနဲ့များ"



www.burmeseclassic.com

"တူတယ်။ သေချာကြည့်အေးဘုံရဲ့၊ မျက်ခုံးက ယောက်ျား

လေးဖြစ်ပြီး ကွေးကွေးလေးနဲ့ မိန်းမဆန်နေတာ၊ နှာတံချွန်တာရော

နှုတ်ခမ်းဖူးဖူးလေးကအစ တကယ်တူတာ"

"နင်နော်. . . ငါ နင့်နဲ့မခေါ်ဘူး ပြောထားတဲ့ဟာ။ စကား

ရောဖောရောနဲ့ လာမရောနဲ့"

"ခေါ်ပါတော့ အေးဘုံရာ။ နင်စကားမပြောရင် ငါမနေ

တတ်လို့ပါဟ"

"မခေါ်ဘူး. . . မခေါ်ဘူးဆို။ လုံးဝပဲ"

သူမမျက်မှောင်ကြုတ်၍ မျက်နှာလွှဲလိုက်စဉ် ကိုကိုထွန်းအေး

မှာရပ်နေသည့်သူငယ်ချင်းက မျက်ခုံးပင့်၍ စပ်စုလေ၏။

"အေးဘုံဆိုတာ ငယ်နာမည်လား"

"ဟင်! ဟုတ်ပါဘူး"

"အဲဒါ ငယ်ငယ်လေးကတည်းက ဗလချစ်စနိုးခေါ်တဲ့နာမည်

ကိုခန့်ရေ့။ ဗလမူပိုင်"

"ဩော်. . . ဒီလိုလား"

"ကျွန်တော့်မူပိုင်က မိုးလေးပါတဲ့ဗျာ"

ရယ်မောပြောဆိုပြီးရောက်လာသည့်ကိုကိုက ဗလလက်ထဲသို့





လက်ဆောင်ထုပ်ကိုထည့်ပေးလိုက်ပြီး ကလေးကိုယူချီလိုက်လေ၏။

"ကလေးက မိုးလေးနဲ့ပိုတူနေသလားလို့"

"အခုပဲ အဲဒါကိုပြောနေတာ မြင့်မိုရ်ရေ့"

"လာပြန်ပြီတစ်ယောက်"

"ဘာလဲ. . . စိတ်ကောက်ဦးမလို့လား။ တဖြည်းဖြည်းနဲ့ မိုး

လေး မျက်မှောင်တွန့်တော့မယ်နော်။ ဘယ့်နှယ် ကလေးနဲ့တူတယ်

ပြောရုံလေးနဲ့ ကောက်စရာလား"

"ဘာမှမဟုတ်ဘူး မြင့်မိုရ်ရေ့၊ သူ့ထက် ကလေးကိုပိုချစ်ကြ

လို့ မနာလိုဖြစ်နေတာ"

ရယ်သံတွေက အုန်းခနဲ။ စားသောက်ရန် အိမ်ထဲဝင်ခဲ့တော့

ကိုကိုနှင့်ဗလက မိုးနှင့်တစ်ဝိုင်းတည်း လာထိုင်လေ၏။ ကြာဆံချက်

ကျွေးတာမို့ အလုပ်သိပ်မရှုပ်သဖြင့် သူမ ဝိုင်းကူမလုပ်ပေးပါချေ။

မိုးရှေ့မှပန်းကန်ကို ပြိုင်တူလှမ်းလိုက်သည့်လက်နှစ်စုံက ပန်းကန်

ကိုမထိခင် ရပ်သွားရလေ၏။ သူမက ဗလကိုမျက်စောင်းခဲလိုက်

ပြီး ပန်းကန်လုံးကို ကိုကို့လက်ထဲသို့ထည့်ပေးလိုက်စဉ် ဗလမျက်နှာ

ပျက်လေသည်။ မှတ်ထား! အဲဒါ ငါ့ကိုပစ်ထားတဲ့အတွက်ပဲ။

ကိုကိုက သူမပန်းကန်လုံးထဲသို့ ကြာဆံချက်ထည့်ပေးတော

www.burmeseclassic.com



နံနံပင် နည်းနည်း၊ ငရုတ်သီးမှုန့်နည်းနည်း ထည့်ပေးပြီး အချဉ်ညှစ်ပြီးမှ ချပေးလေ၏။

"ကျော်"

"မိုး"

ဖြိုင်တူခေါ်သံတို့ကြောင့် အစာစားနေရင်းမှ မော့ကြည့်လိုက်ရာ ရဲကျော်စွာနှင့်အတူ ယှဉ်ရပ်နေသည့်အမျိုးသမီးလေးကိုပါ တွေ့လိုက်ရလေ၏။ ကိုကို့ကို 'ကျော်'လို့ခေါ်လိုက်တာပါလား။

"ထိုင်လေ,ထားရဲ့၊ ကိုရဲလည်း ထိုင်"

"မိုးရောက်တာကြာပြီလား"

"အင်း"

"မိတ်ဆက်ပေးရဦးမယ်။ မိုးလေး, ဒါ ဒေါက်တာ ထားသဇာတဲ့။ ကိုရဲ Causin ပေါ့"

"သူနဲ့အစ်မတော်ရမယ်ဆိုတာပါ ထည့်ပြောလေ ကျော်ရဲ့"

သူမ ဖျတ်ခနဲကြည့်လိုက်မိ၏။ ကြည့်စမ်း! ဒီဆရာဝန်မလေးရဲ့မျက်လုံးတွေက တစ်မျိုးကြီးပါလား။ မိုးကိုအထင်သေးသလို ကြည့်နေတာလေ။ ကိုကိုက စားပြီးပြီမို့ ရေသောက်ပြီး တစ်သျှူးဖြင့် ပါးစပ်သုတ်လိုက်ပါသည်။





"ကျွန်မ, ကိုရဲကျော်စွာကို ငြင်းထားပြီးသားပါ"

"No, No တို့ဆိုလိုတာ အဲဒီလိုမဟုတ်ဘူး မိုးမရဲ့။ ကျော်နဲ့ Engagement လုပ်ထားတယ်လို့ပြောချင်တာလေ"

"ရှင်! "

မျက်လုံးဝိုင်းသွားရပြီး ကိုကို့ကိုတအံ့တသြလှည့်ကြည်မိစဉ် ကိုကိုက ခေါင်းကိုမညိတ်ချင်ပါဘဲ ညိတ်ပြလိုက်လေ၏။ ရင်ထဲမှာ တာခနဲဖြစ်သွားသည့်ခံစားချက်က အတိုင်းအဆမဲ့၊ မျက်နှာကို မျက်အောင် ကြွေဆည်လိုက်ရစဉ် ဗလက မိုးလက်ထဲသို့ ရေဖန်ခွက်ထည့်ပေးလိုက်သဖြင့် မော့သောက်လိုက်ရပါသည်။

"နေပါဦး၊ ယူက ဘာမို့လို့ တို့မောင်ကို ခါးခါးသည်းသည်း ငြင်းနေရတာလဲ မိုးမရဲ့၊ တကယ်ဆို တို့မောင်ကမှ မင်းထက်"

"ပြန်ကြစို့ ဗလ"

"မိုး"

"မိုးလေး"

"မိုးပြန်ဦးမယ် ကိုကို၊ နောက်မှပဲ အေးအေးဆေးဆေးထပ်တွေ့ပါမယ်၊ ခွင့်ပြုပါဦးရှင်"

"အေးဘုံ"



www.burmeseclassic.com

www.burmeseclassic.com



"ပြန်မယ်ဆိုနေမှ. . . လာ"

ဗလလက်မောင်းကိုဆွဲကာ ခပ်သုတ်သုတ်ထွက်ခဲ့စဉ် ကြီးဒေ တို့လှမ်းခေါ်သံက နောက်ပါးမှာ ကျန်ရစ်ခဲ့ရလေ၏။ ဗလက သူ လက်ဖျားကိုဆုပ်ကိုင်၍ ကားဆီသို့ခေါ်ခဲ့လေသည်။

"အေးဘုံ"

"ဘာမှမပြောနဲ့၊ ငါ အိမ်ပြန်ချင်တာပဲသိတယ်"

"အေးပါ. . . အေးပါ"

ကားစက်နှိုး၍ မောင်းထွက်ခဲ့စဉ် ဘယ်လိုမှဟန်မဆောင်နိုင် တော့ပါဘဲ ကား Dushboard ပေါ် ခေါင်းတင်၍ မျက်နှာမှောက် ငိုချလိုက်သံက ရှိုက်ကြီးတငင်။ ဗလက လမ်းဘေးမှာရပ်ရန် အရှိန် လျှော့လိုက်ရာ သူမက လက်ဖြင့်လှမ်းရိုက်ရင်း ဆက်မောင်းနိုင် လိုက်လေ၏။

"ဘာဖြစ်လို့လဲ အေးဘုံရာ၊ ငါစိတ်ပူသွားတာပဲ"

"ဘာမှမဖြစ်ဘူး"

ရှိုက်သံဖြင့် ပြန်ဖြေသံက ဗလုံးဗထွေး။ ဗလ နားလည်မလည် တော့ မသိနိုင်တော့ပါလေ။ ရင်ထဲမှာ တအုံနွေးနွေးနှင့် ယူကြုံးမရ စိတ်တို့ကသာ ပြည့်နှက်နေလေ၏။





နှမြောလိုက်တာ၊ နှမြောခွင့်ရော မိုးမှာရှိပါရဲ့လား၊ တကယ် ဆို ကိုကိုနဲ့မိုးဆိုတာ လွန်ခဲ့တဲ့ဆယ်နှစ်ကျော်ကာလက တစ်ခဏတာ ခင်ခွင့်ရခဲ့တဲ့သူစိမ်းနှစ်ယောက်ပဲ မဟုတ်ပါလား။

ရှုံးခဲ့မိပါတယ်။ တိတ်တခိုးမျှော်လင့်ခြင်းတွေနဲ့ပါလေ။

ဒါပေမဲ့. . . အဲဒီမျှော်လင့်ခြင်းတွေ ခုတော့ တစ်စစီကျိုးပဲ့ သွားတာအမှန်ပါပဲ။

"အေးဘုံ. . . နင် ဒေါက်တာ့ကိုမျှား"

"နင့်ပါးစပ်ပိတ်ထား"

ပိတ်အော်လိုက်သံကြောင့် ဗလက နှုတ်ဆိတ်သွားပေမယ့် သက်ပြင်းချသံကိုတော့ ကားထဲမှာ အတိုင်းသားကြားနေရတာပါ လေ။

◙◙◙



www.burmeseclassic.com

www.burmeseclassic.com



# အခန်း ( ၁၅ )

"စောစောစီးစီး ဘာလာရှုပ်ပြန်ပြီလဲမသိ။ အဲဒီလူ့ကိုဘယ်လိုနည်းလမ်းမျိုးသုံးလိုက်မှ အနားက ခွာမလဲ မသိတော့ပါဘူး"

မီးဖိုခန်းထဲမှာ ဝိုင်းကူချက်ပေးနေရာမှ ထွက်လာခဲ့ရ၏။ ရဲကျော်စွာက ကိုကြီးနှင့်စကားတွေပြောနေတာမှ ရွှန်းရွှန်းကိုဝေလို့။ ဖေဖေတောင် ကုမ္ပဏီမသွားခင် အစောကြီးရောက်လာတာတော့ ဒင်းအတော့်ကိုလွန်နေပြီပဲ။

"ဟော. . . လာပါပြီ၊ စကားပြောကြဦး။ ကိုကြီး ကုမ္ပဏီသွားဖို့ပြင်တော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့အစ်ကို"

ကိုကြီး လှေကားမှတက်သွားတာကို ခဏစောင့်ပြီးမှ သူ လှမ်းကြည့်လိုက်၏။ သူမက ကုလားထိုင်နောက်ဘက်မှာ မျက်နှာ ရှစ်ခေါက်ချိုးနှင့် မတ်မတ်ရပ်လို့ပါလေ၏။

"ဟိုတစ်နေ့က မိုးစိတ်ကောက်ပြီး ထပြန်သွားလို့"

"အဲဒါ ရှင်နဲ့မဆိုင်ပါဘူး။ ကျွန်မစိတ်နဲ့ကျွန်မကိုယ် ပြန်ချင် လို့ ထပြန်ခဲ့တာပဲ"

"ကိုယ်က မမထား၊ မိုးကိုပြောတာတွေ လွန်တယ်ထင်ပြီး တောင်းပန်ဖို့လာခဲ့တာပါ မိုးရယ်"

"မလိုပါဘူး။ သူ့မောင်ကို သူဥစ္စာခြောက်တဲ့ကိစ္စ ကျွန်မနဲ့ ဘာမှမဆိုင်ဘဲ။ ကျွန်မ သူတစ်ပါးကိစ္စတွေ စိတ်မဝင်စားတတ်ဘူး ကိုရဲကျော်စွာ။ ဒီကိစ္စရှင်းဖို့လာတာဆိုရင်တော့ ဘာမှမလိုအစ်လို့ ရှင်ပြန်နိုင်ပါပြီ"

"ငါ့သမီးကတော့ကွာ။ မောင်ရဲကို နည်းနည်းပါးပါးအားနာ သမှုကို မရှိပါလား။ ဘယ်လိုဖြစ်ပြီး ရန်စကားပဲပြောနေတာလဲ"

ဖေဖေဆင်းလာပြီမို့ ရဲကျော်စွာက မတ်တတ်ရပ်၍ ကြိုလိုက် လေ၏။ မောင်နှမဝမ်းကွဲသာဆိုတယ် ရဲကျော်စွာက ဒေါက်တာ





ထားသဉ္ဇာလောက် မာန်မာနမရှိပါလေ။

"အန်ကယ် သွားတော့မလားခင်ဗျ"

"အေးကွယ့်. . . မောင်ရဲရော"

"ကျွန်တော် off ပါ"

"အေးအေး. . . ကိုယ်ပိုင်ကုမ္ပဏီဆိုတော့ နားချင်ရင်လည်း စိတ်ကြိုက်နားနိုင်တာပဲ။ အန်ကယ်က ဒီနေ့ Meeting ရှိလို့ စော စောသွားရမှာ။ သားကြီးရေ. . ."

"လာပြီဖေဖေ"

"ညှော်သည်ကိုကောင်းကောင်းမွန်မွန်ဧည့်ခံပါသမီးရယ်။ ဖေ့ သမီးက လိမ္မာရဲ့သားနဲ့။ ကြီးလေချဉ်လေ သံပရာသီး၊ ရှောက်သီး လိုပုံစံမျိုး မချိုးချင်ပါနဲ့လား"

"မိုးက ဒီလိုပဲပြောတတ်တဲ့ဟာ။ ဘယ်တုန်းက ချွဲချွဲပျစ်ပျစ် ပြောခဲ့ဖူးလို့လဲဖေဖေရဲ့"

"ဪ. . . ချွဲချွဲပျစ်ပျစ်ထိ မပြောခိုင်းပါဘူး။ ဒေါသသံမပါ တဲ့လေပြည်လေးနဲ့ပြောတတ်ဖို့ ပြောနေတာ။ ကဲ! အန်ကယ်သွား ဦးမယ်,မောင်ရဲ။ နောက်မှပဲ မောင်ရဲမိဘတွေနဲ့ဆုံမယ်"

"ဟုတ်ကဲ့ပါ အန်ကယ်"



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေနဲ့ကိုကြီး ကားကိုယ်စီဖြင့် ထွက်သွားကြလေ၏။ ဒီ မိဘတွေနဲ့ဆုံမယ်ဆိုပါလား။ ဒင်းဘာတွေကျိတ်ပြီးကြံနေပြန်ပြီလဲ။ တအံ့တသြဖြင့်ကြည့်လိုက်စဉ် သူက သူမအနားမှာ ရောက်နေသော ပြီ။

"ရှင်ဘာတွေလျှောက်လုပ်နေလဲ ကိုရဲကျော်စွာ"

"ကိုယ်ဘာလုပ်မိလို့လဲ,မိုးရဲ့"

"ခုန ဖေဖေပြောသွားတာလေ။ ရှင်ကြားရဲ့သားနဲ့ မသိချင် ယောင်မဆောင်ချင်ပါနဲ့"

သူမ အိမ်ရှေ့သို့ထွက်လာခဲ့ပါ၏။ မြက်ခင်းစပ်မှာရပ်ရင်း ဒေါသကိုထိန်းနေရသည်။ စာမူကိုပြီးအောင် ကြိုးစားရေးနေတဲ့ အချိန်အတောအတွင်း လောကကြီးနဲ့အဆက်အသွယ် ခဏလေး ပြတ်သွားတာနဲ့ မိုးမသိတာတွေ အများကြီးရှိနေပါရောလား။ ဘယ် အချိန်ကတည်းက ဖေဖေတို့နဲ့ ဆက်သွယ်ပြောဆိုထားတာပါလိမ့်။

"မိုး"

"ရှင့်ကို ကျွန်မအပြတ်ပြောထားပြီးသားနော်။ ဘာဖြစ်လို့ လူကြီးချင်းတွေ့မယ့်ကိစ္စ ဆက်ဖြစ်လာရတာလဲ"

"ဘယ်လိုလုပ်မလဲမိုးရယ်. . . ကိုယ်က မိုးကိုမှ ချစ်နေတော့ ဒီလိုထိဖြစ်လာရတာပေါ့"

"မချစ်နဲ့. . . ကျွန်မက ရှင်ချစ်ဖို့ လူဖြစ်လာတာမဟုတ်ဘူး။ ရှင့်အစ်မတောင် ပြောခဲ့သေးတာပဲ။ ကျွန်မလိုဘာမဟုတ်တဲ့ မိန်းမတစ်ယောက်နဲ့ ရှင့်လိုအင်ဂျင်နီယာတစ်ယောက်ကို မတူမတန်တဲ့ သဘောမျိုးနဲ့လေ။ ဒီတော့ ရှင့်မှာ ဦးနှောက်ရှိရင် သေချာစဉ်းစား ကြည့်မှပေါ့"

"ကိုယ်က မိုးကို နှလုံးသားနဲ့ချစ်နေတဲ့လူလေ။ ဦးနှောက်နဲ့ ရွေးချယ်တာမှမဟုတ်ဘဲ။ မိုးပြောတော့ မမထားပြောတာနဲ့မဆိုင် ဘူးဆို"

"တော်ပြီတော်ပြီ. . . နားရှုပ်စရာတွေ ထပ်မကြားချင်တော့ ဘူး။ ရှင်ပြောနေတာ မုန့်လုံးစက္ကူကပ်နဲ့ ဂျာအေး သူ့အမေရိုက် သလိုဖြစ်နေပြီ။ ပြန်တော့ရှင်"

"ဒီလိုတော့ မနှင်ပါနဲ့,မိုးရယ်။ ဒီ Sunday ပဲ စေ့စပ်ပွဲဖြစ် မြောက်တော့မယ့်ဟာ. . . မိုးက ခုထိ ကိုယ်နဲ့အဆင်မပြေသေးရင် မဟုတ်သေးဘူး"

"ဘာ! ဒီ Sunday မှာ ဘာဖြစ်တယ်"

"ကိုယ်နဲ့မိုး စေ့စပ်မယ်လေ"





ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



သူမ ရင်ဘတ်ဖိရင်း မျက်လုံးပြူးသွားရပါ၏။

အလိုလေးလေ. . . နှစ်ယောက်သား ဘာမှမဟုတ်ပါဘဲ ဇာ စပ်ပွဲတောင် လုပ်တော့မှာတဲ့လား။ မိုးကြိုးတွေ အစင်းတစ်ရာ ပစ်သာချလိုက်ပါတော့။ ဘာတွေဖြစ်ကုန်ပြီလဲ။ မသိတော့ပါဘူး။

"မိုး"

"ရှင် မထိနဲ့"

လက်မောင်းကို လာကိုင်လိုက်သည့်သူ့လက်တို့ကို ပုတ်ထုတ်ကာ ခြေလှမ်းကို နောက်ဆုတ်လိုက်မိသည်။ ဒီလူအကွက်ချတာ တော်တော့်ကို တော်လွန်းနေပါလား။ မိုးဘာမှမသိလိုက်ပါဘဲ အခြေ အနေတွေ ဒီအထိတိုးတက်လာတာလေ။

"မိုး"

"ရှင့်ကို ဘယ်သူက လက်ခံတယ်ပြောလို့ ဒီအဆင့်ထိရောက် လာရတာလဲ"

"ကိုယ်တို့တစ်ယောက်တည်းရဲ့ဆန္ဒကြောင့်မဟုတ်ရပါဘူး၊မိုး ရယ်။ လူကြီးတွေစီမံပေးတာပါ။ ကိုထွန်းနဲ့မမဦးရော၊ ကြီးမေနဲ့ အန်ကယ်တို့ကပါ"

"ကျွန်မ သဘောမတူဘူး"





"မှန်ပါတယ်။ မိုး လွယ်လွယ်နဲ့လက်မခံမှန်းသိလို့ ဒီလိုစီစဉ် ပေးကြတာလေ"

"ရှင်. . . ရှင်, အတော့်ကိုယုတ်မာတာပါလား။ ကျွန်မဆန္ဒ မပါဘဲ ဒီလိုစေ့စပ်ပွဲအထိ ဆက်ပြီးလုပ်ခဲ့တာပေါ့လေ။ စေ့စပ်ဖို့ နေနေသာသာ ရှင့်ကိုမုန်းတောင်မှမုန်းသေးတယ်ရှင့်။ သိရဲ့လား"

အော်သံက အတော်ကျယ်သွားရပါ၏။ ဒါ့ကြောင့် လူက တဆတ်ဆတ်တုန်လာစဉ် သူက ရှေ့သို့ဆက်တိုးလာပြီး သူမကိုဆတ် ခနဲပွေ့ဖက်လိုက်လေသည်။

"ရှင်ဘာလုပ်တာလဲ"

"ကိုယ့်ကို အမုန်းတွေမပေးပါနဲ့။ မိုးကိုချစ်လွန်းလို့ ဒီထိရှေ့ ဆက်တိုးခဲ့ရတာပါ။ မိုးကိစ္စနဲ့ မမထားတို့ပါ ပြဿနာဖြစ်နေပြီ။ ကိုယ်, မိုးကိုလက်လွှတ်မခံနိုင်ဘူး။ ကိုယ့်ကိုပြန်ချစ်ပါ"

လက်အစုံဖြင့် ထုနှက်နေပါလျက် ပါးပြင်ထက် နွေးခနဲဖြစ် သွားစဉ် လူတစ်ကိုယ်လုံး ထူပူသွားရပါ၏။ စော်ကားရက်လေခြင်း။ ရင်ဘတ်ကိုဆောင့်တွန်းလိုက်ပြီး ပါးပြင်တိုရိုက်ရန် ရွယ်လိုက်စဉ် သူက မိုးလက်ကိုဖမ်းဆုပ်ထားလိုက်လေသည်။

"လူယုတ်မာ! နင်"



www.burmeseclassic.com

www.burmeseclassic.com



"ချစ်လို့ပါ,မိုးရဲ့။ ချစ်လွန်းလို့ပါ"

"ကဲ! အဲဒါချစ်ဦး"

ခွပ်ခနဲမြည်သံနှင့်အတူ လည်ထွက်သွားသည့်ရဲကျော်စွာနှင့် ဘယ်အချိန်ကရောက်လာမှန်းမသိသည့် ဗလ၏အရိပ်တို့က အမြင်မှာဝိုးတဝါး။

ဘုရားရေ! ဘာတွေ ဘယ်လိုဖြစ်ကုန်တာပါလိမ့်။ ပါးစပ်အဟောင်းသားဖြင့်ကြည့်နေစဉ် ရဲကျော်စွာပေါ်မှာ ဗလက ခွထိုင်လျက်ဖြစ်နေလေပြီ။ အမယ်လေး! ဗလတော့ လူသတ်မှုဖြစ်တော့မှာပါလား။

"ဗလ! တော်တော့. . . တော်တော့လို့ဆို"

"နင် ဒီလူစော်ကားတာကျ ငြိမ်နေရသလားအေးဘုံရဲ့။ ဟာကွာ. . ."

"ဟဲ့! တော်တော့လို့ဆို"

"ငါနဲ့မိုးက,စေ့. . ."

"အဲဒါစေ့စပ်ချင်ဦး"

"ဗလ! တော်ပါလို့ဆိုနေမှပဲ"

ဗလလက်မောင်းနှစ်ဖက်ကို အတင်းဆွဲထူမှပဲ ရဲကျော်စွာ





ထနိုင်တော့၏။ မျက်နှာထက် ဖူးယောင်ညိုမည်းသွားသည့် ရဲကျော်စွာကိုကြည့်ရင်း ဗလက ဒေါသတွေ တရှူးရှူးထွက်နေဆဲ။

အလိုလေး! ကာယကံရှင်ထက်တောင်မှ ပိုဆိုးနေပါရောလား. . . ဗလရယ်။

"မိုးကို ငါပဲပိုင်ရစေမယ်,ဗလ။ ဒီနေ့အတွက် မင်းနောင်တကောင်းကောင်းကြီးရစေရမယ်"

"မင်း. . ."

"ဟဲ့! တော်ပြီ"

"ခင်ဗျား ဘယ်တော့မှ အေးဘုံကိုမရစေရဘူး။ ကျုပ်အသက်ရှင်နေသရွေ့ မပိုင်စေရဘူးမှတ်။ ခင်ဗျားလို တဏှာရူးရဲ့လက်ထဲ ကျုပ် အေးဘုံကို ဘယ်တော့မှထည့်မပေးဘူးဆိုတာ မြဲမြဲမှတ်သွား"

"တောက်! မင်းက ဘာကောင်မို့လို့လဲ။ ကောက်ရိုးပုံစောင့်တဲ့ခွေးကများ စော်စော်ကားကား"

"မင်း. . ."

"ဗလ! တော်တော့ဟယ်။ ငါတောင်းပန်ပါတယ်"

"ဘာခုမှတောင်းပန်တယ်လဲ။ ဟိုလူစော်ကားမော်ကားလုပ်တာကျ ငြိမ်နေ. . . သိလား။ နင့်ရဲ့ စွာတေးလန်၊ အော့ကျောလ်၊



www.burmeseclassic.com

www.burmeseclassic.com



လေသံက အဲဒီအချိန်မှာ ပျောက်နေစရာလား"

"ငါ. . . ငါ"

နှစ်ယောက်သား ပြဿနာဆက်တက်နေစဉ် ရဲကျော်စွာတား က ခြံထဲမှ ထွက်သွားချေပြီ။ ဗလဒေါသက သူမအပေါ် ပုံကျလာဝ ရောလား။

"ငါလည်း ပြန်လုပ်တာပဲဟဲ့"

"ဘာပြန်လုပ်တာပဲလဲ။ နင် ပစားပေးလို့ ဒီလောက်ထိ ဒီ ကောင် ရောင့်တက်လာတာ။ ငါ့ကိုကျ နှစ်ပြားမတန်ပြောဖို့ ထုနှ ဖို့ ဝန်မလေးဘူး။ နေရာမရွေးအချိန်မရွေး ပြန်လုပ်လိုက်တာပဲ"

"ဘာဖြစ်လဲ! နင့်ကိုသူငယ်ချင်းမို့လုပ်တာ"

"တော်ပြီ အေးဘုံ။ ငါသည်းခံခဲ့တာ ဒါမိုင်ကုန်ပဲ။ နင့်ကြောင့် ငါ့လက် သွေးထွက်တဲ့နေ့ကို ငါတစ်သက်မမေ့ဘူး။ နင်အသုံးမကျ လို့ ငါ့ကိုကောက်ရိုးပုံစောင့်တဲ့ခွေးလို့ စော်ကားမော်ကားအပြော ရတာ"

"ဗလ"

"ဒါတွေအားလုံး နင့်ကြောင့်ပဲ"

"အေးပါအေးပါ. . . ငါအသုံးမကျလို့ နင်နစ်နာမှန်း ငါသိပါ





တယ်။ နင်မကျေနပ်ဘူးလား,ပြော"

"မကျေနပ်ဘူး"

"မကျေနပ်လည်းရတယ်။ ငါနဲ့သူငယ်ချင်း လာမလုပ်နဲ့တော့ ပေါ့"

"အေး! ငါလည်း အဲဒီလိုပြောချင်နေတာ ကြာပြီ။ နင့်ကို လည်း ငါက သူငယ်ချင်းစာရင်းက ဖျက်တယ်။ နောက်ကို ငါနဲ့လာ မပတ်သက်နဲ့။ အေးဘုံဆိုတာ ငါ့ဘဝမှာ သေပြီ။ ဒါပဲ"

သူမမျက်နှာကိုလက်ဝါးဖြင့်အုပ်လျက် အိမ်ပေါ်သို့ပြေးတက် ခဲ့ပါ၏။ ဝမ်းပန်းတနည်းငိုချလိုက်သော်ငြား ချော့မော့မည့်သူက ဘေးမှာမရှိ။ အေးဘုံဆိုတာ သေပြီတဲ့လား။ နင်တကယ်ပဲ ငါ့ကို မုန်းနေခဲ့တာလား ဗလရယ်။ ဟုတ်ပါတယ်။ ငါသိပ်ဆိုးမှန်း ငါ့ ကိုယ်ငါ သိပါတယ်လေ။ အားလုံးကပိုင်းပြီး အလိုလိုက်ကြလို့ပါ။ အားလုံးရဲ့ချစ်ခြင်းတွေကို အကုန်စုပုံပြီး ပိုင်ဆိုင်ထားလို့ပါပဲ။

ငါ့ကြောင့် နင့်ရည်းစား(တွေ)နဲ့ တစ်ယောက်ပြီးတစ်ယောက် ပြတ်ခဲ့တာလည်း ငါအသိဆုံးပါပဲ။ နင့်ကောင်မလေး(တွေ)နဲ့ ဆိုင် အတူထိုင်ချိန်တွေ၊ လမ်းအတူသွားချိန်မျိုးတွေမှာ 'ငါပန်းသီးစား ချင်တယ်'၊ 'Note Book ဝယ်ချင်လို့'၊ 'လျှာပူအာပူသောက်ကြရ



www.burmeseclassic.com

အောင်ဟယ်' ဆိုပြီး အလိုက်မသိပြောပြီး ခေါ်တတ်တာ။ မထင်ရ မထင်သလို လက်မောင်းကို ဖတ်ခနဲရိုက်တာ၊ ဗိုက်ခေါက်ဆွဲတာမျိုး တွေဟာ သမီးရည်းစားတွေရှေ့ ပိုင်စိုးပိုင်နင်းမလုပ်သင့်မှန်း ဒီ သိကြီးဖြစ်ပါလျက် ဆင်ခြင်ဖို့မတွေးခဲ့မိဘူး။

ငယ်ပေါင်းဆိုတဲ့အသိနဲ့ ဆိုးချင်တိုင်းဆိုး၊ နွဲ့ချင်တိုင်းနွဲ့၊ နိုင် ချင်တိုင်း နိုင်စားခဲ့တာအမှန်ပါ။ ဒါတွေဟာ ဗလဆိုတဲ့နင့်ကို ငါ တစ်ယောက်တည်း အပိုင်ရထားတယ်လို့ ခံယူမိလို့ပါ။ ခွင့်လွှတ်ပါ။ အခွင့်ရှိသေးရင် အေးဘုံဆိုတဲ့ငါ တောင်းပန်ချင်ပါသေးတယ်လေ။

ဖေဖေနဲ့ကိုကြီးပြန်လာရင် ဟိုလူယုတ်မာအကြောင်းကို မျက် နှာပူပူနဲ့ တိုင်ရဦးမှာပါလား။ ဒီအရွယ်ကြီးကျမှ ကလေးကလားတွေ တွေပြောရမှာ ရှက်ဖွယ်ပါပဲ။ မပြောလို့တော့မရပါလေ။ မိုး အပြင်း အထန်ဆန္ဒပြမှသာ ဒီစေ့စပ်မယ့်ကိစ္စက တိခနဲပြတ်မှာလေ။

စေ့စပ်မယ့်ကိစ္စဆိုလို့ စေ့စပ်ပြီးသည့်ကိုကိုတို့နှစ်ယောက် လည်း မိုးကြောင့် ပြဿနာဖြစ်တယ်ဆိုပါလား။ မဖြစ်ချေဘူး။ မိုး ကြောင့်နဲ့တော့ ကိုကိုသိပ်ချစ်တဲ့ချစ်သူကို မစွန့်လွှတ်စေလိုပါလေး ဟုတ်တယ်။ ကိုကို့ကိုတော့ အခြေအနေသွားကြည့်ပြီး ရှင်းပြမှပါပဲ။

မျက်နှာသစ်ရေမိုးချိုးပြီး Blouse အဝါနုရောင်ပွပွလေးကို အနက်ခံမှာ အစိမ်းနှင့်အဝါ ကျဲထားသည့်လုံချည်ပျော့ပျော့လေးကို ဝတ်ကာ ထွက်လာခဲ့၏။ ဆေးရုံကိုရောက်တော့ ကိုကိုတာဝန်ကျ သည့်ရုံးခန်းသို့ပင် တက်လာခဲ့ပါသည်။ ခပ်ဟဟလေးဖြစ်နေသည့် တံခါးကိုခေါက်ရန်ပြင်လိုက်စဉ် အထဲမှကိုကို့အသံက ခပ်မာမာ လွင့်ပျံ့ထွက်လာလေ၏။

"အဲဒါ သူတို့ဖြစ်တဲ့ပြဿနာပဲလေ, ထားရဲ့၊ ကိုယ်နဲ့ ဘာ ဆိုင်လဲ"

ဘုရားရေ! ပြဿနာဖြစ်နေတာများလား။ ထားဆိုတော့ ဒေါက်တာထားသဇ္ဇာပါ ရုံးခန်းထဲမှာရှိနေတာပေါ့။

"ကျော့စဉ်းစားကြည့်ပေါ့။ ရဲရဲ့မျက်နှာမှာ ဒီလောက်ထိဖူး ယောင်အောင်တောင် အထိုးခံရတာ ကျော့ညီမ လွန်တာပဲမဟုတ် လား။ အဲဒီလူကဘာမို့လို့ ကြားထဲက ဆွမ်းကြီးဝင်လောင်းရတာလဲ"

"ဒါတော့. . . ထားလည်း သေချာမေးလေ။ သူများခြံထဲမှာ ပြဿနာသွားဖြစ်တာ ဘယ်သူ့အလွန်လဲ။ သူ မဟုတ်တာလုပ်လို့ မိုးလေးဘက်ကမခံနိုင်ဘဲ ဗလဝင်ကူတာပဲဖြစ်နိုင်တယ်။ မိုးလေးနဲ့ ဗလက အမြွှာတွေလို ငယ်ငယ်တည်းက ချစ်ခဲ့တဲ့သူငယ်ချင်းတွေ ကိုး"





ရွှေဝဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



"အို! စေ့စပ်ပေးမယ့်ကိစ္စသွားညှိတဲ့ဟာ ဒီအထိဖြစ်လာစရာ ဘာအကြောင်းမှမရှိဘူး"

မြတ်စွာဘုရား! ကယ်တော်မူပါ။

မိုးကိစ္စနဲ့တကယ်ပဲ ပြဿနာဖြစ်နေတာပေါ့။ မနက်ကဖြစ်သွားတဲ့ကိစ္စက ဒီညနေအထိ ဆက်ပြီးဖြစ်နေတာတဲ့လေ။ ဒုက္ခပါပဲ။ ဘယ်လိုဝင်ရှင်းရပါ့။ တော်ကြာဝင်ရှင်းမှ ပိုရှုပ်ကုန်မှာလည်း စိုးရပါသေးသည်။ မိုးက လူမှုရေးကိစ္စတွေမှာ အတော့်ကိုညံ့ဖျင်းလွန်းသည့်သူလေ။

"အဲဒါ ထားတို့ဘက်က လွန်တာလေ။ ဟိုနေ့ကပဲ ထားရှေ့မှာ မိုးလေး ပြောသွားသားပဲ။ ကိုရဲကို အပြတ်ငြင်းထားတယ်ဆိုတာ"

"ထားကလည်း သဘောမတူချင်ပါဘူး။ မောင်လေးဘက်က ဖျတ်ဖျတ်လူးကြိုက်နေလို့ ဒီတိုင်းကြည့်ပေးလိုက်ရတာပဲ။ ခုလို ကိုယ်ထိလက်ရောက်စော်ကားခံရတာတော့ အရမ်းနစ်နာတယ်"

"အဲဒါဆိုလည်း အန်ကယ်နွေ့ကိုသွားတိုင်ပြီး ရှင်း။ ကိုယ်နဲ့မဆိုင်တာ ကိုယ့်ကိုလာမပြောနဲ့"

"ကျော်,ဘယ်လိုပြောလိုက်တာလဲ။ ထားကိစ္စက ကျော့်ကိစ္စ ဟုတ်လား"

"အခုက ကိုရဲကိစ္စလေ၊ ထားကိစ္စမှမဟုတ်တာကို"

"အို! ရဲကိစ္စလည်း ထားကိစ္စနဲ့အတူတူပဲ။ နေပါဦး, ကျော်က ဒါ့ကြောင့် အဲဒီကောင်မလေးဘက်က ဆတ်ဆတ်ခါနာနေရတာပဲ၊ ဒီလောက်ပြောနေတာကို တစ်မိုးတည်းမိုးနေတာ"

"ကျွတ်! ထားရာ. ; ကိုယ့်နားချိန်ကို ဒီလောက်နှောင့်ယှက်ရင် ကျေနပ်ပါတော့"

"ဩော်! ထား, ဒီကိစ္စလာပြောတာ (၁၅) မိနစ်တောင်မရှိသေးဘူး။ အဲဒီကောင်မလေးနဲ့ ကျော် Phone ပြောရင် နာရီဝက်ကြာတာ ထားသိတယ်။ အဲဒါဘာသဘောလဲ။ ထားက ကျော်နဲ့ ဆက်ဆိုင်တဲ့သူပါ။ ဒီသူစိမ်းမိန်းကလေးဘက်က ဘာမှလိုက်ပြောစရာမလိုပါဘူး"

အလို! မိုးနဲ့ပတ်သက်ပြီး ကိုကို့အပေါ် အူတိုနေတာတဲ့လား မထားသဘ္ဘာရယ်။ မိုးက ကိုကို့အနီးမှာ အမြဲတမ်းနေခွင့်ရှိတဲ့သူမှ မဟုတ်ဘဲ။ အဝေးကလူချင်း Phone လေးဆက်တာကိုတောင် စိတ်တိုသတဲ့။ အံ့ဩစရာပဲ။

"တော်ပြီထား။ မိုးလေးကိုပြောတာ ဒီမှာတင်ရပ်တော့"







www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ထားကြားဖူးတဲ့သတင်းက မှန်နေပြီထင်ပါရဲ့၊ ကော့ မှာ ငယ်ချစ်ဦးရှိခဲ့တယ်ဆိုတာလေ"

"ထား. . ."

"အဲဒါဘယ်သူလဲ"

ဘုရား. . . ဘုရား. . . ပြဿနာက မီးခိုးကြွက်လျှောက်ပြီး လာမယ့်ပုံပါပဲ။ ကြောက်စရာကောင်းလိုက်တာ။

"ထားကိုပြောပါ"

"အဲဒါ မင်းနဲ့ဘာဆိုင်လဲ"

"ဆိုင်တယ်၊ ထားသိတယ်။ အဲဒါ မိုးမမပဲမဟုတ်လား"

"ထား. . ."

"ယူ ဝန်မခံရဲဘူးမဟုတ်လား။ ယူ့အပြုံး၊ ယူ့မျက်လုံး၊ ယူ့ အပြောတွေကိုမြင်ရုံနဲ့ သူ့အပေါ် ဘယ်လောက်ထိ တန်ဖိုးထားပြီး ချစ်လဲဆိုတာ တို့သိနေတယ်"

"တော်တော့"

ဗုဒ္ဓေါ! ကိုကို့ရဲ့ငယ်ချစ်ဦးတဲ့။ ငယ်ချစ်ဦးဟာ မိုးတဲ့လား အတိတ်ကိုဆွပြီးဖော်နေတော့ရော ပြဿနာက ပြီးပါ့မလား မေ ထားရယ်။





"ယူဝန်ခံလေ၊ အံ့သြပါရဲ့။ ယောကျာ်းသုံးယောက်ကို တစ်ပြိုင်တည်းလှည့်ကစားတတ်တဲ့မိန်းမတစ်ယောက်ကိုမှ ဝိုင်းကြိုက်ကြရတယ်လို့"

"ထား. . . မင်း"

တံခါးက ဝုန်းခနဲပွင့်သွားပါ၏။ အပေါက်ဝဘက် မျက်နှာမူပြီး ရပ်နေသည့်ကိုကို့မျက်နှာမှာ မယုံကြည်နိုင်သည့်မျက်လုံးတို့ဖြင့် တအံ့တသြ။ သူမ ရုံးခန်းထဲ တစ်လှမ်းချင်းလျှောက်သွားကာ ထားသန္တာ၏ပခုံးကိုဆွဲလှည့်လိုက်ပါ၏။

"မင်း"

"ဆက်ပြောလေ၊ ကျွန်မကိုသေချာကြည့်ပြီး၊ဆက်ပြော"

"မိုးလေး"

"ဒီမှာ. . . ဒေါ်ထားသန္တာရဲ့။ ကျွန်မဟာ ကျွန်မဘယ်လိုနေနေ၊ ဘယ်လိုစားစား ရှင့်ကိုထိခိုက်စရာ ဘာအကြောင်းမှမရှိပါဘူး။ ပြီးတော့ ရှင် ခုနပြောလိုက်သလို ယောကျာ်းတွေကိုလှည့်ပတ်ကစားရအောင်လည်း ကျွန်မက အချိန်ရှိတဲ့သူမဟုတ်ဘူး။ ကျွန်မကိုကြိုက်ပါ၊ ချစ်ပါဆိုပြီးတော့လည်း Fashion ပြလမ်းသလားတတ်တဲ့မိန်းမမဟုတ်ဘူး။ ရှင့်မောင်နဲ့ပတ်သက်ပြီး အမျိုးတော်ရမှာကို

www.burmeseclassic.com

www.burmeseclassic.com



လည်း သိပ်တုန့်လှုပ်မနေပါနဲ့။ ဒီမှာ! ရှင့်ရှေ့မှာရပ်နေတဲ့လူကို သေချာကြည့်လိုက်၊ ရှင်နဲ့မဆုံခင် ကျွန်မ မြီးကောင်ပေါက်အရွယ် ကတည်းက ရင်းနှီးခဲ့ဖူးတဲ့လူ။ အဲဒီတုန်းက မတည်ငြိမ်တဲ့စိတ်နဲ့ တောင်မှ ဆေးကျောင်းသားလေးကို ကစားခဲ့ဖူးသလား၊ မေးကြည့် လိုက်ဦး။ ကိုကိုနဲ့ကျွန်မတို့အတိတ်ကို ရှင်မပိုင်ဆိုင်ဘဲ လိုက်မဖော် ချင်ပါပဲ့။ ကျွန်မဘက်ကစပြီး လာလည်တာ၊ Phone စခေါ်တာနဲ့ ရှင်ဘယ်နှခါများကြုံဖူးသလဲ၊ ကိုယ့်ကိုချစ်လာဖို့အတွက် ယောကျ်ား တစ်ယောက်ကို တမ်းတမ်းစွဲ ဖက်တွယ်ထားရလောက်အောင် မိုးမေ မှာ ရွေးစရာမရှားဘူးရှင့်။ ကိုယ်မလိုချင်လို့ ခေါက်ထားတဲ့လူတစ် ယောက်ကို မြတ်မြတ်နိုးနိုးနဲ့ မျှော်လင့်ပြီး စောင့်နေတတ်တဲ့လူလို လည်း မရူးသေးဘူး။ နောက်ကို ဘာပဲလုပ်လုပ်၊ ဘာပဲပြောပြော ကိုယ့်သိက္ခာကို ငဲ့ကွက်ကြည့်ပြီး စဉ်းစားပြီးမှပြောဖို့ သတိပေးခဲ့ချင် တယ်။ ဒါပါပဲ”

“မိုးလေး”

“လိုက်မလာပါနဲ့ကိုကို”

“ကိုယ်”

“မိုး,တောင်းပန်ပါတယ်။ မိုးကိုတကယ်ချစ်ရင် လိုက်မလာ





ပါနဲ့။ နောင်ကို Phone လည်း မဆက်ပါနဲ့တော့။ ကိုကိုနဲ့ပတ်သက် ဖူးခဲ့သမျှကို ဒီနေရာမှာပဲ ကန့်လန့်ကာချလိုက်ပါပြီ။ မိုးသွားတော့ မယ်”

အသံတွေ တုန်မနေပါဘူးနော်။ မျက်ရည်တွေလည်း မကျ ဘူးမဟုတ်လား။ ဟန်မဆောင်တတ်ပေမယ့် ကောင်းကောင်းကြီး လုပ်ပြနိုင်ခဲ့ပါတယ်။ တကယ်နာကျင်ရပါတယ်ကိုကို။ ကိုယ်က ချစ် နေပါလျှက် ကိုယ့်ကိုချစ်မှန်းသိနေပါလျက်နဲ့ အဲဒီလိုလူနှစ်ယောက် က ချစ်သူဖြစ်ခွင့်မရှိဘူးတဲ့လား။ ပြီးခဲ့ပါပြီ။ တကယ့်ကိုပြီးဆုံးခဲ့ တာပါလေ။ အနှစ်နှစ်အလလက ရှုံးမိုက်စွာမက်ခဲ့ဖူးတဲ့အိပ်မက် တွေကို မိုးကိုယ်တိုင် ရိုက်ချိုးပစ်လိုက်ပါပြီ. . . ကိုကိုရယ်။

◙◙◙



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၆ )

ဒိမ်ထဲပဲအောင်းနေတာ ဘယ်လောက်ကြာခဲ့ပြီလဲ။ ဖေဖေ ရောကိုကြီးပါ နောက်ထပ်ယောက်ျားမြန်းမည့်စကားကို မိုးရှေ့မှာ မဟာရဲတော့။ ရဲကျော်စွာနဲ့ပတ်သက်ပြီး အကြီးအကျယ်ပြဿနာ တက်သွားခဲ့တာကို။ ဒီနောက်ပိုင်း ဗလတောင် ရောက်မလာတော့ တာလေ။ အခုဆို (၆)လလောက်ကြာပြီထင်ပါရဲ့။

Breakfast ဝိုင်းမှာ ကော်ဖီသောက်ကြတော့လည်း တိတ် တိတ်ဆိတ်ဆိတ်။ အရင်လို မောင်နှမနှစ်ယောက် ရန်ဖြစ်သံ၊ စိတ် ကောက်သံတောင်မှ မကြားရတော့။ ကိုကြီးနဲ့ချစ်စုတောင် ဈေးပေ



www.burmeseclassic.com

www.burmeseclassic.com



ပြီးတာ တစ်လကြာသွားပြီလေ။

"သမီး"

"ရှင်. . . ဖေဖေ"

"မောင်သီဟတစ်ယောက် မတွေ့ပါလား။ အရင်ကဆို ဒေ
ဘုံဆိုပြီး ရောက်ရောက်လာတာ။ ခုတော့ အဲဒီအသံမကြားဖြစ်တာ
ကြာပြီ"

ပြောတတ်ပါရဲ့. . . ဖေဖေရယ်။ မိုးက ပိုလွမ်းတာပေါ့။ ခ
တိုင်းဆို မိုးအခန်းကနေ လှမ်းကြည့်ရင် ဗလအခန်းကိုမြင်ရတာ
လေ။ အခုတော့ အခန်းထဲရှိမရှိ မသိရအောင် လိုက်ကာကိုချထား
ပါပြီ။ အရိပ်လည်းမမြင်ရ၊ အသံလည်းမကြားရတဲ့အထိ မိုးအပေါ်
မှာ ဗလက စိမ်းကားနေပါပြီလေ။

ကြက်ဥပူတင်းကိုစားရန် ဇွန်းဖြင့်ဖဲ့ပြီးမှ မစားဖြစ်ဘဲ ပြန်ခ
လိုက်မိ၏။ ဗလက ဒါကိုသိပ်ကြိုက်တာလေ။

"ဘာလဲ. . . ခုထိမခေါ်ကြသေးဘူးလား"

ခေါင်းကိုသာ စိတ်မပါသလို ညိတ်ပြလိုက်မိ၏။ အရင်က
မိုးအသံတစာစာနှင့် အိမ်ကခြောက်ကပ်တိတ်ဆိတ်နေတာ အတော်
ကြာခဲ့ပြီပဲ။





"ဟိုပြဿနာဖြစ်ပြီးကတည်းက ဒီဘက်ကို ဗလမလာတော့
တာဖေဖေရ။ နှစ်ကောင်သား ကောက်နေတာဖြစ်မှာပေါ့"

"ဟင်း! ထုံးစံအတိုင်း ဖေ့သမီးပဲ ကောက်တာမဟုတ်လား"

"ဟင့်အင်း"

"ဘယ်လိုလဲသမီးရဲ့"

"မိုးက ကောက်တာမဟုတ်ဘူး ဖေဖေ။ ဗလက မိုးကိုစိတ်
ကောက်တာ။ မဟုတ်သေးဘူး. . . စိတ်နာတာ။ မိုးကိုစိတ်နာသွား
တာ။ စိတ်နာတယ်ဆိုတာ. . . စိတ်ကောက်သလို လွယ်လွယ်နဲ့ဖြေ
ဖျောက်လို့ရတာမျိုးမဟုတ်ဘူး။ ဗလက မိုးကိုအဲဒီလိုနာသွားတာပါ"

ဝေ့ဝဲတက်လာသည့်မျက်ရည်ကို ပုတ်ခတ်သိမ်းဆည်းလိုက်
ရပါ၏။ မငိုနဲ့။ ငိုလို့မဖြစ်ဘူး။ ယောကျ်ားတွေနဲ့ပတ်သက်ပြီး ဘယ်
တော့မှမျက်ရည်မကျရဘူးလို့ မိုးချထားတဲ့သန္နိဋ္ဌာန်ကို လုံးဝမဖျက်
မိပါစေနဲ့။

"ဘာပဲဖြစ်ဖြစ် သမီးဘက်က မှားခဲ့တာ၊ လွန်ခဲ့တာလေ။
မောင်သီဟကိုသွားတောင်းပန်မှပေါ့"

"မိုးကြိုးစားနေပါတယ်။ ဗလက အတွေ့ကိုမခံတော့တာပါ"

"သူငယ်ချင်းတွေပဲ သမီးရယ်။ သမီးဘက်ကပဲ အလျှော့ပေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါ”

ခေါင်းကိုညိတ်ပြလိုက်စဉ် ပါးပြင်ပေါ်သို့ မျက်ရည်က ပေါက်ခနဲကျသွားရပါ၏။ လက်ဝါးဖြင့် အမြန်သုတ်ကာ ထရပ်လိုက်စဉ် ကိုကြီးထံမှ အသံထွက်လာလေသည်။

“ဗလတောင်စေ့စပ်တော့မယ်လို့ သတင်းကြားတာပဲ ဖေဖေ သိလား။ အန်ကယ်ဦးအောင်ထိုက်ရဲ့သမီးလေ၊ စွဲသက်ထားအောင် ဆိုလား၊ လှလှလေးတဲ့”

“ဟုတ်လား”

မီးဖိုခန်းဘက် အမြန်ထွက်လာခဲ့၏။ ဖေဖေနှင့်ကိုကို့အသံတို့ ဆက်မကြားရတော့ပါချေ။ တစ်ဝက်ကျော်ကျော်ကျန်နေသည့် လတ် ဖက်ရည်ခွက်ကို ဘေစင်ထဲသွန်ချလိုက်ပြီး ဆေးလိုက်ပါ၏။ ဗလ စေ့စပ်တော့မယ်ဆိုပါလား။ နှင့်ဘဝမှာ အေးဘုံဆိုတာ တကယ်ပဲ သေခဲ့ပြီပေါ့နော်။

“မိမိုး၊ စာမူသွားပို့ရင် ကိုကြီးနဲ့တစ်ခါတည်းလိုက်ခဲ့မလား။ ချစ်စုတို့အိမ်ဝင်မှာမို့ လမ်းကြုံတယ်”

“ဟင့်အင်း”

“နင် Taxi နဲ့ပဲသွားမှာလား”





“ဟုတ်”

“ပြီးရော”

ဖေဖေတို့ထွက်သွားတော့ အပေါ်ထပ်တက်ပြီး စာမူကိုစာလုံး ပေါင်းစစ်၏။ အဖုံးဖုံးပြီး အိတ်ပိတ်ကာ ရေချိုးပါသည်။ ဗလစေ့စပ် တော့မှာတဲ့။ ငါ နင့်ကိုမတောင်းပန်ရသေးဘူး။ ဟုတ်တယ်၊ နင်ခွင့် လွှတ်သည်ဖြစ်စေ၊ မလွှတ်သည်ဖြစ်စေ၊ တောင်းပန်ဖို့ ငါ့မှာတာဝန် ရှိတယ်လေ။ ကဗျာတွေရေးဖြစ်သေးလား။ မဂ္ဂဇင်းထဲ ဘယ်နှပုဒ် ပါပြီလဲ။ ခုဆို နင့်ကဗျာပါတဲ့မဂ္ဂဇင်းတွေ ပေးမဖတ်တာကြာပြီ နော်။ ငါ ဘာခေါင်းစဉ်ရေးလဲဆိုပြီး လာမစပ်စုတော့ဘူးလား။

‘အိမ်မှာ ထမင်းစားမကောင်းလို့ အေးဘုံရေ နင် ဒီနေ့ဘာ ချက်လဲ’ လို့ လာမမေးတော့တာ ဘယ်လောက်ကြာပြီလဲ။ စာကြည့် စားပွဲထက်မှ အဖြူအမည်းဓာတ်ပုံလေးကို ယူကြည့်ကာ မဲ့မဲ့လေး ပြုံးမိလေသည်၊ အေးဘုံသေပြီဆိုမှတော့ နင့်ဆီမှာ ဒီဓာတ်ပုံလေး ရှိပါတော့မလား။ အံဆွဲထဲထည့်သိမ်းထားရင်တော့ တော်ပါသေး ရဲ့။ မတော်. . . ပေါက်ခွဲပြီး လွှင့်ပစ်လိုက်ရင်ရော။

ခေါင်းခါလိုက်ရင်း သက်ပြင်းရှိုက်လိုက်မိ၏။ ဆံပင်တွေကို ကျစ်ဆံမြီးတစ်ချောင်းတည်းကျစ်လိုက်ပြီး Blouse အဖြူလေးရွေး



www.burmeseclassic.com

www.burmeseclassic.com



ဝတ်လိုက်ပါသည်။ နှင်မင်္ဂလာဆောင်ရင်တော့ ငါ့ဆံပင်တွေဖြတ် ကောင်းဖြတ်ဖြစ်မှာပါ ဗလရယ်။ ဆိုင်မဆိုင်ကို ငါမစဉ်းစားချင်ပါဘူး။ ငါက အရူးမပဲဟာ။ ဒါကြောင့် စိတ်ထင်ရာတွေပဲ လျှောက်လုပ်နေတတ်ခဲ့တာပေါ့။

◙

တစ်ဖက်ခြံထဲလျှောက်လာခဲ့စဉ် အိမ်ထဲမှ ရယ်မောသံသဲ့သဲ့ကိုကြားရလေ၏။ ပျော်နေကြပုံပဲ။ အင်းပေါ့လေ။ မင်္ဂလာသတင်းထွက်တော့မည့်အိမ်မို့ အလိုလိုပျော်ရွှင်နေကြတာ၊ သဘာဝကျပါတယ်လေ။

"ဟယ်! မိုးပါလား"

"ဗလရှိလားဟင်,မမနန္ဒာ"

"မရှိဘူး,မိုးရဲ့။ အိမ်ထဲဝင်လေ"

"မဝင်တော့ပါဘူး။ သူဘယ်သွားလဲဟင်"

"အလုပ်သွားတယ်လေ"

"အလုပ်. . . ဟုတ်လား"





"အင်းလေ, ညီမလေး မသိဘူးလား။ ဗလ ဖေဖေ့မုန့်တိုက်မှာ ဝင်လုပ်နေတာကြာပြီလေ၊ တစ်နှစ်တောင်ကျော်နေပြီ။ မိုးကိုတစ်ခါမှမပြောဘူးလား"

"ဟင့်အင်း"

"ဩော်. . . သူ့မအားရင် မိုးမခေါ်ဖြစ်မှာစိုးလို့ထင်ပါရဲ့"

ဘုရားရေ! မုန့်တိုက်မှာလုပ်နေတာ ကြာပြီဆိုပါလား။ ဒါကြောင့် မိုး့ချိန်းတိုင်း သူ့မလာနိုင်တော့တာ၊ မကြာခဏနောက်ကျတတ်တာပေါ့။ ဒါကို မိုးက မသိဘဲနဲ့ ရန်လုပ်စိတ်ကောက်နေမိခဲ့တာလေ။ ဗလရယ်. . . နင့်ကိုတောင်းပန်ရမယ့်ကိစ္စက တစ်ခုတိုးလာပြန်ပါရောလား။

"မိုး,သူနဲ့တွေ့ချင်လို့"

"တွေ့ချင်လို့"

"ဟုတ်တယ်။ မိုးတောင်းပန်စရာတွေရှိလို့ပါ။ သူက. . . သူ့က စေ့စပ်တော့မှာဆို၊ နောက်ကို တော်ရုံနဲ့တွေ့ဖြစ်တော့မှာမဟုတ်လို့လေ"

"ဟယ်. . . မိုးရယ်၊ ဟိုဘက်နဲ့ဒီဘက်ကို ဘယ့်နှယ်မတွေ့ရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဗလက မိုးကိုမတွေ့ချင်တော့ဘူး မမနန္ဒာရဲ့"

"ဟဲ့! မဟုတ်တာ"

"ဟုတ်တယ်။ သူ့ မိုးကိုတော်တော်စိတ်နာနေတာ။ မိုး, ဒီနေ့ပဲ သွားတောင်းပန်မှဖြစ်မယ်။ မိုး,သွားဦးမယ်မမ"

"အေးအေး. . . မုန့်တိုက်လိပ်စာသိလို့လား"

"ရတယ်မမ။ Taxi နဲ့ပဲသွားမှာပါ"

ခေါင်းလေးငိုက်စိုက်ဖြင့် တရွေ့ရွေ့ထွက်သွားသည့်မိုးတော့ မြင်လေးကိုကြည့်ရင်း နန္ဒာအောင် သက်ပြင်းရှိုက်လိုက်မိလေ၏။

"သွားပြီလား"

"အေး"

"ဒါဆို လေးလေး Hand Phone ကို အမြန်ဆက်မှ။ မိုး အကုန်ပေါ်ကုန်တော့မယ်"

"ဟဲ့! ဖြည်းဖြည်းလေ. . . သားရယ်"

"နေးလို့မဖြစ်ဘူးမေမေရ။ အန်တီလေးကို ဖေဖေ့ညီမဆိုတာ သားတို့ ဦးကိုနဲ့တိုင်ပင်ထားတဲ့လျှို့ဝှက်ချက်"

Taxi က မုန့်တိုက်အနီးမှာ ရပ်သွားပါ၏။ စာမူစာအုပ်ကို ပိုက်လျက် ဆင်းလျှောက်လာခဲ့သည်။ မုန့်ချပ်များ အပြည့်ကာထား





သည့်ဆိုင်ထဲလှမ်းကြည့်ပြီးမှ ဘေးဘက်သို့ပတ်လာခဲ့၏။ လုံခြုံရေးတွေအပေါက်စောင့်တွေတောင် တစ်ယောက်မှရှိမနေပါလား။

မြေကွက်လပ်ခပ်လှမ်းလှမ်းမှာ ဆောက်ထားသည့် တိုက်ပုလေးဆီရောက်စဉ် မှန်ချပ်ကာထားသည့် ရုံးခန်းထဲမှာရပ်နေသည့် လူတစ်ယောက်ကိုမြင်လိုက်ရလေ၏။ ရှပ်အင်္ကျီလက်ရှည်ကိုလက်ခေါက်ပြီးဝတ်ထားတာမို့ ခေါ်ရန်ပြင်လိုက်ပြီးမှ မခေါ်ဖြစ်တော့။

ဘုရားရေ! ဒါ ဗလပဲ။

တစ်ခါမှမတွေ့ဖူးသည့် Style pants အနက်ရောင်ကို ဝတ်ထားပုံက Smart ကျကျ။ လည်ပင်းမှာ Neckite အနက်စင်းစင်းလေးကိုပင် စည်းထားသေးတာလေ။ ကြည့်ကောင်းလိုက်တာ။ ပုဆိုးနဲ့ပဲ အမြဲမြင်နေကျမို့ ဒီလိုအနောက်တိုင်းဆန်ဆန်ပုံစံနှင့်လည်း ဗလက ကြည့်ကောင်းတာပဲကိုး။

"ကိုကိုရေ. . . ရပြီ"

မြင်ကွင်းထဲဝင်လာသည့် ဗိုလ်မရုပ်လှလှလေးကြောင့် သူမ အံ့ဩသွားရပါ၏။ ကိုကိုတဲ့။ ဒါ့,စွဲသက်ထားအောင်ပဲပေါ့။ ကောင်မလေးက လင်ဗန်းသေးသေးလေးထဲထည့်လာသည့် ကိတ်မုန့်လေးကို သူ့ထံကမ်းပေးလိုက်စဉ် သူက ဇွန်းလေးဖြင့် အသာဖဲ့ရင်းပြည်း



www.burmeseclassic.com

www.burmeseclassic.com



လိုက်လေ၏။ လက်ထဲမှာ File တစ်ဖက်ဖွင့်ကိုင်လျက် စားတာမို့ လက်မငြိမ်ဖြစ်ကာ Cream က အင်္ကျီပေါ် ပေသွားပါသည်။ ကောင်မလေးက Tissue ယူကာသုတ်ပေးရင်း နှစ်ယောက်သားပြုံးကြ ရယ်လိုက်ကြလေ၏။

"Ok လား"

"Good ပဲ။ ကိုယ်လိုချင်တဲ့အရသာနဲ့ကွက်တိ"

"ဒါဖြင့် ပုံလောင်းခိုင်းတော့မယ်နော်"

"Ok"

ရှေ့ဘက်ဝဲခနဲကျလာသည့်ဆံပင်တွေကို သူသပ်တင်လိုက်တော့ ကောင်မလေးက လှမ်းထိရင်း ပြောလိုက်ပြန်၏။

"ဆံပင်တွေရှည်နေပြီနော်။ ညှပ်ဦး"

"အရှည်ထားမလားလို့ပါ့စွဲရ"

"ကိုကိုနဲ့လိုက်မှာမဟုတ်ဘူး။ ညှပ်လိုက်ပါ"

"အင်းပါ"

သူမခြေလှမ်းကိုနောက်သို့ သုံးလှမ်းခန့်ဆုတ်လိုက်ပြီးမှ လှည့်ထွက်ခဲ့ပါ၏။ ပျော်ပါစေ။ ငါ့ကြောင့် နင်ပျော်နေတဲ့အချိန်လေး ပုပ်မသွားစေလိုပါဘူး။ နင်တကယ့် အချစ်စစ်စစ်ကို တွေ့ခဲ့ပြီပေါ့





နော်။ နင်ဘယ်လောက်ပဲမျက်နှာများခဲ့ပါစေ အဲဒီကောင်မလေးက နားလည်ခွင့်လွှတ်ပေးနိုင်မှာပါ။

ငယ်ပေမယ့် သိမ်မွေ့ပုံပါပဲ။ ပြီးတော့. . . အရုပ်မလေးလို ချစ်စရာလေး။ ငါ့လိုဆိုးမယ့်ပုံမရပါဘူး။ ဟုတ်တယ်။ ငါက အတော်လေးဆိုးခဲ့တဲ့သူပါ. . . ဗလရယ်။ နင်ခွင့်မလွှတ်နိုင်ဘဲ စိတ်နာသွားရတဲ့အထိ ဆိုးခဲ့တဲ့သူပါပဲ။

လက်သွေးစွန်းတဲ့နေ့တဲ့လား။ ငယ်ငယ်တုန်းကလည်း ငါနဲ့ပတ်သက်တဲ့ကောင်လေးမှန်သမျှ နင်ဒီလိုပဲရှင်းခဲ့တာပါလေ။ ဒါပေမဲ့ ရဲကျော်စွာနဲ့ကျမှပဲ နင်ပေါက်ကွဲခဲ့တာပေါ့နော်။ သူနဲ့ကျမှပဲ နင်ထိန်းခဲ့တဲ့ဒေါသတွေ၊ သိမ်းဆည်းထားခဲ့တဲ့နာကျင်မှုတွေကို နာနာကြည်းကြည်းဖွင့်ပြောခဲ့တာပါလား။

ခွင့်လွှတ်ပါ။ နင်ကျေနပ်တဲ့အထိ တောင်းပန်ခွင့်ရချင်ပါသေးတယ်။ တကယ်ပါ. . . ဗလရယ်။ နင်ကျေနပ်ဖို့ဆိုရင် ငါဘယ်လိုပဲပေးဆပ်ရ ပေးဆပ်ရ ပေးဆပ်ဖို့အသင့်ပါပဲ။ နင်လိုချင်တဲ့ ငါ့ဆံပင်တွေကိုတောင် ဖြတ်ပေးဖို့အသင့်ပါလေ။ ငါအမြတ်တနိုးထားတဲ့ဆံပင်တွေကိုရောင်းစားချင်တဲ့ နင့်အတွက် ငါအနှမြောမရှိပေးဝံ့တာကို နင်သိစေချင်ပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com



ပါးပြင်ထက် ပူခနဲဖြစ်သွားတာမို့ ကမန်းကတမ်းသုတ်လိုက်ရ၏။ ဒီပါးပြင်ကို ရဲကျော်စွာ နမ်းရှိုက်ခဲ့တာ နင်မြင်သွားတာပေါ့။ နင့်ကိုတော့ နာကျင်စေချင်ပြီး ဒီလူ့ကိုကျ ငါကြင်နာနေတာတဲ့လား။ ရင်ထဲမှာ နာနာကျင်ကျင်ကြီးကို ခံစားခဲ့ရတာကိုတော့ နင်မှမသိဘဲ ဗလရယ်။

အေးဘုံဆိုတာ နင့်ဘဝမှာ တကယ်သေခဲ့ပြီပေါ့နော်။ ငါယုံပါတယ်၊ လက်လည်းလက်ခံလိုက်ပါပြီ။ နောင်ကို. . . နောင်တို့ ငါနဲ့လမ်းမှာဆုံရင်တောင် နှုတ်ဆက်ဖို့နေနေသာသာ ပြုံးမပြမိစေရဘူးလို့ ငါကတိပေးပါတယ်. . . ဗလရယ်။

"အေးဘုံ"

ကြားပြန်ပြီလား။ ဒီအသံကို ဒီတစ်သက် နင်ဘယ်တော့မှ မကြားရတော့ဘူး. . . မိုးမမရဲ့။ မေ့လိုက်ပါတော့။ ရင်ဘတ်ဆီမှ စူးရှစွာထိုးအောင့်လာမှုကြောင့် လမ်းဘေးမှာ ဆောင့်ကြောင့်ထိုင်ချလိုက်မိပါ၏။ မျက်ရည်တို့က ထိန်းမရတော့ဘဲ ရေကာတာလွှတ်သလို တတအိအိဖြင့် စီးကျလာလေတော့သည်။

"အေးဘုံ"

တဖုတ်ဖုတ်ပြေးလာသည့်ခြေသံက နံဘေးမှာ ရပ်သွားလေ





၏။ သူတကယ်ရောက်လာတာပါလား။ လက်မောင်းကို ဆုပ်ကိုင်လိုက်စဉ် သူမ ဖျတ်ခနဲ ခါယမ်း၍ရုန်းလိုက်ပါသည်။

"အေးဘုံ"

"ငါ. . . အေးဘုံမဟုတ်ဘူး"

"ဟာ. . . အေးဘုံရာ၊ နင်ကလည်း"

"အေးဘုံက သေပြီဟဲ့၊ သေပြီ"

သူက ဟက်ခနဲရယ်လိုက်ပြီး သူမဘေးမှာ ထိုင်ချလိုက်လေ၏။ မျက်နှာကိုငုံ့ကြည့်နေတာမို့ တစ်ဖက်သို့လွှဲလိုက်ပေမယ့် အငိုမျက်နှာကို ဖုံးမိမကာကွယ်နိုင်ခဲ့။

"ဟောဗျာ! လမ်းဘေးမှာ ထိုင်ငိုနေတာလား။ နင်မရှက်ဘူးလား"

"ဘာကိစ္စရှက်ရမှာလဲ။ ငါ့မျက်လုံးနဲ့ ငါငိုတာ။ နင့်မျက်လုံးငှားရတာမဟုတ်ဘူး။ လာမပြောနဲ့"

"ဘာလို့ငိုရတာလဲ. . . အေးဘုံရာ"

"ဘာဖြစ်ဖြစ်၊ နင့်အပူလား. . . ဖယ်"

"နေပါဦး။ နင်မုန့်တိုက်အထိတောင်လာတာဆိုတော့ အရေးကြီးကိစ္စရှိလို့ပဲ။ ဘာပြောမလို့လဲ။ ယောကျ်ားယူဟော့မယ်လို့ လာ



www.burmeseclassic.com

www.burmeseclassic.com



ပြောတာလား၊ ဟုတ်လား”

“သေလိုက်. . . သေလိုက်၊ နင့်လိုမျှားမှတ်နေလား”

“ဟ! ငါက ဘာလုပ်နေလို့လဲ”

“နင်ဘာလုပ်နေလဲ မသိဘူးလား၊ ငါပြောပြမှသိမှာလား”

ဗလမျက်နှာပြုးစိစိ။ လမ်းဘေးမှာ ထိုင်ငိုနေသည့်ကောင်မလေး (မဟုတ်သေးဘူး) အမျိုးသမီးလေးနားမှာ ခပ်မိုမိုအမျိုးသားလေးက ထိုင်စောင့်ပေးနေတာလေ။ လူတွေမြင်ရင် ဘယ်လိုပြောမည်မှန်းမသိပေမယ့် သူတို့နှစ်ယောက်က တကယ့်ကိုထိုင်နေတာပါပဲ။

“ပြောလေ”

မျက်စောင်းက ဗိုင်းခနဲရောက်သွားပါ၏။

ဟင့်အင်း. . . ပြောလို့ဘယ်ဖြစ်ပါ့မလဲ။ သူက မိုးမသိစေချင်လို့ ဘာကိုမှမပြောဘဲ ဖုံးဖိကွယ်ဝှက်ထားတာမဟုတ်လား။ တော်ကြာ သူ့ဘဝကိုစွက်ဖက်တယ်ဆိုပြီး အကြီးအကျယ်စွပ်စွဲမှအခက်ပါပဲ။

“ငါ နင့်ကိုတောင်းပန်ချင်လို့လာခဲ့တာ”

“တောင်းပန်ဖို့ ဟုတ်လား။ ဘာကိုတောင်းပန်မလို့လဲ”





မျက်နှာထက်မှမျက်ရည်တွေကို လက်ခုံဖြင့် ခပ်ကြမ်းကြမ်းပင် သုတ်လိုက်ပါ၏။ တစ်ချက်ရှိုက်လိုက်ပြီးမှ အကြည့်ကိုလမ်းဘေးရှိ ကျောက်စရစ်ခဲလေးတွေထံ ပို့လိုက်ရလေသည်။

“တောင်းပန်စရာကတော့ အများကြီးပဲ”

“ဟောဗျာ”

“အရင်ဆုံး တောင်းပန်ချင်တာက နင့်ဘဝမှာ ငါသူငယ်ချင်းအဖြစ်မွေးလာခဲ့ရလို့ပါ။ ငါ့အတွက်နဲ့ နင်မကြာခဏရန်ပွဲတွေ ဖြစ်ခဲ့ရတာကိုလည်း တောင်းပန်ပါတယ်။ ငါ့ကြောင့် နင့်ကောင်မလေးတွေနဲ့ပြတ်ပြီး အသည်းခဏခဏကွဲရတာတွေကိုလည်း တောင်းပန်တယ်။ ငါ့ကြောင့် နင့်လက်သွေးစွန်းခဲ့တာအတွက်ရော၊ ခွေးနဲ့အနိုင်းခံခဲ့ရတာကိုရော တောင်းပန်ပါတယ်။ ငါဆိုးခဲ့သမျှ အရာရာတိုင်းအတွက်ကိုလည်း တောင်းပန်ပါတယ်”

“ပြီးပြီလား”

“ခွင့်လွှတ်ပါလို့တော့ ငါမပြောသင့်မှန်းသိပါတယ်။ ဒါပေမဲ့ ပြောပါရစေ။ ငါ့ကိုခွင့်လွှတ်ပါ။ နင်မတော်ချင်တဲ့သူငယ်ချင်းဘဝကလည်း ငါနှုတ်ထွက်ပါတယ်။ နင်မမြင်ချင်တဲ့ငါ့ကိုလည်း ဘယ်တော့မှမမြင်စေရတော့ပါဘူး။ ဟုတ်ပါတယ်။ အေးဘုံဆိုတာနင့်



www.burmeseclassic.com

www.burmeseclassic.com



ဘဝမှာ သေသွားခဲ့တာပဲကောင်းတာပါလေ”

ဖျတ်ခနဲ ထရပ်လိုက်စဉ် ဗလက သူမလက်မောင်းကိုဆုပ်ကိုင်ထားလိုက်လေ၏။ လွှတ်ပါတော့. . . ဗလရယ်၊ ငါ့အားပါးတရ ငိုချမိတော့မယ်။ ဒါကြောင့်ပါ။

“နင်ပြောစရာကုန်ရင် ငါစပြောတော့မယ်၊ ဦးဆုံးပြောမှာက ကိုကြီးပြောတဲ့ စွဲသက်ထားအောင်ဆိုတာ ကိုသက်ရဲ့ညီမဝမ်းကွဲပဲ”

“ဘာရယ်”

“ငါစေ့စပ်တော့မယ်ဆိုတာမဟုတ်ဘူး။ အေးဘုံဆိုတဲ့နာမည်ကို ငါ့နှလုံးသားထဲမှာ အပြီးသိမ်းထားတာ၊ အလွယ်တကူပယ်ဖျက်လို့မရဘူး။ နင့်ကိုသူငယ်ချင်းစာရင်းက ပယ်တယ်ဆိုတာမှန်တယ်၊ ဒါပေမဲ့. . . ဘဝထဲက ဖယ်ထုတ်လိုက်တာမဟုတ်ဘူး”

“ဗလ”

“ငါခုမှပဲသေချာသိတော့တယ်၊ ငါတကယ်ချစ်တာ ဘယ်သူလဲဆိုတာကိုပေါ့”

မျက်စောင်းက ဒိုင်းခနဲရောက်စဉ် သူက ခပ်ပြုံးပြုံးမျက်နှာဖြင့် သူမကို ဖျတ်ခနဲပွေ့ဖက်လိုက်လေ၏။

“ဗလနော်. . . နင်”





“အေးဘုံက လိမ္မာပါတယ်ဟာနော်၊ ငါ့ကို နင်အရမ်းချစ်နေတာသိသားပဲ”

“ကဲ. . .”

ဗိုက်ခေါက်ကိုဆွဲလိမ်လိုက်စဉ် သူမနဖူးထက် နွေးခနဲဖြစ်သွားရလေ၏။ ဒုက္ခပါပဲ၊ လမ်းမကြီးပေါ်မှာ လူတွေဘယ်နှယောက် မြင်သွားကုန်ပြီပါလိမ့်။ အဲဒီဗလက လုပ်လိုက်ရင် ဒီအတိုင်းပဲလေ။

ပြီးပါပြီ။

www.burmeseclassic.com

www.burmeseclassic.com

လေးစားလျက် ……

11th Feb: 2010

PM 10:40

[ ဆရာမအားရည်စူး၍ 'ထိုအရာ' ကဗျာကိုရေးသားပေးပို့သော ရောဝတီတိုင်း၊ ပန်းတနော်မြို့နယ်၊ အစုကြီးကျေးရွာမှ ချစ်သမီး–အမိး (ခေါ်) အဖွေး (ခေါ်) နှမ့်ဖြူဖြူဖွေးအား ကျေးဇူးအထူးတင်ရှိပါသည်။ ]

# "ပရိသတ်များထံမှပေးစာ"

## သူရိန်ကျော်

သို့

ခင်မင်လေးစားစွာဖြင့် 'မ' လို့ခေါ်ပါရစေ..

ကျွန်တော်က 'မ'ရဲ့စာအုပ်တွေကို လစဉ်လတိုင်းအားပေးနေတဲ့ ပရိသတ်တစ်ဦးပါ။ 'မ'ရဲ့စာအုပ်ကို စာအုပ်ဆိုင်မှာတွေ့လိုက်ရကတည်းက စိတ်ဝင်စားသွားတယ်။ 'မ'ရဲ့ကလောင်အမည်က လှတယ်နော်။

'မ'ရဲ့စာအုပ်တွေ ဖတ်ပြီးသမျှ 'ရင်ကိုပစ်ခွင်းနဲ့သော်လည်း'၊ 'တံလျှပ်ကိုမှ ရေထင်'၊ 'အသက်လို'၊ 'သဲမြည္ဘာ'၊ 'တိတ်တဆိတ်လေး'၊ 'မြူးသူ့ရင်မှာ'၊ 'ရှုန်းထွက်ခွင့်'၊ 'ရွှေရင်ခုန် တအုံနွေးနွေး'၊ 'အနားသတ်မညီသော'၊ 'ရော့..ယူပါ ၁၅၀၀'၊ 'နှလုံးသားရဲ့ကွန်ဆိုရာ'၊ 'မောင့်ရင်ထဲက နှင်းပန်းဆိုင်'၊ 'မြားနှစ်စင်းဓါးဆုံမှတ်တစ်နေရာ'၊ 'ရှင့်ကိုမုန်းတယ်'၊ 'ပိုင်ဆိုင်တာအားလုံး ပုံပေးပါရစေ'၊ 'ပင်လယ်သမုဒ္ဒရာထက် ကျယ်ဝန်းနက်ရှိုင်းသော'၊ 'ရင်ထဲမှာထာဝရ'၊ 'ညှို့သောမျက်ဝန်း ချိုသောနှုတ်ခမ်း ခုန်သောနှလုံးသား'၊ 'တစ်မိုးအောက် တစ်ယောက်သာ' အထိပါ။

စာအုပ်တိုင်း စာအုပ်တိုင်း တစ်မူထူးခြားတယ်။ ဖတ်ပြီးရင်လည်း လက်ထဲကမချနိုင်အောင် အရမ်း Attractive ဖြစ်တယ်။ 'မ'ရဲ့စာအုပ်တွေဖတ်ပြီးတာနဲ့ ရင်ထဲမှာတစ်မျိုးကြီးပဲ၊ တစ်ခုခုလိုနေသလို ခံစားရတယ်။ စာအုပ်တွေအားလုံးထဲမှာ 'ရင်ထဲမှာထာဝရ'ကိုအကြိုက်ဆုံးပါ။ 'မ'ရဲ့စာအုပ်တွေထဲမှာ English စာတန်းလေးတွေထည့်ထား

www.burmeseclassic.com

www.burmeseclassic.com

တာတွေ့ရတယ်။ ဒါကြောင့်လည်း 'မ'ရဲ့စာအုပ်တွေကို လက်ကမချနိုင်တာပါ။ စာအုပ်တွေ လစဉ်လတိုင်းထွက်ဖြစ်အောင် ကြိုးစားနော်။ လစဉ်လတိုင်းမျှော်ပြီး ဖတ်နေမယ်။

'မ'တစ်ယောက် အခုလိုအောင်မြင်ကျော်ကြားတဲ့စာရေးဆရာမတစ်ယောက်ဖြစ်ခဲ့တဲ့အတွက် အရမ်းဝမ်းသာပါတယ်။ ကျွန်တော်တို့ဆီမှာဆို 'မ'ရဲ့စာအုပ်တွေ နာမည်အရမ်းကျော်တယ်။ 'မ'စာအုပ်တွေငှားပြီးဖတ်ရတာ အရမ်းပင်ပန်းတာပဲ။ တစ်ခါတစ်ခါကျရင် ဟိုလက မဖတ်လိုက်ရတဲ့စာအုပ်နဲ့ ဒီလထွက်တဲ့စာအုပ်ကို အတူတူဖတ်မှတယ်။

'မ'ရဲ့အောင်မြင်မှုတွေကိုကြည့်ပြီး အရမ်းအံ့သြမိတယ်။ 'မ'တစ်ယောက် အခုလိုမြန်မြန်ဆန်ဆန်ကျော်ကြားသွားတာ 'မ'ရဲ့ဘဝပေးကုသိုလ်နဲ့ ကြိုးစားမှုတွေကြောင့်လို့ထင်ပါတယ်။ 'မ'တစ်ယောက် မကြာခင်ကာလမှာပဲ ငွေရတု၊ ရွှေရတု၊ စိန်ရတုတွေ ပိုင်ဆိုင်နိုင်ပါစေလို့ ဆုတောင်းနေပါ့မယ်။ 'မ'ရဲ့ပြန်စာနဲ့ဓာတ်ပုံကို မျှော်နေမယ်နော်..

နှလုံးမရပ်သရွေ့အားပေးနေမယ့်

'မ'ရဲ့အမာခံထာဝရပရိသတ်..

သူရိန်ကျော်

ရေဝ်ကုန်းဆင်

မာန်အောင်မြို့၊ ရခိုင်ပြည်နယ်။



BURMESE CLASSIC .com

## သူရိန်ခကျော်

သို့

'မယသန္တါမောင်'...

ရိုးသလေးစားအားကျသမှုနဲ့ 'မမ'လို့ပဲခေါ်မယ်နော်။ မိတ်ဆက်စာရေးချင်နေတာ ကြာပြီဖြစ်ပေမယ့် လိပ်စာမသိလို့ မရေးဖြစ်တာပါ။ အခုလိပ်စာတောင်မှ (25.9.2010) ရက်နေ့က (384927) ကို Phone ဆက်ပြီး မေးထားရတာပါ။

'မယသန္တါမောင်'ဆိုတာ နာမည်အရင်းလား 'မမ'၊ ပြီးတော့ 'မမ'ရဲ့ဝတ္ထုလေးတွေက ဓာတ်သိမ်းခန်းမှာ ပေါင်းစည်းခြင်းနဲ့အဆုံးသတ်တာ များတယ်နော်။ အားလုံးလိုလိုပဲ။

'မမ'ရဲ့ဝတ္ထုခေါင်းစဉ်လေးတွေက ဆန်းသလို ဓာတ်လမ်းဇာတ်ကွက်ကလည်း ဆန်းတယ်။ တစ်မျိုးနဲ့တစ်မျိုး မရိုးအောင်ဖတ်ရတဲ့အတွက် ပရိသတ်အားလုံးရဲ့ကိုယ်စား ကျေးဇူးတင်ပါတယ်။

'မမ'ရဲ့ဝတ္ထုကို ကလောင်ခွဲနဲ့ထုတ်ပေးပါလား။ 'မယသန္တါမောင်'နဲ့မတူတဲ့ဓာတ်ရုပ်မျိုးနဲ့ပေါ့။

'မမ' ကျွန်တော့်ဆီ စာပြန်ပေးနော်။ 'မမ' ရဲ့နေရပ်လိပ်စာကိုပါ ထည့်ပေးဖို့တောင်းဆိုပါရစေ..

အောက်တိုဘာလထုတ် 'အလိုအပ်ဆုံး'ဆိုတဲ့စာအုပ်ကိုလည်း မနေ့ကမှဖတ်ပြီးတယ်။ အဲဒီထဲက 'The same heart beats in every human breast' ကိုကြိုက်လို့ မှတ်စုစာအုပ်ထဲမှာ ကူးပြီး



www.burmeseclassic.com

www.burmeseclassic.com

သိမ်းထားလိုက်တယ်လေ။

'မမ' အောင်မြင်မှုပန်းများ ထာဝရပွင့်လန်းနိုင်ပါစေ..

အောင်ဖြိုးဦး
မြန်မာ့ကြိုလုပ်ငန်းရုံးအနီး
ပဲခူးလမ်းမြောက်ပိုင်း
အုတ်တွင်းမြို့
ပဲခူးတိုင်း။



## နန်းထွေး

သို့

'မမသဒ္ဒါမောင်'...

'ထွေး' က 'မမသဒ္ဒါ' ရဲ့စာဖတ်ပရိသတ်တစ်ဦးပါ။ 'မမသဒ္ဒါ' ထွက်တဲ့စာအုပ်တွေ 'ထွေး' ဖတ်နေကျစာအုပ်ဆိုင်မှာ မလွတ်တမ်းအား ပေးစောင့်မျှော်တဲ့သူပါ 'မမသဒ္ဒါ'...

'မမသဒ္ဒါ' ရေးတဲ့ဝတ္ထုတိုင်း ဖတ်လို့အရမ်းကောင်းတယ်။ ပြီး တော့ တစ်လနဲ့တစ်လလည်း ဇာတ်ညွှန်းဇာတ်လမ်းပုံစံတွေ မထပ်အောင် ရေးသားထားတဲ့ 'မမသဒ္ဒါ' ရဲ့ဝတ္ထုတွေကို 'ထွေး' အရမ်းသဘောကျတယ်။

'ကြည်ဖြူပါရစေ' ခေါင်းစဉ်နဲ့ဆို 'ထွေး' ဖတ်တာ (၂၃)အုပ်ရှိ သွားပြီ။ 'မမသဒ္ဒါ' ရဲ့ဝတ္ထုက တစ်အုပ်နဲ့တစ်အုပ်ဟာ ကိုယ်စီဇာတ်ဝင် ခန်း၊ ဇာတ်ပေါင်းခန်းတွေက ရိုးရှင်းတယ်၊ သဘာဝဆန်တယ်။ 'ထွေး' အမှန်အတိုင်းပြောရရင် 'မမသဒ္ဒါ' ရဲ့ဝတ္ထုတစ်အုပ်ကိုဖတ်ပြီး ရင်ထဲမှာ ရော စိတ်ထဲမှာပါ တစ်ခုခုတော့ အမြဲကျန်စေခဲ့တယ်။ ဥပမာ– အချစ် နဲ့ပတ်သက်ပြီး ပညာယူသင့်တာမျိုး၊ အိမ်ထောင်တစ်ခု တည်ထောင်ဖို့ ဆိုတာ မိန်းကလေးနဲ့ယောက်ျားလေးတွေမှာ ရှိသင့်တဲ့အရည်အချင်းတွေ မြင်တတ်စေတာမျိုးတွေပေါ့။ နှိုင်းယှဉ်ကြည့်ရင် လောကအကြောင်းတွေ ကို 'မမသဒ္ဒါ' က ကျင်လည်ရင့်ကျက်တယ်လို့ 'ထွေး' ယူဆလိုက်မယ် နော်..

'မမသဒ္ဒါမောင်' ကို 'မမသဒ္ဒါ' လို့ ခေါ်ခွင့်မတောင်းဘဲခေါ်နေ



www.burmeseclassic.com

www.burmeseclassic.com

ခဲ့တဲ့အတွက် 'ထွေး'တောင်းပန်ပါတယ်။ 'မမ'ခေါ်ခွင့်မပြုရင်လည်း အပြီးတမ်းခေါ်ချင်တယ် 'မမသဒ္ဒါ'...

ဒီစာလေး ရှည်နေရင် 'ထွေး'ကိုခွင့်လွှတ်ပေးပါနော်..

'မမသဒ္ဒါ'...'မမသဒ္ဒါ'ရဲ့ဘဝမှာ 'မမသဒ္ဒါ'ဖြစ်ချင်တဲ့အရာ လိုချင်တဲ့အရာတွေကို ရရှိနိုင်ပါစေ။ ပြီးတော့ 'မမသဒ္ဒါ'ထင်ပေါ်ကျော်ကြားအောင်မြင်နေတဲ့စာရေးဆရာမဖြစ်ပါစေလို့ ဆုမွန်တောင်းရင်း 'မမသဒ္ဒါ'ရဲ့ဝတ္ထုတွေကို အစဉ်ထာဝရအားပေးသွားမယ်..

ပရိသတ်ကောင်မလေး (ရှမ်းတိုင်းရင်းသူလေး)

နန်းထွေး

လမ်းမတော်လမ်း (၂)၊ ရပ်ကွက်(၆)

လားရှိုးမြို့

ရှမ်းပြည်နယ်



## သက်မှူးပိုင်

သို့

မင်္ဂလာပါ 'မမသဒ္ဒါ'...

ကျွန်တော်က 'မမ'ရဲ့စာဖတ်ပရိသတ်တစ်ဦးပါ။ ဒါ ပထမဆုံး မိတ်ဆက်စာရေးဖူးတာပါပဲ။ 'မမ'ရဲ့စာအုပ်တွေအကုန်လုံးကြိုက်တယ်။ 'တိတ်တဆိတ်လေး'ကိုပိုကြိုက်ပါတယ်..

ကျွန်တော် အစက ဝတ္ထုမကြိုက်ဘူး။ ဖတ်လည်းမဖတ်ဘူး။ 'မမ'ရဲ့စာအုပ်ကို ကျွန်တော့်အဒေါ်အငယ်ဆုံးက အလုပ်ထဲကနေ ယူလာပြီး 'မမ'ရဲ့စာအုပ်ကောင်းတယ်တဲ့။ အဲဒါနဲ့ ကျွန်တော်လည်း ဖတ်ပြီး ကြိုက်သွားလို့ အိမ်ခေါင်းရင်းစာအုပ်ဆိုင်မှာ 'မမ'ဟာအုပ်တွေ သွားငှားတော့ 'သူတို့မှာ တစ်အုပ်တည်းရှိတယ်'တဲ့။ 'ဘာလို့မတင်တာလဲ'မေးတော့ 'လူကြိုက်မများလို့'လို့ပြောတယ်။ အဲဒါနဲ့ ကျွန်တော်လည်း 'တင်ကြည့်ပါ မသိတာရယ်'လို့ပြောတော့ သူတို့တွေဝယ်ပြီးတင်တာ ကျွန်တော်တောင် စာအုပ်သစ်ထွက်ရင် နောက်ဆုံးမှဖတ်ရတဲ့အဆင့်ဖြစ်သွားတာ 'မမ'ရဲ့။ စာအရေးအသားကောင်းတော့ လူတကာကြိုက်သွားတာ နေမှာပေါ့နော်။

နောက်ပြီး 'မမ'ကိုမေးစရာရှိတယ်။ 'မမသဒ္ဒါမောင်'ဆိုတဲ့ နာမည်က ကလောင်နာမည်လား.. နာမည်အရင်းလား။ နာမည်အရင်း ရှိရင် ကျွန်တော့်ကိုပြောပြပါ။ ကျွန်တော်လို့ပြောလို့ ယောကျ်ားလေးလို့ မထင်နဲ့နော်။ ကျွန်တော်က မိန်းကလေးပါ။



www.burmeseclassic.com

www.burmeseclassic.com

'မမ'နဲ့တစ်လတစ်ခါလောက် Phone ပြောခွင့်ပေးပါလား။ ကျွန်တော့်မှာ အပေါင်းအသင်းမိတ်ဆွေမရှိလို့ပါ။ 'မမ'က မာနကြီးလား။ 'မမ'ကို ကျွန်တော်ခင်လို့တောင်းတာနော်။ မပေးဘူးဆိုရင်လည်း နေပါစေတော့။

'မမ'အောင်မြင်ကျော်ကြားတဲ့စာရေးဆရာမဖြစ်ပါစေလို့ ဆုမွန်ကောင်း တောင်းလိုက်ပါတယ်..

'မမ'ကိုခင်တဲ့..

သက်မှူးပိုင်

မင်းတပ်လမ်းသွယ်(၁)

ဒဂုံမြို့သစ်မြောက်ပိုင်း

ရန်ကုန်မြို့။



\လွင်မင်းထွန်း

သို့

မင်္ဂလာပါ 'မမ'...

ကျွန်တော်က 'မမ'ရဲ့ပရိသတ်တစ်ဦးပါ..

'မမ'ရဲ့ဝတ္ထုတွေက အရမ်းကို good တယ်ဗျာ။ တစ်အုပ်ဖတ်ပြီးတာနဲ့ နောက်တစ်အုပ်ဆက်မဖတ်ဘဲ မနေနိုင်ဘူး။ ဆိုင်တွေက ငှားဖတ်ရတာ အားမရလို့ ဝယ်ဖတ်ဖြစ်တယ်။

'ပိုင်ဆိုင်တာအားလုံး ပုံပေးပါရစေ'၊ 'အသည်းကိုချမ်းသာပေးပါ'၊ 'ညီမလေးတဲ့လားကွယ်'၊ 'မြတ်နိုးမိသည့်မှအပ' ဝတ္ထုတွေဟာ ကျွန်တော်အကြိုက်ဆုံးပါပဲ။

ကျွန်တော် 'မမ'ရဲ့ Biography ကိုသိချင်ပါတယ်။

'မမ' ကျွန်တော့်ကို စာပြန်ပါနော်..

'မမ' ဒီ့ထက်မက အောင်မြင်မှုများရရှိပါစေလို့

ဆုတောင်းပေးလိုက်ပါတယ်..

လွင်မင်းထွန်း

တပ- ၄၅၇

ကြည်တော်ရလမ်း

မိုးမိတ်မြို့

ရှမ်းပြည်နယ်။



www.burmeseclassic.com

www.burmeseclassic.com

## မြတ်နိုးချစ်ပူး (မိုးငယ်)

မင်္ဂလာပါ 'မမသဒ္ဒါမောင်'. . .

'မိုးငယ်'က 'မမသဒ္ဒါ'ရဲ့စာဖတ်ပရိသတ်ပါ။ 'မမ'ရဲ့စာအုပ်တွေကို အစကနေအဆုံးထိ တစ်အုပ်မှမလွတ်ဘဲ အကုန်ဖတ်ခဲ့ပါတယ်။ 'ရင်ကိုပစ်ခွင်းခဲ့သော်လည်း'ကနေ 'အဆိပ်သင့်စေတတ်သော'အထိပေါ့။

ဟာသဇာတ်လမ်းလေးပါတာ ရေးပါဦး။ 'မမ'ရဲ့ထွက်တဲ့စာအုပ်မှန်သမျှ စာအုပ်ဆိုင်မှာ သေသေချာချာမှာပြီး ဖတ်ရတာ။ 'မိုးငယ်'တို့မြို့မှာ 'မမသဒ္ဒါ'ရဲ့စာအုပ်ကိုကြိုက်တဲ့သူ့များတော့ အသစ်ထွက်တိုင်းလုနေရတာယ်. . . သိလား။

'မမ'ဇာတ်လမ်းတွေကို ရုပ်ရှင်မရိုက်ဘူးလား။ ရုပ်ရှင်ရိုက်လည်း ညီမတို့အားပေးမယ်နော်. . .

အောင်မြင်ကျော်ကြားတဲ့စာရေးဆရာမတစ်ဦးဖြစ်ပါစေလို့ ဆုတောင်းရင်း. . .

အမြဲတမ်းပရိသတ်. . .

မြတ်နိုးချစ်ပူး(ခ)မိုးငယ်
ပန်းခြံလမ်း (၃)ရပ်ကွက်၊
စာတိုက်နောက်၊ ကော့ကရိတ်မြို့။
ကရင်ပြည်နယ်။

ရွှေပဒေသာစာပေ

BURMESE CLASSIC .com
www.burmeseclassic.com